# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

# မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများအတွက် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ စီမံခန့်ခွဲမှုအခြေခံမူဘောင် **(ESMF)**

မတ်လ ၈ ၊ ၂၀၁၆

**မာတိကာ**


အတိုကောက် စကားလုံး၊ ဖော်ပြချက်များ

၁။ နောက်ခံအချက်အလက်များ

၂။ စီမံကိန်းဖွံ့ဖြိုးရေးဦးတည်ချက်များ

၃။ စီမံကိန်း အကြောင်းအရာ/ ဖော်ပြချက်

၄။ စီမံကိန်းတည်နေရာများနှင့် အချို့သော အရေးပါသည့် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက္ခဏာရပ်များ

၅။ လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလားအလာရသော သက်ရောက်မှု/ အန္တရာယ်များ

၆။ ဥပဒေရေးရာ အခြေခံမူဘောင်

၇။ အမျိုးသားအဆင့် ဥပဒေရေးရာ အခြေခံမူဘောင်

၈။ ကမ္ဘာ့ဘဏ်၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒများ

၉။ အဖွဲ့အစည်းဆိုင်ရာ အစီအမံများ

၁၀။ စီမံကိန်းလေ့လာစစ်ဆေးရေးနှင့် နစ်နာမှုများဆိုင်ရာ လုပ်ငန်းစဉ်

၁၁။ လုပငန်းစွမ်းရည် မြှင့်တင်ခြင်းအစီအစဉ်

၁၂။ ခန့်မှန်းကုန်ကျစရိတ်

၁၃။ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

၁၄။ အကောင်အထည်ဖော်ရေး အချိန်ဇယား

ပူးတွဲ (၁) စီမံကိန်းရင်းနှီးမြှုပ်နှံမှုများပြ မြန်မာနိုင်ငံမြေပုံ

ပူးတွဲ (၂) ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးစီစစ်ခြင်းလုပ်ငန်းစဉ်များနှင့် ဘေးကင်းလုံခြုံရေး အစီအစဉ်/ သတ်မှတ်ချက်များ

ပူးတွဲ (၅) ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ မူဝါဒအခြေခံမူဘောင်

ပူးတွဲ (၆) တိုင်းရင်းသားလူနည်းစု စီမံကိန်းမူဘောင်

ပူးတွဲ (၇) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များ (ကျေးလက်လမ်းများ)

ပူးတွဲ (၈) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များ (ကျောက်ကျင်းများတူးဖေါ်လုပ်ကိုင်ခြင်း)

ပူးတွဲ(၉) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျငဝတ်များ (စီမံကိန်းအပိုင်း(၃) IDA အဆောတလျှင် ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အရဝယ်ယူသည့်ကုန်ပစ္စည်းများ၏အလားအလာရှိသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု)

ပူးတွဲ (၁၀) တိုက်ဆိုင်တူးဖေါ်တွေ့ရှိမှု

အတိုကောက် စကားလုံး/ ဖော်ပြချက်များ

| | |
|---|---|
| ADB | Asian Development Bank |
| CDD | Community Driven Development |
| CIU | Component Implementation Unit |
| DRD | Department for Rural Development |
| EA | Environmental Assessment |
| ESMF | Environmental and Social Management Framework |
| ESIA | Environmental and Social Impact Assessment |
| FLERP | Flood and Landslides Emergency Recovery Project |
| GoM | Government of Myanmar |
| GRM | Grievance Redress Mechanism |
| IBRD | International Bank for Reconstruction and Development |
| IDA | International Development Association |
| IPF | Investment Project Financing |
| IST | Implementation Support Team |
| EMP | Ethnic Minority Plan |
| EMPF | Ethnic Minority Planning Framework |
| MLFRD | Ministry for Livestock and Rural Development |
| MOC | Ministry of Construction |
| NNDMC | Post-Disaster Needs Assessment |
| PDNA | National Natural Disaster Management Committee |
| RAP | Resettlement Action Plan |
| RCC | Recovery Coordination Committee |
| RPF | Resettlement Policy Framework |

## ၁။ နောက်ခံအချက်အလက်များ

(၁) **၂၀၁၅၊ ဇူလိုင်လမှ စက်တင်ဘာလများအတွင်း ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်မှုများကြောင့် မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး နိုင်ငံအတွင်းရှိ ပြည်သူများနှင့် စီးပွားရေးအခြေအနေများအပေါ် သိသာသော သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။** အဆိုပါ ၂၀၁၅ ရေကြီးရေလျှံမှုသည် မကြုံစဖူး အဖြစ်အပျက် မျိုး ဖြစ်ပြီး တည်နေရာဒေသပေါ် မူတည်၍ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန် ခန့်မှန်းခြေ နှစ် ၂၀-၅၀ ခန့် ကြာမြင့်နိုင်ပါသည်။ ၂၀၁၅၊ ဇူလိုင် (၁၆)ရက်နေ့တွင် သည်းထန်သည့် မိုးရွာသွန်းမှုများ စတင်ရွာသွန်းခဲ့ပြီး ရေပြည့်လျှံမှုများ ဖြစ်စေခဲ့သည်။ ၂၀၁၅၊ ဇူလိုင် (၃၀)ရက်နေ့တွင် ကိုမန်ဆိုက်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီး အဆိုပါ မုန်တိုင်း၏ အရှိန်ကြောင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် လေပြင်းတိုက်ခတ်မှုနှင့် နောက်ဆက်တွဲ မိုးသည်းထန်ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ဟားခါးမြို့ရှိ မိုးလေဝသစခန်းမှ တိုင်းတာချက်အရ ဇူလိုင်လ၏ တစ်လတာ မိုးရွာသွန်းမှု ပမာဏမှာ မကြုံစဖူး ထူးကဲသည့် ပမာဏ ဖြစ်ခဲ့သည်။ သည်းထန်သော မိုးရွာသွန်းမှုနှင့်အတူ မြေဆီလွှာရေဓါတ်ပါဝင်မှုမြင့်မားခြင်း (high soil saturation) နှင့် တောင်တန်းဒေသရှိ တည်ငြိမ်မှုအားနည်းသည့် မြေမျက်နှာပြင် အနေအထားများကြောင့် ချင်းပြည်နယ်အတွင်း ကြီးမားကျယ်ပြန့်စွာ ပျက်ဆီးဆုံးရှုံးမှုကို ဖြစ်စေသော မြေပြိုမှုများဖြစ်ပွားခဲ့ပါသည်။ အဆိုးဝါးဆုံး ထိခိုက်ခဲ့သည့် မြို့နယ်(၄၀)ရှိ ပြည်သူ (၅. ၂)သန်းခန့်မှာ ပြင်းထန်သည့် ရေကြီးရေလျှံခြင်း၊ လေပြင်း တိုက်ခတ်ခြင်းနှင့် မြေပြိုခြင်းများကို ထိတွေ့ခံစားခဲ့ရသည်။ ပြည်သူ (၁. ၆)သန်းကျော်မှာ ၎င်းတို့၏ နေအိမ်များမှ ယာယီစွန့်ခွာရှောင်တိမ်းကြရပြီး၊ အိုးအိမ်ပေါင်း ၅၂၅၀၀၀ ခန့် သက်ရောက်မှုခံစားခဲ့ရသလို ပြည်သူ ၁၃၂ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ဇူလိုင် (၃၁)၊ ၂၀၁၅ တွင် မြန်မာနိုင်ငံသမ္မတမှ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များကို အရေးပေါ်အခြေအနေကြေငြာခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ် စီမံ ခန့်ခွဲရေး ဥပဒေအပိုဒ်(၁၁)အရ သဘာဝဘေးအန္တရာယ် ခံစားရသည့် ဇုန်များအဖြစ် သတ်မှတ်ခဲ့ပါသည်။

(၂) **အရေးပါသည့် ကဏ္ဍများအပေါ် သက်ရောက်မှုများအား အကဲဖြတ်စစ်ဆေးရန်၊ စီးပွားရေးဆိုင်ရာ သက်ရောက်မှု အတိုင်းအတာကို သိရှိနားလည်စေရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအစိုးရမှ ၂၀၁၅ ခုနှစ် စက်တင်ဘာ (၂၄)ရက်မှ အောက်တိုဘာ (၁၂)ရက် အထိ ကာလအတွင်း သဘာဝဘေးအလွန်ကာလ လိုအပ်ချက်များ အကဲဖြတ်စစ်ဆေးခြင်း (PDNA) ကို ဆောင်ရွက် ခဲ့ပါသည်။**PDNAခန့်မှန်းချက်အရ၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် စုစုပေါင်း ငွေကြေးတန်ဘိုး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ (၁. ၅) ဘီလီယံခန့် ထိခိုက်ဆုံးရှုံးခဲ့ပြီး၊ ယင်းမှာ ၂၀၁၄/၁၅ ခုနှစ် GDP ၏ ၃. ၁% ရှိခဲ့သည်။ ၎င်းပမာဏ၏ အမေရိကန် ဒေါ်လာ ၆၁၅. ၆ သန်းခန့်မှာ ထိခိုက်ပျက်ဆီးမှုအဖြစ် မှတ်ယူနိုင်ပြီး၊ ဆုံးရှုံးမှုအဖြစ် တန်ဘိုး အမေရိကန်ဒေါ်လာ ၈၉၂. ၉ သန်းခန့် ရှိခဲ့သည်။ အကယ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မဆောင်ရွက်နိုင် ပါက ၂၀၁၅/၁၆ GDP ဖွံ့ဖြိုးမှုတွင် ၀. ၈% ခန့် ကျဆင်းနိုင်ပါသည်။ ထို့ပြင် current account deficit အနေဖြင့် GDP ၏ ၈% အထက်သို့ တိုးမြင့်လာနိုင်ပြီး fiscal deficit မှာ GDP ၏ ၅% နီးပါးအထိ ရမည်ဟု ခန့်မှန်းရပါသည်။

ထို့ပြင် သဘာဝဘေးကြောင့် အနည်းဆုံး အလုပ်လုပ်ရက်ပေါင်း ၉. ၄ သန်းခန့် ဆုံးရှုံးဖွယ်ရှိပြီး ကိုယ်ပိုင် လုပ်ခ၊ လစာဝင်ငွေတန်ဘိုး အမေရိကန်ဒေါ်လာ ၁၆. ၉ သန်းခန့် ဆုံးရှုံးနိုင်မည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ သဘာဝဘေးကြောင့် သဘာဝဘေးမဖြစ်ခင် မူလအနေအထားသို့ ပြန်လည်ရောက်ရှိရန် ကြိုးစားရမည့် စီးပွားရေးလုပ်ငန်းများအတွက် သိသာသော ကုန်ထုတ်လုပ်မှု ဆုံးရှုံးခြင်းများ ဖြစ်စေနိုင်ပါသည်။

**(၃) သဘာဝဘေးအန္တရာယ်ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂)ခုရှိ ပြည်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် ပြင်းထန်၊ ကျယ်ပြန့်သော သက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။** ရေကြီး/ရေလျှံမှု နှင့် မြေပြိုမှုများကြောင့် အိုးအိမ်များ၊ ရထားလမ်းများ၊ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ကျန်းမာရေးအဆောက် အအုံများ၊ အခြားအများပြည်သူဆိုင်ရာ အဆောက်အအုံများ အပါအဝင် အများပြည်သူနှင့် ပုဂ္ဂလိက အခြေခံ အဆောက်အအုံများ ပျက်ဆီးခဲ့ရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသများအနေဖြင့် ပျံ့နှံ့ပျက်ဆီးမှု အတိုင်းအတာ မတူညီသော်လည်း ဒေသမြေပြင်အနေအထားပေါ်မူတည်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သဘာဝဘေး သက်ရောက်မှုဒဏ်ကို ခံစားခဲ့ကြရပါသည်။ ပျက်ဆီးဆုံးရှုံးမှုနှင့် ကုန်ထုတ်လုပ်ငနးဆုံးရှုံးမှုများအားဖြင့် ထိခိုက်မှု အများဆုံး ဒေသများမှာ ဧရာဝတီ၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများဖြစ်သည်။ တစ်ဦးချင်း ဝင်ငွေအလိုက် ထိခိုက် ဆုံးရှုံးမှုအားဖြင့် ကာလရှည်ကြာ ပျက်ဆီးဆုံးရှုံးမှု တန်ဘိုးအများဆုံးမှာ ချင်းပြည်နယ်ဖြစ်၍ ၎င်း၏ နောက်တွင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီ၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးများ စသည်ဖြင့် အသီးသီး နစ်နာဆုံးရှုံးခဲ့ပါ သည်။ ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကို ခံစားရသည့် ပြည်သူများမှာ အဆိုပါ သဘာဝဘေးမတိုင်မီကပင် ကျန်သည့် မြန်မာနိုင်ငံရှိ ပြည်သူများထက် ယေဘူယျအားဖြင့် ပိုမို ဆင်းရဲနွမ်းပါးကြပါသည်။ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် မြို့နယ် (၄၀) အနက် ထက်ဝက်ခန့်မှာ မြန်မာနိုင်ငံ၏ အနွမ်းပါးဆုံး ပြည်နယ်(၂)ခု ဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ ဖြစ်ပြီး ၎င်းပြည်နယ်များ၏ နွမ်းပါးမှုနှုန်းထားမှာ ၇၁% နှင့် ၇၈% အသီးသီး ရှိကြသည်။ ပြည်သူတစ်ဦးချင်းအလိုက် သက်ရောက်မှုအနေဖြင့် ချင်းပြည်နယ်မှာ ပျက်ဆီးဆုံးရှုံးမှုတန်ဘိုးများပြား၍ ကာလကြာရှည်ခံစားရမှာဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာလည်း ချင်းပြည်နယ်ပြီးလျှင် ဒုတိယနှင့်တတိယ အဆိုးဝါးဆုံး ခံစားခဲ့ကြရပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံတွင်း နွမ်းပါးသည့် ပြည်သူအများဆုံး နေထိုင်သည့် ဒေသဖြစ်သည်။

**(၄) မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများမှာ ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဆိုးရွားစွာထိခိုက်ပျက်ဆီးခဲ့ပြီး အထူးသဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင် ထိခိုက်မှု ပြင်းထန်ခဲ့ပါသည်။** မြေပြိုမှုများသည် လမ်းဆက်သွယ်မှု ကွန်ယက်အပေါ် အဓိကသက်ရောက်မှုကို ဖြစ်စေခဲ့ပြီး အများပြည်သူဆိုင်ရာ ပျက်ဆီးဆုံးရှုံးမှု စုစုပေါင်း၏ ၅၀% ခန့် မှာ သယ်ယူပို့ဆောင်ရေးကဏ္ဍ တစ်ခု တည်းမှဖြစ်ပါသည်။ ထိခိုက်ပျက်ဆီးမှုများမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် ပိုမိုများပြား၍ သယ်ယူပို့ဆောင်ရေးကဏ္ဍ ပျက်ဆီးဆုံးရှုံးမှု စုစုပေါင်း၏ ၆၀% နီးပါးခန့်မှာ အဆိုပါဒေသများတွင် ဖြစ်သည်။ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အဓိကမြို့ကြီးများတွင် အခြေခံဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ရပြီး တံတားများ ပျက်ဆီးခဲ့ရခြင်းကြောင့် အခြေခံသယ်ယူပို့ဆောင်ရေး အမျိုးအစားဖြစ်သည့်

ခြေလျှင်သွားလာနိုင်မှုကိုပါ အတားအဆီးဖြစ်စေခဲ့သည်။ အမြဲတမ်း ပြင်ဆင်ရေးလုပ်ငန်းများပြီးစီးချိန် မတိုင်မီအထိ လမ်းအခြေခံ အဆောက် အအုံများမှာ နောက်ထပ် ပျက်ဆီးမှုနှင့် လုံးဝအသုံးမပြုနိုင်တော့ခြင်း စသည့် အန္တရာယ်များ ဆက်လက် ရှိနေဆဲ ဖြစ်သည်။ အဆိုပါ သဘာဝဘေးအန္တရာယ်များသည် မူလကတည်းက ရှိနေသည့် ကျေးလက်ဒေသ သွားလာရခက်ခဲ မှုများကို ပိုမိုဆိုးရွားစေခဲ့ပြီး အဆိုပါ နွမ်းပါး၍ မပြည့်စုံသည့် ကျေးလက်ပြည်သူများအတွက် ခရီးသွားလာမှု အချိန် ပိုမိုရှည်ကြာမှုရလဒ်များကို ဖြစ်စေသည်။ ကျေးလက်ဒေသ လမ်းကွန်ယက်များ ဆက်သွယ်သွားလာနိုင်မှု မရှိခြင်း ကြောင့် အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရန် အကန့်အသတ်၊ အတားအဆီးများ ဖြစ်ပေါ်ခဲ့ပြီး အဆိုးဝါး ဆုံး ထိခိုက်ခဲ့သည့် ရပ်ရွာပြည်သူများအတွက် ပြန်လည်နလန်ထလုပ်ငန်းများမှာလည်း ကြန့်ကြာမှုများ ဆက်လက် ရှိနေပါမည်။ PDNA ၏ ကဏ္ဍအဝှမ်း စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဘိုး ယေဘူယျ ခန့်မှန်းချက်မှာ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် အနည်းဆုံးရှိနိုင်ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကျေးလက်လမ်းများ၏ ယာယီနှင့် အမြဲတမ်း ပြင်ဆင်မှုများနှင့် အနည်းဆုံးအဆင့် ရာသီဥတုဒဏ်ခံ ပြန်လည်ထူထောင်ရေး လိုအပ်ချက်များပင်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၅ သန်းခန့် ရှိနိုင်ပါသည်။

**(၅) မိသားစု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် ဝင်ငွေများအပေါ် ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုများ၏ သက်ရောက်မှုများမှာ သိသာပြင်းထန်မှုရှိပြီး မူလ အခြေအနေသို့ ပြန်လည်ရောကရှိနိုင်သော်လည်း နွမ်းပါးသူများ အနေဖြင့် ပြည့်စုံသူများထက် ပိုမို ရုန်းကန်ရပါမည်။**PDNA အရ သဘာဝဘေး၏ ပျံ့နှံ့သက်ရောက်မှု မတူညီဘဲ အများအားဖြင့် ပုဂ္ဂလိကသက်ရောက်မှုများဖြစ်သည့် လူနေအိမ်များနှင့် ရပ်ရွာများမှာ လူနေမှု အရည်အသွေး ကျဆင်းဆုတ်ယုတ်မှုကို ကာလကြာရှည်စွာ ခံစားကြရမှာဖြစ်ပြီး အထူးသဖြင့် အားနည်းသည့် အစုအဖွဲ့များဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ သက်ရောက်မှု ပိုမိုခံစားရနိုင်ကြောင်း သိရှိရပါသည်။ အသက်မွေးကြောင်းလုပ်ငန်းနှင့် ဝင်ငွေထိခိုက်ဆုံးရှုံးမှုများအပြင် ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းနှင့် လူမှုရေးရာ ဝန်ဆောင်မှုများ လျော့နည်းခြင်းတို့ကြောင့် သက်ရောက်မှုများကို ပိုမိုဆိုးရွားစေပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် သက်ရောက်မှုများမှာ အချိန်ကြာသည်နှင့်အမျှ တစစကြီးမားလာနိုင်ပြီး ကျေးလက်နေ ပြည်သူများအတွက် ၂၀၁၆ ခုနှစ် ကာလတလျှောက်နှင့် နောကပိုင်းတွင် သိသာသည့် ပြဿနာများကို ဖြစ်ပေါ်စေ နိုင်ပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် တစစကြီးထွားလာသည့် ဖိအားများကြောင့် ဖြစ်လာနိုင် သည့် အန္တရာယ်များတွင် စားနပ်ရိက္ခာ မလုံလောက်မှု မြင့်မားခြင်း၊ အကြွေးတင်မှု များပြားလာခြင်းနှင့် အဆိုပါ ဖိအားများကို လွဲမားစွာ ဖြေရှင်းမှုအမျိုးမျိုး စသည်ဖြင့် ပါဝင်ပါသည်။ စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာသည် ငယ်ရွယ်သည့် ကလေးငယ်များနှင့် မိခင်ဝမ်းဗိုက်အတွင်းရှိ ကလေးငယ်များအတွက် ရေရှည်အကျိုးဆက် အန္တရာယ်များ ရှိစေပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများပြားလာသည်နှင့်အမျှ ရုတ်တရက် စီးပွားရေး အဆင်မပြေသည့် ဒဏ်ကို ခံနိုင်ရည် အနည်းဆုံး ဖြစ်သည့် မိသားစုများမှာ ထိခိုက်မှု အများဆုံးသူများ ဖြစ်လာပါမည်။

**(၆) ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် အစိုးရမှ ပြန်လည်ထူထောင်ရေး ညှိနှိုင်းကော်မတီ (RCC) ကို ဖွဲ့စည်းခဲ့သည်။ RCC၏ အဓိကတာဝန်မှာ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲ ဆောင်ရွက်ရန်**

**ဖြစ်သည်။** ၎င်းတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်/ဗျူဟာ ရေးဆွဲခြင်း၊ ပြန်လည်ထူထောင်မှု လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရေး စင်တာထူထောင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် RCC နှင့် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ (NNDMC) တို့အတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် အချက်အလက်စီမံခန့်ခွဲမှု အထောက်အကူပေးခြင်း စသည်တို့ ပါဝင်ပါသည်။ RCC တွင် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဖွဲ့ဝင် (၂၈)ဦး ပါဝင်ပါသည်။ ဩဂုတ်လ (၁၄) ရက်နေ့တွင် ကျယ်ပြန့်သော အမျိုးသားအဆင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းရေးဖွဲ့စည်းပုံ၊ ညှိနှိုင်းရေး လုပ်ငန်းစဉ်များနှင့် ပိုမကောင်းမွန်စွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်များကို ဒုတိယ သမ္မတများ စီစဉ်သတ်မှတ်ခဲ့ပါသည်။ PDNA တွင် ပါရှိသည့် ပျက်ဆီးဆုံးရှုံးမှုနှင့် လိုအပ်ချက်များ ဆိုင်ရာ အချက်အလက်များအပေါ် အခြေခံ၍ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများအတွက် အရေးပေါ် ပြန်လည်ထူထောင် ရေး စီမံကိန်း (FLERP) တရပ် ရေးဆွဲပံ့ပိုးပေးပါရန် မြန်မာနိုင်ငံအစိုးရမှ ကမ္ဘာ့ဘဏ်သို့ အကူအညီတောင်းခံခဲ့ပါ သည်။

## ၂။ စီမံကိန်းဖွံ့ဖြိုးရေး ဦးတည်ချက်

(၇) စီမံကိန်းဖွံ့ဖြိုးရေး ဦးတည်ချက်မှာ သဘာဝဘေး သက်ရောက်မှုခံစားရသည့် ဧရိယာများကို အဓိကဦးစားပေး၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပံ့ပိုးကူညီရန်နှင့် သက်ဆိုင်ရာ အကြပ်အတည်း (သို့) အရေးပေါ် အခြေအနေ နောက်ထပ်ကျရောက်သည့် အခြေအနေမျိုးတွင် အဆိုပါ အကြပ်အတည်း (သို့) အရေးပေါ်အခြေအနေအား လျှင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်တို့ဖြစ်ပါသည်။

## ၃။ စီမကိန်း အကြောင်းအရာ/ ဖော်ပြချက်

(၈) ဤစီမံကိန်းအနေဖြင့် ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အားနည်း၍ထိခိုက်လွယ်သည့် အခြေအနေမျိုး ပြန်လည်ရောက်ရှိခြင်းမှ ရှောင်ရှားနိုင်ရန် ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ရေး (building back better) အခြေခံသဘောတရားများက အသုံးပြု၍ သဘာဝဘေးခံစားခဲ့ရသည့် ဧရိယာများတွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် သဘာဝဘေးဒဏ်ခံနိုင်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ပံ့ပိုးကူညီ မည် ဖြစ်သည်။ အရေးပါသည့် အခြေခံအဆောက်အအုံများအား အနာဂတ်အလားတူ အခြေအနေများတွင် ပျက်ဆီးနိုင်မှု အန္တရာယ်လျော့နည်းစေရန် မြင့်မားသည့် စံသတ်မှတ်ချက်များဖြင့် ပြန်လည်တည်ဆောက်မည်ဖြစ် သည်။ ဤစီမံကိန်းအနေဖြင့် သက်ရောက်မှုခံရသည့် ရပ်ရွာပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး အခွင့်အလမ်း ဖန်တီးပေးနိုင်မည့် လုပ်အားအသုံးပြုရမှုများသည့် နည်းလမ်းများကို အသုံးပြု၍ ရေကြီး/ရေလျှံနှင့် မြေပြိုမှုများကြောင့် ပျက်ဆီးခဲ့ရသည့် လမ်း၊ တံတားများ အပါအဝင် အများပြည်သူနှင့်ရပ်ရွာ အခြေခံအဆောက် အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

(၉) ဤစီမံကိန်းသည် သက်ရောက်မှု အများဆုံးခံခဲ့ရသည့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ၂၀၁၅ ရေကြီး/ရေလျှံ ခြင်းနှင့် မြေပြိုခြင်းများ ခံစားခဲ့ရသည့် ရပ်ရွာပြည်သူများသာမက လူမှုရေးရာအစုအဖွဲ့များအတွက်ပါ အကျိုး ဖြစ်ထွန်းစေပါမည်။ စီမံကိန်းအပိုင်း(၁)အရ တိုက်ရိုက်အကျိုးခံစားရမည့်သူများတွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့မှ ဒေသခံပြည်သူများ ပါဝင်ပြီး၊ လမ်းအသုံးပြုနိုင်မှုများ မူလအတိုင်း ပြန်လည်ရရှိစေရန်နှင့် ဘေးကင်းလုံခြုံသော လမ်းကွန်ယက်များ အသုံးပြုနိုင်စေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများမှတဆင့် အကျိုးခံစားကြရမည် ဖြစ်ပါသည်။ စီမံကိန်း အပိုင်း(၂)အရ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန် စသည့် ဒေသကြီးများရှိ ပျက်ဆီးခဲ့သော ဒေသအခြေခံအဆောက်အအုံများ၊ အထူးသဖြင့် လမ်းတံတားများအတွက် ပြန်လည်ထူထောင် ခြင်းနှင့် ရေရှည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လုပ်အားလိုအပ်မှုများသည့် နည်းလမ်းများ အသုံးပြုခြင်းဖြင့် သက်ရောက်မှုခံရသည့် ရပ်ရွာပြည်သူများအနေဖြင့် တိုကရိုက်ကူညီပံ့ပိုးမှု ရရှိပါမည်။ အဆိုပါ လုပ်အား လိုအပ်မှုများသည့် လုပ်ငန်းများတွင် နွမ်းပါး အားနည်းသည့် အစုအဖွဲ့များကို အဓိကထား ဆောင်ရွက်ပေးသွားမည် ဖြစ်သည် အဘယ်ကြောင့်ဆိုသော် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် ရပ်ရွာပြည်သူများ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ နွမ်းပါးသည့် ပြည်သူအရေအတွက်၊ မြင့်မားသည့်ပမာဏ ရေကြီး/ရေလျှံ သက်ရောက်မှု [ ဦးစားပေး မြို့နယ်(၄၀)] စသည့် စံသတ်မှတ်ချက်များ စီမံကိန်းတွင် ပါဝင်သောကြောင့် ဖြစ်ပါသည်။

(၁၀) ဤစီမံကိန်းတွင် အပိုင်း(၄)ပိုင်း ပါဝင်ပါသည် - (၁) သဘာဝဘေးဒဏ်ခံနိုင်သော အမျိုးသားအဆင့် အခြေခံ အဆောက်အအုံများ ပြန်လည်ထူထောင်ခြင်း (၂) ကျေးလက်လမ်းများ ပြန်လည်ထူထောင်ခြင်းနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပံ့ပိုးခြင်း (၃) အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု (၄) စီမံကိန်း စီမံခန့်ခွဲမှုနှင့် အသိပညာသင်ယူမှု ပံ့ပိုးခြင်း တို့ ဖြစ်ပါသည်။

**စီမံကိန်း အပိုင်း (၁) ။ ။ ရာသီဥတုဒဏ်ခံနိုင်သော အမျိုးသားအဆင့် အခြေခံအဆောက်အအုံများ ပြန်လည် ထူထောင်ခြင်း [ အမေရိကန်ဒေါ်လာ သန်း (၁၀၅) ]**

(၁၁) ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ ပျက်ဆီးခဲ့သော အမျိုးသားဆင့်လမ်း အခြေခံအဆောက်အအုံများ သဘာဝဘေးနှင့် ရာသီဥတုဘေးဒဏ် ခံနိုင်သော ပြန်လညထူထောင်ရေးနှင့် သက်ရောက်မှု ခံရသည့် ဧရိယာများရှိ ဆက်သွယ်သွားလာနိုင်မှုများ တိုးတက်ကောင်းမွန်ရေး ပံ့ပိုးကူညီရန်ဖြစ်သည်။ ဒေသဈေးများသို့ ပြန်လည်ဆက်သွယ် သွားလာနိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုများတိုးတက်လာပြီး၊ လူမှုရေးရာ ဝန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်လာ ခြင်းဖြင့် သက်ရောက်မှုခံရသည့် ဧရိယာများအနေဖြင့် အကျိုးခံစားကြရပါမည်။ ပြန်လည်ကောင်းမွန်လာသည့် လမ်း တံတားများကို သဘာဝဘေးကျရောက်သည့် အခြေအနေတွင် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး လမ်းကြောင်းများ အဖြစ်လည်း အသုံးပြုနိုင်ပါမည်။ ဤစီမံကိန်းအပိုင်းအနေဖြင့် (၁) ပျက်ဆီးသွားသည့် အမျိုးသားအဆင့် (လမ်းမကြီးများ/ အဝေးပြေးလမ်းမကြီးများ) လမ်းများ၊ တံတားများ ပြန်လည်တည်ဆောက်ခြင်း (၂) မြေပြိုမှုကာကွယ်ရေးနှင့် ဆင်ခြေလျှော တည်ငြိမ်ရေးလုပ်ငန်းများ၊ ၎င်းနှင့် ဆက်နွယ်သည့်

ရေဆင်းပြွန်စနစ် များ (၃) လမ်းခင်းခြင်း/ တံတားကြံ့ခိုင်ရေးလုပ်ငန်းများ (လိုအပ်ပါက လမ်းပြန်လည်ချိန်ညှိခြင်း အပါအဝင်) (၄) ယာဉ်ကြောသွားလာမှုဘေးကင်းလုံခြုံရေး အင်္ဂါရပ်များ (ရောင်ပြန်ပြားများ၊ ဘေးလွတ်ရာလမ်းပိုင်းများ၊ လုံခြုံရေး သံတန်းများ၊ အထိန်းနံရံများ (retaining walls) နှင့် သဘာဝဘေးဒဏ် ခံနိုင်ရည် တိုးတက်ကောင်းမွန်စေရန် အခြားတည်ဆောက်မှု များ စသည့် လုပ်ငန်းများအား ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း (၂)။ ။ ကျေးလက်ဒေသလမ်းများပြန်လည်ထူထောင်ခြင်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း များ ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ သန်း ၇၀)**

(၁၂) ဤစီမံကိန်းအပိုင်းအနေဖြင့် ရေကြီးရေလျှံကာလအတွင်း ပျက်စီးခဲ့သည့် သတ်မှတ်ရွေးချယ်ထားသည့် ကျေးလက်ဒေသလမ်းတံတားများ ပြန်လည်ထူထောင်ရေး/ ပြန်လည်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပံပိုးကူညီပါမည်။ လမ်းများရွေးချယ်သတ်မှတ်ခြင်းနှင့် ဦးစားပေးအစီအစဉ်လုပ်ငန်းစဉ်များအနေဖြင့် သဘာဝဘေးထိခိုက်မှုအများဆုံး ကျရောက်ခဲ့သည့် ရပ်ရွာများကို အဓိကထား ဆောင်ရွက်မည်။ တစ်ချိန်တည်းမှာ ပင် အဆိုပါလုပ်ငန်းများမှ ကျေးလက်အခြေခံအဆောက်အအုံများ ပြင်ဆင်ခြင်း လုပ်ငန်းများတွင် အလုပ်အကိုင် များ ဖန်တီးပေးနိုင်မှာဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ရန် သွယ်ဝိုက်အကျိုးပြုပါသည်။ ကျေးလက်လမ်းကွန်ယက်များ ပြန်လည်ထူထောင်ရာတွင် မူလထက်ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း နည်းလမ်းကို အသုံးပြုမှာဖြစ်၍ ကောင်းမွန်သောအင်ဂျင်နီယာ ဒီဇိုင်းပုံစံများကို အသုံးပြုပြီး သဘာဝဘေးဒဏ် ခံနိုင်ရည်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပါမည်။ လမ်းများနှင့် ရေထုတ်ပြွန် တည်ဆောက်မှုများ၏ ဒီဇိုင်းစံသတ်မှတ်ချက်များကို စီစစ်သုံးသပ်မည်ဖြစ်ပြီး အစိုးရဝန်ထမ်းများနှင့် ဒေသခံ ကန်ထရိုက်တာများကိုလည်း လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ပါမည်။ လမ်းများပြန်လည်ထူထောင်ခြင်း နှင့် အတူ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြင့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုများ၏ ရေရှည်တည်တံ့ကောင်းမွန်မှုကို ကြပ်မတ်ဆောင်ရွက်ပါမည်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားသည့် လမ်းများတလျှောက်တွင် နေထိုင်သော ရပ်ရွာပြည်သူများဖြင့် ပြုပြင်ထိန်းသိမ်းရေးအစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလမ်းများ အနီးရှိ ရပ်ရွာများတွင် နေထိုင်သောအမျိုးသမီးများအတွက် အလုပ်အကင် အခွင့်အလမ်းများကိုလည်း အထူးအလေးပေးဆောင်ရွက်မည် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

**စီမံကိန်း အပိုင်း (၃) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန် ဒေါ်လာ ၁၅ သန်း)**

(၁၃) ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ သက်ဆိုင်ရာအကြပ်အတည်း (သို့) အရေးပေါ်အခြေအနေနောက်ပိုင်း ကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပံ့ပိုးမှုများ ဖြည့်ဆည်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ(၃. ၁) IDA, IRM အတွက် ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ ၁၅ သန်း) ၂၀၁၅ ဇူလိုင်-စက်တင်ဘာ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကို ဖြေရှင်းဆောင်ရွက်ရန် IDA, IRM အသုံးပြုနိုင် ရေး ပံ့ပိုးကူညီမည်ဖြစ်သည်။ ဤအပိုင်းခွဲအနေဖြင့် IDA, IRM အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သည့် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ် (CERTP) အရ ငွေကြေးပံ့ပိုး မည့် အတည်ပြုပစ္စည်းစာရင်းအတွက် ကုန်ကျစရိတ်များနှင့် မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲဆောင်ရွက်ပြီး ကမ္ဘာ့ဘဏ်မှ အတည်ပြုသည့် လုပ်ငန်း လမ်းညွှန် စသည့်ကိစ္စရပ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ PDNA ရလဒ်များနှင့် အညီ IDA, IRM အနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် အသုံးပြုရန်အတွက် အဓိကပစ္စည်းများဖြစ်သည့် သိုလှောင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ အသေးစားစက်မှု ပစ္စည်းများ၊ မျိုးတူစုများ၊ တိရစ္ဆာန် ဖြန့်ဖြူးရေးနှင့် လောင်စာစီကုန်ပစ္စည်းများစသည်တို့နှင့် ပတ်သက်၍ ငွေကြေး ပံ့ပိုးခြင်းဖြင့် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများ ပြန်လည်ထူထောင်ရေး အဓိကထား ပံ့ပိုးမည် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ (၃. ၂) အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန်ဒေါ်လာ (၀)) အနေဖြင့် သက်ဆိုင်ရာ အနာဂတ် အကြပ်အတည်း (သို့) အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ အရေးပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက် ပံ့ပိုးနိုင်ရန် အခြားစီမံကိန်းအပိုင်းများမှ ရန်ပုံငွေများကို မြန်မြန်ဆန်ဆန် ပြန်လည်ခွဲဝေချထားနိုင်ရန် (သို့) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်ရန် ထပ်ဆောင်းရန်ပုံငွေလမ်းကြောင်း ဖော်ဆောင်အသုံးပြုနိုင်စေရန် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းခွဲ (၃. ၂) သည် သက်ဆိုင်ရာ အရေးပေါ်အခြေအနေ ပြန်လည်ထူထောင်ရေးအတွက် အသေးစိတ်လုပ်ငန်းများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အရေးပေါ်လုပ်ငန်းဆောင်ရွက်မှု စရိတ်များနှင့်/သို့ အကျိုးပြုပစ္စည်းများစာရင်းအတွက် အများ ပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍ ကုန်ကျစရိတ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ ဤအပိုင်းအတွက် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ်ကို အသုံးပြုမည်ဖြစ်၍ ၎င်းတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ဘေးကင်းလုံခြုံရေးနှင့် အခြားလိုအပ်သော အကောင်အထည်ဖော် ရေး အစီအမံများ စသည်ဖြင့် အသေးစိတ် ပါဝင်ပါမည်။ ဤအပိုင်းနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ဘဏ္ဍာရေး ဝန်ကြီးဌာန (MOF) မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း(၄) စီမံကိန်းစီမံခန့်ခွဲမှုနှင့် အသိပညာပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ (၁၀)သန်း)**

(၁၄) ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ လုပ်ငန်းကျမ်းကျင်မှု၊ ဝန်ထမ်းစရိတ်များ၊ လုပ်ငန်းဆောင်ရွက်မှု စရိတ်များ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် စာရင်းစစ်စရိတ်များ စသည်တို့ အပါအဝင် စီမံကိန်းနှင့် စီမံကိန်းအပိုင်း များအတွက် ထိရောက်မြန်ဆန်သော စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဆောင်ရွက်ရေးဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်း ပေးနိုင်ရန်ဖြစ်သည်။ ထို့ပြင် စီမံကိန်းအပိုင်းများအတွက် အစီရင်ခံတင်ပြခြင်းနှင့် ထိရောက်မြန်ဆန်သော ညှိနှိုင်း ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း


ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်း ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ နည်းပညာနှင့် ဘေးကင်းလုံခြုံရေး၊ အကောင်အထည်ဖော်ခြင်း(ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်၊ လုပ်ငန်းစဉ်များ အပါအဝင်)၊ လေ့လာစစ်ဆေးအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများအတွက် အဖွဲ့အစည်းဆိုင်ရာ ပံပိုးမှုနှင့် လုပ်ငန်း စွမ်းရည်မြှင့်တင်မှုများကို ပံ့ပိုးကူညီပါမည်။

**၄။ စီမံကိန်းတည်နေရာများနှင့် အချို့သော အရေးပါသည့် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက္ခဏာ ရပ်များ**

(၁၅) PDNA ရလဒ်များအပေါ် အခြေခံ၍ ဤစီမံကိန်းအား အဆိုးဝါးဆုံး သက်ရောက်မှုခံရသည့် ကဏ္ဍများနှင့် နေရာဒေသများရှိ ဦးစားပေးဧရိယာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ စီမံကိန်းအပိုင်း (၁)ကို ချင်းနှင့် ရခိုင်ပြည်နယ်များတွင် အကောင်အထည်ဖော်မည်ဖြစ်၍ စီမံကိန်းအပိုင်း(၂)ကို ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ စီမံကိန်းရင်းနှီးမြှုပ်နှံမှုများပြ မြေပုံကို ပူးတွဲ(၁)တွင် ဖော်ပြထားသည်။

(၁၆) ချင်းပြည်နယ်တွင် စီမံကိန်းအနေဖြင့် သက်ရောက်မှုခံရသည့် ကလေး/ဟားခါး စကြံဧရိယာတွင် အဓိကထား ဆောင်ရွက်ပါမည်။ အဆိုပါနေရာတွင် မြေပြိုမှုများ မကြာခဏ ဖြစ်လေ့ရှိသော်လည်း ၂၀၁၅ မိုးရာသီ၏ မကြုံစဖူး ထူးကဲသည့်အဖြစ်အပျက်များကြောင့် ဖြစ်ရိုးဖြစ်စဉ်လမ်းကြောင်းကို ပိုမိုဆိုးရွားစေခဲ့သည်။ ချင်းတောင်တန်းများ သည် ယေဘူယျအားဖြင့် ထိခိုက်လွယ်ပြီး၊ မြေပြိုခြင်း၊ ရေတိုက်စားခြင်းများ အလွယ်တကူ ခံစားရနိုင်ပါသည်။ ကလေး-ဟားခါး စကြံဧရိယာတလျှောက်ရှိ ပြည်သူများမှာ အများအားဖြင့် ကျေးလက်နေ ပြည်သူများဖြစ်ပြီး ဖလမ်း နှင့် Lumbang အပါအဝင် ကားလမ်းမတစ်လျှောက်တွင် သေးငယ်သော အခြေချနေထိုင်မှုလေးများအဖြစ် ပျံ့နှံ့စွာတည်ရှိကြသည်။ ကလေး-ဟားခါး စကြံလမ်းသည် တောတောင်ထူထပ်သည့် ဧရိယာတွင် တည်ရှိပြီး အများ အားဖြင့် ထင်းရှူးနှင့် ဝက်သစ်ချသစ်တောများ ပါဝင်ပြီး ကောင်းမွန်သော အခြေအနေရှိကာ အများစုတွေ့ရသော တောတွင်းဂေဟာများမှာလည်း အခြေချရပ်ရွာအနီးဝန်းကျင်တွင်တည်ရှိခြင်း၊ (သို့မဟုတ်) မြေပြိုမှုများကြောင့် ဖြစ်လေ့ရှိသည်။ ကလေး-ဟားခါး စကြံလမ်းတွင် မည်သည့်သဘာဝထိန်းသိမ်းစောင့်ရှောက်ရေး ဧရိယာမျှမရှိပါ။

ပုံ(၁) ကလေး-ဟားခါး စကြံ့လမ်း




(၁၇) ဤစီမံကိန်းအနေဖြင့် ခန့်မှန်းခြေ ၇၈ ကီလိုမီတာ ရှည်လျားပြီး ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် ဧရာဝတီတိုင်း ဒေသကြီးကို ချိတ်ဆက်ပေးသည့် မြေပြိုမှုများ၏သက်ရောက်မှုခံခဲ့ရသည့် ဂွ-ငသိုင်းချောင်း စကြံန်လမ်းကိုလည်း ပံ့ပိုးမည်ဖြစ်သည်။ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ကို ဆိုးဝါးစွာခံစားခဲ့ရပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ပြီးလျှင် တတိယမြောက် ဆုံးရှုံးမှုအများဆုံး တွေ့ကြုံခဲ့ရသည်။ ယေဘူယျအားဖြင့် ဂွ-ငသိုင်းချောင်း စကြ်န်လမ်းသည် တစိတ်တပိုင်း အမြဲစိမ်းနှင့် အမြဲစိမ်းဧရိယာများ ဖုံးလွှမ်းထားသည် တောင်ကုန်း ထူထပ်သော ဧရိယာကို ဖြတ်သန်းသွယ်တန်းနေပါသည်။ အချို့သော အပင်မျိုးစိတ်များမှာ ကျွန်း၊ ပျဉ်းကတိုးနှင့် အခြား သစ်မာ အမျိုးအစားများ၊ Kayhin ဝါးနှင့် ဒေသအခေါ် "တောင်သရက်" စသည့် မျုးစိတ်များ တည်ရှိပါသည်။ အဆိုပါလမ်းသည် ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသည့် အများပြည်သူပိုင် သစ်တော ဧရိယာ (၎င်းကို ပုဂ္ဂလိကထံသို့ နှစ် (၃၀) ငှားရမ်းလုပ်ကိုင်ခွင့်ပြုထား)ကို ဖြတ်သန်းသွားပါသည်။ အဆိုပါ ဂွ-ငသိုင်းချောင်း စကြံန်လမ်း၏ မြောက်ဘက်တွင် ရိုးမသဘာဝ သားရဲတိရိစ္ဆာန်ဘေးမဲ့တောတည်ရှိပြီး ဆင်၊ အာရှ ဝက်ဝံမဲများ၊ ဒရယ်၊ မျောက်လွဲကျော်နှင့် မျိုးတုံးပျောက်ကွယ်သွားပြီဟု

ယုံကြည်ခဲ့ပြီး မကြာသေးမီကာလအတွင်း ၎င်းဧရိယာတွင် ပြန်လည်တွေ့ရှိခဲ့သော အာရကန်သစ်တောလိပ်ကြီးမျိုး စသည့် တိရစ္ဆာန်မျိုးစိတ်များ နေထိုင် ကျက်စားကြပါသည်။

(၁၈) ဤစီမံကိန်းသည် ရခိုင်ပြည်နယ်၊ စစ်ကိုင်း၊ ဧရာဝတီ၊ မကွေး၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိ ကျေးလက် လမ်းများ ပြန်လည်ထူထောင်ရေးနှင့် ယာယီ/ပြုပြင်ထိန်းသိမ်းရေး အလုပ်အကိုင် အခွင့်အလမ်းများအတွက် ပံ့ပိုး ကူညီမည်ဖြစ်သည်။ အဆိုပါ ပြည်နယ်/တိုင်းဒေသကြီးများမှာ ဗဟိုမြစ်ဝှမ်းဒေသ၊ ဧရာဝတီမြစ်ကြောင်းတလျှောက် နှင့် အနောက်ဖက် ရခိုင်ရိုးမတောင်တန်းများတွင် တည်ရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ စီမံကိန်းမှ ပံ့ပိုးမည့် အသေးစိတ်ဧရိယာများနှင့် မြို့နယ်များ၊ အဆိုပြု စီမံကိန်းနေရာများ ပတ်ဝန်းကျင်ရှိ အရေးကြီးသော သဘာဝပတဝန်းကျင်ဆိုင်ရာ လက္ခဏာရပ်များ စသည်တို့နှင့် ပတ်သက်၍ လေ့လာ၊ သုံးသပ်ရွေးချယ် သတ်မှတ်ရန် ကျန်ရှိနေပါသေးသည်။

(၁၉) စီမံကိန်းဧရိယာများတွင် အမျိုးမျိုးသော တိုင်းရင်းသား လူနည်းစု အစုအဖွဲ့များ နေထိုင်ကြပါသည်။ ချင်းတိုင်းရင်းသား အစုအဖွဲ့များသည် အများစုအနေဖြင့် ကလေး-ဟားခါး စကြ်န်လမ်းတလျှောက် အပါအဝင် ချင်းပြည်နယ်တွင် နေထိုင်ကြပါသည်။ ဟားခါး၊ ဖလန်း၊ Senthaung၊ Zo၊ Tawr နှင့် Baulkhaw စသည့် ချင်းလူမျိုးတွင် ကျယ်ပြန့်စွာ ပါဝင်သည့် သေးငယ်သော တိုင်းရင်းသား အစုအဖွဲ့များသည် ကလေး-ဟာခါး စကြ်န်လမ်းတလျှောက် နေထိုင်ကြသည်ဟု သိရပါသည်။ စီမံကိန်းအပိုင်း(၁) အနေဖြင့် ရခိုင်တိုင်းရင်းသားသုံးပုံနှစ်ပုံခန့်နှင့် ခန့်မှန်းခြေ မွတ်စလင်သုံးပုံတစ်ပုံခန့်နှင့် အတူ ချင်းနှင့် အခြားသေးငယ်သော တိုင်းရင်းသား အစုအဖွဲ့များရှိသည့် ရခိုင်ပြည်နယ်တွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ စီမံကိန်း အပိုင်း(၂) အား (၁) အခြားတိုင်းရင်းသား အစုအဖွဲ့များဖြစ်သည့် ချင်းနှင့် ရှမ်းလူမျိုးအချို့နေထိုင်မှုရှိသော်လည်း အများစုအနေဖြင့် ဗမာလူမျိုးများ နေထိုင်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး (၂) ကရင်လူမျိုးများနှင့် အခြားသေးငယ်သည့် တိုင်ရင်းသား အစုအဖွဲ့များရှိသော်လည်း အများစအဖြစ် ဗမာလူမျိုးများ နေထိုင်ကြသည့် ဧရာဝတီတိုင်းဒေသကြီး (၃) ဗမာ၊ ကရင်၊ မွန်နှင့် ရှမ်းလူမျိုးများ ပျံ့နှံ့နေထိုင်မှု ရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် (၄) ရန်ကုန်တိုင်းဒေသကြီး များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။

(၂၀) စစ်ရေးနှင့် အခြားလူမှုရေးရာ ပဋိပက္ခများကြောင့် နိုင်ငံ၏ အချို့သော ဒေသများတွင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ ရှိနေပါသည်။ (ဥပမာ- ကချင်၊ရခိုင်နှင့် ရှမ်းပြည်နယ်များ) ရွှေ့ပြောင်းလုပ်သားများနှင့် သဘာဝဘေးခံရသည့် ပြည်သူများမှာလည်း ချို့တဲ့အားနည်းသည့် အခြားအစုအဖွဲ့များအဖြစ် ပါဝင်နေပါသည်။ ၎င်းတွင်မြစ်ဝကျွန်းပေါ်ဒေသရှိ သဘာဝဘေး-အလွန် ရပ်ရွာပြည်သူများ၊ ရာဘာခြံများတွင် အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံအလယ်ပိုင်းမှ လာရောက်ကြသည့် မွန်ပြည်နယ်ရှိ ရာသီအလိုက် ရွှေ့ပြောင်းလုပ်သားများ စသည်ဖြင့် ပါဝင်ပြီး မွန်ပြည်နယ်ရှိ ရွှေ့ပြောင်းလုပ်သားများမှာ လူဦးရေ၏ ၂၀%ခန့်အထိ ရှိနိုင်ပါသည်။ ထို့ပြင်နယ်စပ်ဒေသများရှိ ယခင် ပဋိပက္ခများကြောင့် နယ်စပ်ဖြတ်ကျော်ခဲ့ပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကာ ၎င်းတို့၏ ဇာတိရပ်ရွာများသို့ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မရောက်ရှိနိုင်သေးသည့်ပြည်သူများလည်း ရှိပါသည်။

၎င်းတို့အများစုမှာ နွမ်းပါးချို့တဲ့၍ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများ ရင်ဆိုင်နေရပြီး လူမှုရေးရာဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုလည်း နည်းပါးကြပါသည်။ အကယ်၍ စီမံကိန်းအနေဖြင့် အလားအလာရှိသော စီမံကိန်း အကျိုးခံစားခွင့် ရှိသူများ ရွေးချယ်သတ်မှတ်ရာတွင် ၎င်းတို့မပါဝင်ဘဲ ကျန်ရှိနေနိုင်သည့် အခြေအနေမျိုး ရှိနိုင်ပါသည်။

(၂၁) ရခိုင်ပြည်နယ်၏ လူမှုရေးရာ ဝိသေသလက္ခဏာရပ်များအရ အချို့သောစိန်ခေါ်မှုနှင့်အတူ အခွင့်အလမ်းများလည်းရှိနေပါသည်။ သမိုင်းနောက်ခံ၊ ယဉ်ကျေးမှု ကိုယ်ပိုင်လက္ခဏာရပ် စသည့်ရှုထောင့်များအရ ကွဲပြား ခြားနားမှုများနှင့်အတူ နွမ်းပါးမှုနှင့် ဖွံ့ဖြိုးမှု နိမ့်ကျခြင်းများကြောင့် ရခိုင်တိုင်းရင်းသားများနှင့် မူဆလင်များအကြား လူမှုရေးရာ ဆက်ဆံမှုများသည်ကာလကြာရှည်စွာ ထိရှလွယ်သည့် အခြေအနေဖြစ်နေပါသည်။ ထို့ကြောင့်ပင် ၂၀၁၂ ခုနှစ်တွင် ပဋိပက္ခနှင့် ကျယ်ပြန့်သော တကွဲတပြားစွန့်ခွါရမှုများ ဖြစ်စေခဲ့သည်။ ပြန်လည်ရင်ကြားစေ့ရေး၊ နိုင်ငံသားဖြစ်မှု၊ IDP စခန်းများသို့ ပြန်လည်ရောက်ရှိနေရာချထားရေး၊ ဝန်ဆောင်မှုများအသုံးပြုနိုင်မှုနှင့် မြေယာစသည့် ကိစ္စရပ်များ အပါအဝင် ပဋိပက္ခမှ ပေါက်ဖွားလာသည့် စိန်ခေါ်မှုများကိုလည်း ၎င်းပြည်နယ်အနေဖြင့် ရင်ဆိုင်နေရသည်။ အဆိုပါအချက်များကြောင့် သဘာဝဘေးအလွန်ပွံ့ပိုးမှုများအတွက် ထိရှလွယ်သည့် အခြေအနေဖြစ်စေသော်လည်း အခွင့်အလမ်းများလည်းရှိပါသည်။-- အဆိုပါအကူအညီများ၊ လူမှုအဖွဲ့အစည်းများအကြား ညီမျှစွာ ဆောင်ရွက် နိုင်ခြင်းဖြင့် လူမှုရေးရာရင်းနှီးမတည်မှုနှင့် ယုံကြည်မှုများတည်ဆောက်ရေးအတွက် အလားအလာကောင်းများ ရှိစေပါသည်။

## ၅။ လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလားအလာရှိသော သက်ရောက်မှုများ/ အန္တရာယ်များ

(၂၂) စီမံကိန်းအပိုင်း(၁)နှင့် အပိုင်း(၂) များသည် အမျိုးသားအဆင့်နှင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပံ့ပိုးမည်ဖြစ်ပြီး၊ ၎င်းလုပ်ငန်း အများစုအနေဖြင့်လည်း လက်ရှိ တည်ရှိပြီး လမ်းများ၏ သက်ဆိုင်ရာ သတ်မှတ်ဧရိယာအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ အချို့သောဧရိယာများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင နိုင်ပါသည်။ ဤစီမံကိန်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ဒီဇိုင်းပုံစံနှင့် တည်နေရာများအား ပံ့ပိုးရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများ လျော့ချရန် လိုအပ်သည့် ဆန်းစစ် လေ့လာရေး လုပ်ငန်းများကိုလည်း ပံ့ပိုးဆောင် ရွက်မည်ဖြစ်သည် (ဥပမာ-မြေပြိုမှုအန္တရာယ် အကဲဖြတ်စစ်ဆေးခြင်း၊ လက်တွေ့ဆောင် ရွက်နိုင်မှုလေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ လုပ်ငန်းစဉ်/သတ်မှတ်ချက်များ စသည်)။ သိသာကြီးမားပြီး မူလအတိုင်းပြန်လည် ကောင်းမွန်နိုင်ခြင်းမရှိသော၊ ထူးခြားသည့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှုများ ဖြစ်လာနိုင်ခြေ မရှိဟု မျှော်မှန်းတွက်ဆထားသော်လည်း သက်ရောက်မှု လျော့ပါးသက်သာစေရေး အစီအစဉ်များကို အလွယ်တကူ အသုံးပြုနိုင်ရန် အသင့်ပြင်ဆင်ထားရှိရပါမည်။

(၂၃) သက်ရောက်မှု ခံစားခဲ့ရသော အခြေခံအဆောက်အအုံများအတွက် "မူလထက် ပိုမိုကောင်းမွန်စွာ ပြန်လည် တည်ဆောက်ရေး" နည်းလမ်းများအား ဤစီမံကိန်းမှ ပံ့ပိုးကူညီပါမည်။ အချို့သော အဆိုပါ နည်းလမ်းများတွင် ပိုမို ကောင်းမွန်သော ရေနုတ်မြောင်းများနှင့် ဆင်ခြေလျှော တည်ငြိမ်ရေးလုပ်ငန်းများ၊ ရေရှည်မြေပြိုမှုကာကွယ်ရေး အစီအစဉ်များအတွက် ဒီဇိုင်းလေ့လာသုံးသပ်ခြင်းနှင့် လက်တွေ့ဆောင်ရွက်နိုင်မှု လေ့လာခြင်းများ စသည့် နည်းပညာ အကူအညီများ ကဲ့သို့သော မြေပြိုမှုကာကွယ်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ပါဝင်နိုင်ပါသည်။ ဖြစ်စဉ်တစ်ခုချင်းစီအလိုက် အခြေခံဖြင့် လမ်းအခြေခံအဆောက်အအုံများအတွက် သဘာဝဘေးဒဏ်ခံနိုင်ခြင်းနှင့် ဆန်းသစ်သော အယူအဆ/ နည်းပညာများပေါင်းစပ်၍ အဆိုပါ "မူလထက် ပိုမိုကောင်းမွန်စွာ ပြန်လည် တည်ဆောက်ရေး" နည်းလမ်းအနေဖြင့် အပြုသဘောအကျိုးပြုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။ ဥပမာ ဆယ်ယူရရှိသောပစ္စည်းများပြန်လည်အသုံးပြုခြင်း၊ ဘေးကင်းလုံခြုံသော တည်နေရာ၊ ရေကြီး/ရေလျှံခံနိုင်သော တည်ဆောက်ပုံများ စသည်တို့ဖြစ်ပါသည်။

(၂၄) လမ်းတည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုသည့် ပစ္စည်းများမှာ ယေဘူယျအားဖြင့် ဒေသအရင်း အမြစ်များ ဖြစ်သည် - ကလေး - ဟားခါး နှင့် ဂွ- သိုင်းချောင်း စကြံန်လမ်းများ တလျှောက်တွင် ကျောက်ကျင်း များ ရှိပါသည်။ ကျောက်ကျင်းများစီမံခန့်ခွဲမှုအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များကို ပူးတွဲ (၈)တွင်ဖော်ပြထားသည်။ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ (ဥပမာ- သဲ၊ ကျောက်စရစ်၊ ရွှံ့၊ သစ် စသည်)ကို ဒေသတွင်း ထုတ်ယူခြင်းသည် မြေပြိုမှုများနှင့် မြေတိုက်စားခြင်းဒဏ် ခံနိုင်ရည် မရှိမှုကို ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ပိုမိုကောင်းမွန်သော ချိတ်ဆက်မှု အနေဖြင့်လည်း ဒေသအရင်းအမြစ်များအပေါ် ဖိအားများ ဖြစ်စေပါသည် (သစ်တောအပါအဝင်)။ အသေးစား ဆောက်လုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဆက်နွယ်သည့် အန္တရာယ်များရှိပြီး ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများကြောင့် ယာယီ လေထု နှင့် ရေညစ်ညမ်းမှုများ ဖြစ်စေနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကိစ္စရပ်များမှာ မြန်မာနိုင်ငံတွင် ကျယ်ပြန့်သည့် အရေးကိစ္စတစ်ရပ်ဖြစ်ပါသည်။ FLERP မှ ပံ့ပိုး သည့် စီမံကိန်းလုပ်ငန်းခွဲများ (ဥပမာ- သုသာန်များ၊ ဝတ်ပြုရာနေရာများ)၏ အနီးဝန်းကျင်တွင် ယဉ်ကျေးမှုဆိုင်ရာ နေရာများ ရှိနိုင်ပြီး ယာယီအားဖြင့် သက်ရောက်မှုများ ရှိနိုင်ပါသည်။ ဤစီမံကိန်း၏ အချို့သော သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှု/အန္တရာယ်အလားအလာများကို အောက်တွင် အနှစ်ချုပ် ဖော်ပြထားပါ သည်။ " တိုက်ဆိုင်တူးဖော်တွေ့ရှိမှု " လုပ်ငန်းစဉ်များ ပူးတွဲ (၁၀) တွင်ပါဝင်သည်။ စီမံကိန်းအပိုင်း(၃) (အစော တလျှင်ဖြေရှင်းမှုလုပ်ငန်းစဉ်) အရ ပံ့ပိုးသည့် ကုန်ပစ္စည်းများ၏ ပြည့်စုံလုံလောက်မှုမရှိသော စွန့်ပစ်ခြင်း များကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများဖြစ်စေနိုင်ပြီး ယင်းအတွက် အညစ်အကြေး စီမံခန့်ခွဲမှုဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်လုပ်ပန်းကျင့်ဝတ်ကို ပူးတွဲ (၉)တွင်ဖော်ပြထားသည်။

## (၂၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ

(က) လမ်းအခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းသည် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထုတ်ယူခြင်းနှင့် ဈေးများသို့ သွားလာနိုင်မှု တိုးမြင့်လာခြင်းများကြောင့် လက်ရှိသစ်တောအရင်းအမြစ်များနှင့် ဒေသအရင်းအမြစ်များအပေါ် ဖိအားများဖြစ်စေနိုင်ပါသည်။ ပိုမိုကောင်းမွန်သည့် ဆက်သွယ်သွားလာနိုင်မှု သည်လည်း မြေအသုံးပြုမှုပုံစံ အပြောင်းအလဲများ၊ မြေတိုက်စားခြင်းနှင့် မြေပြိုခြင်းစသည့် ကိစ္စရပ်များ ဖြစ်နိုင်ချေကို တိုးပွားစေနိုင်ပါသည်။

(ခ) ကျေးလက်လမ်းများ တည်ဆောက်ခြင်း၊ အလုပ်သမားစခန်းများ၊ လမ်းဘေးကင်းလုံခြုံရေး စသည်တို့နှင့် ဆက်နွယ်သည့် လုပ်ငန်းခွင်ဆိုင်ရာနှင့် ရပ်ရွာဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကိစ္စရပ်များ ရှိနိုင် ပါသည်။

(ဂ) ဘေးထွက်ပစ္စည်းအပိုင်းအစများ/ ဖြိုဖျက်ရာမှ ထွက်လာသည့် ပစ္စည်းများ ဖယ်ရှားခြင်းနှင့် စွန့်ပစ်ခြင်းများ ကြောင့် ရေထု/လေညစ်ညမ်းမှုအလားအလာများ ရှိနိုင်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး မိလ္လာ/ ရေဆိုးနုတ်စနစ်များအပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။

(ဃ) လမ်းများတလျှောက်ရှိ သုသာန်များအပါအဝင် ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များအပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။

(င) သစ်တောများ ပျိုးထောင်ခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သော အလေ့အထများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ဆင်ခြေလျှောများ တည်ငြိမ်ရေးအတွက် သဘာဝပေါက်ပင်များ ပြန်လည် ပျိုးထောင်ခြင်း၊ ဇီဝ-အင်ဂျင်နီယာလုပ်ဆောင်မှုများ စသည့် ဆောင်ရွက်ချက်များမှ ဒေသသစ်တောများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးသက်ရောက်မှုများလည်း ရှိနိုင်ပါသည်။

(စ) လမ်းဆောက်လုပ်ရေး လုပ်ငန်းများအတွက် ခေတ်မှီ၍ သဘာဝဘေးဒဏ်ခံနိုင်သော နည်းပညာအသစ်များ အသုံးပြုခြင်းဖြင့် စီမံကိန်းအကျိုးရလဒ်များ ရေရှည်တည်တံ့ ကောင်းမွန်စေခြင်း များမှတဆင့် "မူလထက် ပိုမို ကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း" နှင့် "သဘာဝဘေး အန္တရာယ်လျှော့ချခြင်း" စသည့် ရည်ရွယ်ချက် များကို ပံ့ပိုးမည် ဖြစ်ပါသည်။

## (၂၆) လူမှုရေးရာ သက်ရောက်မှု/ အန္တရာယ်များ

(က) နွမ်းပါးသူများ၊ အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ၊ အခြားအခွင့်အရေးနည်းပါးသည့် အစုအဖွဲ့များ အပါအဝင်၊ သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် ပြည်သူများအတွက် အရေးပါသည့် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ အသုံးပြုနိုင်မှု ပိုမိုကောင်းမွန်လာခြင်း၊ ဝင်ငွေအပေါ် တိုက်ရိုက်ပံ့ပိုးမှုစသည်ဖြင့် အကျိုးကျေးဇူးများ ရရှိပါမည်။

(ခ) လမ်းများကို တိုးချဲ့ခြင်းမပြုဘဲ၊ ပြန်လည်ချိန်ညှိခြင်း ဆောင်ရွက်ရာတွင် အနည်းငယ်သော ပမာဏရှိသည့် မြေယာ(သို့) ပစ္စည်းများဆုံးရှုံးမှုမျိုး ရှိနိုင်ပါသည်။

(ဂ) သက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးမှုနှင့် သီးနှံ/အပင်များ ပျက်ဆီးမှုအလားအလာများ ရှိနိုင်ပါသည်။

(ဃ) အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ၊ အခြားအခွင့်အရေးနည်းပါးသည့် အစုအဖွဲ့များ အပါအဝင် နွမ်းပါး၍ အားနည်းသည့် အစုအဖွဲ့များဖြင့် အကြံပြုဆွေးနွေးခြင်းများ ပြည့်စုံလုံလောက်မှုမရှိခြင်း

(င) ရည်ရွယ်သည့် အကျိုးအမြတ်များနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှုများအတွက် မထိရောက်သော လုပ်ငန်းစဉ်များသည် အခွင့်အရေးနည်းပါးသည့် အစုအဖွဲ့များအဖို့ စီမံကိန်းအကျိုးကျေးဇူးများမှ ချန်လှပ်ခံရခြင်းမျိုး ဖြစ်နိုင်သည်။

(၂၇) စီမံကိန်းအပိုင်း(၃)ကို လက်ရှိဆောင်ရွက်နေဆဲဖြစ်သည့် တိုက်ရိုက်/ ချက်ချင်းတုံ့ပြန်ဖြေရှင်းမှုလုပ်ငန်းစဉ် (IRM) မှ တဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ ၎င်းအနေဖြင့် ယာဉ်များ၊ တိရစ္ဆာန်အစာများ၊ အထောက်အပံ့နှင့် ကိရိယာများ၊ အရေးပေါ်တန်ဆာပလာ ပါဝင်မှု (ဥပမာ- စောင်များ၊ အဝတ်အစားများ)၊ ဆေးဝါးနှင့် အခြေခံဆေးပစ္စည်းများစသည့် အရေးကြီးသော ပစ္စည်းကိရိယာများအတွက် ငွေကြေးပံ့ပိုးပါမည်။ ၎င်းအနေဖြင့် မည်သည့်တည်ဆောက်ရေးလုပ်ငန်းကိုမျှ ငွေကြေးပံ့ပိုးမည်မဟုတ်ပါ။ ဤစီမံကိန်းအပိုင်း၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအလားအလာနှင့် ပတ်သက်၍ IRM အတွက် ပြင်ဆင်ဆောင်ရွက်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းသတမှတ်ချက်များ (ECOP)ဖြင့် ဖြေရှင်းဆောင်ရွက်ပါမည်။ ECOP ပြင်ဆင် ထားရှိမှုနှင့် ကမ္ဘာ့ဘဏ်မှ ရှင်းလင်းအတည်ပြုမှုများမတိုင်မီ ဤစီမံကိန်းအပိုင်းအနေဖြင့် မည်သည့်လုပ်ဆောင်မှုမှ စတင်ဆောင်ရွက်မည်မဟုတ်ပါ။ အဆိုပါသတ်မှတ်လိုအပ်ချက်ကို ဤစီမံကိန်းအရ ငွေလွှဲပြောင်းမှုဆိုင်ရာ သတ်မှတ်ချက် တစ်ခုအဖြစ် တရားဝင်သဘောတူညီချက်တွင် ပါဝင်ပါမည်။ ဤစီမံကိန်းအပိုင်းအရ တိုင်းရင်းသား လူနည်းစု များအတွက် ဆိုးကျိုးသက်ရောက်မှု တစုံတရာ မရှိဟု သတ်မှတ်ထားပါသည်။ သို့သော် ဤစီမံကိန်းအပိုင်း အကောင်အထည်ဖော်မည့် နေရာများတွင် တိုင်းရင်းသားဆိုင်ရာ စီစစ်လေ့လာမှုဆောင်ရွက်မည် ဖြစ်ပြီး အကယ်၍ စီမံကိန်းဧရိယာအတွင်း တိုင်းရင်းသားလူနည်းစုများ တည်ရှိကြောင်း တွေ့ရှိရပါက လွတ်လပ်-ကြိုတင်- အသိပေး ဆောင်ရွက်သော အကြံပြုဆွေးနွေးပွဲများကို မြန်ဆန်၍ ပူးပေါင်းပါဝင်မှုရှိသော လူမှုရေးရာအကဲဖြတ်ချက် (SA) ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့၏ ကျယ်ပြန့်သော ထောက်ခံမှု ရရှိရန်လိုအပ်၍ ရိုးရှင်းသည့် EMP တစ်ရပ် ပြင်ဆင်ဆောင်ရွက်ရပါမည်။

**(၂၈) အခြားနည်းလမ်းများ ရှာဖွေသတ်မှတ်ခြင်း ။** ။ ဤစီမံကိန်းအနေဖြင့် ပျက်ဆီးသွားသောလမ်းများ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို ပံ့ပိုးမည်ဖြစ်သည်။ အကောင်အထည်ဖော် ကာလအတွင်း "မူလထက်ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း" အခြေခံသဘောတရားများ တစိတ် တဒေသအဖြစ် အချို့သောလမ်း အခြေခံအဆောက်အအုံများအတွက် အခြားနည်းလမ်းများတွင် မြေပြိုမှုဖြစ်နိုင် သော ဧရိယာများ၌ အသေးစားပြန်လည်ချိန်ညှိခြင်းများ၊ အသေးစားရပ်ရွာအခြေခံအဆောက်အအုံတည်နေရာနှင့် ဒီဇိုင်းပုံစံများ၊ ပြန်လည်ပြုပြင်အသုံးပြုရန် မဖြစ်နိုင်တော့သည့် လက်ရှိအိမ်ရာ (သို့) ရပ်ရွာအခြေခံ အဆောက်အအုံ များ နေရာရှိမြေ/ အပျက်အစီးအပိုင်းအစစွန့်ပစ်မှုများ ဖြိုဖျက်ရှင်းလင်းခြင်း၊ ဆင်ခြေလျှောတည်ငြိမ်ရေးအတွက် အပင်များပြန်လည်ပျိုးထောင်ခြင်းကဲ့သို့သော ဆက်နွယ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သော အလေ့အထများ၊

သစ်တောပေးလျှော်အစားထိုးမှုများ၊ မိုးရေခံယူစုဆောင်းခြင်း၊ ဒေသအရင်းအမြစ်များ ဖြစ်သည့် သစ်၊ သဲ၊ ကွန်ကရစ်ဘလောက်တုံး စသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အစရှိသည်တို့ ပါဝင်နိုင်ပါသည်။

## ၆။ ဥပဒေရေးရာ အခြေခံမူဘောင်

## ၇။ အမျိုးသားအဆင့် ဥပဒေရေးရာအခြေခံမူဘောင်

**(၂၉) အမျိုးသားအဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ။ ။** လတ်တလောတွင် မြန်မာနိုင်ငံအစိုးရသည် ၎င်း၏ သဘာဝပတ်ဝန်းကျင်ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေခံမူဘောင်ကို ပြုပြင်ရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကိစ္စရပ်များနှင့် ပတ်သတ်၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (၂၀၁၂)၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးဥပဒေ (၂၀၁၄)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအကဲဖြတ် စစ်ဆေးရေး လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များစသည့် ဥပဒေရေးရာပြဋ္ဌာန်းချက်များရှိပါသည်။ ၂၀၁၂ ခုနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးဥပဒေအရ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးမူဝါဒများ၊ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေးစံသတ်မှတ်ချက်များ၊ အန္တရာယ်ရှသော စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်စနစ် စသည်တို့အား အကောင်အထည်ဖော်နိုင်ရန် သစ်တောရေးရာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ကြီးဌာန (MOECAF) အား ယေဘူယျလုပ်ပိုင်ခွင့်အာဏာ ပြဋ္ဌာန်းပြီး ဖြစ်သည်။၂၀၁၂ ထိန်းသိမ်းစာင့်ရှောက်ရေး ဥပဒအရ ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ပိုင်ခွင့်ကို MOECAF အားပေးအပ်ထားပါသည်။ EIA နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများကို မကြာသေးမီက ၂၀၁၅ ဒီဇင်ဘာ ၂၉ ရကနေ့တွင် အတည်ပြုခဲ့သည်။ ကဏ္ဍအလိုက်အသေးစိတ်ဥပဒေများ (ဥပမာ- လမ်းဆောက်လုပ်ရေးဥပဒေ) အရMOC သည် လက်ရှိတည်ရှိသည့် မည်သည့်လမ်းကိုမဆို တစ်ဖက်တစ်ချက်ဆီသို့ ၇၅ ပေ အထိ တိုးချဲ့နိုင်ပြီး MOECAF သို့ အကြောင်းကြား အသိပေးရန် ဖြစ်သည်။ ဇယား (၁)တွင် EIA စည်းမျဉ်းများမူကြမ်းနှင ကမ္ဘာ့ဘဏ်၏ လုပ်ငန်းမူဝါဒ (OP 4.01) လုပ်ငန်းစဉ်များ၏ အဓိက ရှုထောင့်များကို အနှစ်ချုပ်တင်ပြထားသည်။

**ဇယား(၁) အမျိုးသားအဆင့် EIA စည်းမျဉ်းမူကြမ်းနှင့် OP/BP 4.01, EIA သတ်မှတ်ချက်များ**

| ကိစ္စရပ်များ | **EIA စည်းမျဉ်းများမူကြမ်း** | **OP 4.01** |
|---|---|---|
| စစ်ဆေးစိစစ်ခြင်း | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှု အပေါ် အခြေခံ၍ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အကဲဖြတ် စစ်ဆေးမှုအမျိုးအစား ကို MOECAF မှ ဆုံးဖြတ်ရမည်။ အကယ်၍သက်ရောက်မှုများမှာဆိုးရွားနိုင် သည်ဟု မျှော်မှန်းထားပါက စီမံကိန်း များသည် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှု အကဲဖြတ်စစ်ဆးခြင်းကို ဆောင်ရွက်ရန်လိုအပ်ပြီး အကယ်၍ သက်ရောက်မှုများမှာ ဆိုးရွားနိုင်သော်လည်း EIAအမျိုးအစားစီမံကိန်းများထက် လျော့နည်းသည့်ပမာဏရှိပါက ကနဦး သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အကဲဖြတ် ခြင်းကို ဆောင်ရွက်ရန်လိုအပ်သည်။ လုပ်ငန်းစဉ်များတွင်အမျိုးမျိုးသော ကဏ္ဍ များ အတွက် သတ်မှတ်ချက်များစာရင်းနှင့် ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲ ဖြတ်ခြင်း (သို့) ESIAလိုအပ်သည့် စီမံကိန်းများ၏ အမျိုးအစား စသည်တို ပါဝင်ရမည်။ | ကဏ္ဍဘဏ်အနေဖြင့် စီမံကိန်းများ အားလုံးကို စစ်ဆေးစိစစ်၍ စီမံကိန်း၏ အမျိုးအစား၊ တည်နေရာ၊ ထိခိုက်နိုင်မှု၊ လုပ်ငန်းအတိုင်းအတာနှင့် အလားအလာ ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၏ သဘောသဘာဝနှင့် ပမာဏများအပေါ်အခြေခံ၍ အမျိုးအစား (၄)မျိုးအနက် တစ်မျိုးဖြင့် ခွဲခြားသတ်မှတ် မည်။ (အမျိုးအစား A၊ B၊ C နှင့် FI) |
| သက်ဆိုင်သည့်အရာများ | သိသာသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုရှိသည့် စီမံကိန်းများ | ကမ္ဘာ့ဘဏ်မှ ငွေကြေးပံ့ပိုးသည့် စီမံကိန်း များအားလုံး။ EA လုပ်ငန်းစဉ်၏ အတိမ် အနက်မှာ စီမံကိန်းနှင့် ဆက်နွယ်သည့် |

| | | |
|---|---|---|
| | | အန္တရာယ်၊ သက်ရောက်မှုများအပေါ် မူတည်သည်။ |
| တာဝန်ဝတ္တရား | EA လုပ်ငန်းစဉ်ကို စီမံကိန်းထောက်ခံ အဆိုပြုသူများမှ ဦးဆောင်ရမည်။ | EA လုပ်ငန်းစဉ်ကို ချေးငွေရယူသူမှ ဦးဆောင်ရမည်။ |
| အများပြည်သူပူးပေါင်း ပါဝင်ဆောင်ရွက်မှု | အများပြည်သူပူးပေါင်းပါဝင်မှုကို ပြဋ္ဌာန်း လိုအပ်ချက်အဖြစ် မှတ်ယူ၍ စီစဉ်ဆောင် ရွက်ရမည်။ EIA အစီရင်ခံစာ အတည်ပြု လုပ်ငန်းစဉ်အတွင်း MOECAF သည် စီမံကိန်းသက်ရောက်မှုခံရသည့် ပြည်သူ များနှင့် လူမှုအဖွဲ့အစည်းများထံမှ အကြံပြု ချက်ကို ထည့်သွင်းစဉ်းစားရမည်။ သို့သော် စည်းမျဉ်းများ အနေဖြင့် အကြံပြုမှတ်ချက် များ လက်ခံရယူရန် (သို့) အဆိုပြု စီမံကိန်းသို့ ပေါင်းစပ်ထည့်သွင်းရန် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သတ်မှတ် ဖော်ပြခြင်းမရှိပါ။ | အမျိုးအစား (A)နှင့် (B) စီမကိန်းများ အားလုံးအတွက် (EA) လုပ်ငန်းစဉ် အတွင်း ချေးငွေရယူသူသည် စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ရှုထောင့်များနှင့် ပတ်သက်၍ စီမံကိန်း သက်ရောက်မှုခံရသည့် အစုအဖွဲ့များ၊ ဒေသ NGO များနှင့် အကြံပြုဆွေးနွေး၍ ၎င်းတို့အမြင်များကို ထည့်သွင်းစဉ်းစားရ မည်။ ချေးငွေရယူသူသည် အဆိုပါ အကြံပြုဆွေးနွေးပွဲများကို ဆောလျင်စွာ ဆောင်ရွက်ရမည်။ အမျိုးအစား (A) စီမံကိန်းများအတွက် ချေးငွေရယူသူသည် အဆိုပါအစုအဖွဲ့များနှင့် အနည်းဆုံး (၂)ကြိမ် အကြံပြုဆွေးနွေးရမည်။<br><br>(က) သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စစ်ဆေးမှုအပြီး မကြာမီနှင့် EA အတွက် TOR အပြီးသတ် ဆောင်ရွက်မှု မတိုင်မီ<br><br>(ခ) EA အစီရင်ခံမူကြမ်းပြင်ဆင်ပြီး သည်နှင့် တပြိုင်နက်၊ ထို့အပြင် ချေးငွေ ရယူသူသည် စီမံကိန်း အကောင်အထည် ဖော် ကာလတလျှောက် EA နှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဖြေရှင်း |

| | | |
|---|---|---|
| | | ရန် အဆိုပါအစုအဖွဲ့များနှင့် လိုအပ်သလို အကြံပြုဆွေးနွေးရမည်။ |
| အသိပေးဖော်ပြခြင်း | စီမံကိန်းအဆိုပြု/ ထောက်ခံသူသည် စီမံကိန်းနှင့် ဆက်နွယ်သည့် ၎င်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများအကြောင်း အပါအဝင် အချက် အလက်များအားလုံးကို ပြည်သူလူထု ထံသို့အသိပေးတင်ပြရမည်။ | ချေးငွေရယူသူသည် သက်ဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးပွဲမတိုင်မီနှင့် အကြံပြုဆွေးနွေး မည့်အစုအဖွဲ့များ နားလည်သိရှိနိုင်မည့်ပုံစံ/ ဘာသာစကားဖြင့်ဖော်ပြရမည်။ မည်သည့် သီးခြားအမျိုးအစား (B) အစီရင်ခံစာကိုမဆို စီမံကိန်းသက်ရောက်မှုခံရသည့် အစုအဖွဲ့များနှင့် ဒေသ NGOများအတွက် ရယူနိုင်ရန်ဆောင်ရွက်ရမည်။ အမျိုးအစား (A)အစီရင်ခံစာများနှင့် အမျိုးအစား (B) အစီရင်ခံစာများ၏ ချေးငွေရယူသည့်နိုင်ငံအတွင်း အများပြည်သူသိရှိနိုင်မှုနှင့် ကမ္ဘာ့ဘဏ်၏ တရားဝင်လက်ခံရရှိမှုများသည် ဤစီမံကိန်းများ၏ ကမ္ဘာ့ဘဏ်အကဲဖြတ်ချက်အတွက် မရှိမဖြစ်အရေးပါသည်။ ချေးငွေရယူသူမှ ကမ္ဘာ့ဘဏ်သို့အမျိုးအစား(A) EA အစီရင်ခံစာ တရားဝင်ပေးပသည်နှင့် တပြိုင်နက် ကမ္ဘာ့ဘဏ်သည် ၎င်း၏ အနှစ်ချုပ် (အင်္ဂလိပ်ဘာသာဖြင့်) အမှုဆောင်ဒါရိုက်တာများထံသို့ ဖြန့်ဝေပြီး အဆိုပါအစီရင်ခံစာကို ၎င်း၏ info shop မှတဆင့် မည်သူမဆိုရယူနိုင်ရန် ဆောင်ရွက်သည်။ ချေးငွေရယူသူသည် ကမ္ဘာ့ဘဏ်သို့ သီးခြားအမျိုး အစား (B) |

| | | |
|---|---|---|
| | | တစ်ခုခု၏ EA အစီရင်ခံစာကို တရားဝင်ပေးပို့ပါက ပေးပို့သည်နှင့်တပြိုင်နက် ကမ္ဘာ့ ဘဏ်မှ အဆိုပါအစီရင်ခံစာကို info shop မှတဆင့် မည်သူမဆို ရယူနိုင်ရန် ဆောင်ရွက်သင့် သည်။<br>အကယ်၍ချေးငွေရယူသူမှ ယင်းသို့ ကမ္ဘာ့ဘဏ် ၏ info shop မှတဆင့် EA အစီရင်ခံစာ လျှော့ချခြင်းကို ကန့်ကွက်ခဲ့လျှင် ဘဏ်ဝန်ထမ်းများ သည် (က) IDA စီမံကိန်လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်ခြင်းမပြု (သို့) (ခ) IBRD စီမံကိန်းအတွက်ဖြစ်ပါက အဆိုပါ ကိစ္စရပ်ကို နောက် ထပ်ဆောင် ရွက်ရန် အမှုဆောင်ဒါရိုက်တာများထံသို့ တင်ပြသည်။ |
| စစ်ဆေးစီစစ်ခြင်း | စီမံကိန်းများကို စစ်ဆေးစီစစ်၍ အကယ်၍ သက်ရောက်မှုများမှာ အတိုင်းအတာ အကန့်အသတ်ဖြင့်သာ ဖြစ်ပါက IEE နှင့် ကမ္ဘာ့ဘဏ်မူဝါဒများအရ အလားသဏ္ဌာန်တူညီပါက ESIA စသည်တို့ကို စီစဉ်ပြင်ဆင်သင့်သည်။ လုပ်ငန်းစဉ်များတွင် အမျိုးမျိုးသော ကဏ္ဍများအတွက် သတ်မှတ်ချက်များစာရင်းနှင့် ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်း (သို့) ESIA လိုအပ်သည့်စီမံကိန်းများ၏ အမျိုးအစားစသည်တို့ ပါဝင်ရမည်။ | ကမ္ဘာ့ဘဏ်အနေဖြင့် စီမံကိန်းများအားလုံးကို စစ်ဆေးစီစစ်၍ စီမံကိန်း၏ အမျိုးအစား၊ တည် နေရာ၊ ထိခိုက်နိုင်မှု၊ လုပ်ငန်းအတိုင်းအတာနှင့် အလားအလာရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၏ သဘောသဘာဝနှင့် ပမာဏများအပေါ်အခြေခံ၍ အမျိုးအစား(၄)မျိုး အနက် တစ်မျိုးဖြင့် ခွဲခြားသတ်မှတ်မည်။ (အမျိုး အစား A, B, C နှင့် FI ) |

| | | |
|---|---|---|
| EA တွင်ပါဝင်သည့် အကြောင်းအရာ | MOECAF သည် EA အစီရ ခံစာတွင်ပါဝင် သည့်အကြောင်း အရာ များနှင့်ပတ်သက်၍ ဆုံး ဖြတ်ရမည်ဖြစ်ပြီး ၄င်းတွင်အဓိကအားဖြင့် စီမံကိန်းနှင့် ဆက်နွယ်သည့် တိုက်ရိုက် သက်ရောက် မှုများနှင့်လျော့ပါးသက်သာရေး အစီ အစဉ်များဖော်ပြချက်တို့ပါဝင်ရမည်။ (သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာလျော့ပါး သက်သာစေရေးအစီအစဉ်) | EA တွင် စီမံကိန်းဆိုင်ရာ အခြား ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ကတိဖြတ်ချက် တဖြည်း ဖြည်းချင်း များပြားလာသည့် သက်ရောက်မှုများ အသေးစိတ်လျော့ပါးသက်သာရေးအစီအ စဉ်များနှင့်လေ့လာစစ်ဆေး ရေးဆောင် ရွက်မှုများစသည် တို့ပါဝင် ရန်လိုအပ် သည်။ |
| လေ့လာစစ်ဆေးခြင်း | MOECAF သည် သဘာဝပတ် ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (EMP) နှင့်အညီ စီမံကိန်း ဆောင်ရွက်မှုများကို လေ့လာစစ်ဆေးရ မည်။ စီမံကိန်းအဆိုပြု/ထောက်ခံသူသည် EMP နှင့်ကိုက်ညီစွာ ဆောင်ရွက် ရမည်ဖြစ်ပြီး စီမံကိန်းကာလတလျှောက်လုံး လိုင်စင်တွင် ပါဝင်သည့် သတ်မှတ် ချက်များနှင့်လည်း ကိုက်ညီရမည်။ အကယ်၍မလျော်ညီကြောင်း တစုံ တရာတွေ့ရှိရပါက MOECAF အနေဖြင့် အပြစ်ဒဏ်ပြဋ္ဌာန်းခြင်း (သို့) စီမံကိန်းတည် ဆောက်ခြင်း (သို့) လည်ပတ် ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း စသည်တို့ ဆောင်ရွက်ရမည်။ | စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ချေး ငွေရယူသူသည် အောက်ပါတို့ကို အစီရင်ခံရမည်။ (က) စီမံကိန်း စာရွက် စာတမ်းများနှင့် သတ်မှတ်ထားသည့် အတိုင်း EMP တစုံတရာ ဆောင်ရွက် ခြင်းအပါအဝင်၊ EA ရလဒ်များနှင့် တွေ့ရှိ ချက်များအပေါ် အခြေခံ၍ ကမ္ဘာ့ ဘဏ်နှင့် သဘောတူ ညီထားသည့် အစီ အစဉ်များနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်း (ခ)လျော့ပါး သက်သာစေရေးအစီ အစဉ် များ၏ အခြေအနေ (ဂ)လေ့လာစစ်ဆေး ရေး အစီအစဉ်များ၏ တွေ့ရှိချက် များစသည်တို့ ဖြစ်သည်။ တရားဝင် သ ဘောတူညီချက်တွင်သတ်မှတ်ထားသည့် အစီအစဉ်များ၊ EMP တစုံတရာ နှင့် အခြားစီမံကိန်း စာရွက်စာတမ်းများ အပါ အဝင် EA တွေ့ရှိချက်များနှင့် အကြံပြု ချက်များကိုအခြေခံ၍ ကမ္ဘာ့ဘဏ် အနေ ဖြင့် စီမံကိန်း၏ သဘာဝပတ် ဝန်းကျင် |

| | | |
|---|---|---|
| | | ဆိုင်ရာရှုထောင့်များ အပေါ် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ပါမည်။ |

**(၃၀) ရှပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များနှင့် သဘာဝအသိုက်အမြုံများ။** ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်တို့နှင့် ပတ်သတ်၍ ဖြေရှင်းဆောင်ရွက်မည့် အဓိကအာဏာပိုင်အဖွဲ့အစည်းမှာ ယဉကျေးမှုဌာနဖြစ်သည်။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးဥပဒေအရ MOECAF သည် တည်ဆဲဥပဒေတစုံတရာအရသတ်မှတ်ထားသော ယဉ်ကျေးမှု အထိမ်းအမှတ်အဆောက်အအုံများနှင့် သဘာဝဧရိယာများ၊ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ၏ တည်မြဲမှုအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာနများ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။ သက်ဆိုင်ရာစည်းမျည်းစည်းကမ်းအသေးစိတ်နှင့်အကောင်အထည်ဖော်ရေး တာဝန်ဝတ္တရားများကို ရေးဆွဲပြုစုလျက်ရှိပါသည်။

**(၃၀) မြေယာဥပဒေများ။** လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် မတ်လတွင် စတင်ကျင့်သုံးခဲ့ပါသည်။ အဆိုပါ ဥပဒေအရ နိုင်ငံတော်သည် မြေယာများအားလုံး၏ မူလပိုင်ရှင်ဖြစ်သည်။ ထို့ပြင် လယ်ယာမြေနှင့်ပတ်သက် ၍ ပုဂ္ဂလိကအသုံးပြုခွင့်ဖြည့်ဆည်းပါဝင်ပြီး ၄င်းတွင် မြေယာကို ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ အမွေဆက်ခံခွင့်၊ လှူဒါန်း ခွင့်၊ ၄ားရမ်းခင့်နှင့် ပေါင်နှံခွင့်စသည်တို့ပါရှိပါသည်။ လယ်ယာမြေဥပဒေတွင် တောင်သူများမှ အသုံးပြုခွင့်ကို ထိန်းသိမ်းထားနိုင်သည့် သတ်မှတ်ချက်များပါဝင်ပြီး နိုင်ငံတော်မှအဆိုပါအခွင့်အရေးကို ပယ်ဖျက်နိုင်သည့်အာဏာ၊ မြေယာအငြင်းပွားမှုများကို ဖြေရှင်းရန်လုပ်ငန်းစဉ်နှင့် နိုင်ငံတော်မှ အများပြည်သူအကျိုးငှာ မြေယာရယူလိုသည့်ကိစ္စရပ်များတွင် နစ်နာကြေးပေး လျော်ရမည့် အခြေခံသတ်မှတ်ချက်များလည်း ပါဝင်ပါသည်။

(၃၂) မြေလွတ်မြေရိုင်းနှင့် ပလပ်မြေများ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေ အရ မြေလွတ်၊ မြေရိုင်းနှင့် လယ်မြေများခွဲဝေအသုံးပြုမှုများကို စီမံခန့်ခွဲပါသည်။ အဆိုပါဥပဒေအရ မြေလွတ်မြေရိုင်း နှင့် ပလပ်မြေများ စီမံခန့်ခွဲမှုအတွက် ဗဟိုကော်မတီတရပ်ကို ဖွဲ့စည်းခဲ့ပြီး (CCVFV)အဆိုပါ မြေယာများအတွက် အသုံးပြုခွင့်ချထားပေးသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။

(၃၃) မဖြစ်မနေမြေယာသိမ်းယူရသည့်ကိစ္စရပ်များ စီမံခန့်ခွဲရာတွင် (၁၈၉၄)မြေယာသိမ်းယူခြင်းအက်ဥဒေသည် အဓိကဥပဒေအဖြစ် ဆက်လက်တည်ရှိပါသည်။ ၄င်းဥပဒေအရ အစိုးရသည် အများပြည်သူဆိုင်ရာ ကိစ္စရပ်များအကျိုးငှာ

မြေယာသိမ်းယူခွင့်ရှိပြီး ယင်းအတွက် မြေယာအသုံးပြုသူများကို နစ်နာကြေး ပေးလျော် ရမည်။ ၎င်းတွင် မြေယာသိမ်းယူခြင်းအတွက် လိုအပ်သည့်အသိပေးနှိုးဆော်ခြင်း၊ ကန့်ကွက်ခြင်း (သို့) အယူခံ ဝင်ခြင်းနှင့် မြေယာတန်ဘိုး သတ်မှတ်ခြင်းနည်းစနစ်သည့် လုပ်ငန်းအစဉ်များ ပါဝင်ပါသည်။

**(၃၄) တိုင်းရင်းသားလူနည်းစုများဆိုင်ရာ ဥပဒေရေးရာအခြေခံမူဘောင်။** မြန်မာနိုင်ငံ ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေ အခန်း(၁)၊ အပိုဒ် (၂၂)အရ ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား ၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများဖွံ့ဖြိုးတိုးတက်စေရေးပံ့ပိုးကူညီရန် အလေးဂရုပြုဆောင်ရွက်ရမည်။ အဆိုပါအခြေခံဥပဒေတွင်ဖော်ပြပါရှိသည်မှာ ပြည်ထောင်စုသည် အောက်ပါတို့ကို ပံ့ပိုးကူညီရမည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်မှုအပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှု၊ ရိုင်းပင်းကူညီမှုများအရ မြှင့်တင်ဆောင်ရွက်ရန်။

(ဂ) ဖွံ့ဖြိုးမှုနိမ့်ကျသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်။

(၃၅) မြန်မာနိုင်ငံအခြေခံဥပဒေအရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများတွင်ပါဝင်သည့် အမျိုးမျိုးသော တိုင်းရင်းသားအစုအဖွဲ့များအတွက် တန်းတူအခွင့်အရေးရှိရမည်ဖြစ်ပြီး ၎င်းတို့၏ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာ များကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများလည်းဖော်ပြထားပါသည်။ ၎င်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်တည်ထောင်ခြင်းပါဝင်ပြီး ယင်းကို ၁၉၉၁ခုနှစ် တွင် ပြဋ္ဌာန်း၍ အခြားရည်ရွယ်ချက်များအပြင် ရင်းနှီးဖော်ရွေသောဝန်းကျင်တွင်နေထိုင်၍ တက္ကသိုလ်ပညာရပ်များ ဆည်းပူးနေစဉ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် အစဉ်အလာများကို နားလည်၊ ထိန်းသိမ်းစောင့်ရှောက်ကြစေရန်နှင့် ပြည်ထောင်စု တိုင်ရင်းသားများ အကြား ပြည်ထောင်စု စိတ်ဓာတ်ဖွံ့ဖြိုး ခိုင်မာစေရန် အဓိကရည်ရွယ်ပါသည်။

(၃၆) တိုင်းရင်းသားလူနည်းစုများနှင့်ဆက်နွယ်သည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် တာဝန်ယူသည့် ဗဟို အဆင့်အစိုးရအေဂျင်စီ/အဖွဲ့အစည်းမရှိပါ။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူနည်းစုအများစုသည် ပြည်နည် (၇)ခု တွင်အဓိကနေထိုင်ကြပြီး ၎င်းတို့မှာ အများအားဖြင့် သက်ဆိုင်ရာပြည်နယ်များရှိ အဓိကတိုင်းရင်း သားအစုအဖွဲ့များမှ

ဦးဆောင်ကြသည်။ ပြီးခဲ့သည့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်ဆက်နွယ်၍ တိုင်းရင်းသား လူနည်းစု အစုအဖွဲ့များကို ၎င်းတို့၏ဧရိယာအတွင်း (ပြည်နယ်များ၏ကြီးမား သည့်ဧရိယာများ ပါဝင်)နိုင်ငံရေးနှင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ အခွင့်အာဏာပေးအပ်ခဲ့ပါသည်။ တိုင်းရင်းသား အာဏာပိုင်များသည် အများအားဖြင့် NGOများ၏ ပံ့ပိုးမှုဖြင့် လူမှုရေးရာနှင့် အခြားအများပြည်သူ ဆိုင်ရာဝန်ဆောင်မှုများဆောင်ရွက်ခဲ့ပြီး ဧရိယာအတော်များ များတွင် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။

(၃၇) မီဒီယာလွပ်လပ်ခွင့်များဖွံ့ဖြိုးလာပြီး တိုင်းရင်းသားပါတီနှင့် အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတွင်းနိုင်ငံ ရေးရာများတွင် တက်ကြွစွာပါဝင်လာကြသည်။ ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် အမျိုးမျိုးသောမူဝါဒများနှင့် အစီအစဉ်များဆုံးဖြတ်ဆောင်ရွက်ခြင်းကိစ္စရပ်များတွင် ပိုမိုအဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လာမည်။ လက်ရှိအစိုး ရ၏ ဗဟိုထိန်းချုပ်မှုလျှော့ချရေးကြိုးပမ်းမှုများမှတဆင့် တိုင်းရင်းသားလူနည်းစုအစုအဖွဲ့များအနေဖြင့် ဆက်လက်၍ ပိုမိုအားကောင်းသည့်အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်လာဖွယ်ရှိပါသည်။ ၂၀၁၅ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောကပွဲပြီးနောက် လတ်တလောတွင်အစိုးရအနေဖြင့် အသွင်ကူးပြောင်းရေး ဆောင်ရွက်နေသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် ၇၉. ၄%ဖြင့် အနိုင်ရခဲ့သည်။ ယင်းသို့လွှတ်တော်တွင်နေရာအများစုဖြင့် အနိုင်ရခဲ့သောကြောင့် ၎င်းပါတီသည် သမ္မတရွေးချယ်ခြင်း၊ Cabinet ဖွဲ့စည်းခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းများဆောင်ရွက်နိုင်မည်ဖြစ်သည်။ လွှတ်တော်အသစ်အနဖြင့် ၂၀၁၆ ဖေဖော်ဝါရီ (၁)ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်၍ မတ်လတွင် လွှတ်တော်နှစ်ရပ်ပေါင်းဖြင့် သမ္မတရွေးကောက် အဆိုပြုရွေးချယ်ရန် မျှော်မှန်းပါသည်။ အဆိုပါသမ္မတသည် Cabinet ဖွဲ့စည်း၍ ၂၀၁၆ ခုနှစ် ဧပြီလ (၁)ရက်နေ့တွင် တာဝန်လွှဲပြောင်းရယူရန် မျှော်မှန်းပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေးနှင့် လူမှုလွတ်လပ်ခွင့်များဆိုင်ရာဒီမိုကရေစီ အလေ့အထများ တိုးပွားလာခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းလာခြင်း၊ အမျိုးသားအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့်အတူ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ပဋိပက္ခများဆက်လက်ဖြစ်ပွါးခြင်းနှင့် ရခိုင်ပြည်နယ်တွင်း လူမှုရေးရာတင်းမာမှုများ ဆက်လက်ကျန်ရှိနေသော်လည်း ကြီးမားသည့်နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ တာဝန လွှဲပြောင်းပေးအပ်မည့်အစိုးရအဖွဲ့နှင့် တာဝန် လွှဲပြောင်းရယူမည့်အစိုးရအဖွဲ့နှစ်ရပ်စလုံးအတွက် သဘာဝဘေး အန္တရာယ် သက်ရောက်ခံရသည့် ရပ်ရွာလူ့အဖွဲ့အစည်းများကို စဉ်ဆက်မပြတ်ပံ့ပိုးရေးဆောင်ရွက်ရာတွင် အရေးပေါ် အခြေအနေများ ထိရောက်စွာဖြေရှင်းနိုင်ရေးနှင့် လွန်စွာအရေးကြီးပါသည်။

## ၈။အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် အကျုံးဝင်သက်ဆိုင်သည့် ကမ္ဘာ့ဘဏ်ဘေးကင်း လုံခြုံရေး မူဝါဒများ

(၃၈) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရ သိသာပြင်းထန်ထူးခြား၍ မူလအတိုင်း ပြန်လည်မဖြစ်စေနိုင်သော သက်ရောက်မှုမျိုးမရှိဟု မျှော်မှန်းတွက်ဆထားပြီး စီမံကိန်းပံ့ပိုးလုပ်ငန်းများအတွက် လျော့ပါးသက်သာရေး အစီအစဉ်များကိုလည်း လွယ်လင့်တကူဆောင်ရွက်နိုင်သည်ဟု ယူဆနိုင်သောကြောင့် ဤစီမံကိန်းအား အမျိုးအစား (B) အဖြစ် သတ်မှတ်ပါသည်။ စီမံကိန်းအနေဖြင့် အခြေခံအဆောက်အုံသစ်များ (သို့) ပြန်လည်ထူထောင်ရေး/ပိုမိုကောင်းမွန်စွာ

ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများထက်ကျော်လွန်သော အခြား မည်သည့်အစီအစဉ်ကိုမျှ ငွေကြေးပံ့ပိုးမည်မဟုတ်ပါ။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများအနေဖြင့်လည်း ယေဘူယျအားဖြင့် လက်ရှိတည်ရှိပြီးလမ်းများ၏ သတ်မှတ်နေရာများတွင်သာ အကောင်အထည်ဖေါ်ဆောင်ရွက်မည်ဖြစ်ပြီး အချို့နေရာများတွင်သာ အသေးစားလမ်းပြန်လည်ချိန်ညှိခြင်း (အများဆုံးကီလိုမီတာအနည်းငယ်မျှသာ) နှင့် နှစ်လမ်းသွားလမ်းအကျယ် ဗျူဟာမြောက် တိုးချဲ့ခြင်းလုပ်ငန်းများပါဝင်နိုင်သည်။ မျှော်မှန်းထားသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ အတိုင်းအတာနှင့်အရေးပေါ် အခြေအနေဆောင်ရွက်မှု ယေဘူယျအချိန်ဇယား အကန့်အသတ်များကြောင့် စီမံကိန်းဘဏ္ဍာရေးရာ ပံ့ပိုးမှုမှ အမျိုးအစား (A) စီမံကိန်းခွဲများကို ဖယ်ထုတ်ပါမည်။ အမျိုးအစား (A) စီမံကိန်းခွဲများသည် ထပ်ဆောင်းအကြံပြုဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာအကောင်အထည်ဖေါ်ရေး ဝန်ကြီးဌာနများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်းအတွက် ကြိုတင်ရင်းနှီးမြှုပ်နှံမှုများ စသည်ဖြင့် လိုအပ်မည်ဖြစ်သည်။

(၃၉) ကမ္ဘာ့ဘဏ်ဘေးကင်းလုံခြုံရေးမူဝါဒများ၏ယေဘူယျဦးတည်ချက်မှာ နွမ်းပါးသူများ၊ တိုင်းရင်းသား လူနည်းစုများ၊ အမျိုးသမီးများနှင့် အခွင့်အလမ်းနည်းပါးသည့်အစုအဖွဲ့များအပါအဝင် ဒေသခံပြည်သူများအတွက် စီမံကိန်းရလဒ်များတိုးတက်ကောင်းမွန်စေခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကောင်းမွန်မှုများရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသေးအဖွဲ့ သက်ရောက်မှုများ၊ ယဉ်ကျေးမှုအရင်းအမြစ်များအပေါ် ယာယီသက်ရောက်မှုများနှင့် ပုဂ္ဂလိကမြေ (သို့)ပိုင်ဆိုင်မှုများအနည်းငယ်သော ပမာဏဆုံးရှုံးမှုများသည် လမ်းပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည် ထူထောင်ခြင်းလုပ်ငန်းများကြောင့် ပေါ်ပေါက်နိုင်သလို စီမံကိန်းသက်ရောက်မှုဧရိယာများတွင် တိုင်းရင်းသား လူနည်းစုများရှိနေသောကြောင့် FLERP အနေဖြင့် ကမ္ဘာ့ဘဏ်၏ OP 4.01, OP 4.04, OP 4.36, OP 4.11, OP 4.09, OP 4.12 နှင့် OP 4.10 တို့နှင့် သက်ဆိုင်အကြုံးဝင်ပါသည်။ အဆိုပါမူဝါဒ တစ်ခုချင်းစီ၏အနှစ်ချုပ်ဖော်ပြချက်များအောက်တွင် ပါရှိပါသည်။

**(၄၀) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ချက်** (OP 4.01)။ ကမ္ဘာ့ဘဉ်အနေဖြင့်အဆိုပြုစီမံကိန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးရာကိစ္စရပ်များအတွက် အဆိုပါစီမံကိန်းများမှာ သဘာဝပတ်ဝန်းကျင်အရ ရေရှည်တည်တံ့ ကောင်းမွန်ကြောင်း သေချာစေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်ချက် (EA)လိုအပ်ပြီး သို့မှသာလျှင် ဆုံးဖြတ်ဆောင်ရွက်မှုများတိုးတက်ကောင်းမွန်ပါမည်။

(၄၁) EA သည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ၎င်းဆန်းစစ်လေ့လာမှု၏အလျား၊ အနံအမျိုးအစားမှာ အဆိုပြုစီမံကိန်း ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုသဘောသဘာဝ၊ အတိုင်းအတာနှင့် အလားအလာများအပေါ်မူတည် သည်။ စီမံကိန်း၏လွှမ်းမိုးဧရိယာအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်၊ သက်ရောက်မှုအလားအလာ၊ အကဲဖြတ်ခြင်း၊

စီမံကိန်း၏အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ ဆန်းစစ်စစ်ဆေးခြင်း၊ စီမံကိန်းရွေးချယ်မှု၊ နေရာ၊ အစီအစဉ်၊ ဒီဇိုင်းနှင့် အကောင်အထည်ဖော်ခြင်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးရွားသည့် သက်ရောက်မှုများမဖြစ်ပေါ်စေရန် တားဆီးခြင်း၊ လျော့ချခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ကောင်းကျိုး သက်ရောက်မှုများတိုးပွားစေခြင်းအားဖြင့် စီမံကိန်းပိုမိုတိုးတက် ကောင်းမွန်မည့်နည်းလမ်းများ ရွေးချယ် သတ်မှတ်ခြင်း စသည့်လုပ်ငန်း များအတွက် EA ဆောင်ရွက်ရန်လိုအပ်ပြီး ၄င်းတွင်စီမံကိန်းအကောင် အထည်ဖော်ကာလတစ်လျှောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲခြင်း နှင့်လျော့ပါးသက်သာစေရေးလုပ်ငန်းစဉ်များပါဝင်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် လျော့ပါးသက်သာရေး (သို့) နစ်နာကြေးပေးသောအစီအစဉ်များထက်ကြိုတင်ကာကွယ် ရေးအစီအစဉ်များ (ဖြစ်နိုင်ပါက)ကို ပိုမိုလိုလားပါသည်။

(၄၂) ချေးငွေရယူသူသည် EA ဆောင်ရွက်ရန်တာဝန်ယူရမည်။ ကမ္ဘာ့ဘဏ်၏ EA ဆိုင်ရာသတ်မှတ်ချက်များ အတွက်ချေးငွေရယူသူအား ကမ္ဘာ့ဘဏ်မှအကြံပြုပံ့ပိုးပါမည်။ ကမ္ဘာ့ဘဏ်အနေဖြင့် ၄င်းငွေကြေးပံ့ပိုးသည့်စီမံကိန်း လုပ်ငန်းစဉ်များအတွက် လုံလောက်သည့်အခြေခံများဖြည့်ဆည်းနိုင်ခြင်း ရှိမရှိဆုံးဖြတ်နိုင်ရန် EA ၏တွေ့ရှိချက်များ နှင့် အကြံပြုချက်များကို လေ့လာသုံးသပ်ပါမည်။ စီမံကိန်းတွင် ကမ္ဘာ့ဘဏ်၏ပါဝင်မှုမတိုင်မီ ချေးငွေရယူသူမှ ဆောင်ရွက်ပြီးစီးသည့် (သို့) တစိတ်တဒေသဆောင်ရွက်ပြီးစီးသည့် EA လုပ်ငန်းတင်ပြလာပါက ကမ္ဘာ့ဘဏ်သည် ၄င်း၏မူဝါဒနှင့် ကိုက်ညီခြင်းရှိ/မရှိ သေချာစေရန် အဆိုပါ EA ကိုလေ့လာသုံးသပ်ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် (အကယ်၍ဆီလျော်ပါက)အများပြည်သူအကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်းအပါအဝင်ထပ်ဆောင်း EA လုပ်ငန်းများလိုအပ်ကောင်း လိုအပ်ပါသည်။

(၄၃) OP 4.01 တွင်စီမံကိန်း အကျိုးအမြတ်များမှ တိုင်းရင်းသားမဟုတ်သော လူနည်းစု လူမှုအစုအဖွဲ့များ ချန်လှပ်ခံရနိုင်ခြင်း အလားအလာ စသည့် OP 4.10 (သို့) OP 4.12 တွင် အကြုံးမဝင်သော်လည်း ဖြစ်နိုင်ခြေရှိသည့် လူမှုရေးရာသက်ရောက်မှုအချို့ပါဝင်ပါသည်။

**(၄၄) သဘာဝအသိုက်အမြုံများ (OP 4.04)**။ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်စောင့်ရှောက်သည့် အခြား အစီအစအစဉ်များကဲ့သို့ပင် သဘာဝအသိုက်အမြုံထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါပါသည်။ ထို့ကြောင့် ကမ္ဘာ့ဘဏ်သည် ၄င်း၏စီးပွားရေးနှင့် ကဏ္ဍလုပ်ငန်းများ စီမံကိန်းဘဏ္ဍာရေးရာ နှင့် မူဝါဒဆွေးနွေးခြင်းများတွင် သဘာဝအသိုက်အမြုံများနှင့် ၄င်းတို့၏လုပ်ငန်းဆောင်တာများကိုကာကွယ်ပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများအတွက် ပံ့ပိုးကူညီပါသည။ ကမ္ဘာ့ဘဏ်အနေဖြင့် သဘာဝပတ်ဝန်းကျင်အရ ကောင်းမွန်သော ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများသေချာစေရန် သဘာဝအရင်းအမြစ်စီမံ ခန့်ခွဲမှုအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ချေးငွေရယူသူမှ အသုံးပြုနိုင်ရန် မျှော်မှန်းထားပြီး ယင်းအတွက် လည်း ပံ့ပိုးပါမည်။

**(၄၅) သစ်တောများ (OP 4.36)**။ ရေရှည်တည်တံ့သောနွမ်းပါးမှုလျော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု များအတွက် သစ်တောထူထပ်များပြားသည့်နိုင်ငံများတွင်ဖြစ်စေ (သို့) လျော့နည်း/သဘာဝအရ အကန့်အသတ်ရှိ သော သစ်တောအရင်းအမြစ်များရှိသည့်နိုင်ငံတွင်ဖြစ်စေ၊ သစ်တောဂေဟစနစ်များနှင့် ဆက်နွယ်အရင်း အမြစ်များ၏ ရေရှည်ဖွံ့ဖြိုးမှုစီမံခန့်ခွဲမှုနှင့်ထိန်းသိမ်းစောင့်ရှောက်မှုများမှာ လွန်စွာအရေးပါသည်။ ဤမူဝါဒ၏ ဦးတည်ချက်မှာ ချေးငွေရယူသူအနေဖြင့် နွမ်းပါးမှုလျော့ချရေးအတွက် ရေရှည်တည်တံ့ကောင်းမွန်သောအသွင်ဖြင့် သစ်တောများ၏ အလားအလာကို ထိန်းချုပ်စီမံခြင်း၊ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောများကို ထိရောက်စွာပေါင်းစပ် အသုံးပြုခြင်းနှင့် ဒေသဆိုင်ရာ/ကမ္ဘာလုံး ဆိုင်ရာသဘာဝ ပတ်ဝန်းကျင် ဝန်ဆောင်မှုနှင့် သစ်တောတန်ဖိုးများ၏အရေးပါမှုကို ကာကွယ်ခြင်းစသည်တို့ဆောင်ရွက်ရာတွင် ပံ့ပိုး ကူညီနိုင်ရန်ဖြစ်သည်။

(၄၆) အဆိုပါ ဦးတည်ချက်များကိုဖြည့်ဆည်းနိုင်ရန် သစ်တောပြန်လည်ထိန်းသိမ်းခြင်းနှင့် စိက်ပျိုးမှုများဖွံ့ဖြိုးရေး အတွက်ဆောင်ရွက်ရန်လိုအပ်သည့် နေရာများတွင် ဇီဝမျိုးကွဲစုံနှင့် ဂေဟစနစ်လုပ်ငန်းဆောင်တာများ ထိန်းသိမ်း/ ပိုမိုကောင်းမွန်စေသည့် သစ်တောပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ချေးငွေရယူသူအား ကမ္ဘာ့ ဘဏ်မှ ပံ့ပိုးကူညီပါမည်။ ထို့ပြင သစ်တောထွက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက်ကြီးထွားလာသည့် လိုအပ် ချက်များကို ဖြည့်ဆည်းနိုင်ရန် သဘာဝပတ်ဝန်းကျင်အရသင့်တော်၍ လူမှုရေးရာအကျိုးအမြတ်ဖြစ်ထွန်းကာ စီးပွားရေးအရ ခိုင်မာသောသစ်တောပြန်လည်ပျိုးထောင်ခြင်းလုပ်ငန်းများထူထောင်ရန်နှင့် စီမံခန့်ခွဲရန်လိုအပသော အကူအညီများကို ချေးငွေရယူသူအား ကမ္ဘာ့ဘဏ်မှ ပံ့ပိုးဖြည့်ဆည်းပါမည်။

**(၄၇) ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များ (OP 4.11)**။ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များ အဖြစ်သတ်မှတ်ထားသည့် ရွှေ့ပြောင်းနိုင်သော (သို့) မရွှေ့ပြောင်းနိုင်သော ရုပ်ဝတ္ထုပစ္စည်းများ၊ နေရာများ၊ တည်ဆောက်ထားရှိမှုများနှင့် တည်ဆောက်ထားသည့်အစုအဖွဲ့များ၊ ရှေးဟောင်းသုတေသနဆိုင်ရာအရဖြစ်စေ၊ သဘာဝရုပ်ကြွင်းဆိုင်ရာအရဖြစ်စေ (သို့) ဗိသုကာ၊ ဘာသာရေး၊ အနုပညာ၊ သမိုင်းဝင်အထင်ကရနှင့် အခြား ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များရှိသည့် သဘာဝအစိတ်အပိုင်းများနှင့် အခင်းအကျင်း/ရှုခင်းများစသည်တို့နှင့် ပတ်သက်၍ ဤမူဝါဒအရ ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များသည် မြို့ပြ (သို့) ကျေးလက်ဒေသများတွင် တည်ရှိနေနိုင်သလို၊ မြေပြင် (သို့) မြေအောက် (သို့) ရေအောက်နေရာများတွင် လည်း ရှိနေနိုင်သည်။ ၎င်းယဉ်ကျေးမှုဆိုင်ရာတန်ဘိုးများသည်လည်း ဒေသအဆင့်သော်လည်းကောင်း၊ ပြည်နယ် (သို့) အမျိုးသားအဆင့် (သို့) နိုင်ငံတကာအသိုင်းအဝိုင်းအဆင့်အနေဖြင့်သော်လည်းကောင်း ရှိနိုင်ပါသည်။

(၄၈) ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များသည် သိပ္ပံဆိုင်ရာနှင့်သမိုင်းဝင်အချက်အလက်များဆိုင်ရာ ရှုထောင့်များအရ အရေးပါသည့်အရင်းအမြစ်များဖြစ်သလို စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုအတွက် ပိုင်ဆိုင်မှုများ အဖြစ် လည်းကောင်း ပြည်သူများ၏ယဉ်ကျေးမှုအထောက်အထားနှင့် ဓလေ့ထုံးတမ်းအစိတ်အပိုင်းများအဖြစ် လည်းကောင်းအရေးကြီးပါသည်။

(၄၉) ကမ္ဘာ့ဘဏ်အနေဖြင့် ၎င်းငွေကြေးပံ့ပိုးသည့်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ခြင်းမှ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များအပေါ် ဆိုးကျိုးသက်ရောက်ခြင်းများကို ရှောင်လွှဲ(သို့)လျော့ပါးသက်သာစေရန် နိုင်ငံ များကိုပံ့ပိုးကူညီပါသည်။ စီမံကိန်းလုပ်ငန်းများမှဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များ အပေါ် သက်ရောက်မှုများနှင့် လျော့ပါးသက်သာစေရေးအစီအစဉ်များသည် ချေးငွေရယူသည့်နိုင်ငံ၏ဥပဒေ ပြဋ္ဌာန်းမှုများ (သို့) သက်ဆိုင်ရာနိုင်ငံတကာသဘာဝပတ်ဝန်းကျင်စာချုပ်စာတမ်းများသဘောတူညီချက်အရ ၎င်း၏ တာဝန်ဝတ္တရားများကို ချိုးဖောက်မှုဖြစ်စေနိုင်ခြင်းမျိုးမရှိရပါ။

## (၅၀) ဆန္ဒအလျောက်မဟုတ်သောရွှေ့ပြောင်းနေရာချထားခြင်း (OP 4.12)

ဤမူဝါဒသည် အောက်ပါဦးတည်ချက်များဖြည့်ဆည်းအောင်မြင်ရန်ရည်ရွယ်ပါသည်။

(က) ဖြစ်နိုင်ပါက ဆန္ဒအလျောက်မဟုတ်သောရွှေ့ပြောင်းနေရာချထားခြင်းကိုရှောင်လွှဲခြင်း (သို့) အနည်းဆုံးသို့ လျော့ချခြင်းနှင့် အခြားဆောင်ရွက်နိုင်သည့် ကောင်းမွန်သောစီမံကိန်းဒီဇိုင်းပုံစံနည်းလမ်းများ ရှာဖွေလေ့လာခြင်းတို့ ကိုဆောင်ရွက်သင့်သည်။

(ခ) အကယ်၍ရွှေ့ပြောင်းနေရာချထားခြင်းကိုရှောင်လွှဲရန်မဖြစ်နိုင်ပါက အဆိုပါဆောင်ရွက်မှုများကို ရေရှည် တည်တံ့ကောင်းမွန်သောဖွံ့ဖြိုးရေးအစီအစဉ်များအဖြစ် ရှုမြင်သုံးသပ်ဆောင်ရွက်သင့်ပြီး စီမံကိန်းအရရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များ၊ စီမံကိန်း၏အကျိုးကျေးဇူးများမျှဝေရရှိစေရန် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုအရင်းအနှီးများ ဖြည့်ဆည်းသင့်ပါသည်။ ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များနှင့် အဓိပ္ပါယ်ပြည့်ဝသောအကြံပြုဆွေးနွေးမှုများဆောင်ရွက်သင့်ပြီး ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းနေရာ ချထားရေးအစီအစဉ်အရ ရေးဆွဲခြင်းနှင့်ဆောင်ရွက်ခြင်းများတွင် ပါဝင် ဆောင်ရွက်နိုင်ရန် အခွင့် အလမ်းများရရှိသင့်ပါသည်။

(ဂ) ရွှေ့ပြောင်းခံရသည့်ပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူနေမှုအဆင့် အတန်းများ တိုးတက်ကောင်းမွန်စေရန် (သို့) အနည်းဆုံးထိန်းသိမ်းထားနိုင်စေရန်၊ လက်တွေ့အားဖြင့် မရွှေ့ပြောင်း မီရှိခဲ့သောအဆင့် (သို့) စီမံကိန်းဆောင်ရွက်မှုမတိုင်မီရှိနေသည့်အဆင့်များ (မည်သည်ကမြင့်မားသည်ဖြစ်စေ) အတိုင်းထိန်းသိမ်းထားနိုင်စေရန်ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရပါမည်။

(၅၁) ဤမူဝါဒတွင် ကမ္ဘာ့ဘဏ်မှကူညီသည့် ရင်းနှီးမြုပ်နှံမှုစီမံကိန်းများမှဖြစ်ပေါ်လာသည့်စီးပွားရေးနှင့် လူမှုရေးရာတိုက်ရိုက်သက်ရောက်မှုများ (၂)မျိုးလုံးအကြုံးဝင်ပြီး ၄င်းတို့မှာ (၁)နေရာရွှေ့ပြောင်းရမှု (သို့) နေရာဆုံးရှုံးမှု ကိုဖြစ်စေသော (၂)ပိုင်ဆိုင်မှုများဆုံးရှုံးခြင်း (သို့)ပိုင်ဆိုင်မှုများအသုံးပြုနိုင်မှုဆုံးရှုံးခြင်းဖြစ်စေသော (၃) သက်ရောက် မှုခံရသည့်ပုဂ္ဂိုလ်အနေဖြင့် အခြားနေရာသို့ ရွှေ့ပြောင်းရသည်ဖြစ်စေ၊ မရွှေ့ပြောင်းရသည်ဖြစ်စေ ဝင်ငွေအရင်း အမြစ်များ (သို့) အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆုံးရှုံးခြင်းဖြစ်စေသော (က) ဆန္ဒအလျှောက်မဟုတ်သည့် မြေယာသိမ်းဆည်းမှု (သို့) (ခ) ဥပဒေအရသတ်မှတ်ထားသည့်ပန်းခြံများနှင့် အကာအကွယ်ပေးထားသည့် ဧရိယာ များသို့သွားလာနိုင်မှု ဆန္ဒအလျှောက်မဟုတ်သည့်နည်းလမ်းဖြင့်ကန့်သတ်ခြင်းကြောင့် ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များ ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုစသည့်အချက်များကြောင့်ဖြစ်ရသည့် စီးပွားရေး နှင့် လူမှုရေးရာတိုက်ရိုက်သက်ရောက်မှုများပါဝင်ပါသည်။

(၅၂) ဘဏ္ဍာရေးရာအရင်းအမြစ်အား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းကိုဖြစ်စေသည့် စီမံကိန်းအစိတ်အပိုင်းများအားလုံးနှင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏သုံးသပ်ဆုံးဖြတ် ချက်အရ (က) ကမ္ဘာမှပံ့ပိုးသည့်စီမံကိန်းနှင့် တိုက်ရိုက်သိသာစွာဆက်နွယ်နေသော (ခ) စီမံကိန်းစာရွက်စာတမ်းများတွင်သတ်မှတ်ထားသည့်ဦးတည်ချက်များရရှိရန် လိုအပ်သော (ဂ) စီမံကိန်းနှင့်အတူဆောင်ရွက်သော (သို့) ဆောင်ရွက်ရန်စီစဉ်ထားသော (ဆန္ဒအလျှောက်မဟုတ်သည့် ရွှေ့ပြောင်းနေရာချထားမှုကိုဖြစ်စေသော)အခြားကိစ္စရပ်များနှင့်လည်းကောင်း ဤမူဝါဒမှာ အကြုံးဝင်ပါသည်။

(၅၃) အကယ်၍ ဤမူဝါဒဖြင့် သက်ဆိုင်အကြုံးဝင်ပါက ချေးငွေရယူသူသည် အောက်ပါတို့ပါဝင်သည့် ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ် (သို) ရွှေ့ပြောင်းနေရာချထားရေးမူဝါဒအခြေခံမူဘောင်တရပ်ကို ပူးတွဲ ဆောင်ရွက်ရမည်။ (က) အောက်ပါအချက်များကိုကြပ်မတ်ဆောင်ရွက်သည့်အစီစဉ်များပါဝင်သော ရွှေ့ပြောင်း နေရာချထားရေးအစီအစဉ် (သို့) မူဝါဒအခြေခံမူဘောင် -ရွှေ့ပြောင်းခံရသည့်ပုဂ္ဂိုလ်များအား (၁) ရွှေ့ပြောင်းနေရာ ချထားခြင်းနှင့်သက်ဆိုင်သည့် ၄င်းတို့၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့်ပတ်သက်၍ အသိပေးရမည်။ (၂) နည်းပညာ အရနှင့် စီးပွားရေးအရလက်တွေ့ကျသော ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်း များဖြည့်ဆည်းပေးခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် ရွေးချယ်စေခြင်း (၃) စီမံကိန်းတိုက်ရိုက်သက်ရောက်မှုကြောင့်ဟု မှတ်ယူနိုင်သော ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းအတွက် အစားထိုးကုန်ကျစရိတ်အပြည့်အဝတန်ဘိုးဖြင့် နစ်နာကြေးများ ထိရောက်မြန်ဆန်စွာ ဖြည့်ဆည်းပေးခြင်းစသည်တို့ဖြစ်ပါသည်။

**(၅၄) ကမ္ဘာ့ဘဏ်၏ဒေသခံတိုင်းရင်းသားပြည်သူများဆိုင်ရာမူဝါဒ (OP 4.10)**

ကမ္ဘာ့ဘဏ်မှ ဘဏ္ဍာရေးရာပံ့ပိုးမှုအတွက် အဆိုပြုတင်ပြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအပေါ် သက်ရောက်မှုရှိသည့် စီမံကိန်းများအားလုံးအတွက် ချေးငွေရယူသူသည် လွတ်လပ်၊ ကြိုတင်၊ အသိပေးဆောင်ရွက် သည့် အကြံပြုဆွေးနွေးပွဲများကျင်းပဆောင်ရွက်ရန်လိုအပ်ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် လွတ်လပ်၊ ကြိုတင်၊ အသိပေးဆောင်ရွက်သည့် အကြံပြုဆွေးနွေးပွဲများအရ သက်ရောက်မှုခံရသည့်ပြည်သူများ၏ကျယ်ပြန့်သော ထောက်ခံမှုရရှိသည့် စီမံကိန်းများကိုသာငွေကြေးပံ့ပိုးမှုဆောင်ရွက်ပါသည်။ အဆိုပါကမ္ဘာ့ဘဏ်မှငွေကြေးပံ့ပိုးသည့် စီမံကိန်းများတွင် အောက်ပါတို့ဆောင်ရွက်ရန်အစီအစဉ်များပါဝင်ရပါမည်။ (က) ဒေသခံတိုင်းရင်းသားပြည်သူများ ၏ ရပ်ရွာ/လူအဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှုအလားအလာများရှောင်လွှဲရန် (ခ) ယင်းသို့ရှောင်လွှဲရန် မဖြစ်နိုင်ပါက ၎င်းသက်ရောက်မှုများကို အနည်းဆုံးသို့လျှော့ချရန် (သို့)လျှော့ပါးသက်သာစေရန် (သို့) နစ်နာကြေး ပေးအပ်ရန် စသည်တို့ဖြစ်ပါသည်။ ထို့ပြင်ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုထုံးတမ်း များအရ ဆီလျော်၍ ကျား/မနှင့် မျိုးဆက်ဟောင်း/သစ်များ အားလုံးပါဝင်နိုင်သော လူမှုရေးရာနှင့် စီးပွားရေးရာ အကျိုးကျေးဇူးများရရှိကြောင်း သေချာစေရန် ကမ္ဘာ့ဘဏမှငွေကြေးပံ့ပိုးသည့်စီမံကိန်းများကို ဒီဇိုင်းပုံစံရေးဆွဲရမည်။

(၅၅) တိုင်းရင်းသားရေးရာ စစ်ဆေးစီစစ်မှုအပေါ်အခြေခံ၍ စီမံကိန်းဧရိယာတွင်ဒေသခံတိုင်းရင်းသားပြည်သူ များ (မြန်မာနိုင်ငံအနေအထားအရ တိုင်းရင်းသားလူနည်းစုများ)တည်ရှိ (သို့) ၎င်းဧရိယာနှင့် စုစည်းဆက်နွယ်မှုရှိသည်ဟု ကမ္ဘာ့ဘဏ်မှ မှတ်ယူပါက ချေးငွေရယူသူသည် ဒေသခံတိုင်းရင်းသားများအပေါ် သက်ရောက်နိုင် သည့်စီမံကိန်း၏ကောင်းကျိုး၊ ဆိုးကျိုးအလားအလာများကို အကဲဖြတ်ရန်နှင့် ဆိုးကျိုး သက်ရောက်မှု ငြင်းဆန်နိုင်သည့်နေရာများတွင် စီမံကိန်းအတွက် အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ စစ်ဆေးနိုင်စေရန် လူမှုရေးရာစစ်ဆေးအကဲဖြတ်မှုတရပ်ကို ဆောင်ရွက်ရမည်။ အဆိုပါ လူမှုရေးရာစစ်ဆေးအကဲဖြတ်ချက်နှင့် သက်ရောက်မှုခံရသော တိုင်းရင်းသားလူနည်းစုများဖြင့် အကြံပြုဆွေးနွေးခြင်းများအပေါ် အခြေခံ၍ ချေးငွေရယူသူသည် အောက်ပါတို့ကို ကြပ်မတ်ဆောင်ရွက်နိုင်အစအစဉ်များ သတ်မှတ်ပါဝင်သော တိုင်းရင်းသားလူနည်းစုဆိုင်ရာအစီအစဉ် (EMP)ကို ရေးဆွဲဆောင်ရွက်ရသည်။

(က) စီမံကိန်း၏သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများ အနေဖြင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အရ ဆီလျော်သော လူမှုရေးရာနှင့် စီးပွားရေးရာအကျိုးကျေးဇူးများရရှိခြင်း

(ခ) တိုင်းရင်းသားလူနည်းစုများအပေါ် ဆိုးကျိုးသက်ရောက်နိုင်မှုအလားအလာများတွေ့ရှိရပါက အဆိုပါ သက်ရောက်မှုများကိုရှောင်လွှဲရန် အနည်းဆုံးသို့လျှော့ချရန်၊ လျှော့ပါးသက်သာစေရန်နှင့် နစ်နာကြေး ပေးအပ်ရန် ဆောင်ရွက်ခြင်း။ စသည်တို့ဖြစ်ပါသည်။

(၅၆) အချို့သောစီမံကိန်းများတွင် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ (သို့) အမျိုးမျိုးသောစီမံကိန်းခွဲများပြင်ဆင် ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ပါသည်။ ယင်းကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်၏စစ်ဆေးစီစစ်မှုအရ စီမံကိန်းဧရိယာတွင်

တိုင်းရင်းသားလူနည်းစုများတည်ရှိခြင်း (သို့) စုစည်းဆက်နွယ်နေခြင်းစသည့်အခြေအနေမျိုး ရှိနိုင်သော်လည်း စီမံကိန်းအစီအစဉ်များ (သို့) စီမံကိန်းခွဲများရွေးချယ်သတ်မှတ်ပြီးသည့်အချိန်အထိ ၎င်းတို့၏ တည်ရှိမှု (သို့) စုစည်းဆက်နွယ်မှုနှင့်ပတ်သက်၍ မဆုံးဖြတ်နိုင်ပါက ချေးငွေရယူသူသည်ဘဏ် တိုင်းရင်းသားလူနည်းစု များဆိုင်ရာ အစီအစဉ်မူဘောင် (EMPF)ကို ပြင်ဆင်ဆောင်ရွက်ရပါမည်။ ဤ EMPF သည် ၎င်းစီမံကိန်းအစီ အစဉ် (သို့) စီမံကိန်းခွဲများအနေဖြင့် ဤမူဝါဒနှင့် ကိုက်ညီမှုရှိကြောင်းသေချာစေရန် စစ်ဆေးစီစစ်ခြင်း၊ ဗလလာ သုံးသပ်ခြင်းများဖြည့်ဆည်းရပါမည်။

## ၉။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်းလုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ စီမံကိန်းမှဖြေရှင်း ဆောင်ရွက်ရန်နည်းလမ်း

(၅၇) ဤ ESMF အနေဖြင့် အဆိုပြုစီမံကိန်းအား သဘာဝပတ်ဝန်းကျင်အရနှင့် လူမှုရေးရာအရ အရှည်တည်တံ့ ကောင်းမွန်သောနည်းလမ်းများဖြင့်၎င်း၊ ကမ္ဘာ့ဘဏ်၏သက်ဆိုင်ရာဘေးကင်းလုံခြုံရေးမူဝါဒများနှင့် ကက်ညီသော နည်းလမ်းများဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ကြောင်းသေချာစေရန် အထွေထွေမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ငန်းများကို ဖြည့်ဆည်းပေးရပါမည်။ ၎င်းသည် စီမံကိန်းအပိုင်း များအားလုံးနှင့်သက်ဆိုင်ပြီး အသေးစိတ်အနေဖြင့် အောက်ပါတို့ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

(က) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုအလားအလာများကို အနည်းဆုံးအဆင့်သို့ လျှော့ချရန်

(ခ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကောင်းကျိုးသက်ရောက်မှုများတတ်နိုင်သမျှ ပိုမိုကောင်းမွန် တိုးပွားစေရန်

(ဂ) တိုင်းရင်းသားလူနည်းစုများနှင့် အခြားချို့တဲ့သော ပြည်သူများအား အဓိပ္ပါယ်ပြည့်ဝစွာ အကြံပြုဆွေးနွေးကြောင်းနှင့် ၎င်းတို့အနေဖြင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆီလျော်သော အကျိုးကျေးဇူးများရရှိကြောင်းသေချာစေရန်

(ဃ) စီမံကိန်းနှင့်ဆက်နွယ်/ကြောင့်ဖြစ်သော ဆိုးကျိုးသက်ရောက်မှုများကို တားဆီးရန်နှင့် ယင်းသို့ တားဆီးရန်မဖြစ်နိုင်ပါက အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများအတွက် အပြည့်အဝ နစ်နာကြေးပေးအပ်ရန်

(င) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများကို သက်ရောက်မှုခံရသည့်ရပ်ရွာပြည်သူ များနှင့်လက်တွဲ၍ စီမံခန့်ခွဲနိုင်ရန် အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်း စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်။

စသည်တို့ဖြစ်ပါသည်။

(၅၈) ESMF အနေဖြင့် ဤစီမံကိန်းအရငွေကြေးပံ့ပိုးသည့် ရင်းနှီးမြုပ်နှံမှုများ (စီမံကိန်းခွဲ) အကောင်အထည် ဖော်စဉ်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်းလုံခြုံရေးအစီအစဉ်ရေးဆွဲခြင်းနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်းများအတွက် လမ်းညွှန်ချက်များဖြည့်ဆည်းပေးရပါမည်။ စီမံကိန်းအကောင်အထည်ဖော်ကာလ အတွင်း စီမံကိန်းခွဲများရွေးချယ်သတ်မှတ်ခြင်းနှင့် ငွေကြေးပံ့ပိုးရန်အဆိုပြုခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်မည်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာသက်ရောက်မှုအလားအလာများ စစ်ဆေးစီစစ် ခြင်းနှင့် လျော့ပါးသက်သာရေး/စီမံခန့်ခွဲရေးအစီအစဉ်များကို ESMF နှင့်ကိုက်ညီစွာဆောင်ရွက်ရမည်။

(၅၉) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှု စစ်ဆေးစီစစ်ခြင်း၊ လျော့ပါးသက်သာစေရေးနှင့် စီမံ ခန့်ခွဲရေးအစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများသည် အောက်ပါအဆင့်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) အဆင့်(၁) ရွေးချယ်ရေးစံသတ်မှတ်ချက်များအရ စီမံကိန်းခွဲများရွေးချယ်သတ်မှတ်ခြင်း

(ခ) အဆင့်(၂) စီမံကိန်းခွဲတခုချင်းစီအတွက် အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ဘေးကင်းလုံခြုံရေး သက်ရောက်မှုများစစ်ဆေးစီစစ်ခြင်းနှင့် ဘေးကင်းလုံခြုံရေးသတ်မှတ်ချက်/ အစီအစဉ် များ ဆုံးဖြတ်ဆောင်ရွက်ခြင်း

(ဂ) အဆင့် (၃) ကမ္ဘာ့ဘဏ်မှ ဘေးကင်းလုံခြုံရေးဆိုင်ရာစစ်ဆေးစီစစ်မှု လေ့လာသုံးသပ်ခြင်း

(ဃ) အဆင့် (၄) ဘေးကင်းလုံခြုံရေးဆိုင်ရာအစီအစဉ်/သတ်မှတ်ချက်များ၊ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေး ဖော်ပြခြင်းများဆောင်ရွက်ခြင်း

(င) အဆင့်(၅) အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့မှဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်/ သတ်မှတ်ချက်များ ကို လေ့လာ သုံးသပ်ခွင့်ပြုခြင်း

(စ) အဆင့် (၆) သဘောတူထားသည့် လုပ်ငန်းများအကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ် စစ်ဆေးခြင်း၊ လေ့လာစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

**(၆၀) အဆင့် (၁) ရွေးချယ်ရေးစံသတ်မှတ်ချက်များအရ စီမံကိန်းခွဲများရွေးချယ်သတ်မှတ်ခြင်း။** စီမံကိန်း၏ ဥပဒေရေးရာ သဘောတူညီချက်များ၊ လုပ်ငန်းလမ်းညွှန်စသည်တို့နှင့် ကိုက်ညီစွာအောက်ဖော်ပြပါ ရွေးချယ်ရေး အကဲဖြတ်စံသတ်မှတ်ချက်များကို အသုံးပြု၍ စီမံကိန်းခွဲများကို ရွေးချယ်သတ်မှတ်ရပါသည်။

(က) သက်ဆိုင်ရာအမျိုးအသားအဆင့်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့၏ပြန်လည်ထူထောင်ရေး အစီအစဉ်များတွင် ပါဝင်ခြင်း

(ခ) အခြေခံအဆောက်အအုံ (သို့) လူမှုရေးရာကဏ္ဍများအတွင်း အကြိုးဝင်ခြင်း

(ဂ) အမျိုးသားအဆင့်နှင့် ဒေသအဆင့်ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ကိုက်ညီမှုရှိခြင်း

(ဃ) အကယ်၍ ၎င်းတို့သည်ပျက်စီးသွားသော ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုအင်္ဂါရပ်များကို ပြန်လည်ထူထောင်ရန်ဆောင်ရွက်ပါက အထူးသဖြင့် နွမ်းပါး၍ ချို့တဲ့သောအစုအဖွဲ့များအတွက်နှင့် အခြားမည်သည့်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ဘဏ္ဍာရေးပံ့ပိုးမှု အရင်းအမြစ် မရှိသည့်ကိစ္စရပ်များအတွက်ဖြစ်ပါ၍ ပထမဦးစားပေးလုပ်ငန်းဖြစ်ခြင်း

(င) ကမ္ဘာ့ဘဏ်၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်းလုံခြုံရေးမူဝါဒများနှင့် ကိုက်ညီခြင်း။

(စ) အမျိုးသားအဆင့်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာစံသတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်များ၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီဖြစ်ခြင်း။

(ဆ) ပစ္စည်းကိရိယာများအတွက် ဘဏ္ဍာရေးရာနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းအပါအဝင်၊ ရေရှည်ကောင်းမွန်သောဝန်ဆောင်မှုဖြန့်ဖြူးခြင်းများ ကြပ်မတ်ဆောင်ရွက်နိုင်ရန် ဒီဇိုင်းပုံစံဖြစ်ခြင်း

(ဇ) နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးရာ၊ လူမှုရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးကင်းလုံခြုံရေးဆိုင် ရာသတ်မှတ်ချက်များအပါအဝင် ကျိုးကြောင်းဆီလျော်မှုနှင့် မြန်ဆန်ထိရောက်မှုနည်းလမ်းများဆန်းစစ်လေ့လာချက်အပေါ် အခြေခံ၍ ဒီဇိုင်းပုံစံချမှတ်ထားခြင်း

(ဈ) လက်ရှိနှင့် အနာဂတ်ခန့်မှန်းလိုအပ်ချက်များနှင့်ဆီလျော်စွာ လုပ်ငန်းအတိုင်းအတာ၊ အဆင့်များကို ချိန်ညှိနိုင်ခြင်း

(ည) ချေးငွေသဘောတူညီချက်တွင် သတ်မှတ်ထားသည့် ချေးငွေပြီးဆုံးနေ့ရက်မတိုင်မီ ဆောင်ရွက်ပြီးစီး နိုင်ခြင်း

(၆၁) အဆင့်(၁)ကာလအတွင်း အကောင်အထည်ဖော်ရေးအေဂျင်စီများမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာပညာရှင်များသည် စီမံကိန်းခွဲရွေးချယ်သတ်မှတ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ပါမည်။ ၎င်းတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ လျော့ချနိုင်ရန်စီမံကိန်းခွဲ လုပ်ငန်းအခြေခံ သဘောတရားများအကောင်းဆုံးဖြစ်စေရန် အကဲဖြတ်စစ်ဆေးခြင်းနှင့် လိုအပ်သည့်အချက်အလက်များ သင့်တော်သလို ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်ပါမည်။

(၆၂) **အဆင့် (၂) စီမံကိန်းခွဲတခုချင်းစီအတွက် အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ဘေးကင်းလုံခြုံရေး၊ သက်ရောက်မှုများစစ်ဆေးစီစစ်ခြင်းနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်များ ဆုံးဖြတ်ဆောင်ရွက်ခြင်း။**စီမံကိန်းခွဲရွေးချယ်သတ်မှတ်ပြီးသည်နှင့် အကောင်အထည်ဖော်ရေးအေဂျင်စီများမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာပညာရှင်များသည် အစိုးရနှင့်ကမ္ဘာ့ဘဏ်တို့၏အတည်ပြုချက် မတိုင်မီ လိုအပ်သောသဘာဝ

ပတ်ဝန်းကျင်နှင့် လူမှုရေးအရဆောင်ရွက်ရမည့်သတ်မှတ်ချက်များ၏ သဘောသဘာဝ နှင့်အတင်းအတာ ကိုဆုံးဖြတ်နိုင်ရန်၊ စီမံကိန်းအား အမျိုးအစား (B) အဖြစ်အတည်ပြုရန် လိုအပ်သည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်/သတ်မှတ်ချက် အမျိုးအစား အဆိုပြုရန်နှင့် အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်း လခြုံရေးဆိုင်ရာ သက်ရောက်မှုများအတွက် စီမံကိန်းခွဲတခုချင်း စစ်ဆေး စီစစ်မှုများဆောင်ရွက်ပါမည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ်မှ ငွေကြေးပံ့ပိုးမည့် အဆိုပြုစီမံကိန်းခွဲအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆောင်ရွက် ထားရှိပြီးဖြစ်နိုင်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်း တစုံတရာသည် အဆိုပါသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကြိုတင်လေ့လာစစ်ဆေးသတ်မှတ်ခြင်းများနှင့် ကိုက်ညီ ရမည်ဖြစ်၍ ကမ္ဘာ့ဘဏ်၏ဘေးကင်း လုံခြုံရေးမူဝါဒများနှင့် တစုံတရာကွာဟချက်/လိုအပ်ချက်များကို ရွေးချယ် သတ်မှတ်၍ စီမံကိန်းလုပ်ငန်းများ မစတင်မီ အဆိုပါကွာဟချက်များကို ဖြည့်ဆည်းရန် အစီအစဉ်များချမှတ် ဆောင်ရွက်ရမည်။ စီမံကိန်းခွဲ တခုချင်းအလိုက် အသုံးပြုရမည့် အစီအစဉ်/သတ်မှတ်ချက်များ (ESIA, ESMP, RAP, ECoP) ရွေးချယ်မှုသည် ၎င်း၏သက်ရောက်မှုအလားအလာများ၏သဘောသဘာဝနှင့် အတိုင်းအတာပမာဏ များအပေါ် မူတည်သည်။ အခြေခံအားဖြင့် ပိုမိုသိမ်မွေ့ ရှုပ်ထွေးသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ဆန်းစစ်လေ့လာမှုများပါဝင်မည့် စီမံကိန်းခွဲများအတွက် ESIA ကို အသုံးပြုပါမည်။ ဥပမာအားဖြင့် ၎င်းတွင်ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအဖြစ် လမ်းများပြန်လည်ချိန်ညှိခြင်း (သို့) ဗျူဟာမြောက်ချဲ့ထွင်ခြင်း (သို့) တိုးချဲ့ခြင်း (ကျောက်ကျင်းများဖွင့်လှစ်ခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများ အပါအဝင်) စသည်တို့ပါဝင်ပါမည်။ FLERC စီမံကိန်းအရ စစ်ဆေးစီစစ်မှုရလဒ်များအပေါ် အခြေခံ၍ စီမံကိန်းခွဲ တည်ရှိနေရာများတွင် စီမံကိန်း အကျိုးခံစားခွင့် ရှိသူများအဖြစ်မှ ချန်လှပ်ခံရနိုင်သည့် အခြေအနေရှိသော ချို့တဲ့အားနည်းသည့် ပြည်သူများ တည်ရှိကြောင်းတွေ့ရှိရပါက ESIA ကိုဆောင်ရွက်ရမည်။ ESMP အနေဖြင့် လုပ်ငန်းတည်နေရာအလိုက် ဖြစ်သည့် အချို့သောကိစ္စရပ်များပါဝင်သော လုပ်ငန်းများအတွက် ယေဘူယျအားဖြင့် လိုအပ်မည်ဖြစ်ပြီး ကို ယေဘူယျဆောက်လုပ်ရေး ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါမည်။

(၆၃) အကောင်အထည်ဖော်ရေးအေဂျင်စီများနှင့် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်း လုံခြုံရေးပညာရှင်များသည် စီမံကိန်းခွဲများကို တပြိုင်နက်တည်း စစ်ဆေးစီစစ်မည်ဖြစ်ပြီး စီမံကိန်းခွဲတခုချင်းအလိုက် ပြင်ဆင်ရေးဆွဲ၊ အကောင်အထည်ဖော်ရန်လိုအပ်မည့်ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက် အမျိုးအစား ခွဲခြား သတ်မှတ်ပါမည်။ ၎င်းတို့တွင်အောက်ပါတို့ ပါဝင်ပါ သည်။

(က) သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုအကဲဖြတ်စစ်ဆေးခြင်း (ESIA)

(ခ) သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ စီမံခန့်ခွဲမှု အစီအစဉ် (ESMP)

(ဂ)သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များ (ECoPs)

(ယ) RAP - အကယ်၍ ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားရမည့် လူဦးရေ(၂၀၀)ကျော်ပါက။ အကယ်၍ ၎င်းထက်နည်းသောအရေအတွက်ဖြစ်ပါက RAP အကျဉ်းချုပ် လိုအပ်ပါသည်။

( င) လူမှုရေးရာအကဲဖြတ်စစ်ဆေးခြင်း (SA)/အကယ်၍သက်ဆိုင်ရာစီမံကိန်းခွဲဧရိယာတွင် တိုင်းရင်းသား လူနည်းစုများတည်ရှိ (သို့)စုစည်းဆက်နွယ်နေမှုရှိပါက

(စ) တိုင်းရင်းသားလူနည်းစုအစီအစဉ် (EMP)/ အကယ်၍စီမံကိန်းခွဲကြောင့် တိုင်းရင်းသား လူနည်းစုအစုအဖွဲ့ တခုခုသက်ရောက်မှုခံစားရပါက

(ဆ) ပြုပြင်ဆောင်ရွက်ခြင်းအစီအစဉ် (CPP)/ အကယ်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ကြိုတင်လေ့လာ၊ စစ်ဆေးသတ်မှတ်ခြင်းများအရ ကမ္ဘာ့ဘဏ်၏ဘေးကင်းလုံခြုံရေးမူဝါဒများနှင့် သိသာသည့် ကွာဟချက်တစုံတခုရှိပါက-

(၆၄) ပူးတွဲ (၄)တွင် ကနဦး စစ်ဆေးစီစစ်ခြင်းအတွက် လမ်းညွှန်ချက်များကိုလည်းကောင်း၊ ပူးတွဲ (၃) တွင် ESIA နှင့် ESMP များ စီစဉ်ပြင်ဆင်ခြင်းအတွက် လမ်းညွှန်ချက်များကိုလည်းကောင်း ၊ ပူးတွဲ (၇-၉) တွင် ECoPs နှင့် ကျေးလက်လမ်းများ တည်ဆောက်ခြင်း၊ ကျောက်ကျင်းများ တူးဖော်ခြင်းနှင့် စီမံခန့်ခွဲမှု၊ ၂ညစ် အကြေး/စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စသည့်လုပ်ငန်းများအတွက် ထပ်ဆောင်းအရင်းအမြစ်များကို လည်းကောင်း ဖော်ပြထားပါသည်။ ဤစီမံကိန်းအနေဖြင့် အမျိုးအစား B စီမံကိန်းများကိုသာပံ့ပိုးရန် မျှော်မှန်းထားပြီး အမျိုးအစား A စီမံကိန်းများကို စီမံကိန်းဘဏ္ဍာရေးပံ့ပိုးမှုမှချန်လှပ်ပါမည်။ (အချို့သောအသေးစိတ်အပိုင်းများမှာ စစ်ဆေး စီစစ်ရေးပုံစံတွင် ပါဝင်ပါသည်။) FLERC ၏ ဦးတည်ချက်မှာ သဘာဝဘေးခံစားခဲ့ရသည့် ဧရိယာများ၏ဦးစားပေးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးရန်ဖြစ်ပြီး ၎င်းအနေဖြင့် လက်ရှိ တည်ရှိပြီးဖြစ်သည့် ကျေးလက်နှင့်တောင်တန်းဒေသလမ်းများ ပြန်လည်ထူထောင်ရေးနှင့် အပိုင်း/အကန့် အလိုက်ပိုမိုကောင်းမွန်စေရေး (Spot improvement)လုပ်ငန်းများကိုသာ ငွေကြေးပံ့ပိုးမည်ဖြစ်၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအနေဖြင့် လုပ်ငန်းနေရာအလိုက်နှင့် ပြန်လည် ကောင်းမွန်နိုင် သည့်အတိုင်းအတာမျိုးသာရှိနိုင်ပြီး အများအားဖြင့် လျော့ပါးသက်သာစေရေးအစီအစဉ်များမှာလည်း လွယ်လင့်တကူဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။ ဤစီမံကိနးအနေဖြင့် အခြေခံအဆောက်အအုံအသစ်များ (သို့) ကြီးမားသည့်ပြန်လည် ချိန်ညှိခြင်းများ (ကီလိုမီတာအချို့ရှည်လျားသော) (သို့) ပြန်လည်ထူထောင်ရေး အဆင့်ထက်ကျော်လွန်သော အခြားအစီအစဉ်တစုံတရာကိစ္စရပ်များအတွက် ဘဏ္ဍာရေးပံ့ပိုးမည်မဟုတ်ပါ။ စီမံကိန်းအနေဖြင့် အခြေခံအဆောက်အအုံသစ်များ (သို့) လုပ်ငန်းပမာဏကြီးမားသည့် လမ်းပြန်လည်ချိန်ညှိခြင်းများ (ကီလိုမီတာများစွာ) (သို့) ပြန်လည်ထူထောင်ရးလုပ်ငန်းထက်ကျော်လွန်သော အခြားအစီအစဉ်များ စသည်တို့အား ဘဏ္ဍာရေးပံ့ပိုးမည်မဟုတ်ပါ။

(၆၅) အကယ်၍ စစ်ဆေးစီစစ်မှု လုပ်ငန်းများအရ တိုင်းရင်းသားမဟုတ်သော လူနည်းစု အစုအဖွဲ့များအနေဖြင့် စီမံကိန်းအကျိုးကျေးဇူးများ ရရှိခံစားရန် သတ်မှတ်ချက်နှင့် ကိုက်ညီသော်လည်း အဆိုပါအကျိုးကျေးဇူးများမှ ချန်လှပ်ထားရှိခြင်း ခံရနိုင်သည့် အခြေအနေမျိုးရှိကြောင်း တွေ့ရှိရပါက ESMP တွင် စီမံကိန်း အကျိုးကျေးဇူးများအား ရရှိခံစားနိုင်ရေး ၎င်းတို့အတွက်မျှတသည့် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ကြပ်မပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအဆင့်ဆင့် ပါဝင်ရပါမည်။

## (၆၆) အဆင့် (၃) - ဘေးကင်းလုံခြုံရေးဆိုင်ရာစစ်ဆေးစီစစ်မှုအားကမ္ဘာ့ဘဏ်မှသုံးသပ်ခြင်း

အကောင်အထည်ဖော်ရေးအေဂျင်စီများသည် ပူးတွဲ(၄) တွင် သတ်မှတ်ဖော်ပြထားပြီး လုပ်ငန်းလမ်းညွှန်တွင် ပါဝင်ပါသည့် သတ်မှတ်ထားသည့်ပုံစံအတိုင်း စီမံကိန်း တစ်ခုချင်းအလိုက် ဘေးကင်းလုံခြုံရေး ဆိုင်ရာစစ်ဆေးစီစစ်မှုပုံစံ ကိုပြင်ဆင်ရမည်။ ၎င်းတွင် (က) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာအမျိုးအစားခွဲခြင်း၊ (ခ) သက်ဆိုင်ရာစီမံကိန်းခွဲအတွက် ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးရာ ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်- စသည်တို့ကိုအနှစ်ချုပ် ဖော်ပြရမည်။ အဆိုပါ ဘေးကင်းလုံခြုံရေးစစ်ဆေးစီစစ်မှုအနှစ်ချုပ်သည် အကောင် အထည်ဖော်ရေးအေဂျင်စီမှ ကမ္ဘာ့ဘဏ်သို့တင်ပြရမည့် စီမံကိန်းခွဲသတ်မှတ်ချက်များ (Package) ၏တစ်စိတ်တစ်ဒေသဖြစ်ပါမည်။ ကမ္ဘာ့ဘဏ်သည် ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးစီစစ်မှုပုံစံ နှင့် သဘာဝ ပတ်ဝန်းကျင်/လူမှုရေးရာအစီအစဉ် သတ်မှတ်ချက်TORတွင် အကောင်အထည်ဖော်ရေး အေဂျင်စီမှတင်ပြသည့် အချက်အလက်များအပေါ်အခြေခံ၍ စီမံကိန်းခွဲများ၏ ဘေးကင်း လုံခြုံရေးဆိုင်ရာ စစ်ဆေးစီစစ်မှု ကိုသုံးသပ်အတည်ပြုရမည်။ FLERP အနေဖြင့် အမျိုးအစား;(B) စီမံကိန်းများ ကိုသာပံ့ပိုးမည်ဟု မျှော်မှန်းထားသည်။ အခြားအမျိုးအစားနှင့် အမျိုးအစား (C) စီမံကိန်းများ၏စစ်ဆေးစီစစ်မှု သုံးသပ်ချက်များကို ကမ္ဘာ့ဘဏ်အနေဖြင့် စစ်ဆေးရေး ဆိုင်ရာကိရိယာများ၊ စာတမ်းရေးချယမှုများ၊ ဆီလျော်ကိုက်ညီမှု ရှိမရှိစစ်ဆေးနိုင်ရန် ရွေးချယ်ဆောင်ရွက် သည့်စနစ်အခြေခံဖြင့် ဆောင်ရွက်ပါမည်။

## (၆၇) အဆင့်(၄) ဘေးကင်းလုံခြုံရေးဆိုင်ရာအစီအစဉ်၊ သတ်မှတ်ချက်များအကြံပြုဆွေးနွေးခြင်းနှင့် အသိပေး ဖော်ပြခြင်းများဆောင်ရွက်ခြင်း

ဆောင်ရွက်ရမည့်ဘေးကင်းလုံခြုံရေး၊ အစီအစဉ်သတ်မှတ်ချက်အမျိုးအစားများနှင့် စစ်ဆေးမှုရလဒ်များကို ကမ္ဘာ့ဘဏ်မှသဘောတူညီပြီး၍ အစိုးရမှအတည်ပြုပြီးပါက စီမံကိန်းအကောင်အထည်ဖော်ရေးအေဂျင်စီများသည် သက်ဆိုင်ရာဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်များကို ပြင်ဆင်ဆောင်ရွက်ရမည်။ RAP နှင့် EMP များ ဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းများနှင့် အသေးစိတ်လုပ်ငန်းစဉ်များ (၎င်းတို့၏ပုံစံနမူနာများအပါအဝင်)ကို ဤ ESMF နှင့်တွဲထားသည့်ရွှေ့ပြောင်းနေရာချထားရေး မူဝါဒမူဘောင် RPF နှင့် တိုင်းရင်းသားလူနည်းစုများဆိုင်ရာ အစီအစဉ်မူဘောင် EMPF များတွင်ဖော်ပြထားပါသည်။ ESIA နှင့် ESMP များ စီစဉ်ပြင်ဆင်ခြင်း အတွက် လမ်းညွှန်ချက်များကို ပူးတွဲ (၃) တွင်

ဖော်ပြထားပါသည်။ ပူးတွဲ (၇-၉) တွင် ECoPs နှင့် ကျေးလက်လမ်းများ တည်ဆောက်ခြင်း၊ ကျောက်ကျင်းများ တူးဖော်ခြင်းနှင့် စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စသည်တို့အတွက် ထပ်ဆောင်းအရင်းအမြစ်များ ဖော်ပြပြီး လေလံစာရွက်စာတမ်းများ နှင့်/သို့ ကန်ထရိုက်စာချုပ်များတွင် ထည့်သွင်းပါဝင်သင့်ပါသည်။

(၆၈) ဘေးကင်းလုံခြုံရေးစာတမ်းများကို အကြံပြုဆွေးနွေးရန်နှင့် အလွယ်တကူသွားလာနိုင်သည့်နေရာများတွင် အချိန်မှီအရေးပါသည့် Stake holder များနားလည်နိုင်သည့်ပစ်ဘာသာစကားဖြင့် ၎င်းစာတမ်းများအပြီးသတ် ဆောင်ရွက်ခြင်းမတိုင်မှီ အသိပေးဖော်ပြရမည်။ စီမံကိန်းသက်ရောက်မှုခံရသောပုဂ္ဂိုလ်များအနေဖြင့် အကြံပြု ဆွေးနွေးပွဲမတိုင်မှီ စာရွက်စာတမ်းမူကြမ်းများအလွယ်တကူနှင့် အချိန်လုံလောက်စွာရရှိနိုင်စေရန် အလေးထား ဆောင်ရွက်ရမည်။

(၆၉) ဇယား(၂)တွင်မျှော်မှန်းထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမျိုးအစားခွဲခြားခြင်း၊ ဆောင်ရွက်ရမည့် ဘေးကင်းလုံခြုံရေးဆိုင်ရာအစီအစဉ်သတ်မှတ်ချက်များ၊ မည်သည့်နေရာများတွင် သက်ဆိုင်ရာလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်မည်။ မည်သည့်အေဂျင်စီများမှအကောင်အထည်ဖော်ရေးအတွက် တာဝန်ယူ ဆောင်ရွက်မည် စသည့်အချက်များအနှစ်ချုပ်ကို ဖြည့်ဆည်းထားပါသည်။ အရေးကြီးသည့်အချက်တစ်ခုမှာ ဤ ESMFသည် စီမံကိန်း တစ်ခုလုံးနှင့် သက်ဆိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုအလားအလာများ၊ အကြီးဝင် သည့်မူဝါဒများ၊ စီမံကိန်းခွဲအမျိုးအစားနှင့် လူမှုရေးရာ/သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြင်ဆင်ရမည့်အစီအစဉ် သတ်မှတ်ချက်များစသည်တို့အတွက် စီမံကိန်း အပိုင်းများအားလုံးတွင် စစ်ဆေးစိစစ်ခြင်းကို ဆောင်ရွက်ရမည်။

**ဇယား (၂) ဘေးကင်းလုံခြုံရေးဆိုင်ရာအမျိုးအစားခွဲခြားခြင်းအလားအလာ**

**စီမံကိန်းခွဲ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာအစီအစဉ်သတ်မှတ်ချက်များ၊ တည်နေရာနှင့် စီမံကိန်း အပိုင်းမှ ဆောင်ရွက်မည့်အကောင်အထည်ဖော်ရေးအစီအစဉ်များ**

| စီမံကိန်းအမျိုးအစား | အလားအလာရှိသော စီမံကိန်း | အလားအာ လာရှိသော စီမံကိန်းခွဲ EI | အလားအာ လာရှိသော စီမံကိန်းခွဲ SI | တည်နေရာ | အလားအာ လာရှိသော စီမံကိန်းအကောင် အထည်ဖော်ရေးအ စီအစဉ်များ |
|---|---|---|---|---|---|
| စီမံကိန်းအပိုင်း(၁)ရာသီဥ တုဒဏ်ခံနိုင်သော အမျိုးသားအဆင့်အခြေခံ | B | ESIA, ESMP, , ECoP နှင့်/သို့ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပြည်သူလူထု | RAP (သို့) အနှစ်ချုပ် RAP; SA; EMP | ကလေး-ဟားခါးစကြိုနရိယာ(ချင်းပြ ည်နယ်) | MoC |

| | | | | | |
|---|---|---|---|---|---|
| အဆောက်အအုံများပြန်လည်ထူထောင်ခြင်း | | ကျန်းမာရေးနှင့် လုံခြုံမှုရှိရေး လမ်းညွှန်ချက် | | ၄- ငသိုင်းချောင်း (ရခိုင်ပြည်နယ်) | |
| စီမံကိန်းအပိုင်း(၂) ကျေးလက်လမ်းများပြန်လည်ထူထောင်ခြင်းနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပံ့ပိုးခြင်း | B | ESMP, ECoP, နှင့်/သို့ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပြည်သူလူထု ကျန်းမာရေးနှင့် လုံခြုံမှုရှိရေး လမ်းညွှန်ချက် | RAP (သို့) အနှစ်ချုပ် RAP; SA; EMP | ဧရာဝတီ စစ်ကိုင်း မကွေး၊ ရန်ကုန်နှင့် ပဲခူး | MLFRD (DRD) |


(၇၀) **အဆင့် (၅) - အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့မှ ဘေးကင်းလုံခြုံရေးဆိုင်ရာအစီအစဉ်/သတ်မှတ်ချက်များကို လေ့လာသုံးသပ်ခွင့်ပြုခြင်း။** အကောင်အထည်ဖော်ရေးအေဂျင်စီများသည် အဆင့်(၆)အရ ဆောင်ရွက်ပြင် ဆင်ထားသည့် ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်မူကြမ်းကို လေ့လာသုံးသပ်၊ အကြံပြုမှတ်ချက် ပေးနိုင်ရန် ကမ္ဘာ့ဘဏ်သို့ တင်ပြရမည်။ ကမ္ဘာ့ဘဏ်မှ သက်ဆိုင်ရာဘေးကင်း လုံခြုံရေးအစီအစဉ်/ သတ်မှတ်ချက်နှင့်ပတ်သက်၍ ခွင့်ပြုချက်မရ ရှိမှီ စီမံကိန်းလုပ်ငန်းများစတင်ခြင်းမပြုရပါ။

(၇၁) **အဆင့် (၆) - ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်/သတ်မှတ်ချက်များအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် လေ့လာစစ်ဆေးအကဲဖြတ်ခြင်း။** စီမံကိန်းအပိုင်း(၁)အတွက် MDC သည် ဘေးကင်းလုံခြုံရေးဆိုင်ရာ ရှုထောင့်များအပါအဝင် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများအတွက် တာဝန်ယူရပါမည်။ စီမံကိန်းအပိုင်း(၂) အတွက် MLFRD မှ DRD သည် ဘေးကင်းလုံခြုံရေးအပါအဝင် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများအတွက် တာဝန်ရှိပါသည်။ အသေးစိတ်အနေဖြင့် CIU များသည် ECoP (လိုအပ်ပါက EMP)၊ ဆန္ဒအလျှောက် လှူဒါန်းမှုပုံစံ၊ RAP အပြည့်အစုံ/အနှစ်ချုပ် (သင့်တော်သလို) စသည်တို့အပါအဝင် ဤ ESMF တွင်ဖော်ပြထားသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များအရ ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်/သတ် မတ်ချက်များပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို တာဝန်ယူရပါမည်။ သက်ဆိုင်ရာ အကောင်အထည်ဖော်ရေးအေဂျင်စီများသည် RAP (သို့) အနှစ်ချုပ် RAP ဆောင်ရွက်မှုမတိုင်မီ (သို့) သက်ရောက်မှုခံရသည့်မိသားစုများမှ ဆန္ဒအလျှောက် လှူဒါန်းမှုပုံစံတွင် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ အကောင်အထည်ဖော်ရေးအေဂျင်စီမှသုံးသပ်၊ အတည်ပြုမှုမတိုင်မီ သက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်များထံမှ ရုပ်ပိုင်းဆိုင်ရာ မြေယာသိမ်းဆည်းခြင်း (သို့) ရွှေ့ပြောင်းနေရာချထားခြင်း များစတင်ဆောင်ရွက်ခြင်းမရှိကြောင်း သေချာစေရန်ဆောင်ရွက်ရမည်။

## ၁၀။ အဖွဲ့အစည်းဆိုင်ရာအစီအမံများ

၇၂။ ပုံ(၂)တွင်ဖော်ပြထားသည့်စီမံကိန်းအတွက် အဖွဲ့အစည်း ဖွဲ့စည်းပုံဇယားသည် သက်ဆိုင်ရာဝန်ကြီးဌာန (၃)ခု (MOC, MOF, MLFRD) မှ အကြီးအကဲများဖြင့်ဆွေးနွေးချက်များအပေါ် အခြေခံပြီး အောက်ပါအတိုင်း သဘောတူညီသော အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်ကိုဖော်ပြထားပါသည်။

**ပုံ (၂) - ယေဘူယျအဖွဲ့အစည်းဆိုင်ရာနှင့် အကောင်အထည်ဖော်ရေးဖွဲ့စည်းပုံ**




(၇၃) **စီမံကန်းကွပ်ကဲရေးကော်မတီ။** (အဆိုပြုအဖွဲ့အစည်းဆိုင်ရာအစီအမံများ၏ဗဟိုအစိတ်အပိုင်းအနေဖြင့် လက်ရှိ အမျိုးအသားအဆင့်ပြန်လည်ထူထောင်ရေးညှိနှိုင်းကော်မတီ (RCC) မှ စီမံကိန်းကွပ်ကဲရေးကော်မတီ (SC) အတွက် အဓိကအခြေပြုဆောင်ရွက်ပါမည်။) ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် RTC ကိုဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများမှ အဖွဲ့ဝင်

၂၈ဦးပါဝင်ပါသည်။ လုပ်ငန်းတာဝန်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးဆောင် ရန်နှင့် ပြန်လည်ထူထောင်ရေးညှိနှိုင်းစင်တာကို စီမံခန့်ခွဲရန်ဖြစ်ပြီး ၎င်းမှအမျိုးအသားအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (MDMC) အတွက် လုပ်ငန်းဆိုင်ရာနှင့် သတင်းအချက်စီမံခန့်ခွဲရေးအထောက်အပံ့များ ဖြည့်ဆည်းပေးရန်ဖြစ်သည်။ RCC တွင်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ အဆိုပြုစီမံကိန်းအတွက် RCC ၏ဆပ်ကော်မတီတစ်ရပ်ဖြင့် (အဖွဲ့ဝင် ၆-၈ဦးအထိ) PDO ရရှိအောင်မြင်ရန် လမ်းညွှန်ချက်များနှင့် ဗျူဟာမြောက်ကြီးကြပ် ကွပ်ကဲမှုများ ဖြည့်ဆည်းပေးရန်ဖြစ်ပြီး အခြားသက်ဆိုင်ရာ အစီအစဉ်များ နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံကိန်းအကောင် အထည်ဖော်မှုများကို အခိကအညွှန်းကိန်း များဖြင့်လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းဆပ်ကော်မတီတွင်ဥက္ကဋ္ဌမှာ MOC ဖြစ်သည်။

(၇၄) **စီမံကိန်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း။** အဆိုပြုသည့်လွှမ်းခြုံညှိနှိုင်းဆောင်ရွက်ရေးနှင့် စီမံ ခန့်ခွဲရေး အေဂျင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန (MOC) ဖြစ်သည်။ MOC သည် စီမံကိန်းအတွင်းရေးမှူးရုံး အဖွဲ့ထားရှိ၍ စီမံကိန်းအေဂျင်စီများအကြားညှိနှိုင်းရေးလုပ်ငန်းများကိုဆောင်ရွက်ရမည်။ စီမံကိန်းအတွင်းရေးမှူးရုံး သည် MOC ၏အမြဲတမ်းအတွင်းဝန်ထံသို့ အစီရင်ခံရမည်။ ၎င်းကိုစီမံကိန်းညှိနှိုင်းရေးမှူးမှ ဦးဆောင်ရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုပံ့ပိုးရေးယူနစ် (PISU) မှ ပံ့ပိုးကူညီရမည်။ စီမံကိန်းအတွင်းရေးမှူးရုံးအဖွဲ့သည် MLFRD နှင့် MOF တို့မှ အခြားအကောင်အထည်ဖော်ရေးယူနစ်များနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။ ထို့အပြင် ၎င်းသည် ကွပ်ကဲရေးကော်မတီနှင့် စီမံကိန်းလွှမ်းခြုံစီမံခန့်ခွဲရေးယူနစ်များအတွက် အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ရမည်။ လွှမ်းခြုံစီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေနှင့်ပတ်သက်၍ ၆လတစ်ကြိမ်အစီရင်ခံစာကို PISU ၏ပံ့ပိုးမှုဖြင့် စီမံကိန်းအတွင်းရေးမှူးရုံးမှပြင်ဆင်ရမည်။ အဆိုပါအစီရင်ခံစာ ပြင်ဆင်ရန် အချက်အလက် များကို စီမံကိန်းအပိုင်းများအောက်ရှိ စီမံကိန်းအပိုင်း အကောင်အထည်ဖော်ရေး ယူနစ်များမှ ပံ့ပိုးပေးရမည်။

(၇၅) **စီမံကိန်းအကောင်အထည်ဖော်မှုပံ့ပိုးရေးအဖွဲ့ (PISU) (or) (PISR) -** စီမံကိန်းအနေဖြင့် နိုင်ငံတကာ အကြံပေး၊ ပညာရှင်အနည်းငယ်၏ ပံ့ပိုးမှုဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၏လက်ရှိအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်/ယူနစ်များမှတဆင့်ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် MOC နှင့် DRD တို့အား ပံ့ပိုးနိုင်ရန် စီမံကိန်းအကောင်အထည်ဖော်မှုပံ့ပိုးရေးအဖွဲ့ကိုဖွဲ့စည်းရမည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းပမာဏကြောင ထပ်ဆောင်းအလုပ်တာဝန်များအတွက် လူသားအရင်းအမြစ်ထပ်မံလိုအပ်ပါက အမျိုးသား အဆင့်လစာနှုန်းထားများနှင့်ကိုက်ညီစွာဖြင့် ကာလတိုအမျိုးသားအဆင့်ပညာရှင်များငှားရမ်းအသုံးပြုရမည်။ အဆိုပါ ပညာရှင်များသည် စီမံကိန်းအတွင်းရေးမှူးရုံး၏ လွှမ်းခြုံစီမံကိန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုများ၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းများနှင့်ပတ်သက်၍ MOC ကိုပံ့ပိုးရမည်ဖြစ်ပြီး CIU မှစီမံကိန်းအပိုင်း များအားလုံး အတွက်

ဆောင်ရွက်သည့် ဝယ်ယူဖြည့်ဆည်းရေးလုပ်ငန်းစဉ်များ၊ နေ့စဉ်အကောင်အထည်ဖော်ခြင်းနှင့် ဘဏ္ဍာရေးရာ အစီရင်ခံခြင်းများအတွက် ပံ့ပိုးမှုများအပါအဝင် စီမံကိန်းအပိုင်းများ အားလုံး၏အကောင် အထည်ဖော်ခြင်းအတွက် စီမံကိန်း စီမံခန့်ခွဲမှုအထောက်အပံ့၊ M & E၊ ဘေးကင်းလုံခြုံရေး၊ ဘဏ္ဍာရေးရာ ဝယ်ယူဖြည့်ဆည်းရေး၊ ကန်ထရိုက်စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု)နှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်းရမည်။ CIU သည ပြည်နယ်နှင့်မြို့နယ်အဆင့်များတွင် လိုအပ်ချက်အလိုက် မကြာခဏ အကောင်အထည် ဖော်မှုပံ့ပိုးရေးမစ်ရှင်များဆောင်ရွက်ရပါမည်။

(၇၆) PISU တွင် (၁) စီမံကိန်းညှိနှိုင်းရေးမှူးနှင့် အကောင်အထည်ဖော်ရေးအေဂျင်စီများကိုပံ့ပိုးရန် နိုင်ငံတကာ အကောင်အထည်ဖော်ရေးပညာရှင်တစ်ဦး (PISU မန်နေဂျာ)၊ (၂) အတွေ့အကြုံရှိသည့် နိုင်ငံတကာဝယ်ယူ ဖြည့်ဆည်းရေးအကြံပေးတစ်ဦး၊ (၃)စီမံကိန်းစာရင်းကိုင်တစ်ဦး၊ (၄) လေ့လာစစ်ဆေးအကဲဖြတ်ပညာရှင်များနှင့် နိုင်ငံ တကာဘေးကင်းလုံခြုံရေးပညာရှင်တဦးတို့ပါဝင်ပါမည်။ အဆိုပါနိုင်ငံတကာပညာရှင်များကို စီမံကိန်းဘဏ္ဍာရေးရာ အရပြိုင်ဆိုင်မှုအခြေခံဖြင့်ခန့်အပ်၍ နိုင်ငံတကာမိတ်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းအစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် ကမ္ဘာ့ဘဏ်လုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ အသိပညာမျှဝေနိုင်ရန် လုပ်ငန်းခွင် သင်တန်းများဆောင်ရွက်ခြင်း၊ စသည်တို့ကို ဆောင်ရွက်ရမည်။ ကာလလယ်လေ့လာသုံးသပ်ချက်တွင် အဆိုပါ လက်တွေ့လုပ်ငန်းစွမ်းရည်မြှင့်တင်မှုနည်းလမ်းများအကဲဖြတ်ချက်ကို စစ်ဆေးပါမည်။

(၇၇) **စီမံကိန်းအပိုင်း (၁) အကောင်အထည်ဖော်ခြင်း။** ယင်းကို MOC မှအကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပြီး ၎င်းမှစီမံကိန်းစာရွက်စာတမ်းများနှင့် လုပ်ငန်းများအတွက် အပြီးသတ်အတည်ပြုချက် ဖြည့်ဆည်းပေး ရမည်ဖြစ်၍ ယင်းတွင် (၁) နှစ်စဉ်ဘတ်ဂျက်အစီအစဉ်၊ (၂) အကောင်အထည်ဖော်ရေးနှင့် ဝယ်ယူဖြည့် ဆည်းရေးအစီအစဉ်၊ (၃ ) တင်ဒါစာရွက်စာတမ်းများ၊ (၄) တင်ဒါအကဲဖြတ်အစီရင်ခံစာများစသည်တို့ပါဝင်သည်။ MOC သည် ၎င်းကိုယ်စား စီမံကိန်းအပိုင်းအကောင်အထည်ဖော်ရန် စီမံကိန်းအပိုင်း အကောင် အထည်ဖော်ရေးယူနစ် (CIU) ကို ဖွဲ့စည်းရမည်။ အဖွဲ့အစည်းဆိုင်ရာတာဝန်များအကျဉ်းချုပ်ကို ဇယား(၃) တွင်ဖော်ပြထားသည်။

**ဇယား (၃) စီမံကိန်းအပိုင်း (၁)အတွက် အဖွဲ့အစည်းဆိုင်ရာတာဝန်များအကျဉ်းချုပ်**

| **အေဂျင်စီ** | **သက်ဆိုင်ရာအစီရင်ခံခြင်း** | **တာဝန်များ** |
|---|---|---|
| ပြန်လည်ထူထောင်ရေးညှိနှိုင်းကော်မတီ (RCC) | သမ္မတရုံး | - ပြန်လည်ထူထောင်ရေးနည်းလမ်းများကို ဆောင်ရွက်စစ်ဆေးခြင်း<br>- ပြန်လည်ထူထောင်ရေး ညှိနှိုင်းစင်တာ ဆောင်ရွက်ခြင်း |

| | | |
|---|---|---|
| | | -စီမံကိန်း stakeholder များကို နည်းဗျူဟာ လမ်းညွှန်ချက်များ ထောက်ပံ့ပေးခြင်း |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန (MOC) | RCC | -လွှမ်းခြုံစီမံကိန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှု<br>-စီမံကိန်း (၁) အား ကောင်အထည်ဖော်ခြင်း<br>-နှစ်စဉ်ဘတ်ဂျက်အစီအစဉ်အတည်ပြုခြင်း<br>-ဝယ်ယူဖြည့် ဆည်းရေးအစီအစဉ် အတည်ပြုခြင်း<br>- တင်ဒါစာရွက်စာတမ်းများ နှင့် တင်ဒါအကဲဖြတ်အစီရင်ခံစာများ အတည်ပြုခြင်း<br>-ကန်ထရိုက်ဈေးနှုန်း ၁၅% ထက်ကျော်လွန်သော စုပေါင်း ကန်ထရိုက်အပြောင်းအလဲပမာဏကို အတည်ပြုခြင်း |
| စီမံကိန်းအတွင်း ရေးမှူး | RCC/ MOC | -စီမံကိန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှု<br>-စီမံကိန်းအေဂျင်စီများအကြား ညှိနှိုင်းရေးတာဝန်များဆောင်ရွက်ပေးခြင်း<br>- GoM နှင့် WBG အတွက် လွှမ်းခြုံစီမံကိန်းအကောင်အထည်ဖော်ခြင်းအခြေအနေနှင့် ပတ်သတ်၍ နှစ်ဝက်အစီရင်ခံစာ ပြင်ဆင်ခြင်း<br>- ကာလလယ် သုံးသပ်ချက်အစီရင်ခံစာပြင်ဆင်ခြင်း |
| စီမံကိန်းအပိုင်း အကောင်အထည်ဖော်ရေး ယူနစ် (CIU) | MOC | -အကောင်အထည်ဖော်ရေးအေဂျင်စီ<br>-လိုအပ်သောစာရွက်စာတမ်းများကို MOC မှထောက်ခံပေးရန် ပြင်ဆင်တင်ပြခြင်း<br>-တင်ဒါစာရွက်စာတမ်းများ နှင့် တင်ဒါအကဲဖြတ်အစီရင်ခံစာများ  ပြင်ဆင်ခြင်း<br>-ဝယ်ယူဖြည့် ဆည်းရေးအစီအစဉ် ဆောင်ရွက်ခြင်း<br>-ကန်ထရိုက်တာများ /အကြံပေးအရာရှိများနှင့် စာချုပ်ချုပ်ဆိုခြင်း<br>-ကန်ထရိုက်တာများ /အကြံပေးအရာရှိများကို လစာပေးခြင်း<br>- ကန်ထရိုက်ဈေးနှုန်း ၁၅% ထက်ကျော်လွန်သော စုပေါင်း ကန်ထရိုက်အပြောင်းအလဲပမာဏကို အတည်ပြုခြင်း<br>-အခါအားလျော်စွာ စီမံကိန်းအပိုင်း အကောင်အထည်ဖော်ရေး အခြေအနေအစီရင်ခံစာကို ပြင်ဆင်၍  MOC နှင့် Bankသို့ ပို့ခြင်း<br>-CIU အားလိုအပ်သလို ထောက်ပံ့ပေးခြင်း |
| CIU ပြည်နယ်ရုံး | CIU | -ကီစ္စရပ်ပေါ်ပေါက်ပါက ဒေသခံပြည်နယ် အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း<br>-CIU/ MOC သို့ဖြေရှင်းချက်အားအဆိုတင်သွင်းခြင်း<br>-လုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုနှစ်ခုစလုံးမှ နေ့ စဉ်စာချုပ်စာတမ်းနှင့် ပတ်သတ်သော စီမံခန့်ခွဲမှုများဆောင်ရွက်ခြင်း |

| | | |
|---|---|---|
| | | - CIU သို့လစာပေးရန် လုပ်ငန်းပြီးစီးသော ပမာဏကို အသိအမှတ်ပြုခြင်း<br>-စာချုပ်များပြောင်းလဲပြင်ဆင်ရန် တောင်းဆိုခြင်းများ ပြင်ဆင်ပေးခြင်း<br>-လစဉ်တိုးတက်မှု အစီရင်ခံစာများပြင်ဆင်ခြင်းနှင့် CIU သို့ပို့ပေးခြင်း |

**(၇၈) စီမံကိန်းအပိုင်း (၂) အကောင်အထည်ဖော်ခြင်း။** ယင်းကိုမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန(MIFRD) ရ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) မှအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး MLFRD သည် ၎င်းကိုယ်စားစီမံကိန်းအပိုင်းခွဲများ အကောင်အထည်ဖော်ရန် DRD အတွင်း CIU ဖွဲ့စည်းရမည်။ DRD, CIU ကိုလမ်းတံတားဦးစီးဌာန ညွှန်ကြားရေးမှူးမှ ဦးဆောင်ရမည်ဖြစ်ပြီး ၎င်းသည်စီမံကိန်းအပိုင်းခွဲလုပ်ငန်း များအားလုံးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်းလုံခြုံမှုများကိုက်ညီစွာရှိရေး၊ စီမံကိန်းအပိုင်းခွဲ စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်း၊ ဝယ်ယူဖြည့်ဆည်းရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ လေ့လာစစ်ဆေးအကဲဖြတ်ခြင်းစသည်တို့ကို တာဝန်ယူရမည်။ CIU ဝန်ထမ်းများသည် (၁) နည်းပညာဆိုင်ရာညှိနှိုင်း ဆောင်ရွက်ခြင်း (၂) ဘဏ္ဍာရေးစီမံခန့်ခွဲမှု (၃) ဝယ်ယူဖြည့်ဆည်းခြင်း (၄) လူမှုရေးရာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကိုက်ညီမှုရှိရေး (၅) လေ့လာစစ်ဆေးအကဲဖြတ်ခြင်း (၆) သင်တန်းများ၊ ဆက်သွယ်ရေးနှင့် ထိရောက်မှုရှိရေး (၇) ဘာသာပြန်ဆိုခြင်း (၈) စီမံခန့်ခွဲရေး/အတွင်းရေးမှူး လုပ်ငန်းပိုင်းဆိုင်ရာပံ့ပိုးမှုစသည့် ကိစ္စရပ် များကို ပံ့ပိုးကူညီရမည်။ CIU ရုံးသည် နေပြည်တော်တွင်တည်ရှိမည်ဖြစ်ပြီး ၎င်းအနေဖြင့် သဘောတူညီထားသော လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ အညွှန်းကိန်းများ၏ လုပ်ငန်း တိုးတက်မှုများကို လေ့လာစစ်ဆေးရန်နှင့် ကာလအလိုက် လုပ်ငန်းတိုးတက်မှုအခြေအနေ အစီရင်ခံစာကိုပြုစုရမည်။ CIU ပြည်နယ်ရုံး (CIUSO) ကို ညွှန်ကြားရေးမှူး တဦးမှဦးဆောင်၍ ပြည်နယ်တခုစီရှိ စီမံကိန်းနေရာများတွင် ဖွဲ့စည်းရမည်ဖြစ်ပြီး နေ့စဉ် ကန်ထရိုက်လုပ်ငန်းစီမံခန့်ခွဲမှု၊ အစီရင်ခံတင်ပြခြင်း၊ ဒေသဆိုင်ရာ ပြည်နယ် CIU နှင့် အဆင့်မြင့် စီမံခန့်ခွဲမှုများဖြင့်ညှိနှိုင်းဆောင်ရွက်ခြင်းများကို ကြီးကြပ်ရမည်။

**(၇၉) စီမံကိန်းအပိုင်း (၃)** ကို MOF မှအကောင်အထည်ဖော်ပါမည်။ စီမံကိန်းအပိုင်းခွဲ (၃.၁) IDA အတွက်ကူညီပံ့ပိုးခြင်းအနေဖြင့် မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲပြုစု၍ ကမ္ဘာ့ဘဏ်မှ အတည်ပြုသည့် IDA, IRM အရသတ်မှတ်သည့် အကောင်အထည်ဖော်ရေးအစီအမံများ၊ ၂၀၁၅ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများအတွက် ဖြေရှင်းဆောင်ရွက်ရန် IDA, IRM လုပ်ငန်းဆောင်ရွက်နိုင်ရန် ရေးဆွဲသည့် အရေးပေါ် အခြေအနေ ဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးအစီအစဉ် (CERIP) စသည်တို့ကို လိုက်နာဆောင်ရွက်ရမည်။ စီမံကိန်းအပိုင်းခွဲ (၃.၂)အတွက် ဆိုးရွားသည့် သဘာဝနှင့် လူသားတို့ဖန်တီးလုပ်ဆောင်မှုများကြောင့်ဖြစ်သော ဘေးအန္တရာယ်ကာလနောက်ပိုင်းနှင့် အစိုးရမှ အမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်အဖြစ် အတည်ပြုကြေငြာပြီး နောက်ပိုင်း MOF မှတဆင့် အစိုးရသည် အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်မှု (သို့)ပြန်လည်ထူထောင် မှုစရိတ်များ တစိတ်တဒေသကာမိ/အကြိုးဝင် စေရန် (IDA,

IRM အရအသုံးပြုရန် (သို့) သီးခြားစီမံကိန်းအရေးပေါ် အခြေအနေ ဖြေရှင်းဆောင်ရွက်မှုအရ အသုံးပြုရန်) စီမံကိန်းရန်ပုံငွေများကို ဤစီမံကိန်းအပိုင်းသို့ ပြန်လည်ခွဲချထားရန် ကမ္ဘာ့ဘဏ်ထံသို့ ပန်ကြားရန် ဖြစ်နိုင်ပါသည်။


**(၈၀) ဘေးကင်းလုံခြုံရေးဆိုင်ရာ ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း။** ၎င်းကိုစီမံကိန်းအပိုင်း (၁) အတွက် MOC လက်အောက်ရှိ CIU တခုစီမှလည်းကောင်း၊ စီမံကိန်းအပိုင်း(၂)အတွက် DRD CIU မှ လည်းကောင်း ဆောင်ရွက်ရပါမည်။ CIU တခုချင်းစီအနေဖြင့် လုံလောက်သောဝန်ထမ်းအရေအတွက်နှင့် စီမံကိန်းခွဲများ၏ အတိုင်းအတာ/စစ်ဆေးစီစစ်မှုနှင့် သဘာဝပတ်ဝန်းကျင်/လူမှုရေးရာ အစီအစဉ်/သတ်မှတ်ချက်များ စီစဉ်ပြင်ဆင်ခြင်းများ အပါအဝင် ESMF အရ ဖော်ပြထားသည့်တာဝန်များကို ထမ်းဆောင်ရန် လုံလောက်အရည်အသွေးများပါဝင်သည့် ရွေးချယ် သတ်မှတ်ထားသော ဘေးကင်းလုံခြုံရေးအဖွဲ့ ထားရှိရပါမည်။ CIU မှ အဆိုပါလုပ်ငန်းနှင့်စပ်လျဉ်း၍ ၎င်းတို့အား ပံ့ပိုးကူညီရန် အရည်အသွေးပြည့်ဝသော သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုရေးရာပညာရှင်များခန့်အပ်တာဝန်ပေးရမည်။ ထို့ပြင် ဒေသဆိုင်ရာအစိုးရဝန်ထမ်းများကိုလည်း နှစ်ဝက်ကာလအလိုက်အခြေခံဖြင့် နိုင်ငံတကာ ဘေးကင်းလုံခြုံရေး အကြံပေး/ပညာရှင်တဦး (လုပ်ငန်းဆောင်ရွက်မှု ပံပိုးရေးအဖွဲ့ လက်အောက်တွင်)မှ ၎င်းတို့၏ ဘေးကင်းလုံခြုံရေး အကောင်အထည်ဖေါ်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သတ်၍ ပံ့ပိုးကူညီပေးနိုင်ရန်လည်း မျှော်မှန်းထားပါသည်။ ၎င်းအနေဖြင့် စစ်ဆေးစီစစ်ခြင်း၊ အတိုင်းအတာသတ်မှတ်ခြင်း၊ ကန်ထရိုက်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဘေးကင်းလုံခြုံရေး အကောင်အထည်ဖော်မှုများ နှင့် ပြည့်စုံလုံလောက်သော ဘေးကင်းလုံခြုံမှု အကောင်အထည်ဖေါ်ရေး ကြပ်မပ်ဆောင်ရွက်နိုင်ရန် CIU၏ လုပ်ငန်း စွမ်းရည် အကဲဖြတ်စစ်ဆေးခြင်းနှင့် လုပ်ငန်း စွမ်းရည်မြှင့်တင်ရေး အစီအစဉ်ဒီဇိုင်း ရေးဆွဲခြင်းကို လေ့လာစစ်ဆေးခြင်းစသည့်လုပ်ငန်းများတွင် စီမံကိန်းအပိုင်း ဘေးကင်း လုံခြုံရေးအဖွဲ့များကို လမ်းညွှန်ကြီး ကြပ်ရပါမည်။

## ၁၁။ စီမံကိန်းလေ့လာစစ်ဆေးခြင်းနှင့် နစ်နာမှုဆိုင်ရာလုပ်ငန်းစဉ် (GRM)

(၈၁) နစ်နာမှုများဖြေရှင်းရေးလုပ်ငန်းစဉ် (GRM) ကို လုပ်ငန်းထိရောက်လည်ပတ်မှုမတိုင်ခင် PMU မှဆောင်ရက် ရမည်ဖြစ်ပြီး လုံလောက်သောအရင်းအမြစ်များရှင်းလင်းသည့်တာဝန်ဝတ္တရားအခန်းကဏ္ဍများ၊ လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်များအပါအဝင်ဖြစ်သည်။ GRM ၏ဦးတည်ချက်မှာ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများ၏ပန်ကြားမှုများ နှင့် / သို့ တိုင်ကြားချက်များကို လက်ခံ ဖြေရှင်းဆောင်ရွက်ရန်ဖြစ်သည်။ ဖြစ်နိုင်ပါက GRM အနေဖြင့် ကျေးရွာကော်မတီ/မြို့နယ်အဆင့်များရှိ လက်ရှိဒေသဆိုင်ရာအဖွဲ့အစည်းများအပေါ် အခြေခံပါသည်။ - အမျိုးသားအဆင့်လူထုအခြေပြုဖွံ့ဖြိုးရေးစီမံကိန်း (မြန်မာ)အစီအစဉ်အောက်ရှိဖွဲ့စည်းထားသောလက်ရှိ GRM နှင့်ပတ်သက်၍အထူးအလေးထားဆောင်ရွက်ပါမည်။ GRM လုပ်ငန်းများ ဆောင်ရွက်ရန်သင့်တော်သည့် ဒေသအဖွဲ့အစည်းမရှိသည့်အခြေအနေများတွင် လွတ်လပ်မှုရှိသောနစ်နာမှုများဖြေရှင်းရေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ပါမည်။ GRM လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်မှုနှင့်အသုံးပြုနိုင်မှုတို့

အဆင်ပြေချောမွေ့စေရန် ဆက်သွယ်ရေးအစီအစဉ်တစ်ရပ်ကိုလည်း ဆောင်ရွက်ရပါမည်။ အများပြည်သူကြားနားမှု များ (သို့) ပြည်သူများမှ အကြံပြုမှတ်ချက်ပေးနိုင်သော ICT Platform စသည့်နည်းလမ်းများဖြင့် ပြည်သူများမှ တည်ဆောက်ရေးလုပ်ငန်းစဉ်များအပေါ် လေ့လာစစ်ဆေးအကဲဖြတ်နိုင်ရန် နည်းလမ်းများကိုလည်း စီစဉ်ဆောင်ရွက် ပါမည်။ ၎င်းအနေဖြင့် ပုံ(၃)တွင်ဖော်ပြထားသည့်အတိုင်း GRM ၏အဓိကအခြေခံသဘောတရားများအပေါ် အခြေခံပါသည်။

**ပုံ (၃) GRM ၏အခြေခံသဘောတရားများ**




သတင်းအရင်းအမြစ်။ ကမ္ဘာ့ဘဏ်အကြံပြုမှတ်ချက်ဆိုင်ရာကိစ္စရပ်များ - ကမ္ဘာ့ဘဏ်မှငွေကြေးပံ့ပိုးသည့် စီမံကိန်း များအတွက် ထိရောက်သောနစ်နာမှုများဖြေရှင်းရေးလုပ်ငန်းစဉ် ဒီဇိုင်းပုံစံရေးဆွဲခြင်း။

(၈၂) စီမံကိန်းခွဲအလိုက်အသေးစိတ်ဘေးကင်းလုံခြုံရေးအစီအစဉ်သတ်မှတ်ချက်များ (ဥပမာ - ESMP, RAP, EMP)တွင် အသေးစိတ် GRM ကိုဖော်ပြပါမည်။ အောက်ဖော်ပြချက်များသည် စီမံကိန်းအဆင့်တွင် နစ်နာမှုများ ဖြေရှင်းဆောင်ရွက်ရန်အသုံးပြုနိုင်သည့်အခြေခံလုပ်ငန်းစဉ်များဖြစ်သည်။

**(က) ကျေးရွာ/မြို့နယ်အဆင့် (အဆင့် (၁))**။ ကနဦးအဆင့်ဖြစ်သည့် ဒေသအဆင့်ကျေးရွာ (သို့) မြို့နယ်အဆင့် တွင် ပုဂ္ဂိုလ်တစ်ဦးဦးမှ စီမံကိန်း၏ရှုထောင့်တစ်ခုခုအပေါ် ကျေနပ်မှုမရှိခြင်းကြောင့် ဒေသကျေးရွာကော်မတီထံသို့ မကျေနပ်မှု/နစ်နာမှုကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ တိုင်ကြားနိုင်သည်။ အကယ်၍ အဆိုပါတိုင်ကြားမှုကို

လက်ခံရရှိပြီး (၁၅)ရက်အတွင်း တိုင်ကြားသည့် ပုဂ္ဂိုလ်နှင့် ကျေးရွာကော်မတီအကြား မဖြေရှင်းနိုင်ပါက ၎င်းကိစ္စရပ်ကို လုပ်ငန်းစဉ်ဒုတိယအဆင့် သို့တင်ပြရမည်။

**(ခ) ခရိုင်အဆင့် (အဆင့် (၂))။** အကယ်၍တိုင်ကြားသည့်ပုဂ္ဂိုလ်သည် ကနဦးအဆင့်ရလဒ်များကို ကျေနပ်မှု မရှိပါက ခရိုင်အဆင့် DRD (သို့) MOC ထံသို့ဆက်လက်တိုင်ကြားနိုင်သည်။ အကယ်၍ တိုင်ကြားသည့်ကိစ္စရပ်အား လက်ခံရရှိပြီးနောက် (၁၅)ရက်အတွင်းတိုင်ကြားသူနှင့် ခရိုင် DRD (သို့) MOC အကြားမဖြေရှင်းနိုင်ပါက ၎င်းကိစ္စရပ်ကိုလုပ်ငန်းစဉ်တတိယအဆင့်သို့ ဆက်လက်တင်ပြနိုင်သည်။

**(ဂ) CIU /ပြည်ထောင်စုအဆင့် (အဆင့် (၃))။** အကယ်၍တိုင်ကြားသူသည် ခရိုင် DRD (သို့) MOC ၏ သုံးသပ်ဖြေရှင်းမှုကိုမကျေနပ်ပါက ၎င်းကိစ္စရပ်ကိုသက်ဆိုင်ရာ CIU ထံသို့လွှဲအပ်ရမည်။ အကယ်၍ တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် ရက်ပေါင်း (၂၀)အတွင်းတိုင်ကြားသူနှင့် CIU အကြားမဖြေရှင်းနိုင်ပါက တိုင်ကြားသူသည် လုပ်ငန်းစဉ်စတုတ္ထအဆင့်သို့ ဆက်လက်တင်ပြ ဆောင်ရွက်နိုင်သည်။

**(ဃ) PISU / ကွပ်ကဲရေးကော်မတီအဆင့် (အဆင့် (၃))။** အကယ်၍တိုင်ကြားသူသည် သက်ဆိုင်ရာ CIU ၏သုံးသပ်ဖြေရှင်းမှုအပေါ် ကျေနပ်မှုမရှိပါက ၎င်းကိစ္စရပ်ကို PISU ကွပ်ကဲရေးကော်မတီနှင့် ကမ္ဘာ့ဘဏ်များသို့ လွှဲအပ်တင်ပြနိုင်သည်။ အကယ်၍တိုင်ကြားချက်ကို လက်ခံရရှိပြီးနောက် ရက်ပေါင်း (၂၀)အတွင်း တိုင်ကြားသူနှင့် အဆိုပါအဖွဲ့အစည်းများကြား ပြီးပြတ်ဖြေရှင်းနိုင်ခြင်းမရှိပါက တိုင်ကြားသူအနေဖြင့် GOM ၏ဥပဒေစည်းမျဉ်းစည်းကမ်းများအတိုင်း ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၈၃) GRM နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အစည်းအဝေးများ၊ လက်ကမ်းစာစောင်များမှ တဆင့် မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာများ (လိုအပ်သလို)ဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးဖော်ပြ ရန် ရည်ရွယ်ပါသည်။ အသေးစိတ်အားဖြင့် တိုင်ကြားချက်များ ၊နစ်နာမှုများအား မည်သို့နှင့် မည်သည့်နေရာများသို့ တင်ပြနိုင်ကြောင်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးရပါမည်။ အကယ်၍ကျေးရွာပြည်သူများအနေဖြင့် မေးခွန်းများ (သို့) တိုင်ကြားချက်/နစ်နာမှုတစ်စုံတစ်ရာရှိပါက အဆိုပါလုပ်ငန်းစဉ်မှတဆင့် ဖြေရှင်းမှု (သို့) ရှင်းလင်းမှုရယူနိုင်ကြောင်း ပြည်သူများကို တိုက်တွန်းရပါမည်။

(၈၄) အဆင့်များအားလုံးတွင် သက်ဆိုင်ရာနစ်နာမှုဖြေရှင်းရေးတာဝန်ခံကော်မတီ/အဖွဲ့အစည်းသည် ကျေးရွာပြည်သူများမှတင်ပြလာသည့် တိုင်ကြားမှု/နစ်နာမှုများနှင့် ဖြေရှင်းဆောင်ရွက်မှုများ၏ မှတ်တမ်းများကို စာဖြင့်ရေးသားသိမ်းဆည်းရမည်။ ၎င်းတို့အနေဖြင့် အဆိုပါတိုင်ကြားမှုနှင့် ဖြေရှင်းမှုများကို နစ်နာမှုဆိုင်ရာဖွဲ့စည်းပုံရှိ နောက်အဆင့်သို့ အသိပေးအကြောင်းကြားရမည်။

(၈၅) GRM လုပ်ငန်းများထိရောက်မှုနှင့်ပတ်သက်၍ ပုံမှန်လေ့လာစစ်ဆေးခြင်းများကို စီမံကိန်း M & E လုပ်ငန်းစဉ်နည်းလမ်းတွင် ထည့်သွင်းရပါမည်။ ပုံမှန် M & E လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါမေးခွန်း များပါဝင်ရမည်။

(က) စီမံကိန်းအနေဖြင့် နစ်နာမှုများဖြေရှင်းဆောင်ရွက်ခြင်းအတွက် စနစ်တကျနှင့် ရှင်းလင်း၍ ပွင့်လင်းမြင်သာ သော အဖွဲ့အစည်းအတွင်း (internal) လုပ်ငန်းစဉ်များ ရှိပါသလား။

(ခ) စီမံကိန်း၏နစ်နာမှုဖြေရှင်းရေးဆိုင်ရာ တာဝန်ခံအရာရှိများတွင် ဖြေရှင်းဆောင်ရွက်ရန် (သို့) ဖြေရှင်းမှု တောင်းဆိုရန် လုပပိုင်ခွင့်အာဏာရှိပါသလား။

(ဂ) နစ်နာမှုဖြေရှင်းရေးဆိုင်ရာ တာဝန်ခံအရာရှိများသည် နစ်နာမှုကိစ္စရပ်များအားလုံးအပေါ် ဖြေရှင်း ဆောင်ရွက်ရန် တာဝန်ရှိပါသလား။

(ဃ) စီမံကိန်းသက်ရောက်မှုခံရသည့် ပြည်သူများအနေဖြင့် ခြိမ်းခြောက်/အကျပ်ကိုင်မှုများအပေါ် စိုးရိမ် ထိတ်လန့်ရန်မလိုဘဲ နစ်နာမှုများကို တိုင်ကြားနိုင်သည်ဟု ထင်မြင်ယူဆကြပါသလား။

(င) စီမံကိန်းသက်ရောက်မှုခံရသည့် ပြည်သူများ/ အကျိုးခံစားခွင့် ရှိသူများအနေဖြင့် ဤ ESMF တွင် သတ်မှတ်ဖေါ်ပြသည့် နစ်နာကြေးအတွက် ခံစားရရှိပိုင်ခွင့်များ အပါအဝင် ၎င်းတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အပြည့်အဝ သိရှိနားလည်ကြပါသလား၊

(စ) စီမံကိန်းအကျိုးခံစားခွင့်ရသူများအနေဖြင့် ၎င်းတို့၏နစ်နာမှုများ တိုင်ကြားနိုင်ခွင့်နှင့် နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို ယေဘူယျသိရှိနားလည်ကြပါသလား။

(ဆ) နစ်နာမှုများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်း၊ ခြေရာခံခြင်းနှင့် လေ့လာစစ်ဆေးခြင်းများ အတွက် အဖွဲ့အစည်းအတွင်း လုပ်ငန်းစဉ်များ နေသားတကျရှိပါသလား။

(ဇ) လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ တင်ပြတိုင်းကြားသူများထံသို့ GRM မှသဘောထား မှတ်ချက် (စာဖြင့် (သို့) အခြားနည်းလမ်း)များ အချိန်နှင့်တပြေးညီဖြည့်ဆည်းပေးပါသလား။

(ဈ) အကယ်၍ ၎င်းတို့၏နစ်နာမှုများဖြေရှင်းဆောင်ရွက်သည့်နည်းလမ်းအပေါ် ကျေနပ်မှုမရှိပါက GRM အသုံးပြုသူများအနေဖြင့် ဆောင်ရွက်နိုင်သည့်အယူခံလုပ်ငန်းစဉ်ရှိပါသလား။

(၈၆) နစ်နာမှုဖြေရှင်းရေးဆိုင်ရာ လေ့လာစစ်ဆေးရေးအညွှန်းကိန်းများတွင် အောက်ပါတို့ပါဝင်နိုင်သည်။

(က) စာရင်းသွင်းမှတ်တမ်းတင်ထားသည့် နစ်နာမှုတိုင်ကြားချက်အရေအတွက်

(ခ) ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သော နစ်နာမှုများရာခိုင်နှုန်း

(ဂ) သတ်မှတ်အချိန်ကာလအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သော နစ်နာမှုများရာခိုင်နှုန်း

(ဃ) တိုင်ကြားချက်များဖြေရှင်းရန်လိုအပ်သော အချိန်ကာလ (နစ်နာမှုအမျိုးအစားပေါ်မူတည်၍ ကွဲပြားနိုင်)

(င) နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်နှင့် ဖြေရှင်းမှုများအပေါ် ကျေနပ်မှုရသည့်တိုင် တိုင်ကြားချက် ရာခိုင်နှုန်း

(စ) GRM ကို အသုံးပြုခဲ့သည့်စီမံကိန်းအကျိုးခံစားခွင့်ရှိသူများရာခိုင်နှုန်း

(၈၇) အထက်တွင်ဖော်ပြခဲ့သည့် စီမံကိန်းအဆင့်နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များအပြင် ကမ္ဘာ့ဘဏ်မှပံ့ပိုး သည့်စီမံကိန်းကြောင့် ၎င်းတို့အနေဖြင့် ဆိုးကျိုးသက်ရောက်ခံရသည်ဟုယူဆသောပြည်သူများနှင့် လူပုဂ္ဂိုလ်တစ်ဦး ချင်းအနေဖြင့် လက်ရှိစီမံကိန်းအဆင့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ (သို့) ကမ္ဘာ့ဘဏ်၏နစ်နာမှုဖြေရှင်းရေး ဝန်ဆောင်မှု (GRS)နှင့် စစ်ဆေးရေးအဖွဲ့များသို့လည်း တိုင်ကြားချက်များတင်ပြနိုင်သည်။ ကမ္ဘာ့ဘဏ်ထံသို့ စိုးရိမ် ပူပန်သည့်ကိစ္စရပ်များကို တိုက်ရိုက်တင်ပြပြီးနောက် မည်သည့်အချိန်မဆို တိုင်ကြားချက်များတင်ပြနိုင်ပြီး ကမ္ဘာ့ ဘဏ်၏စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် အခွင့်အလမ်းများရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ကော်ပရိတ် နစ်နာမှုဖြေရှင်းရေးဝန်ဆောင်မှု (GRS)သို့ တိုင်ကြားချက်များ၊ တင်ပြရန်နည်းလမ်းနှင့်ပတ်သက်သည့် အချက်အလက်များအတွက် www.worldbank.org တွင် လေ့လာနိုင်ပါသည်။ ကမ္ဘာ့ဘဏ်စစ်ဆေးရေးအဖွဲ့သ တိုင်ကြားချက်များတင်ပြရန် နည်းလမ်းနှင့်ပတ်သက်သည့်အချက်အလက်များကို ww. inspectionpanel.org တွင်လေ့လာနိုင်ပါသည်။

## ၁၂။ လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်

(၈၈) FLERP ၏ ဘေးကင်းလုံခြုံမှုအကောင်အထည်ဖော်ရေးအစီအမံများနှင့် လုပ်ငန်းစွမ်း ရည်မြှင့်တင် ခြင်းများကို အကောင်အထည်ဖော်ကာလအတွင်း ဆက်လက်ပုံစံရေးဆွဲမည်ဖြစ်ပြီး လက်ရှိလုပ်ငန်းစဉ်နှင့် အရည်အသွေးပေါ် မူတည်၍ ဆောင်ရွက်သွားမည်။

(၈၉) MOC အတွက် ဤ FLERP သည် ပထမဦးဆုံးကမ္ဘာ့ဘဏ်မှပံ့ပိုးသည့် စီမံကိန်းဖြစ်ပါသည်။ MOC အနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ငွေကြေးပံ့ပိုးသည့်စီမံကိန်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ် သည့် Jica, UNDPတို့နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံနှင့် လုပ်ငန်းစွမ်းရည်များရှိပါသည်။ ADB မှ ပံ့ပိုးသည့်စီမံကိန်းအတွက် MOC တွင် ယခင်ကဖွဲ့စည်းခဲ့သည့် စီမံကိန်း စီမံခန့်ခွဲမှုယနစ်နှင့် ဘေးကင်းလုံခြုံ မှုအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုများလည်း ဆောင်ရွက်ခဲ့သည်။

(၉၀) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MLFRD) လက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD) သည် ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်စီမံကိန်းများ စီမံခန့်ခွဲခြင်း ဆင်ရာအတွေ့အကြုံအများဆုံးရှိခဲ့သည့် GOM ဌာနတစ်ခုဖြစ်ပါသည်။ လောလောဆယ်တွင် DRD သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှု အစုစုအနက် အကြီးဆုံးစီမံကိန်းများဖြစ်သည့် အမျိုးသားအဆင့် လူထုအခြေပြုဖွံ့ဖြိုးရေးစီမံကိန်း USD သန်း (၄၈၀)နှင့် အမျိုးသားလျှပ်စစ်ဓါတ်အားပေးရေး စီမံကိန်း၏ မဟာဓါတ်အားလိုင်းပြင်ပလျှပ်စစ်ဓါတ်အားပေးရေးစီမံကိန်း (USD သန်း(၉၀))များကို အကောင်အထည် ဖော်လျက်ရှိပါသည်။ DRDအနေဖြင့် ကျေးလက်အခြေခံအဆောက်အအုံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဘေးကင်းလုံခြုံရေးအစီအစဉ်သတ်မှတ်ချက်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လေ့လာစစ်ဆေးခြင်း စသည့်အတွေ့အကြုံများရှိပါသည်။

(၉၁) အထက်ပါအဖွဲ့အစည်းဆိုင်ရာ အစီအမံများအခန်းတွင်ဖော်ပြခဲ့သည့်အတိုင်း ဤ ESMF အကောင်အထည် ဖော်ခြင်းကို ပံ့ပိုးပေးရန် CIU တခုချင်းစီအနေဖြင့် နှစ်ဝက်လျှင်တကြိမ် နိုင်ငံတကာ ဘေးကင်းလုံခြုံရေးပညာရှင် တဦးကို ယှဉ်ပြိုင်မှုအခြေခံဖြင့် ခန့်အပ်တာဝန်ပေးမည်ဖြစ်သည်။ CIUများတွင် အစိုးရဝန်ထမ်းများပါဝင်မှာ ဖြစ်ပြီး ၎င်းတို့၏ ဘေးကင်းလုံခြုံမှု အကောင်အထည်ဖေါ်ရေးလုပ်ငန်း တာဝန်များအား ပံ့ပိုးကူညီရန် အရည်အသွေးပြည့်ဝသော သဘာဝပတ်ဝန်းကျင်/လူမှုရေးရာကျွမ်းကျင်ပညာရှင်များနှင့် အကြံပေးပုဂ္ဂိုလ်များလည်း ပါဝင်ပါမည်။ လုပ်ငန်း ဆောင်ရွက်မှု ပံ့ပိုးရေးအဖွဲ့ လက်အောက်တွင် နိုင်ငံတကာ ဘေးကင်းလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တစ်ဦးသည် အမျိုးသားအဆင့်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်မျှော်မှန်းထားပြီး အစိုးရနှင့် ပညာရင်များမှ ဤ ESMF တွင် ပါဝင်သည့် လုပ်ငန်းများကို ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာဘေးကင်းလုံခြုံရေး ပညာရှင်သည် လုပ်ငန်းစွမ်းရည်အကဲဖြတ်စစ်ဆေးမှုနှင့် CIU အတွက် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ် ဒီဇိုင်း ရေးဆွဲပြုစုခြင်းများကို ဆောင်ရွက်ပါမည်။ လုပ်ငန်း စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်အနေဖြင့် နည်းစနစ်ကျနသော သင်တန်းအစီအစဉ်များသင်ကြားပြသခြင်း၊ သက်ဆိုင်ရာနည်းပညာပံ့ပိုးမှု၊ လက်တွေ့ဆောင်ရွက်ခြင်းမှ သင်ယူခြင်း သင်တန်းများနှင့် အခြားလုပ်ဆောင် မှုများပါဝင်နိုင်ပြီး ဤ ESMF တွင် ပါဝင်သည့် ကမ္ဘာ့ဘဏ်လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်မှုရှိဝေနိုင်ရန်ဖြစ်သည်။

## ၁၃။ ခန့်မှန်းကုန်ကျစရိတ်

(၉၂) ဇယား (၄)တွင် ESMF အကောင်အထည်ဖော်ခြင်းအတွက် အချို့သော ရည်ညွှန်းကုန်ကျစရိတ်များဖော်ပြ ထားပါသည်။

ဇယား (၄)    ESMF အကောင်အထည်ဖော်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်များ (အမေရိကန်ဒေါ်လာဖြင့်)

| | |
|---|---|
| **က။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကုန်ကျစရိတ်ကို အခြေခံသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ အစီအစဉ်/သတ်မှတ်ချက်များ** | |
| စီမံကိန်းအပိုင်း(၁) - ခန့်မှန်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၀၅ ၏ ၁ % | ၁၀၅၀၀၀၀ |
| စီမံကိန်းအပိုင်း(၂) - ခန့်မှန်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၇၀ ၏ ၁ % | ၇၀၀၀၀၀ |
| စုစုပေါင်း | ၁၇၅၀၀၀၀ |
| ခ။ အထူး **ဘေးကင်းလုံခြုံရေး ဝန်ထမ်း (အရာရှိ)** | |
| စီမံကိန်းအပိုင်း(၁) နိုင်ငံတကာ အကြံပေး (၅နှစ် တွင် ၆ လ) | ၉၆၀၀၀/နှစ် |
| စီမံကိန်းအပိုင်း(၂) နိုင်ငံတကာ အကြံပေး (၅နှစ် တွင် ၆ လ) | ၉၆၀၀၀/နှစ် |
| စုစုပေါင်း | ၉၆၀၀၀ |
| ဂ။ **သင်တန်းပေးခြင်း** | |
| ဘေးကင်းလုံခြုံရေးလုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း (ပထမနှစ်တွင် အလုပ်ရုံဆွေးနွေးပွဲ ၃ ကြိမ်) | ၅၀၀၀ အလုပ်ရုံဆွေးနွေးပွဲ |
| ဘေးကင်းလုံခြုံရေး ပြန်လည်လေ့ကျင့်ခြင်း (ကျန်ရှိသော ၄ နှစ်တွင် အလုပ်ရုံဆွေးနွေးပွဲ ၁ ကြိမ်) | ၅၀၀၀ အလုပ်ရုံဆွေးနွေးပွဲ |
| ဒေသခံဝန်ထမ်းများနှင့် ကန်ထရိုက်တာများ ကို အထူးလေ့ကျင့်သင်ကြားခြင်း (၁ နှစ် တွင် အလုပ်ရုံဆွေးနွေးပွဲ ၄ ကြိမ် ) | ၅၀၀၀ အလုပ်ရုံဆွေးနွေးပွဲ |
| စုစုပေါင်း | ၁၇၀၀၀၀ |
| ဖြစ်လာနိုင်သော အရေးပေါ်ကိစ္စ ၁၅% | ၄၃၂၀၀၀ |
| **စုစုပေါင်း** | **၃၃၁၂၀၀၀** |

## ၁၄။ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

(၉၃) ဤစီမံကိန်းအနေဖြင့် ဤ ESMF တွင်ဖော်ပြထားသည့်အတိုင်း စီမံကိန်း၏ဘေးကင်းလုံခြုံရေးဆိုင်ရာ ရှုထောင့်များနှင့်စပ်လျဉ်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ အသိပေးဖော်ပြခြင်း စသည့် လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်အဖွဲ့၏ ဘေးကင်းလုံခြုံရေး မူဝါဒများကို လိုက်နာရပါမည်။ ဤ စီမံကိန်းသည် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးပွဲများဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၎င်းမှာ စီမံကိန်းအကျိုးခံစားခွင့်ရှိသူများ အနေဖြင့် ဒီဇိုင်းပုံစံ (သို့) ၎င်းတို့၏နေထိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်သည့် အဆိုပြုစီမံကိန်းခွဲနှင့် ပတ်သက်၍ အကြံဉာဏ်နှင့် ဖြည့်စွက်ချက်များဖြည့်ဆည်းပေးနိုင်သည့် (two-way) လုပ်ငန်းစဉ်တရပ်ဖြစ်ပါသည်။ အဓိပ္ပါယ်ပြည့်ဝသောအကြံပြုဆွေးနွေးခြင်းများသည် စီမံကိန်းနှင့် စီမံကိန်းခွဲများ၏ သက်ဆိုင်ရာကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန် အစိုးရ၊ ပြည်သူ၊ NGOs များနှင့် အကောင်အထည်ဖော်ရေးအေဂျင်စီများအကြား တိုင်ပင်ဆွေးနွေးမှုများ တိုးတက်လာစေပါသည်။ အကြံပြုဆွေးနွေးခြင်းသည် ပုံမှန်ဆောင်ရွက်နေမည့်လုပ်ငန်းစဉ် ဖြစ်ပြီး စီမံကိန်းခွဲပြင်ဆင်ဆောင်ရွက်ခြင်းကာလတွင်သာမက အကောင်အထည်ဖော်ကာလများတွင်ပေါ ဆောင်ရွက် သွားပါမည်။ စီမံကိန်း၏ သက်ရောက်မှုခံရသည့် ပြည်သူများနှင့် အကြံပြုဆွေးနွေးခြင်းများကို ဤစီမံကိန်းပြင်ဆင်ရေး လုပ်ငန်းအစိတ်အပိုင်းတခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအကောင်အထည်ဖော်ကာလတလျှောက်လုံးတွင် လည်း ဆက်လက်ဆောင်ရွက်သွားပါမည်။

(၉၄) ဤစီမံကိန်းအနေဖြင့်ကမ္ဘာ့ဘဏ်၏ဘေးကင်းလုံခြုံရေးမူဝါဒများတွင်ပါဝင်သည့်အတိုင်းသဘာဝပတ်ဝန်းကျင် ဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု၊ ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက်အပါအဝင် စီမံကိန်း၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာရှုထောင့်များနှင့်ပတ်သက်၍ သတင်း အချက်အလက်များကို အများပြည်သူ သိရှိရယူနိုင်စေသည့်နည်းလမ်းများဖြင့် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကိုပံ့ပိုးသွားပါမည်။ စီမံကိန်းခွဲများအတွက် ဤ ESMF နှင့် လုပ်ငန်းနေရာအလိုက် အသေးစိတ်ဖြစ်သော ESIA, ESMP, RAP, EMP များကို အများပြည်သူသိရှိနိုင်စေရန် အသိပေးဖော်ပြပါသည်။ ဘေးကင်းလုံခြုံရေးဆိုင်ရာ စာရွက်စာတမ်းများကို အင်္ဂလိပ်/မြန်မာ (၂) ဘာသာဖြင့် အသိပေးဖေါ်ပြပြီးနောက် မြန်မာနိုင်ငံအစိုးရသည် ESMF မူကြမ်းနှင့် ပတ်သတ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် အများပြည်သူဆိုင်ရာ အကြံပြုဆွေးနွေးပွဲ (၃) ခုကို ကျင်းပဆောင်ရွက်ရပါမည်။

(၉၅) ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်များကို ပြည်သူများနှင့် စိတ်ပါဝင်စားသည့်အစုအဖွဲ့များ သိရှိ နိုင်စေရန် လုပ်ငန်းများမစတင်မီ အလွယ်တကူ သွားလာနိုင်သည့်နေရာများ (ဒေသအစိုးရအာဏာပိုင်များမှတဆင့် အပါအဝင်) (ဥပမာ - ကျေးရွာနှင့် ခရိုင်အဆင့် DRD နှင့် MOC ရုံးများ)တွင် အသိပေးဖော်ပြခြင်းများကို ဆောင်ရွက်သင့်ပါသည်။

အဆိုပါသတင်းအချက်အလက်များကို စီမံကိန်းသက်ရောက်မှုခံရသည့်ပြည်သူများ သိရှိ နားလည်နိုင်သောပုံစံ/နည်းလမ်း (လိုအပ်ပါက ဒေသခံဘာသာစကားများဖြင့်၄င်း) များဖြင့် အများပြည်သူသိရှိ နားလည်စေရန် ဆောင်ရွက်သင့်ပါသည်။ EMP (ဆောင်ရွက်ရသည့်အခြေအနေများတွင်)နှင့်ပတ်သက်၍လည်း သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများအတွက် အချက်အလက်များရယူသိရှိနိုင်မည့်နေရာ၊ နည်းလမ်းနှင့် ဘာသာစကားများ အသုံးပြု၍ အသိပေးဖော်ပြသင့်ပါသည်။

(၉၆) CIU များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှု အစီအစဉ်အပြောင်းအလဲများနှင့်ပတ်သက် ၍လည်း သက်ရောက်မှုခံရသည့်ပြည်သူများနှင့် အခြားသက်ဆိုင်ရာ Stakeholders များကို အသိပေးအကြောင်းကြား ရပါမည်။ CIU များသည် ဆက်သွယ်ရေးနည်းဗျူဟာအစီအစဉ်တွင်ပါဝင်သည့် အမျိုးမျိုးသောဆက်သွယ်ရေး ကိရိယာ/နည်းလမ်းများကို အသုံးပြုရမည်ဖြစ်ပြီး ယင်းတွင် Stakeholder များအကြား ဖြန့်ဝေရန် အသိပေးရုပ်ပုံ ကားချပ်/ဇယားများ၊ လက်ကမ်းစာစောင်များနှင့် မကြာခဏမေးလေ့ရှိသော မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက် များ စသည်တို့ပါဝင်နိုင်သည်။

(၉၇) အကြံပြုဆွေးနွေးပွဲများအတွင်း လက်ခံရရှိသည့် အကြံပြုမှတ်ချက်များကို ထည့်သွင်းစဉ်းစား၍ တစုံတရာ ပြင်ဆင်ထားသည့် ဘေးကင်းလုံခြုံရေးစာရွက်စာတမ်းများကို (က) နိုင်ငံအဆင့်နှင့် စီမံကိန်းသက်ရောက်မခံရသည့် အစုအဖွဲ့များ၊ ဒေသအဖွဲ့အစည်းများသွားလာသိရှိနိုင်သည့် အများပြည်သူသွားလာရာနေရာများတွင် ပြန်လည်အသိ ပေးဖော်ပြခြင်း (ခ) အတည်ပြုချက်ရယူနိုင်ရန် ကမ္ဘာ့ဘဏ်သို့ တရားဝင်တင်ပြခြင်း (ဂ) ကမ္ဘာ့ဘဏ်၏အများပြည်သူ ဆိုင်ရာ Infoshop တွင် အသိပေးဖော်ပြရန် တင်ပြခြင်း - စသည်တို့ကိုဆောင်ရွက်ရပါမည်။

## ၁၅။ အကောင်အထည်ဖော်ရေး အချိန်ဇယား

(၉၈) ဘေးကင်းလုံခြုံရေးကိစ္စရပ်များအတွက် အဆိုပြုသော အကောင်အထည်ဖော်ရေးအချိန်ဇယား အနှစ်ချုပ်ကို ဇယား (၅)တွင်ဖော်ပြထားပါသည်။

**ဇယား (၅) ဘေးကင်းလုံခြုံရေးကိစ္စရပ်များ အကောင်အထည်ဖော်ရေးအချိန်ဇယား**

| လုပ်ဆောင်မှုများ | တာဝန်ဝတ္တရားများ | အချိန်ကန့်သတ်ချက် |
|---|---|---|
| InfoShop တွင် ISDS အသိပေးဖေါ်ပြခြင်း | WB | ဆန်းစစ်သုံးသပ်ချက်မတိုင်မှီ (ဖေဖေါ်ဝါရီလကုန်ပိုင်းတွင် သုံးသပ်ချက်ရနိုင်) |
| အကောင်အထည်ဖေါ်ရေး အေဂျင်စီတွင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာတာဝန်ခံများသတ်မှတ်ခြင်း | MoC, DRD | ဖေဖေါ်ဝါရီ ၊ ၂၀၁၆ |
| ESMF/ EMPF/ RPF မူကြမ်း | MoC, DRD | ဖေဖေါ်ဝါရီ ၊ ၂၀၁၆ |
| ဒေသခံဘာသာစကားသို့ ဘာသာပြန်ဆိုထားသော ESMF / EMPF/ RPF မူကြမ်းနှင့် နိုင်ငံသုံးဖြင့် ဖေါ်ပြခြင်း | MoC, DRD | မတ်၊ ၂၀၁၆ |
| အကြံပြုဆွေးနွေးပွဲများ | MoC, DRD | မတ်၊ ၂၀၁၆ |
| WB မှ ပြန်လည်သုံးသပ်ထားသော ESMF/ EMPF/ RPF အပြီးသတ်ခြင်း နှင့် GoM သို့ အသိပေးဖေါ်ပြခြင်း နှင့် WB၏ InfoShop တွင်ဖေါ်ပြခြင်း | WB, MoC, DRD | ဧပြီ၊ ၂၀၁၆ |
| အကောင်အထည်ဖေါ် ထောက်ပံ့ရေး အေဂျင်စီ များသို့ ESMF/ EMPF/ RPF သင်တန်းများပေးခြင်း | MoC, DRD, WB | စီမံကိန်းစတင်ဆောင်ရွက်ခြင်း |

ပူးတွဲ (၁)    စီမံကိန်းရင်းနှီးမြုပ်နှံမှုများပြ မြန်မာနိုင်ငံမြေပုံ



**ပူးတွဲ (၂) - လူမှုရေးရာ ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးစီစစ်ခြင်းလုပ်ငန်းစဉ်များနှင့် ဘေးကင်းလုံခြုံရေး အစီအစဉ်/ သတ်မှတ်ချက်များ**

**(၁) လူမှုရေးရာသက်ရောက်မှုအတွက် စစ်ဆေးစီစစ်ခြင်းနှင့် ရွှေ့ပြောင်းနေရာချထားရေးဆိုင်ရာအစီအစဉ်/ သတ်မှတ်ချက်များ ဆောင်ရွက်ခြင်း**

စီမံကိန်းလုပ်ငန်းများကြောင့် ဆိုးကျိုးသက်ရောက်မှုခံရသည့်ပြည်သူများသည် ဆုံးရှုံးသွားသည့် ပိုင်ဆိုင်မှုများအတွက် အစားထိုးကုန်ကျစရိတ်နှင့်ညီမျှသည့် နစ်နာကြေးရရှိခံစားခွင့်ရှိသည်။ ဤစစ်ဆေး စီစစ်ခြင်းသည် အောက်ပါ ရလဒ်များကို ဖြစ်စေသည့်ဆန္ဒအလျှောက်မဟုတ်သော မြေယာသိမ်းယူခြင်းကြောင့် တိုက်ရိုက်ဖြစ်သော စီးပွားရေးနှင့် လူမှုရေးရာသက်ရောက်မှုများပေါ်ပေါက်ပါက ၎င်းတို့ကိုရှေးချယ်သတ်မှတ်နိုင်ရန် ရည်ရွယ်ပါသည်။

(က) နေရာရွှေ့ပြောင်းခြင်း (သို့) နေထိုင်ရာအဆောက်အအုံဆုံးရှုံးခြင်း

(ခ) ပိုင်ဆိုင်မှုများ (သို့) ပိုင်ဆိုင်မှုများအား အသုံးပြုနိုင်မှုဆုံးရှုံးခြင်း

(ဂ) ဝင်ငွေအရင်းအမြစ်များ(သို့) အသက်မွေးဝမ်းကြောင်းလုပ်ငန်း / နည်းလမ်းများဆုံးရှုံးခြင်း (သက်ရောက်မှုခံရသည့်ပုဂ္ဂိုလ်အနေဖြင့် အခြားတနေရာသို့ ရွှေ့ပြောင်းရသည်ဖြစ်စေ၊ မရွှေ့ပြောင်းရသည်ဖြစ်စေ)

(၂) ဘဏ္ဍာရေးရာအရင်းအမြစ်အား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နည်းပညာပံ့ပိုးကူညီမှု လုပ်ငန်းများ အပါအဝင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများအားလုံးအတွက် စစ်ဆေးစီစစ်ခြင်းကိုဆောင်ရွက်ပါမည်။ ထို့ပြင် ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးပံ့ပိုးမှုအတွက် အဆိုပြုသည့် စီမံကိန်းခွဲအတွက် GOM အနေဖြင့်ဆောင်ရွက်ထားပြီး ဖြစ်နိုင်သောကြိုတင် ပြင်ဆင်မှုလုပ်ငန်းများဖြစ်သော်လည်း ကမ္ဘာ့ဘဏ်၏ဆုံးဖြတ်ချက်အရ

(က) ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့်စီမံကိန်းနှင့် တိုက်ရိုက်၊ သိသာစွာဆက်နွယ်မှုရှိသော

(ခ) စီမံကိန်းစာရွက်စာတမ်းများတွင် သတ်မှတ်ထားသည့် ဦးတည်ချက်များဖြည့်ဆည်းရန် လိုအပ်သော

(ဂ) စီမံကိန်းနှင့် တပြိုင်နက်တည်းဆောင်ရွက်ရန် (သို့) ဆောင်ရွက်ရန်စီစဉ်ထားသော လုပ်ငန်းများ အပါအဝင် ဆန္ဒအလျှောက်မဟုတ်သည့် ရွှေ့ပြောင်းနေရာချထားမှုကို ဖြစ်စေနိုင်သော အခြားလုပ်ငန်းဆောင်ရွက်မှု များအတွက်လည်း ၎င်းကိုဆောင်ရွက်ပါမည်။

(၃) ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအကောင်အထည်ဖော်စဉ်အတွင်း စစ်ဆေးစီစစ်ရေးလုပ်ငန်းစဉ် အရအထက်ဖော်ပြပါသက်ရောက်မှုများဖြစ်နိုင်သည် (သို့) ဖြစ်ပြီးဖြစ်နိုင်သည်ဟု တွေ့ရရပါက သက်ဆိုင်ရာအကောင်အထည်ဖော်ရေး အေဂျင်စီသည် သက်ရောက်မှုခံရသည့်ပြည်သမျှားအား အသေးစိတ် စာရင်းပြုစုရန် စစ်တမ်းကောက်ယူမှု ဆောင်ရွက်ရမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် နည်းလမ်းပုံစံဖြင့် သက်ရောက်မှုခံရသည့် မိသားစုတခုချင်းအတွက် ဖြစ်ပေါ်နိုင်သော (သို့) ဖြစ်ပေါ်ပြီး ဖြစ်နိုင်သော သက်ရောက်မှု၏အတိုင်းအတာ၊ ပမာဏကို အကဲဖြတ် စစ်ဆေးရပါမည်။ သက်ရောက်မှုဆိုင်ရာ အကဲဖြတ် စစ်ဆေးမှုရလဒ်များအပေါ်အခြေခံ၍ ပိုင်ဆိုင်မှုများနှင့် အနာဂတ် ဝင်ငွေလမ်းကြောင်းဆုံးရှုံးခြင်းများကို အနည်းဆုံးသို့ လျှော့ချနိုင်စေရန် ရင်းနှီးမြှုပ်နှံမှု ဒီဇိုင်းပုံစံများကို ချိန်ညှိရပါ မည်။

(၄) စစ်တမ်းကောက်ယူမှုနှင့် လူမှုရေးရာသက်ရောက်မှု အကဲဖြတ်စစ်ဆေးမှုရလဒ်များကိုအခြေခံ၍ အကောင်အထည်ဖော်ရေးအေဂျင်စီသည် သက်ရောက်မှုခံရသည့်ပြည်သူများအတွက် အသက်မွေးကြောင်းလုပ်ငန်းများကို အနည်းဆုံး စီမံကိန်းမစတင်မီအခြေအနေရှိ အဆင့်ပမာဏအတိုင်း ပြန်လည်ရရှိစေရန် ကူညီနိုင်မည့်အစီအစဉ်များ ဖြည့်ဆည်းနိုင်မည့် ရွှေ့ပြောင်းနေရာချထားရေးလုပ်ငန်းအစီအစဉ် (RAP)တရပ် ရေးဆွဲဆောင်ရွက်ရမည်။ အကယ်၍ သက်ရောက်မှုခံရသည့်ပြည်သူအရေအတွက်မှာ (၂၀၀)ဦးထက်လျော့နည်းပါက အကျဉ်းချုပ် RAP ဆောင်ရွက်ရ မည်။ အောက်ပါအစုအဖွဲ့များသည် RAP (သို့)အကျဉ်းချုပ် RAP တွင်အကြုံးဝင်ပါမည်။

(က) မြေယာနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်/အသုံးပြုခွင့်ရှိသူများ (နိုင်ငံ၏ဥပဒေများအရ အသိအမှတ်ပြုထားသည့် ဓလေ့ထုံးတမ်း အစဉ်အလာအရ အခွင့်အရေးရှိသူများ)

(ခ) စစ်တမ်းကောက်ယူသည့်အချိန်တွင် တရားဝင်မြေယာပိုင်ဆိုင်/အသုံးပြုခွင့်မရှိသော်လည်း အဆိုပါ မြေယာ/ပိုင်ဆိုင်မှုအပေါ် နိုင်ငံ၏ဥပဒေများအရ အသိအမှတ်ပြုသည့်အရေးဆိုခွင့်ရှိသူများ (သို့) ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ်တွင် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အရ အသိအမှတ်ပြုခံရသည့် အရေးဆိုခွင့်ရှိသူ များ

(ဂ) ၎င်းတို့နေရာယူထားသည့် မြေယာနှင့်ပတ်သက်၍ အသိအမှတ်ပြုနိုင်သော တရားဝင် ပိုင်ဆိုင်/အသုံးပြုခွင့် (သို့) အရေးဆိုခွင့် မရှိသူများ

စသည်တို့ဖြစ်ပါသည်။

(၅) အကယ်၍ စစ်ဆေးစီစစ်ခြင်းအရ MOM မှ ဆောင်ရွက်သည့် ပြင်ဆင်ရေးလုပ်ငန်းများကာလအတွင်း ပုဂ္ဂလိကပိုင်မြေ/ပိုင်ဆိုင်မှုတစုံတရာဆုံးရှုံးခြင်း (သို့) အထက်တွင်ဖော်ပြခဲ့သည့် အခြားသက်ရောက်မှုတစုံတရာ ပေါ်ပေါက်ကြောင်းတွေ့ရှိရပါက ထိန်းကြောင်းတည့်မတ်ရေးလုပ်ငန်းအစီအစဉ် (PP) ကိုဆောင်ရွက်ရမည်။ ယင်းသို့ ကိစ္စရပ်မျိုးတွင် အကောင်အထည်ဖော်ရေးအေဂျင်စီသည် လမ်းညွှန်ချက်များအလိုက် ကမ္ဘာ့ဘဏ်သို့ လျှင်မြန်စွာ အကြောင်းကြားရပါမည်။

(၆) အကြံပြုဆွေးနွေးပွဲများ၊ အချက်အလက်အသပေးဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် မာတိကာဇယား များအပါအဝင် အကျဉ်းချုပ် RAP နှင့် ရာနှုန်းပြည့် RAP များဆောင်ရွက်ပြင်ဆင်ရေးအတွက် အသေးစိတ်လုပ်ငန်း စဉ်နှင့် လုပ်ထုံးလုပ်နည်းများသည် စီမံကိန်းလုပ်ငန်းလမ်းညွှန်တွင် ပါဝင်ရမည်ဖြစ်ပြီး RAP တရပ်တွင် အနည်းဆုံး အနေဖြင့် အောက်ပါတို့ပါဝင်ရပါမည်။

(က) စီမံကိန်း ဦးတည်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုဖော်ပြချက်

(ခ) အလားအလာရှိသောသက်ရောက်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများအနည်းဆုံးသို့ လျှော့ချရေး လုပ်ငန်းစဉ်

(ဂ) သက်ရောက်မှုခံရသည့်ပြည်သူများ၏ ဝိသေသလက္ခဏာရပ်များ (၄င်းတို့အနက် ချို့တဲ့နွမ်းပါး သူများနှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များအပါအဝင်)

(ဃ) ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာအခြေခံမူဘောင်

(င) သတ်မှတ်ချက်ဘောင်ဝင်မှုဆိုင်ရာ အကဲဖြတ်စံသတ်မှတ်ချက်များ

(စ) ဆုံးရှုံးမှုများအတွက် အစားထိုးစရိတ်နှင့် ညီမျှသည့် နစ်နာကြေးနှင့် တန်ဖိုးသတမှတ်ခြင်း

(ဆ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်ကောင်းမွန်ရေး (သို့) မူလ အခြေအနေသို့ပြန်လည်ရောက်ရှိစေရေးအစီအစဉ်များ

(ဇ) အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ

(ဈ) အကြံပြုဆွေးနွေးပွဲနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအစီအစဉ်များ

(ည) အကောင်အထည်ဖော်ရေးအချိန်ဇယား

(ဋ) နစ်နာမှုဆိုင်ရာလုပ်ငန်းစဉ်နှင့် လေ့လာစစ်ဆေးအကဲဖြတ်ခြင်း

(ဌ) ကုန်ကျစရိတ်နှင့် ဘတ်ဂျက်

(၇) အကျဉ်းချုပ် RAP တွင်အနည်းဆုံးအနေဖြင့် အောက်ပါတို့ပါဝင်နိုင်သည်။

(က) ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များနှင့်ပိုင်ဆိုင်မှုများတန်ဖိုးသတ်မှတ်ခြင်းအတက်စစ်တမ်းကောက်ယူခြင်း

(ခ) ဖြည့်ဆည်းပေးမည့်နစ်နာကြေးနှင့် အခြားရွှေ့ပြောင်းနေရာ ချထားရေး အကူအညီများ ဆိုင်ရာဖော်ပြချက်

(ဂ) လက်ခံနိုင်သောအခြားဆောင်ရွက်ရန်နည်းလမ်းများနှင့်ပတ်သက်၍ ရွှေ့ပြောင်းရသည့် ပြည်သူများနှင့် အကြံပြုဆွေးနွေးခြင်း

(ဃ) နစ်နာမှုများဖြေရှင်းဆောင်ရွက်ရေးအကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းစဉ်များအတွက် အဖွဲ့ အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ

(င) လေ့လာစစ်ဆေးရေးနှင့် အကောင်အထည်ဖော်ရေးများအတွက်အစီအစဉ်များ

(စ) အချိန်ဇယားနှင့် ဘတ်ဂျက်

(၈) အကယ်၍ အောက်ပါသဘောတူညီချက် စည်းမျဉ်းများအရဖြစ်ပါက စီမံကိန်းအနေဖြင့် စီမံကိန်းမှ အကျိုး အမြတ်ရရှိမည့် ဒေသခံပြည်သူများမှအစားထိုးစရိတ်နှင့် ညီမျှသည့်နစ်နာကြေးမပါဝင်ပဲ မြေနှင့် အခြားပုဂ္ဂလိက ပိုင်ဆိုင်မှုများလှူဒါန်းရန်ခွင့်ပြုနိုင်သည်။

(က) ဆန္ဒအလျှောက်လှူဒါန်းမှုများသည် သိရှိနားလည်၍ သဘောတူညီဆောင်ရွက်သည့် ကိစ္စရပ်မျိုးသာဖြစ်ရမည် ဖြစ်ပြီးသက်ရောက်ခံရသည့်ပုဂ္ဂိုလ်များအား မြေယာနှင့် အခြားပိုင်ဆိုင်မှုများ လှူဒါန်းရန် အတင်းအကျပ်ဖိအားပေးခြင်း (သို့) အကြပ်ကိုင်ခြင်း (သို့) ယင်းသို့ဆောင်ရွက်ရန် လှည့်မှားယုံကြည်စေခြင်းစသည်တို့ မဖြစ်စေရပါ။

(ခ) အကယ်၍ စီမံကိန်းခွဲအနေဖြင့် နည်းပညာအရ မူလစီစဉ်ထားသည့်နေရာမဟုတ်သော အခြားတစ်နေရာတွင်အကောင်အထည်ဖော်နိုင်သည့်အခြေအနေမျိုးဖြစ်မှသာလျှင် ဆန္ဒအလျှောက် လှူဒါန်းခြင်းကိုခွင့်ပြုသည်။ အကယ်၍ စီမံကိန်းလုပ်ငန်းခွဲသည် သဘောသဘာဝအရ နေရာ အတိအကျအသေးစိတ်အခြေအနေမျိုးဖြစ်ပါက အဆိုပါ စီမံကိန်းခွဲနှင့် ဆက်နွှယ်သည့် မြေယာသိမ်းယူမှုသည် ဆန္ဒအလျှောက်အဖြစ် မသတ်မှတ်နိုင်ပါ။ ၎င်းသည် နစ်နာကြေး ပေးရန်လိုအပ်သည့် အများပြည်သူအကျိုးစီးပွားအလို့ငှာ ပုဂ္ဂလိကပိုင်မြေယာရယူသည့်ကိစ္စရပ်မျိုးဖြစ်သည်။ အဆိုပါ ကိစ္စရပ်မျိုးတွင် အကျဉ်းချုပ် RAP (သို့) ရာနှုန်းပြည့် RAP တစ်ခုခုအား လိုအပ်သလိုဆောင်ရွက်ရမည်။

(ဂ) ဆန္ဒအလျှောက်လှူဒါန်းခြင်းကိုအောက်ပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အသေးအဖွဲ သက်ရောက်မှုမျိုး အတွက်သာခွင့်ပြုသည်။

(၁) မြေယာ (သို့) အခြားပိုင်ဆိုင်မှုများထည့်ဝင်သည့် မိသားစုများသည် အဆိုပါစီမံကိန်းခွဲ၏ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများဖြစ်ရမည်။

(၂) သက်ရောက်မှုခံရသည့် မိသားစုမှပိုင်ဆိုင်သည့် စုစုပေါင်းစိုက်ပျိုးမြေ ပမာဏသည် ၃၀၀၂ မီတာအထက်ရှိရမည်။

(၃) သက်ရောက်မှုသည် အဆိုပါမိသားစုပိုင်ဆိုင်သော စုစုပေါင်း ပိုင်ဆိုင်မှု၏ ၅% ထက် လျော့နည်းရမည်။

(၄) မည်သူမျှရုပ်ပိုင်းဆိုင်ရာရွှေ့ပြောင်းရခြင်းမျိုးမရှိစေရပါ။

(ဃ) သက်ရောက်မှုခံရသည့်ပြည်သူများအနေဖြင့် ၎င်းတို့သည် မြေယာလှူဒါန်းရန်ငြင်းပယ်၍ အစားထိုးစရိတ်နှင့် ညီမျှသော နစ်နာကြေးရယူခွင့်ရှိကြောင်းနှင့် ၎င်းတို့အနေဖြင့် လှူဒါန်းလိုခြင်းမရှိပါက ၎င်းတို့၏ဆန္ဒကိုနစ်နာကြေး ဆိုင်ရာလုပ်ငန်းစဉ်မှတဆင့်ဖော်ပြနိုင်ကြောင်း စသည်ဖြင့် အပြည့်အဝ သိရှိနားလည်ရပါမည်။

(င) စီမံကိန်းဝန်ထမ်းများအနေဖြင့် သက်ရောက်မှုခံရသည့် ပြည်သူများမှာ ၄င်းတို့အနေဖြင့် နစ်နာကြေးရယူခွင့်ရှိကြောင်း အမှန်တကယ်နားလည်သိရှိပြီး အဆိုပါနစ်နာကြေးမပါဝင်ပဲ မြေယာနှင့် အခြားပိုင်ဆိုင်မှုများလှူဒါန်းရန် သိရှိနားလည်စွာသဘောတူခြင်းဖြစ်ကြောင်း သေချာစေရန် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်း ဆောင်ရွက်ရမည်။ ဤ ESMF တွင်ပါဝင်သည့်ဆန္ဒအလျောက် လှူဒါန်းခြင်းအတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း အတည်ပြုချက်အပါအဝင် အဆိုပါ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းမှတ်ရာများကို သဘောတူလက်မှတ်ရေးထိုးထားသည့်ဆန္ဒ အလျှောက် လှူဒါန်းမှုပုံစံဖြင့် ပူးတွဲထားရှိရမည်။

(စ) သက်ရောက်မှုခံရသည့်ပြည်သူများ၏ သိရှိနားလည်း၍ သဘောတူညီကြောင်း စာဖြင့်ရေးသား အတည်ပြုချက် ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာအကောင်အထည်ဖော်ရေး အေဂျင်စီသည် ဆန္ဒအလျောက်လှူဒါန်းမှုပုံစံကိုဆောင်ရွက်ရမည်။ သက်ရောက်မှုခံရသည့် မိသားစုမှ အိမ်ထောင်ဦးစီး၊ ခင်ပွန်းနှင့်ဇနီး (၂)ဦးစလုံးသည် ရပ်ရွာပြည်သူများအား အနီးကပ်ပံ့ပိုးသူ (CF)နှင့် ကျေးရွာ အကောင်အထည်ဖော်ရေးကော်မတီတို့ရှေ့မှောက်တွင် အဆိုပါပုံစံကို လက်မှတ် ရေးထိုးရမည်။

(ဆ) သက်ဆိုင်ရာအကောင်အထည်ဖော်ရေးအေဂျင်စီသည် သဘောတူလက်မှတ်ရေးထိုးထားသည့် ဆန္ဒ အလျှောက် လှူဒါန်းမှုပုံစံကို သုံးသပ်အတည်ပြု၍ လက်မှတ်ရေးထိုးထားသည့်ဆန္ဒအလျှောက် လှူဒါန်းမှုပုံစံမူရင်းကို သက်ဆိုင်ရာအကောင်အထည်ဖော်ရေးအေဂျင်စီနှင့် ကမ္ဘာ့ဘဏ်တို့မှ သုံးသပ်စစ်ဆေးနိုင်ရန် သိမ်းဆည်းထားရမည်။ နောက်ထပ် လက်မှတ်ရေးထိုးထားသည့်မူရင်းစာတမ်းကို သက်ရောက်မှုခံရသည့်မိသားစုမှ သိမ်းဆည်းထားရမည်။

(ဇ) လက်မှတ်ရေးထိုးထားသည့်ဆန္ဒအလျောက် လှူဒါန်းမှုပုံစံများကို စီမံကိန်းအတွင်းရေးမှူးရုံးမှ အတည်ပြုပြီးမှသာ ဆန္ဒအလျောက်လှူဒါန်းမှုပါဝင်သည့် စီမံကိန်းခွဲအကောင်အထည်ဖော်ခြင်းကို စတင်ရမည်။

(၉) တိုင်းရင်းသားများဆိုင်ရာ စစ်ဆေးစစ်ခြင်း၊ လူမှုရေးရာအကဲဖြတ်ခြင်းနှင့် တိုင်းရင်းသားလူနည်းစုအစီ အစဉ်။ စီမံကိန်းခွဲ ဒီဇိုင်းပုံစံရေးဆွဲခြင်း ကနဦးအဆင့်တွင် အကောင်အထည်ဖော်ရေးအေဂျင်စီသည် ဘေးကင်း လုံခြုံရေးဆိုင်ရာပညာရှင်၏ပံ့ပိုးမှုဖြင့် သက်ဆိုင်ရာစီမံကိန်းခွဲ အကောင်အထည်ဖော်မည့် ဧရိယာများတွင တိုင်းရင်းသား လူနည်းစုများတည်ရှိခြင်း (သို့) ပေါင်းစည်းဆက်နွယ်မှုရှိခြင်း ရှိ/မရှိကို သတ်မှတ်ရပါမည်။ အောက်ပါဝိသေသ လက္ခဏာရပ်များအတိုင်းအတာ အနည်းအများပိုင်ဆိုင်/ရှိနိုင်သည့် လူမှုရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာအစုအဖွဲ့များကို ရွေးချယ်သတ်မှတ်ရမည်။

(က) သိသာကွဲပြားသော တိုင်းရင်းသား၊ ဘာသာ (သို့) ယဉ်ကျေးမှု အစုအဖွဲ့ဝင်များ အဖြစ် ကိုယ်ပိုင်စရိုက်လက္ခဏာရပ်များ

(ခ) စီမံကိန်းဧရိယာတွင် ပထဝီဝင်အရ သိသာထင်ရှားသည့်အသိုက်အမြုံ (သို့) ဘိုးဘေးအစဉ်အဆက် ပိုင်နက်နယ်မြေများဖြင့်လည်းကောင်း၊ အဆိုပါအသိုက်အမြုံနယ်မြေများရှိ သဘာဝအရင်းအမြစ်များဖြင့်လည်းကောင်း ပေါင်းစည်းဆက်နွယ်မှုရှိခြင်း။

(ဂ) အများစုလွှမ်းမိုးသည့် လူ့အဖွဲ့အစည်းယဉ်ကျေးမှုမှ သီးခြားဖြစ်သော ဓလေ့ထုံးတမ်းယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး (သို့) နိုင်ငံရေးအဖွဲ့အစည်းများ။

(ဃ) နိုင်ငံ (သို့) ဒေသ၏ရုံးသုံးဘာသာစကားနှင့် အများအားဖြင့် မတူညီသော ဒေသခံဘာသာစကား။

(၁၀) အကယ်၍သက်ဆိုင်ရာစီမံကိန်းခွဲသက်ရောက်မှုဧရိယာတွင် တိုင်းရင်းသားလူနည်းစုများတည်ရှိခြင်း (သို့) ပေါင်းစည်းဆက်နွယ်ခြင်းကိုတွေ့ရှိရပါက သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများအဖြစ် လွတ်လပ်၊ ကြိုတင်အသိပေးသော အကြံပြုဆွေးနွေးပွဲများပါဝင်သည့် ရှင်းလင်းသော လူမှုရေးရာအကဲဖြတ်ခြင်း (SA)ကို ဆောင်ရွက်ရမည်။ အဆိုပါ ဆန်းစစ်လေ့လာမှု၏ အကျယ်အဝန်းနှင့် အတိမ်အနက်တို့သည် တိုင်းရင်းသားလူနည်းစု များအပေါ် သက်ရောက်မှုအလားအလာ၏ သဘောသဘာဝနှင့် အတိုင်းအတာများနှင့် အချိုးကျပြီး SA အနေဖြင့် အောက်ပါတို့ လိုအပ်သလို ပါဝင်ရပါမည်။

(က) စီမံကိန်းနှင့်အချိုးကျသည့်အတိုင်းအတာဖြင့် တိုင်းရင်းသားလူနည်းစုများအတွက် ဆောင်ရွက် နိုင်မည့် ဥပဒေရေးရာနှင့်အဖွဲ့အစည်းဆိုင်ရာအခြေခံမူဘောင်သုံးသပ်ချက်။

(ခ) သက်ရောက်မှုခံရသော တိုင်းရင်းသားလူနည်းစုများ၏ လူဦးရေဆိုင်ရာ လူမှုရေးယဉ်ကျေးမှုနှင့် နိုင်ငံရေးဝိသေသလက္ခဏာရပ်များနှင့်ပတ်သက်၍သော်လည်းကောင်း၊ ၎င်းတို့အနေဖြင့် အစဉ် အလာအရ ပိုင်ဆိုင်သော (သို့) ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်/နေရာယူထားသော (သို့) ၎င်းတို့မှီခို သည့်သဘာဝအရင်းအမြစ်များရှိသော မြေယာ၊ ပိုင်နက်နယ်မြေများနှင့်ပတ်သက်၍လည်းကောင်း အခြေခံအချက်အလကများ။

(ဂ) တိုင်းရင်းသားလူနည်းစုများဖြင့် အကြံပြုဆွေးနွေးခြင်းအတွက် အရေးပါသည့် စီမံကိန်း Stake holder များနှင့် ယဉ်ကျေးမှုအရ ဆီလျော်သည့်အသေးစိတ်လုပ်ငန်းအစီအစဉ်။

(ဃ) စီမံကိန်း၏ကောင်းကျိုး၊ ဆိုးကျိုး၊ အလားအလာများနှင့်ပတ်သက်၍ သက်ရောက်မှုခံရသော တိုင်းရင်းသားလူနညးစုများဖြင့် လွတ်လပ်ကြိုတင်အသိပေးသော အကြံပြုဆွေးနွေးပွဲများအပေါ် အခြေခံသည့် အကဲဖြတ်စစ်ဆေးမှု။

(င) သက်ရောက်မှုခံရသည့်တိုင်းရင်းသားလူနည်းစုများအပေါ် ဆိုးကျိုးသက်ရောက်မှု အတွက် ရှောင်ရှားရန် (သို့) အနည်းဆုံးသို့လျှော့ချရန် (သို့) လျော့ပါးသက်သာစေရန် (သို့) နစ်နာကြေးပေးရန်အစီ အစဉ်များနှင့်

သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများဖြင့် လွတ်လပ်ကြိုတင်အသိပေးသော အကြံပြုဆွေးနွေးပွဲအပေါ် အခြေခံဆောင်ရွက်သည့် တိုင်းရင်းသားများယဉ်ကျေးမှုအရ ဆီလျော်သည့် အကျိုးကျေးဇူးရရှိရေးအစီအမံများ။

(၁၁) SAနှင့် လွတ်လပ်ကြိုတင်အသိပေးသောအကြံပြုဆွေးနွေးပွဲအပေါ် အခြေခံ၍ သက်ဆိုင်ရာအကောင်အထည်ဖော်ရေးအေဂျင်စီသည် တိုင်းရင်းသားလူနည်းစုအစီအစဉ် EMP ကို စီစဉ်ပြင်ဆင်ရမည်။ SA ဆောင်ရွက်ပြီး EMP ကို စီမံကိန်းခွဲအဆင့် (သို့) နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အတွက် ဆောင်ရွက်ရမည်။

# ပူးတွဲ (၃)

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်သတ်မှတ်ချက်များ

ပိုမိုသိမ်မွေ့ရှုပ်ထွေးမှုရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဆန်းစစ်လေ့လာမှု (ဥပမာ - ကျောက်ကျင်းများဖွင့်လှစ်လုပ်ကိုင်ခြင်းအပါအဝင် လမ်းများပြန်လည်ချိန်ညှိခြင်းနှင့် ဗျူဟာမြောက်ချဲ့ထွင်ခြင်းများ ပါဝင်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ)များပါဝင်သည့် စီမံကိန်းခွဲများအတွက် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုအကဲဖြတ်စစ်ဆေးခြင်း ( ESIA )ကို အသုံးပြုရပါမည်။ စီမံကိန်းခွဲများနှင့် ဆက်နွယ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုအသေးအဖွဲများအား ဖြေရှင်းဆောင်ရွက်ရန်မှာမူ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်များ ( ECoP )နှင့် လုံလောက်နိုင်ပါသည်။ ECoP ကို စီစဉ်ပြင်ဆင်ထားရှိပြီး လေလံစာရွက်စာတမ်းများနှင့်/(သို့) ကန်ထရိုက်စာချုပ်များတွင် ထည့်သွင်းပါဝင်စေပါမည်။ (ရည်ညွှန်း - ပူးတွဲ(၇))။ ထပ်မံ၍ အချက်အလက်ကောက်ယူမှုနှင့် ဆန်းစစ်လေ့လာမှုများဆောင်ရွက်ရန် မလိုအပ်သည့်ဆောက်လုပ်ဆိုင်ရာနှင့် လုပ်ငန်းတည်နေရာအလိုက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကိစ္စရပ်များအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုအစီအစဉ် (ESMP) ဖြင့် လုံလောက်ပါသည်။ စစ်ဆေးစီစစ်ရေးလုပ်ငနးများအရ စီမံကိန်းခွဲဧရိယာများတွင် ချို့တဲ့အားနည်းသည့် လူမှုအစုအဖွဲ့များ တည်ရှိကြောင်းတွေ့ရှိပါက ၎င်းတို့အနေဖြင့် စီမံကိန်းမှ အကျိုးကျေးဇူးများက သာတူညီမျှသည့် အခွင့်အလမ်းများဖြင့် ရရှိခံစားနိုင်စေရေး ကြပ်မပ် ဆောင်ရွက်ရန်အစီအစဉ်များလည်း ESMP တွင် ပါဝင်ရပါမည်။

### သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာအစိတ်အပိုင်းများ

စီမံကိန်းအလိုက် အသေးစိတ်ထပ်ဆောင်းအချက်အလက်များနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုအစီအစဉ် (ESMP) နှင့် / (သို့) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များ (ECoP) အရ ဖြည့်ဆည်းနိုင်ခြင်းမရှိ သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ၏ အတိုင်းအတာအပြည့်အဝအား ဆုံးဖြတ်ရန် ထပ်ဆောင်းဆန်းစစ်မှုများလိုအပ်သည့်အမျိုးအစား B စီမံကိန်း/စီမံကိန်းခွဲများအတွက် ESIA ကိုဆောင်ရွက်ရပါမည်။ ပိုမိုသိမ်မွေ့ရပ်ထွေးမှုရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဆန်းစစ်လေ့လာမှုများ (ဥပမာ-ကျောက် ကျင်းများနှင့် ဖွင့်လှစ်လုပ်ကိုင်ခြင်းအပါအဝင် လမ်းများပြန်လည်ချိန်ညှိခြင်း (သို့) ဗျူဟာ မြောက်ချဲ့ထွင်ခြင်း၊ တိုးချဲ့ခြင်းများ နှင့် စီမံကိန်းခွဲ ဧရိယာများတွင် စီမံကိန်းအကျိုးကျေးဇူးများမှ ချန်လှပ်ခံရနိုင်သည့် အခြေအနေရှိသော ချို့တဲ့အားနည်းသည့်

လူမှုအစုအဖွဲ့များတည်ရှိကြောင်း တွေ့ရှိရခြင်းများအပါအဝင် )ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့် စီမံကိန်းခွဲများအတွက် ESIA ကို အသုံးပြုရပါမည်။

**ဆုံးဖြတ်ချက်အခြေခံအချက်အလက်များ။** ။ ESIA အသုံးပြု၍ ထပ်ဆောင်းအချက်အလက်များနှင့် ဆန်းစစ်လေ့လာမှုများဆောင်ရွက်ရန်လိုအပ်မည့်စီမံကိန်းအလိုက် အသေးစိတ်ကိစ္စရပ်များ ရှိ/မရှိကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ကနဦးစစ်ဆေးစိစစ်မှုရလဒ်များမှ သိရှိရပါမည်။

**အဘယ်ကြောင့် ESMP (သို့) ECoP အသုံးမပြုနိုင်သနည်း။**

ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ဆက်နွယ်သည့် သက်ရောက်မှုများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် ECoP ဖြင့် ပြည့်စုံလုံလောက်နိုင်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းများနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ၊ ထပ်ဆောင်းအချက်အလက်နှင့် ဆန်းစစ်လေ့လာမှုများ မလိုအပ်သော လုပ်ငန်းတည်နေရာ အလိုက် အသေးစိတ်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကိစ္စရပ်များ အတွက် ESMP ဖြင့် ပြည့်စုံလုံလောက်ပါမည်။

အကန့်အသတ်ဖြင့်ဆောင်ရွက်သည့် ESIA ၏ အဆိုပြုအနှစ်ချုပ်ဖော်ပြချက်ကို အောက်တွင်ဖော်ပြထားပါသည်။

**ESIA အစီရင်ခံစာ အနှစ်ချုပ်**

(က) နိဒါန်း

(ခ) စီမံကိန်း / စီမံကိန်းခွဲအကြောင်းအရာ / ဖော်ပြချက်

(ဂ) မူဝါဒ၊ ဥပဒေရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံမူဘောင်သတ်မှတ်ချက်များ

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက်

(င) လေ့လာတွေ့ရှိသည့် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများ

(စ) အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ

(ဆ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုအစီအစဉ်

(ဇ) အများပြည်သူဆိုင်ရာ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

**(၁) နိဒါန်း** - ဤအပိုင်းအနေဖြင့် အောက်ပါတို့ပါဝင်ပါသည်။

- အကန့်အသတ်ဖြင့် ဆောင်ရွက်သည့် ESIA ရည်ရွယ်ချက် (အဓိကရည်ရွယ်ချက်မှာ ထပ်ဆောင်းသတင်းအချက်အလက်များကောက်ယူရန်နှင့် စီမံကိန်းအလိုက် အသေးစိတ်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ကိစ္စရပ်များ ထပ်ဆောင်းဆန်းစစ်လေ့လာရန်)
- ESIA လေ့လာမှုအတိုင်းအတာ (လေ့လာမှု၏ပမာဏနှင့်အထူးအစိတ်အပိုင်း/အင်္ဂါရပ်များ အပါအဝင်)

(၂) **စီမံကိန်း / စီမံကိန်းခွဲအကြောင်းအရာ/ဖော်ပြချက်** - စီမံကိန်းဖော်ပြချက်တွင်

- စီမံကိန်း၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဝိသေလက္ခဏာရပ်များ (စီမံကိန်းအတွက် အမျိုးအစားနှင့် လိုအပ်ချက် များ၊ စီမံကိန်းနယ်သတ်မျဉ်းများပြအသေးစိတ်တည်နေရာများ၊ စီမံကိန်းအခင်းအကျင်း၊ မြေပုံစသည်တို့ ဖော်ပြခြင်း)
- စီမံကိန်း၏ အထူးဝိသေသလက္ခဏာရပ်များနှင့် အခြားအထောက်အကူ ပံ့ပိုးအင်္ဂါရပ်များ၊ စီမံကိန်းနှင့် ဆက်နွယ်သည့် အလားအလာရှိသော ချိတ်ဆက်ဆောင်ရွက်မှုများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအရွယ် အစား (သို့) ပမာဏ
- တည်ဆောက်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုကာလများအတွင်း မြေယာလိုအပ်ချက်များ
- အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းများအတွက် အဆိုပြုအချိန်ဇယား

(သတင်းအချက်အလက်များကို လက်တွေ့ဆောင်ရွက်နိုင်မှု လေ့လာချက် (သို့) အင်ဂျင်နီယာပိုင်းဆိုင်ရာအစီရင်ခံစာများမှလည်းကောင်း၊ ဏ်ိုဏာဗီ (သို့) နောက်ခံအချက်အလကစာတမ်း (သို့) စီမံကိန်းကျောထောက်နောက်ခံ လေ့လာမှုများမှလည်းကောင်း ထုတ်နှုတ်ရယူနိုင်ပါသည်)

(၃) **မူဝါဒ၊ ဥပဒေရေးရာနှင့် စီမံခန့်ခွဲရေး အခြေခံမူဘောင်။** ။ ဤအပိုင်းအနေဖြင့် သက်ဆိုင်အကြုံးဝင် သည့် ကမ္ဘာ့ဘဏ်၏ဘေးကင်းလုံခြုံရေးမူဝါဒများအပြင် စီမံကိန်းပြင်ဆင်ခြင်းနှင့် စီမံအကောင်အထည်ဖော်ကာလ များအတွင်း ၎င်းနှင့်သက်ဆိုင်သည့် နိုင်ငံ၏သက်ဆိုင်ရာမူဝါဒ၊ ဥပဒေရေးရာနှင့် စီမံခန့်ခွဲရေးအခြေခံမူဘောင်များ၊ ဥက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းဥပဒေများ ပါဝင်ပါသည်။ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေ (၂၀၁၂)၊ သဘာဝပတ်ဝန်းကျင်ထိန်းသမ်းစောင့်ရှောက်ရေး - စည်းမျဉ်းဥပဒေ (၂၀၁၄)၊ သဘာဝပတ်ဝန်းကျင် သက်ရောက်မှုအကဲဖြတ်စစ်ဆေးရေးလုပ်ငန်းစဉ်များ၊ မူကြမ်းအရည်အသွေးစံသတ်မှတ်ချက်များစသည်)

- ဆက်သွယ်သည့် ကမ္ဘာ့ဘဏ်မူဝါဒများတွင် - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်စစ်ဆေးခြင်း (OP 4.01) ၊ သဘာဝအသိုက်အမြုံများ (OP 4.04) ၊ ပိုးမွှားစီမံခန့်ခွဲမှု (OP 4.09) ၊ သစ်တောများ (OP 4.36)? ဆည်ဘေးကင်းလုံခြုံရေး (OP 4.37) ၊ ဒေသခံတိုင်းရင်းသားပြည်သူများ (OP 4.10) ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ (OP 4.11)၊ ဆန္ဒအလျောက်မဟုတ်သောရွှေ့ပြောင်းနေရာချထားခြင်း (OP 4.12) ? နိုင်ငံတကာရေ

ပိုင်နက်များ (OP 7.50) နှင့် အမြစ်ပွားဧရိယာများရှိစီမံကိန်းများ (OP 7.60) စသည်တို့ ပါဝင်ပါသည်။ စီမံကိန်း/စီမံကိန်းခွဲစစ်ဆေးစီစစ်ရေးအစီရင်ခံစာအရ စီမံကိန်းအတွက်အသုံးပြုနိုင်သည့် ကမ္ဘာ့ဘဏ်၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးရာဘေးကင်းလုံခြုံရေးမူဝါဒများကို ရွေးချယ်သတ်မှတ်ပါမည်။ စီမံကိန်းအတွက်အသုံးပြုရမည့် သက်ဆိုင်ရာမူဝါဒများနှင့် ၎င်းတို့အားဆောင်ရွက်မည့် နည်းလမ်းပုံစံများ ရွေးချယ်သတ်မှတ်ရန် ဤလမ်းညွှန်ချက်ကို အသုံးပြုရပါမည်။

- စီမံကိန်းနှင့်ဆက်နွယ်သော နိုင်ငံ၏သက်ဆိုင်ရာမူဝါဒ၊ ဥပဒေရေးရာနှင့် စီမံခန့်ခွဲရေးမူဘောင်နှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်းများတွင် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတ်မှတ် ချက်များ စီမံကိန်းလုပ်ငန်းစဉ်နှင့် ဆောင်ရွက်မှုများအတွက် ဆက်နွယ်သည့် အတည်ပြုခြင်း၊ ခွင့်ပြုခြင်းနှင့် လိုင်စင်တာဝန်/ဝတ္တရားများ စသည်တို့ ပါဝင်ပါမည်။ ထို့ပြင် နိုင်ငံအနေဖြင့် သဘောတူလက်မှတ်ရေးထိုး ပါဝင်သည့်ဆက်နွယ်သော နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များကိုလည်း ၎င်း အနေဖြင့် ရွေးချယ်သတ်မှတ်ပါမည်။

(၄) **သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက်။** ။ ဤအပိုင်းတွင် စီမံကိန်းလွှမ်းမိုးဧရိယာ၏ သဘာဝပတ်ဝန်း ကျင်နှင့် လူမှု-စီးပွားဆိုင်ရာ အခြေခံအကြောင်းအရာဖော်ပြချက်များ ပါဝင်ပါသည်။ စီမံကိန်းလွှမ်းမိုးဧရိယာပြင်ပရှိ အချက်အလက်များနှင့်ခြားနား၍ စီမံကိန်းလွှမ်းမိုးဧရိယာအတွင်းရှိ သက်ဆိုင်ရာသတင်းအချက်အလက်များကိုသာ တင်ပြသင့်/ပါဝင်သင့်ပါသည်။ (ဥပမာ - စီမံကိန်းအလိုကအသေးစိတ်အခြေခံအချက်အလက်များအတွက် နိုင်ငံအဝှမ်းအချက်အလက်များတင်ပြခြင်းသည် နားလည်ရခက်ခဲစေပါသည်။) ၎င်းတွင် -

- ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရင်းအမြစ်များဖြစ်သည့် မြေမျက်နှာသွင်ပြင်အနေအထားနှင့် မြေသား၊ မြေမျက်နှာပြင်နှင့် မြေပြင်ရေ၊ လေထုအရည်အသွေးနှင့် ရာသီဥတုအချက်အလက်များ၊ ဘူမိ/မြေငလျင်ပညာရပ်များ
- ဂေဟဆိုင်ရာအရင်းအမြစ်များဖြစ်သည့် သဘာဝအသိုက်အမြုံများ၊ သစ်တောများ၊ တောရိုင်း တိရစ္ဆာန်များ၊ ရေနေအရင်းအမြစ်များ၊ ကာကွယ်ထားသည့်ဧရိယာများ၊ ကမ်းရိုးတန်း အရင်းအမြစ်များ၊ ရှားပါး (သို့) မျိုးတုန်းလု မျိုးစိတ်များ
- လူမှုရေး၊တိုင်းရင်းသားရေးနှင့် လူဦးရေဆိုင်ရာ အခြေခံအချက်အလက်များဖြစ်သည့် လူဦးရေ၊ တိုင်းရင်းသား၊ -ဘာသာ၊ ရွှေ့ပြောင်းသွားလာမှုသမိုင်းကြောင်း၊လူမှုရေးရာ ဝန်ဆောင်မှုများ ရရှိအသုံးပြုနိုင်မှု၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ၊ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေယာအရင်းအမြစ်များစသည်
- အသက်အရွယ်၊ ကိုယ်အင်္ဂါမသန်စွမ်းမှု ၊ စာတတ်မြောက်မှု၊ နွမ်းပါးမှုနှင့် အခြားနွမ်းပါးချို့တဲ့ရသည့် အကြောင်းတရားများကြောင့်စီမံကိန်းအကျိုးကျေးဇူးများမှ ချန်လှပ်ခံရနိုင်သည့် အခြေအနေအလား အလာရှိသော ချို့တဲ့အားနည်းသည့် လူမှုအစုအဖွဲ့များနှင့် ပတ်သတ်၍ အထူးအလေးပေး ဆောင်ရွက်ရပါမည်၊

အားနည်းချို့တဲ့မှုပမာဏ ၊ အရင်းခံအကြောင်းတရားများနှင့် စီမံကိန်းအကျိုး ကျေးဇူးများမှ ချန်လှပ်ခံရနိုင်သည့် အခြေအနေများကို စစ်ဆေးအကဲဖြတ်၍ မှတ်တမ်းတင်ရပါမည်။

- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (ဥပမာ-ရေ၊ ရေနုတ်မြောင်းစနစ်၊ ရေကြီး/ရေလျှံခြင်း၊ စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်အားအခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစသည်) စသည်တို့ပါဝင်ပါသည်။

## (၅) လေ့လာတွေ့ရှိသည့် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ

တမျိုးတည်းဖြစ်သော သက်ရောက်မှုနည်းပါးသည့် ဒီဇိုင်းပုံစံတခုအပေါ်တွင်သာအလေးထားဆောင်ရွက်မှု အစား အမျိုးမျိုးသောနည်းလမ်းများ စစ်ဆေးစမ်းသပ်ခြင်းဖြင့် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ စူးစမ်း လေ့လာခြင်းသည် စီမံကိန်းဒီဇိုင်းပုံစံကို ပိုမိုကောင်းမွန်စေပါသည်။ ၎င်းအနေဖြင့် အဆိုပြုစီမံကိန်းအတွက် "လုပ်ငန်း ဆောင်ရွက်မှုမပြုခြင်း" နည်းလမ်းအပါအဝင် အခြားလက်တွေ့ဆောင်ရွက်နိုင်သည့်နည်းလမ်းများအပေါ် စနစ်တကျ နှိုင်းယှဉ်ချိန်ဆခြင်းများဆောင်ရွက်ရန်လိုအပ်ပြီး အဆိုပါအခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများကိုလည်း အောက်ပါအခြေအနေများအရ နှိုင်းယှဉ်ချိန်ဆသင့်ပါသည် -

- အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ
- ရင်းနှီးမတည်ငွေနှင့် လုပ်ငန်းကုန်ကျစရိတ်များ
- ဒေသဆိုင်ရာအခြေအနေများအရ သင့်တော်ဆီလျော်မှုရှိခြင်း
- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး
- မြေရရှိနိုင်မှု
- အဖွဲ့အစည်းဆိုင်ရာနှင့် လေ့လာစစ်ဆေးရေးသတ်မှတ်ချက်များ

မှတ်ချက်။ ။ အခြားဆောင်ရွက်နုင်သည့်နည်းလမ်းများ နှိုင်းယှဉ်ခြင်းနှင့် ရွေးချယ်ခြင်းလုပ်ငန်းများအနေဖြင့် နည်းပညာဆိုင်ရာအသေးစိတ်ဆန်းစစ်လေ့လာမှုများ လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ လမ်းစီမံကိန်းတခုအနေဖြင့် ကြိုတင်ချမှတ်ထားသည့် အကဲဖြတ်စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အမျိုးမျိုးသောလမ်းကြောင်းများ ရွေးချယ်သတ်မှတ်ကောင်းသတ်မှတ်နိုင်ပါသည်။ အသင့်တော်ဆုံးလမ်းကြောင်းရွေးချယ်ခြင်းတွင် နည်းပညာနှင့် စီးပွားရေးဆိုင် ရာ အချက်အလက်များ (ဥပမာ-ကုန်ကျစရိတ်များ)အပြင် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက် အလက်များလည်း ထည့်သွင်းပါဝင်ရပါမည်။

**(၆) အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုများ။ ။** ဤအပိုင်းအနေဖြင့် ဆောင်ရွက်ရန်ရွေးချယ်သည့် စီမံကိန်းနည်းလမ်း၏ သိသာကြီးမားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများကို ဆန်းစစ်အကဲဖြတ်ပါမည်။ ၎င်းတွင် -

- တိုက်ရိုက်၊ သွယ်ဝိုက်၊ တိုးပွားဖြစ်ပေါ်စေသော သက်ရောက်မှုများ
- ကာလတို၊ ကာလလယ်နှင့် ကာလရှည်သက်ရောက်မှုများ
- ယာယီနှင့် အမြဲတမ်းသက်ရောက်မှုများ
- စီမံကိန်း/စီမံကိန်းခွဲ၏ ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ
- တည်ဆောက်ရေး/လုပ်ငန်းဆောင်ရွက်မှု/ပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး/စီမံကိန်း သက်တမ်းပြီးဆုံး၍ စီမံကိန်းပိတ်သိမ်းကာလများအတောအတွင်း သက်ရောက်မှုများ
- အားနည်းချို့တဲ့သည့် လူမှုအဖွဲ့အစည်းအနေဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော်လည်း ယာယီအလုပ်အကိုင် အခွင့်အလမ်း ရရှိစေခြင်းအားဖြင့်လည်းကောင်း ၊ တိုးတက်မှုများရရှိစေခြင်းအားဖြင့်လည်းကောင်း၊ စီမံကိန်း အကျိုးကျေးဇူးများကို ရရှိခံစားရခြင်း မရှိနိုင်သည့် အခြေအနေအလားအလာများ

စသည်တို့ပါဝင်ပါသည်။

**(၇) အစီရင်ခံစာအနေဖြင့် အောက်ပါတို့ကို ရှင်းလင်းတင်ပြရပါမည် -**

- စီမံကိန်းဒီဇိုင်းပုံစံအားဖြင့် ဆိုးကျိုးသက်ရောက်မှုများအား အနည်းဆုံးအဆင့်သို့ မည်သို့မည်ပုံလျှော့ချမည်။
- အကျိုးကျေးဇူးများ (သို့) သဘာဝပတ်ဝန်းကျင်အရည်အသွေးတိုးတက်ကောင်းမွန်စေရန် ဒီဇိုင်းပုံစံတွင် နစ်နာကြေးဆိုင်ရာအစီအစဉ်များမည်သို့ပေါင်းစပ်ပါဝင်သည်ကိုလည်းကောင်း၊ သိသာကြီးမားသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုတခုစီအတွက် အစီရင်ခံစာတွင် သဘာဝပတ်ဝန်းကျင် (သို့) ရပ်ရွာ/လူမှုဖွဲ့စည်းပုံများအပေါ် သိသာဆိုးဝါးသည့် သက်ရောက်မှုတစုံတရာအတွက်တားဆီးရန်၊ လျှော့ချ ရန်နှင့် ဖြစ်နိုင်ပါက လျော့ပါးသက်သာစေရန် (သို့) ကာမိစေရန် ရည်ရွယ်သည့် အစီအစဉ်များကို ဖော်ပြရပါမည်။
- အဆိုပြုစီမံကိန်းအနေဖြင့် အရင်းအမြစ်တခု၏ အလားအလာရှိသောအသးပြုမအပေါ် မူလအတိုင်းပြန်လည် မဖြစ်စေနိုင်သော သက်ရောက်မှုအတိုင်းအတာ။ ဥပမာ - မြစ်ချောင်းစကြန်တလျှောက် (သို့) စိမ့်မြေများ တွင် လမ်းတည်ဆောက်ခြင်းကြောင့် ထိခိုက်လွယ်သောဂေဟစနစ်များအသုံးပြုနိုင်မှုလျော့နည်းစေခြင်း (သို့) မူလအတိုင်းပြန်လည်မဖြစ်တော့သည့် ပျက်ဆီးမှုများဖြစ်စေနိုင်ခြင်းစသည်။
- စီမံကိန်းမှ အကျိုးကျေးဇူးများအတွက် ချို့တဲ့သည့်လူမှုအစုအဖွဲ့များအနေဖြင့်သာ တူညီမျှသည့် အခွင့် အလမ်းများရရှိစေရေးအတွက် အဆိုပြုစီမံကိန်းအနေဖြင့် မည်သို့ကြပ်မတ်ဆောင်ရွက်မည်။၏

- တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်မှုကာလများအတွင်း သက်ရောက်မှုများ၊ ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများနှင့်ပတ်သက်၍ အဆိုပြုဆွေးနွေးခြင်း

## (၈) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုအစီအစဉ် (ESMP)

ဤအစီအစဉ်အနေဖြင့်လျှော့ပါးသက်သာစေရေးဆောင်ရွက်ရမည့်သက်ရောက်မှုများ၊ ၎င်းနှင့်ဆက်နွယ်သည့် ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းအစီအစဉ်များနှင့် သက်ရောက်မှုများလျှော့ပါးသက်သာစေရေးအတွက် အသုံးပြုမည့် လုပ်ငန်းစဉ် (ဒီဇိုင်း၊ နည်းပညာဆိုင်ရာသတ်မှတ်ချက်များ၊ ကန်ထရိုက်သတ်မှတ်ချက်များ)စသည်တို့ကိုဖော်ပြရပါမည်။ အစီရင်ခံစာတွင် အောက်ပါတို့ကိုဖော်ပြရမည်။

- မည်သည့်လျှော့ပါးသက်သောစေရေးအစီအစဉ်များကို မည်သည့်နေရာ၊ မည်သညအချိန်တွင် မည်သို့ဆောင်ရွက်မည်ကိုလည်းကောင်း၊ ချို့တဲ့သည့် လူမှုအစုအဖွဲ့များအတွက် စီမံကိန်းအကျိုးကျေးဇူးများ သာတူညီမျှရရှိခံစားရစေရေး အစီအစဉ်များအပါအဝင်နှင့် ၎င်းတို့အား မည်သူများက အကောင်အထည် ဖော်မည်ကိုလည်းကောင်း ဖော်ပြရပါမည်။
- လေ့လာစစ်ဆေးမည့် သတ်မှတ်ချက်ဘောင်များ (Parameters) ၊ ၎င်းတို့အား မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မည်သူမှ မည်သို့လေ့လာစစ်ဆေးမည်စသည်တို့ကို ဖော်ပြသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာလေ့လာစစ်ဆေးရေးအစီအစဉ်။
- လျော့ပါးသက်သာစေရေး အစီအစဉ်များ၏ ကုန်ကျစရတ်များ (အကယ်၍ စီမံကိန်းဒီဇိုင်းပုံစံနှင့် ကန်ထရိုက်သတ်မှတ်ချက်များတွင် တွဲ၍ပါဝင်ခြင်းမရှိပါက)
- နစ်နာကြေးဆိုင်ရာအစီအစဉ် စရိတ်စကနှင့် လေ့လာစစ်ဆေးရေး၊ သင်တန်းကုန်ကျစရိတ်များ

## (၉) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာလေ့လာစစ်ဆေခြင်း

စီမံကန်းများ၏အရွယ်အစားပမာဏ သေးငယ်ခြင်းနှင့် ခာတ်ခွဲခန်းပံ့ပိုးမှုအင်္ဂါရပ်များ၊ အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းစွမ်းရည်အားနည်းချက်များကြောင့် လေ့လာစစ်ဆေးရေးလုပ်ငန်းအများစုကို မျက်မြင်အားဖြင့် (သို့) အသင့်သယ်ဆောင်နိုင်သော လက်ကိုင်မီတာများအသုံးပြုခြင်းအားဖြင့် ဆောင်ရွက်ပါမည်။ မျက်မြင်လေ့လာစစ်ဆေးရေး လုပ်ငန်းများတွင်

-

- မြေယာအသုံးပြုမှုအပြောင်းအလဲများ
- ရေထုအရောင်အပြောင်းအလဲ

- တည်ဆောက်ရေးလုပ်ငန်းကာလအတွင်း ဖုန်ထုသောလေထုရှိမှု/မရှိမှု
- ခုတ်ဖြတ်ရသည့် သစ်ပင်အရေအတွက်
- စီမံကိန်းအကျိုးကျေးဇူးများအတွက် ချိုတဲ့သည့်လူမှုအစုအဖွဲ့များ သာတူညီမျှရရှိခံစားရကြောင်း အထောက်အထားများ
- အခြား

စသည်တို့ ပါဝင်နိုင်ပါသည်။

## (၁၀) အများပြည်သူဆိုင်ရာ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

ဤအပိုင်းတွင် စီမံကိန်းဒီဇိုင်းနှင့် အကောင်အထည်ဖော်လုပ်ငန်းများနှင့်ပတ်သက်၍ပြည်သူများ၊ အခြား အစုနှသိုနမ (ဒေသအမှုထမ်းများ၊ ရပ်ရွာခေါင်းဆောင်များ၊ NGOs နှင့် အကျိုးခံစားခွင့်ရှိသူများစသည့်)များ၏ ဝေဖန်အကြံပြုချက်များရရှိစေရန် ဆောင်ရွက်မည့်အများပြည်သူဆိုင်ရာအကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (သတင်းစာ ကြေငြာ၊ ရေဒီယိုဟောပြောခန်းများ၊ လူမှုမီဒီယာ၊ ပိုစတာ၊ အင်တာနက်များမှတဆင့် အသိပေးဖော်ပြခြင်း)များကို ဖော်ပြရပါမည်။ ၎င်းမှ လက်ခံရရှိသည့် အရေးပါသောမှတ်ချက်များကိုစာရင်းပြုစု၍ စီမံကိန်းတည်ဆောက်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုကာလများအတွင်း အဆိုပါ သဘောထားမှတ်ချက်များအရ စီမံကိန်းဒီဇိုင်းပုံစံတွင် ဖြေရှင်း ဆောင်ရွက်မည်ပုံစံနည်းလမ်းများကိုလည်း စာရင်းပြုစုရပါမည်။ အစီရင်ခံစာတွင် အကြံပြုဆွေးနွေးပွဲများဆောင်ရွက် ရန် ကြေငြာသည့်အရေးကြီးသောနေ့ရက်အချိန်များ၊ သတင်းအချက်အလက်/အစီရင်ခံစာများကိုဒေသခံဘာသာ စကားဖြင့် ထုတ်ပြန်ခြင်း၊ တက်ရောက်သူများ၏မှတ်တမ်း၊ အစည်းအဝေးများ၏အကြောင်းအရာ၊ ပါဝင်ဆွေးနွေးသူ များ၏ သဘောထားမှတ်ချက်အကျဉ်းချုပ်စသည်များကို စာရင်းပြုစုပါဝင်ရပါမည်။ ထို့အပြင် အကြံပြုဆွေးနွေးပွဲနှင့် အသိပေးဖော်ပြခြင်းလုပ်ငန်းစဉ်များအနေဖြင့် နိုင်ငံ၏စည်းမျဉ်းအခြေခံမူဘောင်နှင့် ကိုက်ညီခြင်းရှိ/မရှိကိုလည်း ဆွေးနွေးဖော်ပြရမည်။ ဤအပိုင်းတွင် နောက်ဆုံးအနေဖြင့် အသိပေးဖော်ပြသည့်အချက်အလကအနှစ်ချုပ်နှင့် နေ့ရက်အချိန်များ၊ အနာဂါတ်အသိပေးဖော်ပြခြင်းလုပ်ငန်းစဉ်စသည်တို့ပါဝင်ရမည်။

**လမ်းစီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှုအစီအစဉ်အခြေခံများ။**

**ESMP အနှစ်ချုပ်ဖော်ပြချက်**

(၈) စီမံကိန်းအပိုင်းများ၊ ကုန်ကျစရိတ်များနှင့် တည်နေရာများ အပါအဝင် စီမံကိန်း အကြောင်းအရာဖော်ပြချက်

(ည) ချို့တဲ့သောလူမှုအစုအဖွဲ့များအတွက် စီမံကိန်းအကျိုးကျေးဇူးများ သာတူညီမျှမှု ခံစားရရှိနိုင်ရေးအစီအစဉ် အပါအဝင် အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများနှင့် လျော့ပါး သက်သာရေးအစီအစဉ်များ။

(ဋ) လေ့လာစစ်ဆေးရေး

(ဌ) အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း

**စီမံကိန်း အကြောင်းအရာဖော်ပြချက်**

ဤအပိုင်းတွင် စီမံကိန်း၊ ဖွံ့ဖြိုးရေးဦးတည်ချက်၊ စီမံကိန်းအပိုင်းများ၊ လုပ်ဆောင်မှုများ၊ တည်နေရာ၊ စီမံကိန်းကုန်ကျစရိတ်များ စသည်တို့ဖော်ပြရပါမည်။ ဤစီမံကိန်းနောက်ခံအခြေအနေအရ ယေဘုယျအားဖြင့် လမ်းဆောက်လုပ်ရေးဆိုသည်မှာ လက်ရှိတည်ရှိပြီး လမ်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကိုဆိုလိုပြီး ၎င်းတွင် လမ်းချဲ့ထွင်ခြင်း၊ အစားထိုးခြင်းနှင့်/သို့ လမ်း/ပလက်ဖောင်းများကြံ့ခိုင်ရေး၊ ရေစီးရေလာနှင့် ဘေးဆင်ခြေလျှော များ ကောင်းမွန်ရေး၊ ဗမြေအောက်ပိုက်လိုင်းနှင့်/သို့ တံတားတပ်ဆင်ခြင်း၊ လမ်းဘေးဝဲယာဆက်စပ်အစိတ်အပိုင်းများ တပ်ဆင်ခြင်းအစရှိသည်တို့ပါဝင်နိုင်သည်။ တခါတရံ ၎င်းတွင်တိုတောင်းသည့် လမ်းအပိုင်းများပြန်လည်ချိန်ညှိခြင်း လုပ်ငန်းများလည်း ပါဝင်နိုင်ပါသည်။

*[အချက်အလက်များကို စီမံကိန်းအခြေခံသဘောတရားမှတ်စု/စီမံကိန်းသုံးသပ်ချက် စာတမ်းများမှရယူနိုင်ပြီး ဖြစ်နိုင် ပါက စီမံကိန်းတည်နေရာ၊ အခင်းအကျင်း၊ ပုံပိုးအင်္ဂါရပ်များနှင့် အလားအလာရှိသော ချိတ်ဆက်လုပ်ငန်းများကို ဖော်ပြသည့်မြေပုံလည်းပါဝင်သင့်ပါသည်။]*

**အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာကိစ္စရပ်များနှင့် လျော့ပါးသက်သာစေရေး အစီအစဉ်များ**

အရေးကြီးသည့်သက်ရောက်မှုများနှင့် အစီအစဉ်များကိုဖော်ပြသင့်ပြီး အနှစ်ချုပ်ကိုအောက်တွင်ဖော်ပြထား ပါသည်။

အောက်ပါနည်းလမ်းများအသုံးပြု၍ စီမံကိန်းအကျိုးကျေးဇူးများမှ ချို့တဲ့သည့်အစုအဖွဲ့များ ချန်လှပ်ခံရနိုင် သည့် အလားအလာများကို ဖြေရှင်းဆောင်ရွက်ပါမည်။

- စာတွေ့သုံးသပ်ချက်၊ တိုက်ရိုက်စူးစမ်းလေ့လာခြင်း၊ ဒေသတွင်းတက်ကြွလှုပ်ရှားမှုရှိသည့် CSO များအပါ အဝင် ဗဟုသုတပြည့်စုံသည့်ပုဂ္ဂိုလ်များဖြင့် အချက်အလက်ရယူသည့်အင်တာဗျူးများ စသည်တို့အပေါ် အခြေခံ၍ စီမံကိန်းခွဲဧရိယာများတင် ချို့တဲ့သောလူမှုအစုအဖွဲ့များအား ရွေးချယ်သတ်မှတ်နိုင်ရန် အရည် အသွေးပြည့်ဝသည့် လူမှုရေးရာပညာရှင်တဦးဖြင့် ပြည့်စုံ ကောင်းမွန်သည့် လူမှုရေးရာအခြေခံဆန်းစစ် လေ့လာမှုဆောင်ရွက်ခြင်း

- သတ်မှတ်ချက်နှင့် ကိုက်ညီအကြုံးဝင်မှုဆိုင်ရာ အကဲဖြတ်စံများ၊ လျှောက်ထားမှုလုပ်ငန်းစဉ်များ၊ အကျိုးကျေးဇူးဆိုင်ရာသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ချို့တဲ့သောလူမှုအစုအဖွဲ့များအပါအဝင် လူမှုအစုအဖွဲ့များ အားလုံးသိရှိနားလည်စေရန် အကြံပြုဆွေးနွေးစည်းဝေးပွဲနှင့် သတင်းအချက်အလက်ဖြန့်ဝေရေးလုပ်ရှားမှု အစီအစဉ်
- စီမံကိန်းလုပ်ငန်းလမ်းညွှန်တွင် ဖော်ပြထားသည့်ဦးတည်ချက်အကဲဖြတ်စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ စီမံကိန်းခွဲတည်နေရာများနှင့် တိုက်ရိုက်စီမံကိန်းအကျိုးခံစားခွင့်ရှိသူများအား ရွေးချယ်ကြောင်းသေချာစေရန် မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးချယ်ရေးနှင့် ဦးစားပေးသတ်မှတ်ခြင်းနည်းနာများ
- ဒေသခံပြည်သူများ နားလည်နိုင်မည့်ဘာသာစကားဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများစာရင်းကို အများပြည်သူသိရှိစေရန် ကြေငြာခြင်း
- ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏နစ်နာမှုများကိုဖော်ပြနိုင်ရန် ထိရောက်သော GRM လုပ်ငန်းစဉ်
- စီမံကိန်းအရ ငွားရမ်းအသုံးပြုသည့် ဒေသခံပြည်သူများအတွက် သာတူညီမျှသည့် လုပ်ခလစာများနှင့် စီမံကိန်းဦးတည်ချက် အကဲဖြတ်စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ ဖြည့်ဆည်းသည့် အခြားအကျိုးကျေးဇူးများအတွက် ကြပ်မပ်ဆောင်ရွက်နိုင်ရန် အနီးကပ်စီမံကိန်းလေ့လာစစ်ဆေးရေး လုပ်ငန်းများ

ESMP ကို စီမံကိန်းဒီဇိုင်းပုံစံနှင့် လေလံစာရွက်စာတမ်းများတွင် ပေါင်းစပအသုံးပြုခြင်းဖြင့် ESMP ကိုအဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါမည်။ လေလံစာရွက် စာတမ်းများအနေဖြင့် ၎င်းတို့၏ အရေးပါသည့် လျော့ပါးသက်သာစေရေး လေလံလုပ်ငန်း အစိတ်အပိုင်းများတွင် (Bill of Quantities တွင် "line item"အဖြစ်) ပါဝင်သည့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လျော့ပါးသက်သာစေရေး အစီအစဉ် အစစ်အမှန် ကုန်ကျစရိတ်များကို ထင်ဟပ်မှုရှိစေရန် ဆောင်ရွက်ရပါမည်။ ထို့ကြောင့် ကန်ထရိုက်တာအနေဖြင့် သတ်မှတ်ချက်များအပိုင်း လုပ်ငန်းဆောင်ရွက်မှု ရှိကြောင်း သေချာစေရန် ကန်ထရိုက်တာ သဘောတူညီချက်တွင် သတ်မှတ်ထားသည့် အပဆောင်း ငွေပေးချေမှုတစ်ရပ်ရှိပါမည်။

**ဆောက်လုပ်ရေးကာလအတောအတွင်း**

- သတ်မှတ်လုပ်ပိုင်ခွင့်/အသုံးပြုခွင့်နှင့် ကန်ထရိုက်တာ အလုပ်စခန်းများထူထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု ဧရိယာ၊ ကွန်ကရစ်နှင့် ကတ္တရာ စက်ပစ္စည်းများ စသည်တို့အတွက် လုပ်ငန်းတည်နေရာ ရှင်းလင်း ဆောင်ရွက်ရာတွင် သစ်ပင်များအပါအဝင် စိုက်ခင်းများဆုံးရှုံးခြင်း၊ အပေါ်ယံမြေဆီလွှာ ဆုံးရှုံးခြင်း၊ အညစ်အကြေး ပစ္စည်းများ ထွက်ရှိခြင်းနှင့် ဖုန်မှုန့်များ ဖြစ်ပေါ်စေခြင်း စသည်တို့ပါဝင်ခြင်း။

  အစီအစဉ်များ။ ။ ရှင်းလင်း ဆောင်ရွက်မည့် ဧရိယာအား အနည်းဆုံးအဆင့်သို့ လျှော့ချခြင်း၊ သီးနှံများပြန်လည်ဆယ်ယူခြင်း၊ စိုက်/ပျိုးခင်းများအား မြေဆွေးအဖြစ်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ အနာဂါတ်

အသုံးပြုနိုင်ရေးအတွက် အပေါ်ယံမြေဆီလွှာ ဆယ်ယူခြင်း၊ ဖုန်မှုန့်ထိန်းချုပ်ရေး အစီအစဉ်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် သက်ရောက်မှုများကို အနည်းဆုံးအဆင့်သို လျှော့ချခြင်း (သို့) လျှော့ပါးသက်သာစေခြင်းများ ဆောင်ရွက်နိုင်ပါသည်။

- **ဆောက်လုပ်ရေးပစ္စည်း အရင်းအမြစ်များ ။** ။ ၎င်းတွင် မြေဖို့လုပ်ငန်း အသုံးပြုပစ္စည်းများ အတွက် မြေကျင်းများ ဖန်တီးခြင်း၊ ၎င်းပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ စုပုံခြင်းနှင့် အသုံးပြုခြင်း၊ ႀသင့်တော်သည့် ပစ္စည်းများ စွန့်ပစ်ခြင်း၊ လမ်းခင်း ပစ္စည်းများ ထပ်မံအသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း (သို့) စွန့်ပစ်ခြင်း စသည်တို့ ပါဝင်ပါမည်။ ၎င်းလုပ်ငန်းများကြောင့် လယ်ယာမြေများ ဆုံးရှုံးခြင်း (သို့) သစ်တော မြေနေရာများအပေါ် ကျူးကျော်အသုံးပြုရခြင်း (သို့) သင့်တော်သည့် အသုံးပြုပစ္စည်းများတူးဖော်ရန် စိမ့်မြေများထိခိုက်ရခြင်းနှင့် ၎င်းပစ္စည်းများသယ်ယူ ပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်ခြင်းများကြောင့် ယာဉ်ကြောအသွားအလာနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဖြစ်ပေါ်စေနိုင်သည့် အလားအလာများရှိပါသည်။

  ***အစီအစဉ်များ။*** ။လျှော့ပါးသက်သာစေရေးအစီအစဉ်များတွင် အခြားဆောင်ရွက်နိုင်သော ပစ္စည်းအရင်းအမြစ်များ ရှာဖွေသတ်မှတ်ခြင်း၊ ယာယီစီးဆင်းမှု/နုန်းတင်မှု ထိန်းချုပ်ရေးတည်ဆောက်မှု ပုံစံများတပ်ဆင်ခြင်း၊ ဖုန်မှုန့်နှင့် ဆူညံသံထိန်းချုပ်ခြင်း၊ ပစ္စည်းများသယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် တင်/ချပြုလုပ်ရေး လုပ်ငန်းများစီမံခန့်ခွဲခြင်း၊ အသုံးပြုဧရိယာများ ပြန်လည်ကော်းမွန်စေရန်ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်ပါသည်။ ကျောက်ကျင်းများတူးဖော်၊ တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းများအနေဖြင့် ESIA လိုအပ်နိုင်သည့်အလားအလာရှိပါသည်။

- လုပ်ငန်းအသးပြုနှင့် စွန့်ပစ်ဧရိယာများ၊ ကျောက်ကျင်းနေရာများ၊ ဆောက်လုပ်ရေး၊ အလုပ်သမားစခန်းများ နှင့် အခြားပံ့ပိုးမှုအင်္ဂါရပ်များသို့ သွားလာအသုံးပြုလမ်းများသည် အဆိုပါ လုပ်ငန်းတည်နေရာများသို့ ဆက်သွယ်သွား လာရေးအဆင်ပြေချောမွေ့စေရန် မရှိမဖြစ် လိုအပ်ပါသည်။ အဆိုပါအသုံးပြုလမ်းများ တည်ဆောက်ခြင်းမှ တိုက်ရိုက် သက်ရောက်မှုများ (ဖုန်မှုန့်၊ ရေနုတ်မြောင်း၊ ဘေးကင်းလုံခြုံရေးစသည်)အပြင် လမ်းချိန်ညှိခြင်းလုပ်ငန်းများသည် အချို့သောဧရိယာများတွင် သဘာဝအရင်းအမြစ်များ တိုးမြင့်အသုံးချရခြင်း မျိုးဖြစ်စေနိုင်ပါသည်။

  *အစီအစဉ်များ။* ။ လက်ရှိတည်ရှိပြီး လမ်းများအသုံးပြုခြင်း၊ လိုအပ်သည့်နေရာများတွင် အဆင့်မြှင့်တင်ခြင်း၊ ထိခိုက်လွယ်သော နှင့်/သို့အကာကွယ်ပေးထားသည့် ဧရိယာများအတွင်း/အနီးအနားတွင် ဆောက်လုပ်ရေး လုပ်ငန်းများဆောင်ရွက်မှုကို ရှောင်ရှားခြင်းစသည့်နည်းလမ်းများဖြင့် သက်ရောက်မှုများကို ဖြေရှင်း ဆောင်ရွက်နိင်ပါသည်။

**လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုကာလအတောအတွင်း**

- လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုအဆင့်။ ။ လမ်းပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ယာဉ်ကြော အသွားအလာစီးဆင်းမှုနှင့် ဆက်သွယ်ရေးများတိုးတက်ကောင်းမွန်စေခြင်းကို ဖြစ်စေနိုင်သလို လေထုညစ်ညမ်းခြင်း၊ ယာဉ်ကြောအသွားအလာဆူညံသံများနှင့် မတော်တဆမှုများတိုးမြင့်လာခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။

  **အစီအစဉ်များ။** ။ အစီအစဉ်များတွင် ဘေးကင်းလုံခြုံမှုမြှင့်တင်ခြင်း၊ ယာဉ်စည်းကမ်းဥပဒေများ လေးစားလိုက်နာစေခြင်း၊ လမ်းဘေးဝဲယာစိုက်ပင်ပျိုးပင်များ ထိန်းသိမ်း/တိုးပွား စေခြင်းနှင့် လူနေထူထပ်သည့်နေရာများတွင် ဆူညံသံ ထိန်းချုပ်ရေးအရန်အတားများတည်ဆောက်ခြင်း စသည့်လုပ်ငန်း များအတွက သင့်လျော်သည့်သတိပေးဆိုင်းဘုတ်များ၊ အများပြည်သူသိရှိနားလည်စေရန် လှုပ်ရှားမှု အစီအစဉ်များအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

ESMP တွင်အကောင်အထည်ဖော်ရေးအချိန်ဇယားနှင့် ပတ်သက်၍တတ်နိုင်သမျှအသေးစိတ်ပါဝင်မှာဖြစ်ပြီး ၎င်းကိုလည်း အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့်အညီ ပြောင်းလဲဆောင်ရွက်မှာဖြစ်သည်။ ESMP အကောင် အထည်ဖော်ရေးဘတ်ဂျက်အား ခန့်မှန်းတွက်ချက်၍ စုစုပေါင်းစီမံကိန်းကုန်ကျစရိတ်တွင် ထည့်သွင်းပါဝင်ပါမည်။ ESMP ၏တချို့သောရှုထောင့်များ (ဥပမာ-အပေါ်ယံမြေဆီလွှာဖယ်ထုတ်ခြင်းနှင့် စုပုံခြင်း၊ ဖုန်မှုန့်ထိန်းချုပ်ရေးပုံမှန် ရေဖျန်းခြင်းစသည်)သည် ကောင်းမွန်သောအင်ဂျင်နီယာဒီဇိုင်းပုံစံ၏ တစိတ်တဒေသဖြစ်ပြီး ထပ်ဆောင်းဘတ်ဂျက် လိုအပ်မည်မဟုတ်ပါ။ သို့သော် လမ်းဘေးဝဲယာပျိုးပင်များ၊ မြေတူးဖော်ဧရိယာများကို သိုလှောင်ရေကန်များအဖြစ် ပြောင်းလဲခြင်းစသည့်ရှုထောင့်များအနေဖြင့် ထပ်ဆောင်းဘတ်ဂျက်လိုအပ်မှာဖြစ်ပြီး ၎င်းကိုခန့်မှန်းတွက်ချက်၍ ESMP အကောင်အထည်ဖော်ခြင်း ကုန်ကျစရိတ်တွင် ထည့်သွင်းရပါမည်။

**လေ့လာစစ်ဆေးခြင်း**

*ဖုန်မှုန့်လေ့လာစစ်ဆေးခြင်း။* ။ မူအရ စီမံကိန်းနှင့်သက်ဆိုင်အကြုံးဝင်သည့် သတ်မှတ်ချက်ဘောင်များကိုသာ လေ့လာစစ်ဆေးပါမည်။ ဥပမာ - ဖုန်မှုန့်သည် အဓိကသက်ရောက်မှုဖြစ်သည့်နေရာများ အထူးသဖြင့်ကျောင်းများ၊ ဆေးရုံများ၊ လူနေဧရိယာအနီးအနားနေရာများတွင် ဖုန်မှုန့်ဖြစ်စေသောနေရာများ ရေဖြန်းခြင်းစသည့်အစီအစဉများ ဆောင်ရွက်ရန် မျက်မြင်အကဲဖြတ်စစ်ဆေးမှုနည်းလမ်းကို အသုံးပြုပါမည်။

အရေးကြီးသည့် လူနေရပ်ရွာအဆောက်အအုံများဖြစ်သည့် ဆေးရုံ၊ ကျောင်းစသည့်နေရာများနှင့် နီးကပ်သည့်ဧရိယာများတွင် ဆူညံသံတိုင်းတာသည့် လက်ကိုင်မီတာများအသုံးပြု၍ တိုင်းတာဆောင်ရွက်မည်ဖြစ်ပြီး စစ်ဆေးရလဒ်များရရှိသည်နှင့်တပြိုင်နက် ကန်ထရိုက်တာမှ ပြဿနာများကိုချက်ချင်းဖြေရှင်းဆောင်ရွက်ရပါမည်။

ဤစီမံကိန်းလုပ်ငန်းအများစုသည် လုပ်ငန်းပမာဏသေးငယ်မည်ဟုမျှော်မှန်းခြင်းကြောင့် သက်ရောက်မှုအလားအလာအနေဖြင့်လည်း ပမာဏနည်းပါး၊ သက်တမ်းတိုတောင်း၍ လုပ်ငန်းတည်နေရာအလိုက်သာဖြစ်နိုင်ပါ သည်။ စီမံကိန်းအနေဖြင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်၍ စီမံကိန်းတည်ဆောက်ရေးနှင့်လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်စစ်ဆေးရေးအစီအစဉ်ကို စီစဉ်ပြင်ဆင်၍ ၄င်းတွင်လေ့လာစစ်ဆေးမည့်သတ်မှတ်ချက်ဘောင်များအလွယ်တကူသယ်ဆောင်နိုင်သော လက်ကိုင်ပစ္စည်းကိရိယာများ (ဥပမာ-ဆူညံသံတိုင်းတာသည့်မီတာများ၊ ရေထုအရည်အသွေးတိုင်းတာသည့်ကိရိယာများ၊ လေထုအရည်အသွေးတိုင်းတာသည့် မီတာများဝယ်ယူဖြည့်ဆည်းခြင်း စသည်တို့ပါဝင်ပါမည်။ ဆောက်လုပ်ရေးနှင့်လုပ်ငန်းဆောင်ရွက်မှုလေ့လာစစ်ဆေးခြင်း၊ ပစ္စည်း ကိရိယာ၊ အစီရင်ခံခြင်းနှင့် သင်တန်းဆိုင်ရာကုန်ကျစရိတ်များသည် စီမံကိန်းဘတ်ဂျက်တွင် ပါဝင်ပါမည်။

*စီမံကိန်းအကျိုးကျေးဇူးများ သာတူညီမျှခံစားရရှိခြင်း။* ။ စီမံကိန်းအကောင်အထည်ဖော်ရေးအေဂျင်စီမှ ငှားရမ်း အသုံးပြုမည့်လူမှုဘေးကင်းလုံခြုံရေးပညာရှင်အနေဖြင့် စီမံကိန်းလုပ်ငန်းလမ်းညွှန်တွင် သတမှတ်ဖော်ပြသည့် ဦးတည်ချက်၊ အကဲဖြတ်စံသတ်မှတ်ချက်များပေါ်အခြေခံ၍ လူမှုအစုအဖွဲ့များအားလုံးစီမံကိန်းအကျိုးကျေးဇူးများကို သာတူညီမျှရရှိခံစားနိုင်ရေးကြပ်မတ်ဆောင်ရွက်ရန်အနီးကပ်လေ့လစစ်ဆေးမှုများ လုပ်ဆောင်ရမည်။

**အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း**

မြန်မာနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးအများစုသည် လုပ်ငန်းစွမ်းရည်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဇရိယာရှိစွမ်းဆောင်ရည်ပိုင်းတွင် အားနည်းချက်ရှိသည်။ ဤအပိုင်းတွင် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်၊ ဘေးကင်းလုံခြုံရေး ဝန်ထမ်းများနှင့်ဆောက်လုပ်ရေးနှင့် အကောင်အထည်ဖော်အဆင့်များအတွင်း ESMP အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့်စစ်ဆေးရေးလုပ်ငန်းများအတွက် လုပ်ငန်းတာဝန်အဆင့်ဆင့်စသည့်အချက်များကို ဖော်ပြရပါမည်။

ဒေသခံကန်ထရိုက်တာများမှဆောင်ရွက်သည့် ကန်ထရိုက်လုပ်ငန်းများအတွက် CMU ဝန်ထမ်းများအပြင်ကန်ထရိုက်တာ၏ဝန်ထမ်းများအတွက်လည်း သင်တန်းလိုအပ်ချက်များရှိနိုင်ပါသည်။ စီမံကိန်းအပိုင်း(၄)အရ နိုင်ငံတကာဘေးကင်းလုံခြုံရေးအကြံပေးတစ်ဦးခန့်အပ်၍ စီမံကိန်းအကောင်အထည်ဖော်လုပ်ငန်းများအဆင်ပြေချောမွေ့ စေရေး၊ အသေးစိတ်လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်ရေးဆွဲနိုင်ရန် MOC နှင့် DRD စီမံကိန်းပိုင်း စီမံခန့်ခွဲရေး ယူနစ်များနှင့်ပူးပေါင်းဆောင်ရွက်ရပါမည်။

**လမ်းဆောက်လုပ်ရေးစီမံကိန်းများအတွက် ESMP မတ်ထရစ်ဇယား**

| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ဦးတည်ချက်များ | လျော့ပါးသက်သာစေရေး အစီအစဥ်များ | မှတ်ချက် |
|---|---|---|
| **ဒီဇိုင်းပုံစံ /ဆောက်လုပ်ရေးလုပ်ငန်းအကြိုကာလအဆင့်** | | |
| **ထိခိုက်လွယ်သောသဘာဝဧရိယာများကာကွယ်စောင့်ရှောက်ရေး**<br>- ထိခိုက်လွယ်သောသဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများအနည်းဆုံးအဆင့်သို့လျှော့ချခြင်း | - ထိခိုက်လွယ်သော အလားအလာရှိသည့် သဘာဝပတ်ဝန်းကျင်ဧရိယာများ ခွဲခြားသတ်မှတ်ခြင်း<br>- ရေးချယ်ဆောင်ရွက်နိုင်သော ဆောက်လုပ်ရေးလုပ်ငန်းတည်နေရာများ/လုပ်ငန်းများအတွက် ထိခိုက်လွယ်သည့် ဧရိယာများအား ရှောင်လွှဲခြင်း (သို့) ၎င်းဧရိယာများနှင့်ဝေးရာတွင် အခြေပြုဆောင်ရွက်ခြင်း<br>- ထိခိုက်လွယ်သည့်ဧရိယာများနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ထမ်းများဝန်ထမ်းများ သိရှိနားလည်စေရန် ကြပ်မတ်ဆောင်ရွက်ခြင်း<br>- ဆောက်လုပ်ရေးလုပ်ငန်းလုပ်ဆောင်မှုများ ထိခိုက်လွယ်သည့်ဧရိယာများအတွင်း ချဥ်းနင်းဝင်ရောက်မိခြင်းများကို ကန့်သတ်ရန် ယာယီခြံစည်းရိုး/ အတားအဆီးများ ထည့်သွင်းအသုံးပြုခြင်း | - တမူထူးခြားသည့်အစိတ်အပိုင်းများနှင့် ဒီဇိုင်းပုံစံချိန် ညှိခြင်း (သို့) အကာကွယ်ပေးခြင်းများဆောင်ရွက်ရန် လိုအပ်သည့် သဘာဝပတ်ဝန်းကျင်အရ ထိခိုက်လွယ်သည့် ဧရိယာများအတွက် ချိန်ညှိမှုများအား စစ်ဆေးခြင်း<br>- ဒေသခံရပ်ရွာပြည်သူများနှင့် ဆွေးနွေးတိုင်ပင်၍ ဒေသတွင်းပေါက်ရောက်သည့်အပင်မျိုးစိတ်များအသုံးပြု၍ အပင်များပြန်လည်စိုက်ပျိုးခြင်းအစီအစဥ် ဆောင်ရွက်ခြင်း |
| **လမ်းဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်အရကောင်းမွန်သော ဒီဇိုင်းပုံစံ**<br>- လမ်းတည်ဆောက်ရေးကာလအတွင်းနှင့် နောက်ပိုင်းကာလ | - ဈေးများ၊ ကျောင်းများ၊ အခြားရပ်ရွာအဆောက်အဦးအင်္ဂါရပ်များအနီးဝန်းကျင်နှင့် ကျေးရွာများအတွင်း လူသွားလမ်းများ (foot-paths) နှင့် လမ်းနှင့်ကပ်လျက်ကားရပ်နားနိုင်သည့် သီးသန့်နေရာများကို ဒီဇိုင်းပုံစံတွင်ထည့်သွင်းခြင်း | - လမ်းမများ၏ မိုးရေ/ရေများ မြန်ဆန်စွာစွန့်ထုတ်စီးဆင်းနိုင်စေရေး ဒီဇိုင်းရေးဆွဲရန် မြေဆီလွှာရေစိမ့်ဝင်မှုနှုန်းများနှင့် သဘာဝရေစီးဆင်းမှုပုံစံများ ခွဲခြားသတ်မှတ်ခြင်း |

| | | |
|---|---|---|
| များတွင် မတော်တဆဖြစ်မှုများ ရှောင်ရှားရန်<br>- ကောင်းမွန်သောရေနုတ်မြောင်း စနစ်များဖြည့်ဆည်းရန် | - ကန်ထရိုက်သဘောတူညီချက်စာတမ်းများတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင် ဆိုင်ရာဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးသတ်မှတ်ချက်များ ထည့်သွင်းပါဝင်စေခြင်း<br>-ကျောင်းများ၊ ဆေးရုံများ၊ ဈေးများ၏ အနီးဝန်းကျင် နေရာများ၌ လူကူးမျဉ်းကျားနှင့် အရှိန်လျှော့ လမ်းအခံများ ဒီဇိုင်းပုံစံတွင် ဖြည့်ဆည်းခြင်း<br>- လမ်းအပိုင်းတလျှောက် လုံလောက်သော မြင်နိုင်စွမ်းအားရှိစေရန်နှင့် မီးအလင်းရောင်နှင့် သတိပေးဆိုင်းဘုတ်များဖြည့်ဆည်းရန် ဒီဇိုင်းပုံစံတွင် ကြပ်မတ်ဆောင်ရွက်ခြင်း<br>- လမ်းနှင့်ဝေးရာသို့ ရေ/မိုးရေများ ထိရောက်စွာ စွန့်ထုတ်စီးဆင်းနိုင်စေရေး လမ်းမျက်နှာပြင်ခုံးနေစေရန်ဆောင်ရွက်ခြင်း (လိပ်ကျောခုံးပုံ)<br>- တာလမ်းများ၊ တံတားများ၊ မြေအောက်ပိုက်လိုင်း နေရာများတွင် ကန့်လန့်ဖြတ်ရေမြောင်း (cross drains) များ ထည့်သွင်းခြင်း | - ကျေးရွာများ၊ ဈေး၊ ကျောင်း၊ ဆေးရုံများနှင့် စုဝေးရာနေရာများ၏ အနီးဝန်းကျင်နေရာများကို ဖြတ်သန်းသွားသည့်လမ်းများ အတွက် ယာဉ်ကြောတည်ငြိမ်ဘေးကင်းရေးနည်းလမ်းများ သတ်မှတ်ခြင်းနှင့် ဒီဇိုင်းပုံစံတွင် ထည့်သွင်းခြင်း |
| **ယဉ်ကျေးမှုအမွေအနှစ်များ**<br>- ယဉ်ကျေးမှုအမွေအနှစ်နှင့် ဆက်စပ်သည့်နေရာများ (အခမ်းအနားနှင့်ဆိုင်သည့်နေရာများနှင့် သုသာန်နေရာများ)အားထိခိုက်ပျက်စီးမှုမှ ရှောင်ရှားရန် | - ဆောက်လုပ်ရေးကာလအတွင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်ဆိုင်ရာနေရာတခုခုအား တွေ့ရှိသတ်မှတ်နိုင်ပါက ကန်ထရိုက်တာသည် လုပ်ငန်းအားလုံး ချက်ချင်းရပ်ဆိုင်းရန်နှင့် သက်ဆိုင်ရာယဉ်ကျေးမှုအဖွဲ့အစည်းသို့ အသိပေးအကြောင်းကြားရန် ဆောင်ရွက်ရမည်။<br>- သုသာန်များနှင့် အခြားယဉ်ကျေးမှုအမွေအနှစ်နှင့် ဆိုင်သည့် နေရာများသို့/မှ ချဉ်းနင်းဝင်ရောက်မိခြင်းမှ ဆောက်လုပ်ရေး | - ဆောက်လုပ်ရေးလုပ်ငန်းများ မစတင်မီ ရပ်ရွာပြည်သူများနှင့် အကြံပြုဆွေးနွေးခြင်းနှင့်အလားအလာရှိသောနေရာများ သတ်မှတ်ခြင်းတို့ဆောင်ရွက်ခြင်း<br>- ကန်ထရိုက်တာစာရွက်စာတမ်းများတွင် “တိုက်ဆိုင်တွေ့ရှိမှု” ဆိုင်ရာသတ်မှတ်ချက် ထည့်သွင်း ခြင်း |

| | | |
|---|---|---|
| | လုပ်ငန်းများကို ကန့်သတ်ရန် ယာယီခြံစည်းရိုး/ အတားအဆီးများ ထည့်သွင်း ခြင်း | |
| **စီမံကိန်းအကျိုးကျေးဇူးများ သာတူညီမျှခံစားရရှိမှု** | - စီမံကိန်းခွဲဧရိယာများတွင် အားနည်းချို့တဲ့သည့် လူမှုအစုအဖွဲ့များကို ရွေးချယ်သတ်မှတ်နိုင်ရန် ကောင်းမွန်ပြည့်စုံသော လူမှုရေးရာဆန်းစစ် လေ့လာမှု။<br>- အကြံပြုဆွေးနွေးစည်းဝေးပွဲနှင့် သတင်းအချက် အလက်ဖြန့်ဖြူးရေးလုပ်ရှားမှုအစီအစဉ်<br>- မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးချယ်မှုနှင့် ဦးစားပေးသတ်မှတ်ခြင်း နည်းနာများ<br>- ဒေသခံများဖတ်ရှုနားလည်နိုင်သော ဘာသာ စကားဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ၏ စာရင်းကို အများပြည်သူသိရှိနိုင်ရန် ကြေငြာခြင်း<br>- ဒေသခံပြည်သူများ၏ နစ်နာမှုများနှင့် ပတ်သက်၍ ၎င်းတို့အနေဖြင့ ဖော်ပြနိုင်ရန် ထိရောက်ကောင်းမွန်သော GRM စီမံကိန်း အနီးကပ်လေ့လာစစ်ဆေး ရေး | - အရည်အသွေးပြည့်မီသော လူမှုရေးရာကျွမ်းကျင်ပညာရှင် တဦးမှ လူမှုရေးရာဆန်းစစ် လေ့လာမှုကို ဆောင်ရွက်ရပါ မည်။ |

| သဘာဝပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ် များနှင့် ဦးတည်ချက် | လျော့ပါးသက်သာစေရေး အစီအစဉ်များ | မှတ်ချက် |
|---|---|---|
| ဆောက်လုပ်ရေး | လုပ်ငန်းအဆင့် | |
| မြေဆီလွှာတိုက်စားခြင်း၊ နုန်း တင်ခြင်းနှင့် မိုးရေစီးဆင်းမှု ထိန်းချုပ်ရေး | - လုပ်ငန်းဆောင်ရွက်နိုင်သော အရွယ်အစား ရှိသည့် ဧရိယာများအတွက် မြေပြင်နှောင့်ယှက်မှု များအား ကန့်သတ်ခြင်း | - လုပ်ငန်းတည်နေရာရှင်းလင်း ခြင်း၊ မြေတူးဖော်ဧရိယာများ၊ ကျောက်ကျင်းများ၊ ဆောက်လုပ် ရေးစခန်းများစသည့် ရှင်းလင်း |

| | | |
|---|---|---|
| - လုပ်ငန်းတည်နေရာများမှ နုန်းမြေဆုံးရှုံးမှုပမာဏအနည်းဆုံးအဆင့်သို့လျှော့ချခြင်း<br>- မြစ်ချောင်းများနှင့် ကမ်းရိုးတန်းဧရိယာများသို့ နုန်းနှင့် ညစ်ညမ်းရေများပါဝင်သည့် မိုးရေ၏ သက်ရောက်မှုအား အနည်းဆုံးအဆင့်သို့လျှော့ချခြင်း | - စိုစွတ်ရာသီများတွင် မြေဆီလွှာအနှောင့်အယှက်များ၏ဧရိယာများကို အနည်းဆုံးအဆင့်သို့ လျှော့ချရန် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အချိန်ဇယားရေးဆွဲသတ်မှတ်ခြင်း<br>- စိုက်/ပျိုးပင်များရှင်းလင်းခြင်းကို အနည်းဆုံးအဆင့်သို့လျှော့ချလုပ်ဆောင်ရန်<br>- စိုက်/ပျိုးပင်များ ဖယ်ရှားရသည့်နေရာများ၌ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးချိန်တွင် ဒေသမျိုးစိတ်များဖြင့် ဧရိယာများအားလုံးတွင် အပင်များပြန်လည်စိုက်ပျိုးခြင်းနှင့် အပြီးသတ်မြေပြင်ကောက်ကြောင်းဆောင်ရွက်မှုပြီး လမ်းခင်းရန်မဟုတ်သည့် ဧရိယာများအပါအဝင်။<br>- ပံ့ပိုးခြင်းမရှိဘဲ ကျန်ရှိသည့်ရေနုတ်မြောင်းလမ်းကြောင်းများ တူးဖော်သည့်အချိန်လျှော့ချခြင်း။<br>- ရေနုတ်မြောင်းများနှင့် ပစ္စည်းများစုပုံရာနေရာများ၌ geotextile နုန်းဆယ်ပစ္စည်းများထားရှိခြင်း<br>- ဆောက်လုပ်ရေးဧရယာများကို အခြားမျက်နှာပြင်ရေစီးဆင်းမှုများမှ ထိန်းချုပ်ခြင်း (သို့) သီးခြားဖြစ်စေခြင်း။ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပြီးနောက် ၄င်းဧရိယာကို ရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ခြင်း<br>- ဆောက်လုပ်ရေးလုပ်ငန်းဧရိယာများမှ မိုးရေစီးဆင်းမှုများ မြေအောက်ပိုက်လိုင်း (သို့) ရေနုတ်မြောင်းစနစ်များသို့မရောက်မီ geotextile နုန်းဆယ်ယူသည့်ပစ္စည်းများမှ ဖြတ်သန်းစီးဆင်းစေခြင်း | ဆောင်ရွက်ရန်လိုအပ်သော လုပ်ဆောင်မှုများအားလုံးအတွက် သက်ဆိုင်ပါသည်။ |

| | | |
|---|---|---|
| | - မြစ်ချောင်းများနှင့် သမုဒ္ဒရာအတွင်းသို့ နုန်းပါဝင်သည့် ညစ်ညမ်းရေများ စွန့်ထုတ်ခြင်းကို တားမြစ်ခြင်း | |
| သိုလှောင်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းအစုအပုံများ စီမံခန့်ခွဲခြင်း<br>- ဖုန်မှုန့်များနှင့် မျက်နှာပြင်ရေစီးဆင်းမှုများကို အနိမ့်ဆုံးအဆင့်သို့ လျှော့ချရန် | - ဒေသခံမြေပိုင်ရှင်များဖြင့် စွန့်ပစ်/သိုလှောင်နေရာများ ခွဲခြားသတ်မှတ်ခြင်း<br>- သိုလှောင် (သို့) စွန့်ပစ်ပစ္စည်းစုပုံနေရာများသည် မျက်နှာပြင်ရေစီးဆင်းမှု (သို့) သဘာဝရေမြောင်းပေါက်များကို ပိတ်ဆို့ခြင်းမရှိစေရန် ဆောင်ရွက်ခြင်း<br>- သိုလှောင်/စွန့်ပစ်နေရာများကို သီးခြားဖြစ်စေရန် ကောင်းမွန်သောရေနုတ်မြောင်းများ တပ်ဆင်ခြင်း<br>- စွန့်ပစ်ပစ္စည်းပုံများ (သို့) သိုလှောင်ပစ္စည်းများကို ဖုံးအုပ်ခြင်း (သို့) အပင်စိုက်ပျိုးခြင်းဖြင့် (အထူးသဖြင့် ကာလကြာရှည်ထိတွေ့နိုင်သည်ဟုခန့်မှန်းပါက) ရေတိုက်စားခြင်းနှင့် နုံးစီးဆင်းမှုများကို အနည်းဆုံးသို့ လျော့ချခြင်း<br>- လေကြောင့်နုံး/အနည်ကျမှုကို တားဆီးရန် သိုလှောင်ပစ္စည်းများကို အများဆုံး ၃မီတာအမြင့်ထက် မကျော်လွန်စေပဲ ထိန်းသိမ်းခြင်း။<br>- သိုလှောင်ပစ္စည်းများဝန်းကျင်တွင် Geo Textile နုန်းဆယ်သူပစ္စည်းများ ထားရှိခြင်း<br>- မိုးသည်းထန်စွာရွာသွန်းခြင်း (သို့) လေထန်သည့်အခြေအနေများတွင်ပင် မည်သည့်သိုလှောင်ပစ္စည်းမျှပင်လယ်(သို့) မြစ်ချောင်းများသို့ရောက်ရှိခြင်းမရှိစေရန် ကြပ်မတ်ခြင်း။<br>- ရေထုနှင့် ၂၀မီတာအတွင်းရှိ သိုလှောင်နေရာများတွင် နုန်းဆယ်ယူပစ္စည်းများတပ်ဆင်သငြ်ပီး ရေထု | - ကျောက်ခွဲစက်/ကိရိယာများ၊ ကွန်ကရစ်ရောစပ်/ထုတ်လုပ်ကိရိယာများ၊ ကတ္တရာထုတ်လုပ်ကိရိယာများနှင့် အပေါ်ယံမြေဆီလွှာသိုလှောင်ဧရိယာစသည့် ပစ္စည်းသိုလှောင်ဧရိယာများနှင့် စုပုံ/စွန့်ပစ်ဧရိယာများအားလုံးနှင့် သက်ဆိုင်ပါသည်။ |

| | | |
|---|---|---|
| | အတွင်းသို့ လေကြောင့်နုန်းချခြင်းမဖြစ်စေရန် ဖုံးအုပ်ထားသင့်သည်။<br><br>- နုန်းဆယ်ယူပစ္စည်းများမှ နုန်း/အနည်များလေထုအတွင်းသို့ စီးဆင်းသွားမှုမရှိစေရန် ကြပ်မတ်ခြင်း။ | |
| **ပစ္စည်းများစီမံခန့်ခွဲခြင်း**<br><br>-ပစ္စည်းများပေးပို့ခြင်းနှင့် အညစ်အကြေးစွန့်ပစ်မှုများ၏သက်ရောက်မှုများအား အနည်းဆုံးသို့လျှော့ချခြင်း။ | - ပစ္စည်းများပေးပို့ခြင်းနှင့် အညစ်အကြေးစွန့်ပစ်မှုကိုင်တွယ်ထိန်းသိမ်းရေးအစီအစဉ်ရေးဆွဲဆောင်ရွက် ခြင်း၊ ယာဉ်ကြောအသွားအလာများသည့် အချိန်အတောအတွင်း ပစ္စည်းများပေးပို့ခြင်းကို ရှောင်ရှားရန်/အနည်းဆုံးသို့ လျှော့ချရန်<br><br>- မော်တော်ယာဉ်များလုပ်ငန်းဆောင်ရွက်မှုအတွက်ဘေးကင်းရေးအစီအစဉ်များဆောင်ရွက်ခြင်းနှင့်ကုန်<br>တင်ယာဉ်များမှပစ္စည်းဆုံးရှုံးမှုများတားဆီးကာကွယ်ရန်။<br><br>- သယ်ဆောင်ကုန်ပစ္စည်းများမှ ဖုန်မှုန့်ထွက်ရှိခြင်းများ လျှော့ချရန်နည်းလမ်းများဆောင်ရွက်ခြင်း။<br><br>- ပစ္စည်းသိုလှောင်နေရာများဝန်းကျင်တွင် နုန်း/အနည်ကာစည်းရုံးများထားရှိခြင်း။<br><br>- တင်သွင်းသည့်ပစ္စည်းများအားလုံး အော်ဂဲနစ်ပစ္စည်း များမှကင်းလွတ်ရန်နှင့် အသိအမှတ်ပြုသန့်ရှင်းသည့်အရင်းအမြစ်များမှရရှိခြင်းနှင့်/သို့နိုင်ငံအတွင်းမရောက်မှီ ပိုးမွှားသန့်စင်ပြီးကြောင်းသေချာစေရန်။<br><br>- တင်သွင်းသည့်ပစ္စည်းများအတွက် ရေယာဉ်မှ ရွေ့ပြောင်းသည့်နေရာများတွင် လုံလောက်သော ကုန်တင်ကုန်ချနှင့် ကုန်သိုလှောင်ပံ့ပိုးမှုအင်္ဂါရပ်များရရှိကြောင်း သေချာစေရန်။ | - ပစ္စည်းများထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့်စီမံခန့်ခွဲမှုဧရိယာအားလုံးနှင့် သက်ဆိုင်သည်။ |

| | | |
|---|---|---|
| | - ရေယာဉ်မှ ကုန်အတင်အချပြုလုပ်စဉ်အတော အတွင်း ဖုန်မှုန့်စွန့်ထုတ်မှုများ လျော့ချနိုင်ရန် လေထီးစဖြင့် ဖုံးအုပ်ခြင်း (သို့) ရေဖြန်းခြင်း။<br><br>- ပစ္စည်းများအား စီမံဆောင်ရွက် (processing) သည် ကိရိယာ/ပစ္စည်းများအား ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေရှိစေရန် ထိန်းသိမ်းခြင်းဖြင့် ၎င်းကိရိယာ/ပစ္စည်းများမှ စွန့်ထုတ်မှုများကို လျှော့ချနိုင်ခြင်း။ | |
| **ပစ္စည်းများတူးဖော်/ထုတ်ယူခြင်း**<br>- ပစ္စည်းများတူးဖော်/ထုတ်ယူခြင်းကြောင့် ဒေသသဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေ ရေးကြပ်မတ်ဆောင်ရွက်ရန် | - ထုတ်ယူမှုနှင့် ဖြည့်ဆည်းမှုများ မျှတမှုရှိစေရန်နှင့် အခြားဆောင်ရွက်ဆဲစီမံကိန်းများမှ သင့်တော်သည့် ပစ္စည်းများရရှိနိုင်မှုကို လေ့လာစူးစမ်းရမည်။<br>- သတ်မှတ်ထားသော (သို့) အတည်ပြုထားသော တူးဖော်ဧရိယာများမှ ပစ္စည်းများတူးဖော်ရယူရန်<br>- သဘာဝရေပြွန်စနစ်များကောင်းမွန်စေရန် တူးဖော်ဧရိယာများအား ထိန်းသိမ်းခြင်းနှင့် အပင်များပြန်လည်စိုက်ပျိုးခြင်း<br>- သိုလှောင်ပစ္စည်းများတဝိုက်တွင် နှန်း/အနည်ကာစည်းရိုး/ပစ္စည်းများ ထားရှိခြင်း<br>- ကုန်တင်ယာဉ်များတွင် ဝန်ပိုမှုမရှိစေရန်နှင့် ဖုံးအုပ် ကာကွယ်ထားရန်ဆောင်ရွက်ရမည်။<br>- ပစ္စည်းများအား ဒီရေ/ရေတက်အမှတ်အောက်တွင် သိုလှောင်ခြင်းမရှိစေရန် သတ်မှတ်ဆောင်ရွက်ရမည်။<br>- ဖြစ်နိုင်ပါက သဲ၊ ကျောက်စရစ်၊ ကျောက်နှင့် ကွန်ကရစ်ရောစာများကို လိုင်စင်ဖြင့်ဆောင်ရွက်သည့်ကျောက်ကျင်းများမှ ရယူရန်။ | -ဘူမိနည်းပညာဆိုင်ရာလေ့လာစူးစမ်းမှုများဖြင့် ကျောက်ကျင်းနေရာအသစ်များကို အတည်ပြုရမည်။<br>- သဘာဝ/ထိခိုက်လွယ်သော သဘာဝအသိုက်အဝန်းများနှင့် ဝေးရာတွင် ကျောက်ကျင်းများရှာဖွေရမည်။<br>- မြေပြင်ရေသက်ရောက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။<br>- ကျောက်ကျင်းများပြန်လည်ထူထောင်ရေးအစီအစဉ် စီစဉ်ပြင်ဆင်ခြင်းနှင့် ကျောက်ကျင်းများဆောင်ရွက်မှုလိုင်စင်ရရှိစေရန် ဆောင်ရွက်ရမည်။ |

| | | |
|---|---|---|
| | - ပတ်ဝန်းကျင်ဧရိယာများရှိ ပြည်သူများအား ဆူညံ/ဖောက်ခွဲမှုများမဆောင်ရွက်မီ သတိပေး ရှင်းလင်းခြင်း။<br>- ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပြီးနောက် ကျောက်ကျင်းပြန်လည်ထူထောင်ရေးအစီအစဉ်များ အတိုင်း ကျောက်ကျင်းနေရာများပြန်လည်ထိန်းသိမ်း ခြင်း။ | |
| **လောင်စာဆီနှင့် စက်ဆီ/ချော ဆီများထိန်းသိမ်းခြင်းနှင့် ကိုင် တွယ်ခြင်း။**<br>- လောင်စာဆီ၊ စက်ဆီနှင့် သုတ် ဆေးများနှင့် ဆက်စပ်သည့် အန္တ ရာယ်များအား အနည်းဆုံးအဆင့် သို့ လျှော့ချရန်။ | - လောင်စာဆီများနှင့် ရေနံကတ္တရာပစ္စည်းများကို ရေနုပ်မြောင်းများနှင့်ဝေးရာ သတ်မှတ်ထိန်းချုပ်နေ ရာများတွင် သိုလှောင်သိမ်းဆည်းခြင်း။<br>- လုပ်ငန်းနေရာများတွင်သိုလှောင်ထားသည့် တစ်ထောင်လီတာထက်ကျော်လွန်သော လောင်စာ ဆီများကို တိုင်ကီစွမ်းရည်၏ ၁၁၀%ထိန်းသိမ်းနိုင် သော ကွန်ကရစ်အောက်ခြေပေါ်တွင်အလုံပိတ်တိုင် ကီများဖြင့် ဆေးကြောသင့်သည်။<br>- အလုပ်ရုံများအားလုံးတွင် ဆီနှင့်ရေခွဲခြားသည့် Separator များတပ်ဆင်ခြင်း။<br>- လောင်စာဆီများကိုင်တွယ်ခြင်းကို သတ်မှတ်ထား သောတာဝန်ရှိဝန်ထမ်းများသာ ဆောင်ရွက်ခြင်း။<br>- မတော်တဆဖိတ်စင်မှုများရှင်းလင်းရေးအတွက် လုပ်ငန်းစဉ်များသတ်မှတ်ခြင်း။<br>- ကြီးမားသည့်ဖိတ်စင်မှုတစုံတရာအတွက် ကြီးကြပ် ရေးမှူးထံသို့ အဆောတလျှင် အစီရင်ခံခြင်း။<br>- စွန့်ပစ်စက်ဆီ၊ စက်ဆီနှင့် လောင်စာဆီ ဆီစစ် များကို စုဆောင်း၍အတည်ပြုစွန့်ပစ်နေရာများတွင် သာစွန့်ပစ်ခြင်း။ | - အလုပ်ရုံများ၊ ကုန်လှောင်ရုံ များ သိုလှောင်နေရာများ၊ လုပ် ငန်းနေရာများ၊ ဆောက်လုပ် ရေးစက်ပစ္စည်းနေရာများနှင့် ယာဉ်ရပ်နားရာနေရာများ အား လုံးနှင့် သက်ဆိုင်သည်။ |

| | | |
|---|---|---|
| **Off side နှင့် အညစ်အကြေး/ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**<br>- အစိုင်အခဲအညစ်အကြေးများ၊ လုပ်ငန်းနေရာ၊ ရေနုပ်မြောင်းနှင့် ရေဆိုးမြောင်းစနစ်များမှ ညစ်ညမ်းမှုများကို ကာကွယ်တားဆီးရန်/ အနည်းဆုံးအဆင့်သို့ လျှော့ချရန် | - ဆောက်လုပ်ရေးလုပ်ငန်းနေရာအတွင်း အစိုင်အခဲ စွန့်ပစ်ပစ္စည်းများအားလုံးကို ထိန်းချုပ်ရန်နှင့် စွန့်ပစ်နေရာများဆီသို့ ရွှေ့ပြောင်းရန်။<br>- ရေနံကတ္တရာထည့်သည့် ကွန်တိန်နာများအပါ အဝင် အန္တရာယ်ရှိသောအညစ်အကြေးများအားလုံး ကိုဖယ်ရှားရန်။<br>- ဖိတ်စင်မှုများ စီမံခန့်ခွဲရေးတွင် မြန်ဆန်သည့် ထိန်းချုပ်မှု၊ လုပ်ငန်းနေရာသန့်ရှင်းရေး အဆော တလျှင်ဆောင်ရွက်မှုနှင့် သင့်တော်သောစွန့်ပစ်မှု များအတွက် လုပ်ငန်းစဉ်များ စီစဉ်ပြင်ဆင်ရန်။<br>- အန္တရာယ်မရှိသော Inorganic အစိုင်အခဲအညစ် အကြေးများကို ကြိတ်ခွဲခြင်းနှင့် စွန့်ပစ်နေရာများသို့ ရွှေ့ပြောင်းခြင်း။<br>- လုပ်ငန်းဝန်ဆောင်မှုမရှိသည့်ကိရိယာပစ္စည်းများ ကျန်ရစ်ခဲ့ခြင်းမရှိစေရန် ကန်ထရိုက်ပြီးဆုံးချိန်တွင် စက်ပစ္စည်းကိရိယာနှင့် ယာဉ်များအားလုံးကို လက် လွှဲခြင်း၊ ရောင်းချခြင်း (သို့) ဖယ်ရှားခြင်းများ အတွက် အစီအစဉ်ရေးဆွဲခြင်း။<br>- မိလ္လာနှင့် အညစ်အကြေးများအတွက် မြေဆီလွှာ ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး သင့်တော်သည့်စီမံ ခန့်ခွဲမှုအစီအစဉ်များဖြင့် လုပ်ငန်းနေရာများတွင် အိမ်သာများတပ်ဆင်ခြင်း။ ဒေသအာဏာပိုင်များ နှင့်ညှိနှိုင်း၍ မိလ္လာနှင့် အညစ်အကြေးစွန့်ပစ်မှုများ ဆောင်ရွက်ခြင်း။<br>- အစိမ်းရောင် (သို့) အော်ဂဲနစ်အညစ်အကြေးများ အားလုံးကို မြေဆွေးချ (သို့) တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း။ | • Off side သိုလှောင်ရာနှင့် စွန့်ပစ်နေရာများအားလုံးနှင့် သက်ဆိုင်သည်။<br>- ကွန်ကရစ်ရောစပ်/ထုတ်လုပ် စက်ကိရိယာများမှ ထွက်ရှိလာ သည့်စွန့်ပစ်ပစ္စည်းများပြန်လည် အသုံးပြုရေးစဉ်းစားဆောင်ရွက် ရန်။ |

| | | |
|---|---|---|
| | - လုပ်ငန်းနေရာအတွင်းရှိ စီမံပြုပြင်ထားသော ရေနုပ်မြောင်းအညစ်အကြေးများကို ဖုန်မှုန့်ထိန်းချုပ်ခြင်း၊ ကိရိယာဆေးကြောခြင်းများအတွက် ပြန်လည်အသုံးပြုခြင်း။ | |
| **လေထုအရည်အသွေး/ဖုန်မှုန့်များ**<br>- ကတ္တရာထုတ်လုပ်သည့်စက်ကိရိယာများ (asphalt) များမှ ဖုန်မှုန့်နှင့် အခြားစွန့်ထုတ်မှုများကို ထိန်းချုပ် ရန်နှင့် အနည်းဆုံးသို့လျှော့ချရန်။ | • (asphalt) နိုင်လွန်ကတ္တရာထုတ်လုပ်သည့် စက်ကိရိယာများမှထွက်ရှိသည့် မီးခိုး၊ ဖုန်မှုန့်၊ အနံ့စသည့်အရာများနှင့်ပတ်သက်၍ ယာယီနိုင်လွန်ကတ္တရာထုတ်လုပ်သည့် စက်ကိရိယာများအတွက် စည်းမျဉ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည်။<br>- မြေဆီလွှာ/သိုလှောင်ပစ္စည်းမျက်နှာပြင်များ တိုက်လေနှင့် ထိတွေ့မှု အားအနည်းဆုံးအဆင့်သို့ လျှော့ချရန်<br>- သိုလှောင်ပစ္စည်းများ၊ ကွန်ကရစ်ရောစပ်/ထုတ်လုပ်သည့်စက်များ၊ နိုင်လွန်ကတ္တရာထုတ်လုပ်သည့် စက်များ၏ အနီးဝန်းကျင်တွင်လေကာ (သို့) လေကာစည်းရိုးများ တပ်ဆင်ခြင်း။<br>- ထိတွေ့မြေဆီလာ မျက်နှာပြင်များနှင့် အသုံးပြုလမ်းများကို ရေဖြန်းခြင်း<br>- နိုင်လွန်ကတ္တရာထုတ်လုပ်စက် (asphalt plant) များတွင် bag house (သို့) wt scmbber အမှုန်ဖယ်ရှားစနစ်တမျိုးမျိုးကို တပ်ဆင်သင့်ပါသည်။ | - ဖြစ်နိုင်သည့်နေရာများတွင် လက်ရှိ၊ လည်ပတ်ဆောင်ရွက်နေသောလိုင်စင်ရှိသည့်နိုင်လွန်ကတ္တရာထုတ်လုပ်သည့်စက်ကိရိယာ (asphalt) များကို အသုံးပြုရန်။<br>- နိုင်လွန်ကတ္တရာ (asphalt) ထုတ်လုပ်သည့် စက်ကိရိယာ အသစ်များကိုအခြေချနေထိုင်ရာ နေရာများ၏ လေအောက်ဖက် အရပ် ၃၀၀-၅၀၀ မီတာနှင့် ရေထု၊ မြစ်ချောင်းများမှ ၁၅၀ မီတာအကွာအဝေးတွင် ထားရှိသင့်ပါသည်။ |
| **ဆူညံသံများ**<br>- ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စေခြင်းများကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်ရန် ကြပ်မတ်ဆောင်ရွက်ရမည်။ | - သင့်တော်သည့်နေရာများတွင် အသံထိန်းကိရိယာ (mufflers) များဖြင့် ခေတ်မှီ၍ ကောင်းမွန်စွာထိန်းသိမ်းနိုင်သော ကိရိယာများကို အသုံးပြုခြင်း။<br>- ဆူညံစေသည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန်များအတွင်း အချိန်ဇယားရေးဆွဲသတ်မှတ်ခြင်း | - ကျောင်းများ၊ ဆေးရုံများ ဘာသာရေးအဆောက်အအုံများ စသည့် ထိခိုက်လွယ်သော အစိတ်အပိုင်းများတွင် အဆင်မပြေဖြစ်ရမှုအနည်းဆုံးဖြစ်စေရန် ရှင်းလင်းလွယ်ကူသောဆောက်လုပ် |

| | | |
|---|---|---|
| | - ဆူညံသံကြောင့် ထိခိုက်နိုင်သည့်နေရာများကို ကာကွယ်ရန် ဆူညံသံတားဆီးသည့် အကာအရံ (barriers/ screen (or) mounds) များအသုံးပြုခြင်း<br>- ထူးခြားသော (သို့) မရှောင်လွှဲနိုင်သော ဆူညံသံထွက်ပေါ်စေသည့် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ အာဏာပိုင်များအား အကြိုညာ/အသိပေးခြင်း။ | ရေးလုပ်ငန်းမူဝါဒများ ချမှတ်ဆောင်ရွက်ရမည်။<br>- ညနေ ၆နာရီမှ မနက် ၆နာရီ အကြားနှင့် စနေ/တနင်္ဂနွေရက်များ၊ အခြားရုံးပိတ်ရက်များ အတွင်း ဆူညံစေသည့်လုပ်ငန်းဆောင်ရွက်မှုများကို ရှောင်ရှားရမည်။ |
| **ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံ ရေး**<br>- ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အမြင့်ဆုံးသော ဘေးကင်းလုံခြုံရေးရရှိနေစေရန် | - ဆောက်လုပ်ရေးလုပ်ငန်းနေရာများနှင့် အလုပ်စခန်းများတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များအားလုံးနေသားတကျစီစဉ်ဆောင်ရွက်မှု ရှိနေစေရန်။<br>- အန္တရာယ်ရှိသည့်ဇရိယာများတွင် မီးအလင်းရောင်နှင့် သတိပေးအမှတ်အသား/ဆိုင်းဘုတ်များ တပ်ဆင်ခြင်း။<br>- စျေးများ၊ ကျောင်းများ၊ အခြားရပ်ရွာပွဲပိုးမှုအဂ်္ဂါရပ်များအနီးနှင့် ကျေးရွာများအား ဖြတ်သန်းဖောက်လုပ်သည့် လမ်းများတလျှောက်တွင် လူသွားလမ်းများနှင့် လမ်းဘေးကားခဏရပ်နားနေရာများကို ဆောင်ရွက်ရမည်။<br>- ဖုန်၊ ဆူညံသံစသည်တို့၏ ထိတွေ့မှုကို ကန့်သတ်ရန် ဆောက်လုပ်ရေးလုပ်ငန်းများကို ၀၇၀၀နာရီမှ ၁၉၀၀နာရီအတွင်းသာ ကန့်သတ်ဆောင်ရွက်ခြင်း<br>- ဘေးကင်းလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်နေစေရန်။ | - ဆောက်လုပ်ရေးလုပ်ငန်းနေရာများအားလုံးနှင့် သက်ဆိုင်ပါသည်။ |

| | | |
|---|---|---|
| | - ဝန်ထမ်းများအတွက် ဘေးရန်ကာပစ္စည်းကိရိယာ များ (PPE) အသုံးပြုကြောင်း သေချာစေရန်။ | |
| ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံ ရေး<br>- ဆောက်လုပ်ရေးဝန်ထမ်းများ၏ အသိပညာ/သိရှိနားလည်မှု | - အောက်ပါတို့အတွက် ကန်ထရိုက်ဝန်ထမ်းများ အတွင်း တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ဖော်ပြသည့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင် း ရေးအစီအစဉ် စီစဉ်ပြင်ဆင်ခြင်း။ -<br>- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များကို စွဲမြဲလိုက်နာစေခြင်း<br>- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက်များကို စွဲမြဲလိုက်နာစေခြင်း<br>- ဝန်ထမ်းများအတွက် ဘေးရန်ကာပစ္စည်းကိရိယာ (PPE)များအသုံးပြုခြင်း<br>-အန္တရာယ်ရှိသည့်ဧရိယာများတွင် မီးအလင်းရောင်နှင့် သတိပေးအမှတ်အသား/ဆိုင်းဘုတ်များ တပ်ဆင်ခြင်း<br>- သတ်မှတ်ခွင့်ပြုသည့် ဝန်ထမ်းများသာ ယာဉ်နှင့်ကိရိယာများမောင်းနှင်လည်ပတ်ခြင်းဆောင်ရွက်ရန် စည်းမျဉ်းများချမှတ်ခြင်း<br>- အဆိပ်သင့်စေနိုင်သော အန္တရာယ်ရှိသည့်ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်<br>လုပ်ငန်းစဉ်များသတ်မှတ်ခြင်း<br>- ရှေးဦးသူနာပြုနှင့် အရေးပေါ်လုပ်ငန်းစဉ်များအတွက် အစီအမံများ | - ဆောက်လုပ်ရေးလုပ်ငန်းခွင်များအားလုံးနှင့် သက်ဆိုင်ပါသည်။ |

| | | |
|---|---|---|
| | - ကျန်းမာရေးဆိုင်ရာအကူအညီနှင့် အရေးပေါ် အခြေအနေသုံးပစ္စည်းများ၏ တည်နေရာနှင့်ပတ်သက်၍ အသိပေးကြေငြာစာကပ်၍ဖော်ပြခြင်း<br><br>- အစီအစဉ်များအား လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်၍ ပုံမှန်စစ်ဆေးမှုများအတွက် အချိန်ဇယားရေးဆွဲသတ်မှတ်ခြင်း<br><br>- ဝန်ထမ်းများအား အစီအစဉ်နှင့်ပတ်သက်၍၎င်း၊ အကောင်အထည်ဖော်ရေးအတွက် ၎င်းတို့၏တာဝန် များနှင့်ပတ်သက်၍လည်းကောင်း၊ အလုပ်သမား များနှင့်အခြားပုဂ္ဂိုလ်များအတွက် အန္တရာယ်ရှိသည့် ဧရိယာများနှင့်ပတ်သက်၍လည်းကောင်း အကျွမ်းတဝင်ရှိစေရန် သင်တန်းများစီစဉ်ခြင်း<br><br>- လုပ်ငန်းကာလအတွင်း ယာဉ်ကြောအသွားအလာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုများ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများပေးပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်း ရေးအစီအမံများနှင့် စက်ကိရိယာများနှင့် ယာဉ်များ အတွက် ဘေးအန္တရာယ်ကင်းရှင်းသည့်ရပ်နားရာ နေရာများ (အလုပ်ချိန်နှင့် အလုပ်ချိန်နောက်ပိုင်း အချိန်များအတောအတွင်း)စသည်ဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။<br><br>- အပူပိုင်းဒေသကို ရောဂါပိုးမွှားများပျံ့နှံ့ခြင်းကို အနည်းဆုံးသို့လျှော့ချနိုင်စေရန် အခြေခံတကိုယ် ရည်ကျန်းမာရေးအလေ့အကျင့်များအတွက် အသိ ပညာပေးခြင်း။<br><br>- အလုပ်သမားများအတွက် HIV/ AIDS နှင့် လိင် ကြောင့်ကူးစက်တတ်သောရောဂါများ (STD) (ကူး စက်နိုင်သည့်နည်းလမ်းများနှင့် ကာကွယ်ရေးနည်း | |

| | | |
|---|---|---|
| | လမ်းများဆိုင်ရာအချက်အလက်များအပါအဝင်)နှင့် ပတ်သက်၍ အသိပညာပေးခြင်းများ။<br>-ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာများတွင် မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စား/အခန်းပြုခြင်းများကို တားဆီးခြင်း။ | |
| **ဆက်သွယ်ရေး၊လျှပ်စစ်နှင့်အခြားဝန်ဆောင်မှုများအပေါ် အနှောင့်အယှက်ဖြစ်စေခြင်း** | - ရေထု၊ လျှပ်စစ်ဓါတ်အားနှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများကို ပျက်စီးစေသည့် အန္တရာယ်လျှော့ချနိုင်ရန် လုပ်ငနးခွင်ကြိုးကြပ်ရေး၊ ယာဉ်နှင့် စက်ကိရိယာမောင်းနှင်လည်ပတ်ရေးလုပ်ငန်းများ အတွက် မြင့်မားသည့် စံသတ်မှတ်ချက်များကို လိုက်နာထိန်းသိမ်းခြင်း။<br>- သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံသို့ လျှင်မြန်စွာ အသိပေးအကြောင်းကြားနိုင်ရန် လုပ်ငန်းစဉ်များ စီစဉ်ပြင်ဆင်ခြင်း<br>- ၎င်းဝန်ဆောင်မှုများအပေါ် အနှောက်အယှက်တစုံတရာပေါ်ပေါက်သည့်အခြေအနေတွင် မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိစေရန် ပံ့ပိုးကူညီခြင်း | ဆောက်လုပ်ရေးလုပ်ငန်းခွင်များအားလုံးနှင့် သက်ဆိုင်ပါသည်။ |
| **လုပ်ငန်းခွင်နေရာပြန်လည်ထူထောင်ရေး**<br>- ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပြီးနောက် ဖြစ်ပေါ်ဆဲသက်ရောက်မှုများကို အနည်းဆုံးသို့လျှော့ချရန် | - လောင်စာဆီသိုလှောင်ရာ/အလုပ်ရုံနေရာများမှ ညစ်ညမ်းနေသည့်မြေဆီလွှာများကို တူးဖော်ဖယ်ရှား ၍ ဧရိယာကို ပြန်လည်ပံ့သွင်းခြင်း။<br>- ကျစ်လစ်သွားသည့် မြေမျက်နှာပြင်များအားလုံးကို ညီညာစေရန် ပြန်လည်ပြုပြင်ခြင်း (ထွန်ခြစ်တိုက်)<br>- လုပ်ငန်းခွင်နေရာများကို ဘေးပတ်ဝန်းကျင်ရှိ မြေပြင်အနေအထား၊ သဘာဝရေပြွန်/ရေမြောင်း | - သက်ရောက်မှုခံရသည့်ဧရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာများအားလုံးနှင့် သက်ဆိုင်သည်။ |

| | | |
|---|---|---|
| | များအတိုင်းဖြစ်စေရန် ကောက်ကြောင်းချိန်ညှိပြုပြင်ခြင်း<br>- လုပ်ငန်းခွင်နေရာတွင် အပေါ်ယံမြေဆီလွှာ ဖြည့်ဆည်း၍ ဒေသအပင်မျိုးစိတ်များပြန်လည်စိုက်ပျိုးခြင်း | |
| **စီမံကိန်းအကျိုးကျေးဇူးများ သာတူညီမျှရရှိခံစားရခြင်း** | - ဒေသခံပြည်သူများ ဖတ်ရှုနားလည်နိုင်မည့် ဘာသာစကားဖြင့် စီမံကိန်း၏ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများစာရင်းကို အများပြည်သူအတွက် အသိပေးကြေငြာကပ်ခြင်း<br>- ဒေသခံပြည်သူများမှ ၎င်းတို့၏နစ်နာမှုများကို ဖော်ပြနိုင်ရန် ထိရောက်ကောင်းမွန်သော GRM လုပ်ငန်းစဉ်<br>- စီမံကိန်းအနီးကပ်လေ့လာစစ်ဆေးမှုများ | - စီမံကိန်းအကောင်အထည်ဖော်ရေး အေဂျင်စီမှ ငှားရမ်းခန့်အပ်သည့်လူမှုရေးရာ ဘေးကင်းလုံခြုံရေးပညာရှင်မှအကောင်အထည်ဖော်ရေးလုပ်ငန်းများကိုအနီးကပ်လေ့လာစစ်ဆေးပါမည်။ |

**လုပ်ငန်းလည်ပတ်မှုအဆင့်**

| | | |
|---|---|---|
| **ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအလေ့အထများတိုးမြှင့်လာစေရန်** | - ကျောင်းများ၊ ဈေးများ စသည့်သက်မှတ်နေရာများတွင် ယာဉ်ကြောတည်ငြိမ်ဘေးကင်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်း<br>• Off-road stops များ အသုံးပြုမှု မြှင့်တင်ခြင်း<br>- လမ်းအမှတ်အသားနှင့် လူသွားစင်္ကြံအမှတ်သားများ တိုးတက်ကောင်းမွန်စေခြင်း<br>- လမ်း မတော်တဆမှုများဖြစ်ပွားလေ့ရှိသည့်နေရာများအား ဆန်းစစ်လေ့လာခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း<br>- မြေတိုက်စားခြင်းနှင့် ရေနုတ်မြောင်းပြဿနာများအတွက် ပုံမှန်လေ့လာစစ်ဆေးခြင်းနှင့် အန္တရာယ်ရှိနိုင်သည့် အခြေအနေစစ်တမ်းများဆောင်ရွက်ခြင်း | လမ်းတခုလုံးနှင့်သက်ဆိုင်ပါသည် |

| | | |
|---|---|---|
| | - လမ်းညှိခြင်း၊ မြက်ပင်များရှင်းခြင်း၊ ရေစီးရေလာ ရှင်းလင်းခြင်း၊ လမ်းအပေါက်များ/ချိုင့်များဖာထည့်ခြင်းနှင့် လမ်းပုခုံးများပြုပြင်ခြင်းစသည့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | |

**ပူးတွဲ (၄) - အလားအလာရှိသောသဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်း လုံခြုံရေးကိစ္စရပ်များ အတွက်စစ်ဆေးမှုပုံစံ**

အကောင်အထည်ဖော်ရေးအေဂျင်စီသည် ဤပုံစံအားအသုံးပြု၍ စီမံကိန်းခွဲတခု၏အလားအလာရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာဘေးကင်းလုံခြုံရေးကိစ္စရပ်များ စစ်ဆေးစီစစ်ရန်နှင့် အဆိုပါစီမံကိန်းခွဲအတွက် စီစဉ်ပြင်ဆင်ရမည့်အစီအစဉ်/သတ်မှတ်ချက်နှင့် ကမ္ဘာ့ဘဏ်၏ သက်ဆိုင်အကြုံးဝင်သော မူဝါဒများကို သတ်မှတ် ရမည်။

| |
|---|
| စီမံကိန်းခွဲအမည် |
| စီမံကိန်းခွဲ တည်နေရာ |
| စီမံကိန်းခွဲ အဆိုပြု/ထောက်ခံသူ |
| စီမံကိန်းခွဲ အမျိုးအစား/ကဏ္ဍ |
| ခန့်မှန်းရင်းနှီးမြုပ်နှံမှု |
| စတင်/ပြီးဆုံးရက် |
| |

| မေးခွန်းများ | အဖြေ | | |
|---|---|---|---|

| | မှန် | မှား | အဖြေ"မှန်"အတွက် သက်ဆိုင်သည့် ကမ္ဘာ့ဘဏ်မူဝါဒ | အဖြေ"မှန်"အတွက် လုပ်ငန်း/စာရွက်စာတမ်း သတ်မှတ်ချက် |
|---|---|---|---|---|
| စီမံကိန်းခွဲ၏သက်ရောက်မှုများသည် မူလ အတိုင်း ပြန်လည်မဖြစ်နိုင်သော၊ ကွဲပြားခြားနား စေသော (သို့) ယခင်မဖြစ်ဖူးသော သိသာ ဆိုးရွားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုမျိုး ဖြစ်စေနိုင်ပါသလား။ အကျဉ်းချုပ်ဖော်ပြပါ။ | | | OP 4.01 သဘာဝပတ်ဝန်းကျင် ဆိုင်ရာအကဲဖြတ် စစ်ဆေးမှုအမျိုးအစား (A) | စီမံကိန်းခွဲသည သတ်မှတ် ချက်ဘောင်နှင့် ကိုက်ညီမှု မရှိပါ။ |
| သက်ရောက်မှုများသည် လုပ်ငန်းတည်နေရာ (သို့) ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းပံ့ပိုးအင်္ဂါရပ်များ နှင့် သကဆိုင်သည့်ဧရိယာထက်ကျော်လွန်ကျယ် ပြန့်၍ မူလအတိုင်းပြန်လည်မဖြစ်နိုင်သော သိ သာဆိုးရွားသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများဖြစ်စေနိုင်ပါသလား အကျဉ်း ချုပ်ဖော်ပြပါ။ | | | OP 4.01 သဘာဝပတ်ဝန်းကျင် ဆိုင်ရာအကဲဖြတ် စစ်ဆေးမှု။ အမျိုးအစား (A) | စီမံကိန်းခွဲသည် သတ်မှတ် ချက်ဘောင်နှင့် ကိုက်ညီမှု မရှိပါ။ |
| အဆိုပြုစီမံကိန်းသည် ဆိုးရွားသည့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအနေဖြင့် အနည်းဆုံးအဆင့် (သို့) လုံးဝမရှိခြင်းမျိုး ဖြစ်နိုင် ပါသလား ကျိုး/ကြောင်းသင့်အနှစ်ချုပ်ဖော်ပြပါ။ | | | OP 4.01 သဘာဝပတ်ဝန်းကျင် ဆိုင်ရာအကဲဖြတ် စစ်ဆေးမ။ အမျိုးအစား C | ECOP လိုအပ်ကောင်း လိုအပ်ပါမည်။ |
| စီမံကိန်းခွဲဧရိယာများတွင် အသက်အရွယ် ကိုယ်အင်္ဂါမသန်စွမ်းမှု၊ စာတတ်မြောက်မှု၊ နွမ်းပါးမှု (သို့) အခြားအားနည်း ချို့တဲ့စေသည့် အကြောင်းတစုံတရာကြောင့် ချို့တဲ့အားနည်း သည့်လူမှု အစုအဖွဲ့ များတည်ရှိပါသလား။ | | | OP 4.01 သဘာဝပတ်ဝန်းကျင်ဆိုင် ရာအကဲဖြတ် စစ်ဆေး ခြင်း၊ အမျိုး အစား (B) | အကန့်အသတ်ရှိသော ESIA, ESMP |

| | | | | |
|---|---|---|---|---|
| အထက်ဖော်ပြပါသတ်မှတ်ချက်များအရ စီမံကိန်းသည် အမျိုးအစား A (သို့) အမျိုးအစား C တွင် ပါဝင်ခြင်းမရှိပါ။ ကျိုး/ကြောင်းသင့် အနှစ်ချုပ် ဖော်ပြပါ။ | | | OP 4.01<br>သဘာဝပတ်ဝန်းကျင် ဆင်ရာအကဲဖြတ် စစ်ဆေမှု။<br>အမျိုးအစား B | အကန့်အသတ်ဖြင့်သာဖြစ်သော ESIA (သို့) ESMP, ECOP |
| စီမံကိန်းအနေဖြင့် မူလအတိုင်း ပြန်လည်မဖြစ်စေနိုင်သော၊ ကွဲပြားခြားနားစေသော၊ ဌခိုက်မှုပြင်းထန်စေသော လူမှုရေးရာဆိုးကျိုးများ ဖြစ်ပေါ်နိုင်ပါသလား။<br>အကျဉ်းချုပ် ဖော်ပြပါ။ | | | OP ၄. ၀၁<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်စစ်ဆေးခြင်း၊ အမျိုးအစား (A) | စီမံကိန်းခွဲသည် သတ်မှတ်ချက်ဘောင်နှင့် ကိုက်ညီမှု မရှိပါ။ |
| စီမံကိန်းအနေဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါသလား။<br>ကျိုး/ကြောင်းသင့် အနှစ်ချုပ်ဖော်ပြပါ။ | | | OP ၄. ၁၁<br>ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ | ESIAတွင်ဖြေရှင်းဆောင်ရွက်ခြင်း(PCR စီမံခန့်ခွဲရေးအစီအစဉ် နှင့်/သို့ တိုက်ဆိုင်တူးဖော်တွေ့ရှိမှုလုပ်ငန်းစဉ်များနှင့်အတူ ESIA) |
| အရေးကြီးအဆင့်မဟုတ်သော သဘာဝ အသိုက်အမြုံများ ပျက်ဆီးခြင်း (သို့) ပြောင်းလဲစေခြင်းစသည့် သက်ရောက်မှု များ စီမံကိန်းတွင် ပါဝင်ပါသလား။<br>ကျိုး/ကြောင်းသင့် အနှစ်ချုပ်ဖော်ပြပါ။ | | | OP ၄. ၀၄<br>သဘာဝအသိုက်အမြုံများ | ESIA, ESMP (သို့) ECOP များတွင် ဖြေရှင်းဆောင်ရွက်ရန် |

| | | | | |
|---|---|---|---|---|
| အရေးကြီးအဆင့်ဖြစ်သော သဘာဝအသိုက်အမြုံများ ပျက်ဆီးခြင်း(သို့) ပြောင်းလဲခြင်းစသည့် သက်ရောက်မှုများဖြစ် စေခြင်းမျိုး စီမံကိန်းတွင် ပါဝင်ပါသလား။ | | | OP ၄. ၀၄<br>သဘာဝအသိုက်အမြုံများ | စီမံကိန်းခွဲသည် သတ်မှတ်ချက်ဘောင်နှင့်ကိုက်ညီမှုမရှိပါ။ |
| စီမံကိန်းခွဲတွင် ဆန္ဒအလျောက်မဟုတ်သော မြေယာသိမ်းဆည်းခြင်း၊ တိုက်ဆိုင်မှု(သို့) ပိုင်ဆိုင်မှုများအသုံးပြုနိုင်မှု ဆုံးရှုံးခြင်း (သို့) ဝင်ငွေအရင်းအမြစ်များဆုံးရှုံးခြင်း (သို့) အသက်မွေးဝမ်းကြောင်းနည်းလမ်းများဆုံးရှုံးခြင်း စသည်တို့ပါဝင်ပါသလား။<br>ကျိုး/ကြောင်းသင့်အနှစ်ချုပ်ဖော်ပြပါ။ | | | OP ၄. ၁၂<br>ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်း | အနှစ်ချုပ်ရွှေ့ပြောင်းနေရာချထားခြင်းလုပ်ငန်းအစီအစဉ်(ARAP)အား သက်ရောက်မှုခံရသည့်ပြည်သူ ၂၀၀ ဦးထက်နည်းသည့်အခြေအနေတွင်လည်းကောင်း၊ ရွှေ့ပြောင်းနေရာချထားခြင်းလုပ်ငန်းအစီအစဉ် (RAP) အား သက်ရောက်မှုခံရသည့်ပြည်သူ ၂၀၀ဦး (သို့) ယင်းထက်ပိုမိုသည့်အခြေအနေတွင်လည်းကောင်း ဆောင်ရွက်ရန်ဖြစ်သည်။ |
| စီမံကိန်းခွဲဧရိယာတွင် တိုင်းရင်းသားလူနည်းစုများမှီတင်းနေထိုင်မှုနှင့် အဆိုပြုစီမံကိန်းခွဲမှ ၎င်းတို့အပေါ် ကောင်း/ဆိုးသက်ရောက်မှုမျိုး ရှိနိုင်ပါသလား။<br>ကျိုး/ကြောင်းသင့် အနှစ်ချုပ်ဖော်ပြပါ။ | | | OP 4.10<br>ဒေသခံတိုင်းရင်းသားပြည်သူများ | တိုင်းရင်းသားလူနည်းစုဆိုင်ရာဖွံ့ဖြိုးရေး/အစီအစဉ်/ တိုင်းရင်းသားလူနည်းစုဆိုင်ရာအစီအစဉ် |
| စီမံကိန်းသည် သစ်တောများ၏အရည်အသွေး နှင့် ရှင်သန်မှု (သို့) ပြည်သူများ၏အခွင့်အရေး၊ သာယာစိုပြေမှုနှင့် သစ်တောများအပေါ် မှီခို/ | | | OP 4.36<br>သစ်တောရေးရာ | ESIA ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။ |

| | | | | |
|---|---|---|---|---|
| အပြန်အလှန်ဆက်သွယ်မှုပမာဏများအပေါ် သက်ရောက်မှုအလားအလာများ (သို့) သဘာဝ သစ်တောများနှင့်ပေါက်ပင်များ စီမံခန့်ခွဲမှု၊ အကာအကွယ်နှင့် အသုံးချမှုဆိုင်ရာ အပြောင်း အလဲဖြစ်စေရန် ရည်ရွယ်သည့်သက်ရောက်မှုမျိုး ရှိပါသလား။ ကျိုး/ကြောင်းသင့် အနှစ်ချုပ် ဖော်ပြပါ။ | | | | |
| စီမံကိန်းသည် အရေးပါသည့်သဘာဝသစ်တော များ (သို့)အခြားသဘာဝ အသိုက်အမြုံများ အပေါ် သိသာသည့်သက်ရောက်မှု (သို့) သိသာသည့် ပြောင်းလဲမှု (သို့)ဖျက်ဆီးစေသည့် သက်ရောက် မှုမျိုး ရှိပါသလား။ | | | OP 4.36<br>သစ်တောရေးရာ | စီမံကိန်းသည်သတ်မှတ်ချက် ဘောင်နှင့် ကိုက်ညီမှုမရှိပါ။ |
| စီမံကိန်းခွဲဧရိယာနှင့် ၎င်း၏ပံ့ပိုးအင်္ဂါရပ်များ၊ ဆက်နွယ်သည့်လုပ်ငန်းဧရိယာများတွင် နှစ်နိုင်ငံ (သို့) ယင်းထက်ပိုသည့် နိုင်ငံများအကြား ပိုင်နက် နယ်မြေအငြင်းပွားမှု ဆိုင်ရာ ပြဿနာတစုံတရာ ရှိပါသလား။ | | | OP 7.60<br>အငြင်းပွားဧရိယာများရှိ စီမံကိန်းများ | သက်ဆိုင်ရာအစိုးရများ၏ သဘောတူညီမှု |
| စီမံကိန်းခွဲနှင့် အသေးစိတ်ဒီဇိုင်းပုံစံ၊ အင်ဂျင် နီယာပိုင်းဆိုင်ရာ လေ့လာမှုများအပါအဝင် ၎င်း၏အထောက်အကူကဏ္ဍများနှင့် လုပ်ဆောင်မှုများတွင် နိုင်ငံတကာ ရေလမ်းကြောင်းများ အသုံးပြုမှု (သို့) ညစ်ညမ်းစေသည့် အလားအလာရှိမှု (သို့) ၎င်းလမ်း ကြောင်းများတွင်တည်ရှိမှု စသည် အချက်များဆက်နွယ်ပါဝင်မှု ရှိပါသလား။ | | | OP 7.50 | အသိပေးကြေငြာခြင်း (သို့) ခြွင်းချန်ခြင်း |

**နိဂုံးနှင့် လိုအပ်သည့်ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်**

ကမ္ဘာ့ဘဏ်၏ OP 4.01 အရ စီမံကိန်းခွဲအား အမျိုးအစား ---- စီမံကိန်းအဖြစ် သတ်မှတ်ပြီး အောက်ပါဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်များကို ကမ္ဘာ့ဘဏ်၏ ဘေးကင်းလုံခြုံရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ EIA လုပ်ငန်းစဉများနှင့် ကိုက်ညီမှုရှိစေရန် စီစဉ်ပြင်ဆင်ရပါမည်။

၁။ ---------------------

၂။ ---------------------

၃။ ---------------------

၄။ ---------------------

စီမံကိန်းခွဲ၏ အကျိုးကျေးဇူးများမှ ချန်လှပ်ခံရနိုင်သည့် အခြေအနေရှိနေသော အားနည်းချို့တဲ့သည့်လူမှုအစုအဖွဲ့ များ (ရှိသည့်/မရှိသည့်) ဧရိယာများတွင် စီမံကိန်းခွဲကို အကောင်အထည်ဖော်ဆောင်ရက်မည်ဖြစ်သည်။

**(၃) အရေးပါသည့်ဘေးကင်းလုံခြုံရေးကိစ္စရပ်များနှင့် ၎င်းတို့အား စီမံခန့်ခွဲခြင်း**

***(က) အရေးပါသည့် ဘေးကင်းလုံခြုံရေးကိစ္စရပ်များ အနှစ်ချုပ်***

**၁) အဆိုပြုစီမံကိန်းနှင့်ဆက်နွယ်သည့် ဘေးကင်းလုံခြုံရေးကိစ္စရပ်တစုံတရာနှင့် သက်ရောက်မှုများ ဖော်ပြခြင်း။**

**အလားအလာရှိသော အတိုင်းအတာကြီးမား၊ ပြင်းထန်သည့် နှင့်/သို့ မူလအတိုင်းပြန်လည်မဖြစ်စေနိုင်သည့် သက်ရောက်မှုများအား သတ်မှတ်ဖော်ပြခြင်း။**

**၂) ကမ္ဘာ့ဘဏ်၏ ဘေးကင်းလုံခြုံရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ EIA လုပ်ငန်းစဉ်များနှင့်ကိုက်ညီမှုရှိစေရန် လိုအပ်သော ဘေးကင်းလုံခြုံရေးအစီအစဉ်/သတ်မှတ်ချက်များ စီစဉ်ပြင်ဆင်ရေးအတွက် အချိန်ဇယား၊ အစီအစဉ် ရေးဆွဲခြင်းနှင့် တာဝန်ဝတ္တရားများ ဖော်ပြခြင်း။**

**၃) အရေးပါသည် Stakeholder များ ရွေးချယ်သတ်မှတ်ခြင်းနှင့် ဘေးကင်းလုံခြုံရေးမူဝါဒများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးတော်ပြခြင်း (အလားအလာရှိသော သက်ရောက်မှုခံရသည့်ပြည်သူများအပေါ် အဓိကထား၍)အတွက် စီစဉ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်များဖော်ပြခြင်း။**

**၄) စီမံကိန်းခွဲဧရိယာများတွင် စီမံကိန်းအကျိုးကျေးဇူးများမှ ချန်လှပ်ခံရနိုင်သည့်အခြေအနေရှိနေသော အားနည်းချို့တဲ့သည့် လူမှုအစုအဖွဲ့များ ရှိ/မရှိနှင့် အကယ်၍ရှိပါက ၎င်းတို့၏ပမာဏနှင့် ချို့တဲ့အားနည်းမှုအရင်း အမြစ်များဖော်ပြခြင်း။**

## ပူးတွဲ (၅) ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ မူဝါဒအခြေခံမူဘောင်

### ၁။ နောက်ခံအချက်အလက်များ

ဤရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာမူဝါဒ အခြေခံမူဘောင် (RPF) အား မြန်မာနိုင်ငံရေကြီး/ရေလျှံနှင့် မြေပြိုမှုများ အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း (FLERP) အတွက် စီစဉ်ပြင်ဆင်ထားပါသည်။ စီမံကိန်းခွဲများအား စီမံကိန်းအကောင်အထည်ဖော်ကာလမှသာလျှင် ရွေးချယ်သတ်မှတ်မည်ဖြစ်သောကြောင့် အသေးစိတ်စီမံကိန်း သက်ရောက်မှုများအား ၎င်းအချိန်မတိုင်မီအထိ သတ်မှတ်နိုင်မည်မဟုတ်ပါ။ ဤစီမံကိန်းမှ ငွေကြေးပံ့ပိုးသည့် စီမံကိန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် မြေယာသိမ်းဆည်းခြင်း (သို့) ဝင်ငွေ/ပုဂ္ဂလိက ပိုင်ဆိုင်မှုဆုံးရှုံးခြင်းများရှိပါက ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ ကမ္ဘာ့ဘဏ်၏မူဝါဒ၊ OP 4.12 နှင့် အညီဖြေရှင်းဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ရွှေ့ပြောင်း နေရာချထားခြင်းဆိုင်ရာမူဝါဒ အခြေခံမူဘောင် (RPF)ကို စီစဉ်ပြင်ဆင်ထားရှိပါသည်။ RPF တွင် အလားအလာရှိသောသက်ရောက်မှုများ ဖြေရှင်းဆောင်ရွက်နိုင်ရေး နှင့် OP 4.12 အရရွှေ့ပြောင်း နေရာချထားခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ် (RAP)ကဲ့သို့သော လိုအပ်သည့်ဘေးကင်း လုံခြုံရေးဆိုင်ရာ အစီအစဉ်များ စီစဉ်ပြင်ဆင်ခြင်းစသည့် အချက်များအတွက် အခြေခံစည်းမျဉ်းများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။

### ၂။ စီမံကိန်းဖော်ပြချက်

စီမံကိန်းဖွံ့ဖြိုးရေးဦးတည်ချက်မှာ သဘာဝဘေးသက်ရောက်မှုခံရသည့် ဦးစားပေးဒေသများ ပြန်လည် ထူထောင်ရေး ပံ့ပိုးမှုနှင့် အခြားသက်ဆိုင်ရာအကြပ်အတည်း (သို့) အရေးပေါ်အခြေအနေတွင် လက်ငင်းနှင့် ထိရောက်သော တုံ့ပြန်ဖြေရှင်းမှုများဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပါသည်။ ဤစီမံကိန်းတွင်အပိုင်း (၄)ပိုင်း ပါဝင်ပါသည်။ (၁) ရာသီဥတု ဘေးဒဏ်ခံနိုင်သော အမျိုးသားအဆင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ခြင်း၊ (၂) ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပံ့ပိုးပေးခြင်း၊ (၃) အရေးပေါ်အခြေအနေ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ခြင်း၊ (၄)စီမံကိန်းစီမံခန့်ခွဲခြင်း နှင့် အသိပညာနှင့်သင်ယူမှုများ ပံ့ပိုးပေးခြင်း စသည်တို့ဖြစ်ပါသည်။

**စီမံကိန်းအပိုင်း(၁) ရာသီဥတုဘေးဒဏ်ခံနိုင်သော အမျိုးသားအဆင့်အခြေခံအဆောက်အအုံများ ပြန်လည် ထူထောင် ခြင်း (အမေရိကန်ဒေါ်လာ (၁၀၅)သန်း)**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ ပျက်ဆီးခဲ့သော အမျိုးသားဆင့်လမ်း အခြေခံအဆောက်အအုံများ သဘာဝဘေးနှင့် ရာသီဥတုဘေးဒဏ် ခံနိုင်သော ပြန်လည်ထူထောင်ရေးနှင့် သက်ရောက်မှု ခံရသည့် ဧရိယာများရှိ ဆက်သွယ်သွားလာနိုင်မှုများ တိုးတက်ကောင်းမွန်ရေး ပံ့ပိုးကူညီရန်ဖြစ်သည်။ ဒေသဈေးများသို့ ပြန်လည်ဆက်သွယ် သွားလာနိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုများတိုးတက်လာပြီး၊ လူမှုရေးရာ ဝန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်လာ ခြင်းဖြင့် သက်ရောက်မှုခံရသည့် ဧရိယာများအနေဖြင့် အကျိုးခံစားကြရပါမည်။ ပြန်လည်ကောင်းမွန်လာသည့် လမ်း တံတားများကို သဘာဝဘေးကျရောက်သည့် အခြေအနေတွင် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး လမ်းကြောင်းများ အဖြစ်လည်း အသုံးပြုနိုင်ပါမည်။ ဤစီမံကိန်းအပိုင်းအနေဖြင့် (၁) ပျက်ဆီးသွားသည့် အမျိုးသားအဆင့် (လမ်းမကြီးများ/ အဝေးပြေးလမ်းမကြီးများ) လမ်းများ၊ တံတားများ ပြန်လည်တည်ဆောက်ခြင်း (၂) မြေပြိုမှုကာကွယ်ရေးနှင့် ဆင်ခြေလျှော တည်ငြိမ်ရေးလုပ်ငန်းများ၊ ၎င်းနှင့် ဆက်နွယ်သည့် ရေဆင်းပြွန်စနစ် များ (၃) လမ်းခင်းခြင်း/ တံတားကြံ့ခိုင်ရေးလုပ်ငန်းများ (လိုအပ်ပါက လမ်းပြန်လည်ချိန်ညှိခြင်း အပါအဝင်) (၄) ယာဉ်ကြောသွားလာမှုဘေးကင်းလုံခြုံရေး အင်္ဂါရပ်များ (ရောင်ပြန်ပြားများ၊ ဘေးလွတ်ရာလမ်းပိုင်းများ၊ လုံခြုံရေး သံတန်းများ၊ retaining walls နှင့် သဘာဝဘေးဒဏ် ခံနိုင်ရည် တိုးတက်ကောင်းမွန်စေရန် အခြားတည်ဆောက်မှု များ စသည့် လုပ်ငန်းများအား ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း (၂)။ ။ ကျေးလက်ဒေသလမ်းများပြန်လည်ထူထောင်ခြင်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း များ ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ သန်း ၇၀)**

ဤစီမံကိန်းအပိုင်းအနေဖြင့် ရေကြီးရေလျှံကာလအတွင်း ပျက်စီးခဲ့သည့် သတ်မှတ်ရွေးချယ်ထားသည့် ကျေးလက်ဒေသလမ်းတံတားများ ပြန်လည်ထူထောင်ရေး/ ပြန်လည်တည်ဆောက်ရေးနှင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပံ့ပိုးကူညီပါမည်။ လမ်းများရွေးချယ်သတ်မှတ်ခြင်းနှင့် ဦးစားပေးအစီအစဉ်လုပ်ငန်းစဉ်များအနေဖြင့် သဘာဝဘေးထိခိုက်မှုအများဆုံး ကျရောက်ခဲ့သည့် ရပ်ရွာများကို အဓိကထား ဆောင်ရွက်မည်။ တစ်ချိန်တည်းမှာ ပင် အဆိုပါလုပ်ငန်းများမှ ကျေးလက်အခြေခံအဆောက်အအုံများ ပြင်ဆင်ခြင်း လုပ်ငန်းများတွင် အလုပ်အကိုင် များ ဖန်တီးပေးနိုင်မှာဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ရန် သွယ်ဝိုက်အကျိုးပြုပါသည်။ ကျေးလက်လမ်းကွန်ယက်များ ပြန်လည်ထူထောင်ရာတွင် မူလထက်ပိုမိုကောငးမွန်စွာ ပြန်လည်တည်ဆောက်ခြင်း နည်းလမ်းကို အသုံးပြုမှာဖြစ်၍ ကောင်းမွန်သောအင်ဂျင်နီယာ ဒီဇိုင်းပုံစံများကို အသုံးပြုပြီး သဘာဝဘေးဒဏ် ခံနိုင်ရည်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပါမည်။ လမ်းများနှင့် ရေထုတ်ပြွန် တည်ဆောက်မှုများ၏ ဒီဇိုင်းစံသတ်မှတ်ချက်များကို စီစစ်သုံးသပ်မည်ဖြစ်ပြီး အစိုးရဝန်ထမ်းများနှင့် ဒေသခံ ကန်ထရိုက်တာများကိုလည်း

လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ပါမည်။ လမ်းများပြန်လည်ထူထောင်ခြင်း နှင့် အတူ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြင့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုများ၏ ရေရှည်တည်တံ့ကောင်းမွန်မှုကို ကြပ်မတ်ဆောင်ရွက်ပါမည်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားသည့် လမ်းများတလျှောက်တွင် နေထိုင်သော ရပ်ရွာပြည်သူများဖြင့် ပြုပြင်ထိန်းသိမ်းရေးအစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလမ်းများ အနီးရှိ ရပ်ရွာများတင် နေထိုင်သောအမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း အထူးအလေးပေးဆောင်ရွက်မည် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အကောင်အထည် ဖော်ဆောင်ရွက်ပါမည်။

**စီမံကိန်း အပိုင်း (၃) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန် ဒေါ်လာ ၁၅ သန်း)**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ သက်ဆိုင်ရာအကြပ်အတည်း (သို့) အရေးပေါ် အခြေအနေနောက်ပိုင်း ကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပံ့ပိုးမှုများ ဖြည့်ဆည်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ(၃. ၁) IDA, IRM အတွက် ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ ၁၅ သန်း) ၂၀၁၅ ဇူလိုင်-စက်တင်ဘာ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကို ဖြေရှင်းဆောင်ရွက်ရန် IDA, IRM အသုံးပြုနိုင် ရေး ပံ့ပိုးကူညီမည်ဖြစ်သည်။ ဤအပိုင်းခွဲအနေဖြင့် IDA, IRM အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သည့် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ် (CERTP) အရ ငွေကြေးပံ့ပိုး မည့် အတည်ပြုပစ္စည်းစာရင်းအတွက် ကုန်ကျစရိတ်များနှင့် မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲဆောင်ရွက်ပြီး ကမ္ဘာ့ဘဏ်မှ အတည်ပြုသည့် လုပ်ငန်း လမ်းညွှန် စသည့်ကိစ္စရပ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ PDNA ရလဒ်များနှင့် အညီ IDA, IRM အနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် အသုံးပြုရန်အတွက် အဓိကပစ္စည်းများဖြစ်သည့် သိုလှောင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ အသေးစားစက်မှု ပစ္စည်းများ၊ မျိုးတူစုများ၊ တိရစ္ဆာန် ဖြန့်ဖြူးရေးနှင့် လောင်စာစီကုန်ပစ္စည်းများစသည်တို့နှင့် ပတ်သက်၍ ငွေကြေး ပံ့ပိုးခြင်းဖြင့် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများ ပြန်လည်ထူထောင်ရေး အဓိကထား ပံ့ပိုးမည် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ (၃. ၂) အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန်ဒေါ်လာ (၀)) အနေဖြင့် သက်ဆိုင်ရာ အနာဂတ် အကြပ်အတည်း (သို့) အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ အရေးပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးနိုင်ရန် အခြားစီမံကိန်းအပိုင်းများမှ ရန်ပုံငွေများကို မြန်မြန်ဆန်ဆန် ပြန်လည်ခွဲဝေချထားနိုင်ရန် (သို့) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်ရန် ထပ်ဆောင်းရန်ပုံငွေလမ်းကြောင်း ဖော်ဆောင်အသုံးပြုနိုင်စေရန် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းခွဲ (၃. ၂) သည် သက်ဆိုင်ရာ အရေးပေါ်အခြေအနေ ပြန်လည်ထူထောင်ရေးအတွက် အသေးစိတ်လုပ်ငန်းများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အရေးပေါ်လုပ်ငန်းဆောင်ရွက်မှု စရိတ်များနှင့်/သို့ အကျိုးပြုပစ္စည်းများစာရင်းအတွက် အများ ပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍကုန်ကျစရိတ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည။ ဤအပိုင်းအတွက် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ်ကို အသုံးပြုမည်ဖြစ်၍ ၎င်းတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊

ဘေးကင်းလုံခြုံရေးနှင့် အခြားလိုအပ်သော အကောင်အထည်ဖော် ရေး အစီအမံများ စသည်ဖြင့် အသေးစိတ် ပါဝင်ပါမည်။ ဤအပိုင်းနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ဘဏ္ဍာရေး ဝန်ကြီးဌာန (MOF) မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း(၄) စီမံကိန်းစီမံခန့်ခွဲမှု နှင့် အသိပညာနှင့်သင်ယူမှုများ ပံ့ပိုးပေးခြင်း (အမေရိကန်ဒေါ်လာ (၁၀)သန်း)**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ထမ်းစရိတ်များ၊ လုပ်ငန်းဆောင်ရွက်မှု စရိတ်များ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် စာရင်းစစ်စရိတ်များ စသည်တို့ အပါအဝင် စီမံကိန်းနှင့် စီမံကိန်းအပိုင်း များအတွက် ထိရောက်မြန်ဆန်သော စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဆောင်ရွက်ရေးဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်း ပေးနိုင်ရန်ဖြစ်သည်။ ထို့ပြင် စီမံကိန်းအပိုင်းများအတွက် အစီရင်ခံတင်ပြခြင်းနှင့် ထိရောက်မြန်ဆန်သော ညှိနှိုင်း ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်း ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ နည်းပညာနှင့် ဘေးကင်းလုံခြုံရေး၊ အကောင်အထည်ဖော်ခြင်း(ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်၊ လုပ်ငန်းစဉ်များ အပါအဝင်)၊ လေ့လာစစ်ဆေးအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများအတွက် အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုးမှုနှင့် လုပ်ငန်း စွမ်းရည်မြှင့်တင်မှုများကို ပံ့ပိုးကူညီပါမည်။

**၃။ အလားအလာရှိသော စီမံကိန်းသက်ရောက်မှုအတိုင်းအတာ**

စီမံကိန်းအနေဖြင့် ယေဘူယျအားဖြင့် လူမှုရေးရာ ကောင်းကျိုးများ ရရှိစေမည်ဟု မျှော်မှန်းထားပါသည်။ စီမံကိန်းခွဲအများစုအနေဖြင့်လည်း လုပ်ငန်းအတိုင်းအတာအားဖြင့် အသေးစား ဆောင်ရွက်မှုများသာဖြစ်ပြီး လုပ်ငန်း၏ ခြေရာလက်ရာကျန်ရစ်မှုအကန့်အသက်ဖြင့်သာရှိမည်ဖြစ်သောကြောင့် OP 4.12 အရ အကြုံးဝင်သော မြေယာသိမ်းယူခြင်းနှင့် အခြားသက်ရောက်မှုများဖြစ်စေမည် မဟုတ်ဟု မျှော်မှန်းထားပါသည်။ သို့သော် အချို့သော စီမံကိန်းခွဲများအနေဖြင့် မြေယာသိမ်းဆည်းမှု(သို့) သီးနှံပျိုးပင်/အပင်များကဲ့သို့သော ပိုင်ဆိုင်မှုပစ္စည်းများအပေါ် သက်ရောက်မှုစသည်တို့ ရှိကောင်းရှိနိုင်ပါသည်။ လက်ရှိအခြေအနေအရ ဤအဆင့်တွင် အစားအစာရှိသော သက်ရောက်မှု ခံရနိုင်မည့် ပြည်သူများအရေအတွက်(သို့) သက်ရောက်မှုများ အတိုင်းအတာကို ခန့်မှန်းတွက်ချက်ရန် မဖြစ်နိုင်သေးပါ။ စီမံကိန်းအတွက် ဤ RPFကို ESMF တစ်စိတ်တစ်ဒေသအဖြစ် စစဉ်ပြင်ဆင်ထားရှိပြီး စီမံကိန်းခွဲများ အကောင်အထည်ဖော်ရာတွင် မြေယာ အသုံးပြုမှု နှင့်/သို့ မြေယာသိမ်းဆည်းရမှုများ ပေါ်ပေါက်သည့် အခြေအနေများတွင် လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးနိုင်စေရန်ဖြစ်သည်။

**၄။ ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ မူဝါဒအခြေခံမူဘောင်၏ ဦးတည်ချက်များ**

ဤ RPF အနေဖြင့် အောက်ပါဦးတည်ချက်များ စွမ်းဆောင်ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပါသည်။

(က) လက်တွေ့ဆောင်ရွက်နိုင်ပြီး သက်ရောက်မှုအနည်းဆုံး အဆင့်သို့ လျှော့ချနိုင်သော အခြားနည်းလမ်း ဆောင်ရွက်နိုင်သည့် ကောင်းမွန်သော စီမံကိန်း၊ ဒီဇိုင်းပုံစံရှာဖွေလေ့လာနိုင်သည့် အခြေအနေမျိုးတွင် ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်း ကိစ္စရပ်များကို ရှောင်ရှားသင့်သည်။

(ခ) အကယ်၍ ရွှေ့ပြောင်းနေရာချထားခြင်းကို မရှောင်လွှဲနိုင်သည့် အခြေအနေမျိုးတွင် အဆိုပါရွှေ့ပြောင်း နေရာချထားခြင်းကို ရေရှည်တည်တံ့ကောင်းမွန်သော ဖွံ့ဖြိုးရေးစီမံကိန်းများအဖြစ် မှတ်ယူလုပ်ဆောင်၍ စီမံကိန်းကြောင့် ရွှေပြောင်းရသည့် ပုဂ္ဂိုလ်များအနေဖြင့် စီမံကိန်းအကျိုးကျေးဇူးများ မျှဝေခံစားနိုင်ရေး ကြပ်မတ် ဆောင်ရွက်ရန် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များကို ဖြည့်ဆည်းပေးရပါမည်။ ထို့ပြင် ရွှေ့ပြောင်း နေရာချထားခြင်း အစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင် စေရန် ရွှေ့ပြောင်းရသည် ပုဂ္ဂိုလ်များဖြင့် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးခြင်းနှင့် အခွင့်အလမ်းများရရှိ စေခြင်းတို့ကိုဆောင်ရွက်ပေးရပါမည်။

(ဂ) ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များကိုလည်း ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် လူနေမှုအဆင့် အတန်းများတိုးတက်ကောင်းမွန်စေရေး (သို့) မူလအတိုင်းပြန်လည်ထိမ်းသိမ်းထားနိုင်ရေး (လက်တွေ့အားဖြင့် မရွှေ့ ပြောင်းမီကာလရှိအဆင့်များ (သို့) စီမံကိန်း အကောင်အထည်ဖော်ခြင်း မစတင်မီတွေ့မြင်နေရသည့် အဆင့်များ၊ ဖော်ပြပါ နှစ်ခုအနက် ပိုမိုမြင့်မားသည်အထိ) ကြိုးပမ်းမှုများကိုလည်း ပံ့ပိုးကူညီရပါမည်။

ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ ရလဒ်နှင့်ဆန္ဒအလျှောက် မဟုတ်သည့် မြေယာ သိမ်းဆည်းမှုများကြောင့် ဖြစ်စေပြီး အောက်ပါ အကျိုးရလဒ်ဖြစ်စေသည့် စီးပွားရေးရာနှင့် လူမှုရေးရာ တိုက်ရိုက် သက်ရောက်မှုများမှာ ဤမူဝါဒအရ အကြုံဝင် သက်ဆိုင်ပါသည် -

(၁) နေရာရွှေ့ပြောင်းရခြင်း (သို့) နားခိုရာ နေရာဆုံးရှုံးခြင်း

(၂) ပိုင်ဆိုင်မှုများ(သို့) ၎င်းပိုင်ဆိုင်မှုများအား ရယူအသုံးပြုနိုင်မှုများဆုံးရှုံးခြင်း

(၃) ဝင်ငွေအရင်းအမြစ်များ (သို့) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆုံးရှုံးခြင်း(သက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်များအနေဖြင့် အခြားတစ်နေရာသို့ ရွှေ့ပြောင်းရသည်ဖြစ်စေ၊ မရွှေ့ပြောင်းရသည်ဖြစ်စေ) စသည့် အကျိုးရလဒ်များပါဝင်ပါသည်။

ဤမူဝါဒအနေဖြင့် ဘဏ္ဍာရေးရာ အရင်းအမြစ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆန္ဒအလျှောက်မဟုတ် သည့် ရွှေ့ပြောင်းနေရာချထားခြင်းကို ဖြစ်စေသည့် စီမံကိန်းလုပ်ငန်းခွဲလုပ်ဆောင်မှုအားလုံးနှင့် သက်ဆိုင် အကြုံးဝင်ပါသည်။

### ၅။ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ အခြေခံမူဘောင်

မြန်မာနိုင်ငံတွင် မြေယာသိမ်းဆည်းခြင်းနှင့် ပတ်သက်သည့် ဥပဒေရေးရာ မူဘောင်ထွက်ပေါ်နေပြီဖြစ် သည်။ မြန်မာနိုင်ငံအနေဖြင့် တစ်မျိုးတည်းသော ကူညီသည့် မြေယာဥပဒေမရှိသော်လည်း မြေယာ အမျိုးအစား အမျိုးမျိုးအတွက် ဥပဒေ အချို့ရှိသည်။ လက်ရှိဥပဒေစနစ်အရ နိုင်ငံတော်သည် မြေယာများအားလုံး၏ မူလပိုင်ရှင် ဖြစ်ပြီး မြေယာအသုံးပြုသူများသည်

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်ရယူရပါသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း အရေးပါသည့် ဥပဒေပြဋ္ဌာန်းချက်အချို့ဆောင်ရွက်ခဲ့ပြီး အထူးသဖြင့် လယ်ယာမြေ အက်ဥပဒေ (၂၀၁၂)နှင့် မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၂)တို့ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါဥပဒေ(၂)မျိုးလုံးအနေဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်း(သို့) ပိုင်ဆိုင်မှုနှင့် အသုံးပြုမှုများ၏ အစဉ် အလာ နှင့်စုပေါင်းလုပ်ကိုင်မှုပုံစံသည့် လုပ်နည်းလုပ်ဟန်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

**၂၀၀၈ခုနှစ် အခြေခံဥပဒေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ၂၀၀၈ခုနှစ် အခြေခံဥပဒေအရ အခြေခံသဘောတရားအားဖြင့် မြန်မာနိုင်ငံရှိ မြေယာအားလုံးအား နိုင်ငံတော်မှ ပိုင်ဆိုင်ကြောင်းအောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

*"ပြည်ထောင်စုသည် ပြည်ထောင်စုအတွင်းရှိ မြေယာများအားလုံးနှင့် မြေပေါ်၊ မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝအရင်းအမြစ်များ အားလုံး၏ မူလပိုင်ရှင်ဖြစ်သည်။"* (ပုဒ်မ (၃၇)၊ ပုဒ်မခွဲ(က)၊ အခန်း(၁) ပြည်ထောင်စု၏အခြေခံစည်းမျဉ်း၊ နိုင်ငံတော်အခြေခံဥပဒေ ၂၀၀၈)

၎င်းနောက်ခံအခြေအနေအရ မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများတွင် မြေယာပိုင်ဆိုင်ခွင့်မရှိဘဲ မြေယာအသုံးပြုခွင့်/နေထိုင်ခွင့်သာရှိပြီး အချို့သော အခြေအနေများတွင် အမွေဆက်ခံပိုင်ခွင့်နှင့် အဆိုပါ လုပ်ပိုင်ခွင့်များ လွှဲပြောင်းခွင့်ရှိသည်။

**လယ်ယာမြေဥပဒေ ၂၀၁၂**

ဤဥပဒေသည် လယ်ယာမြေများအတွက် မြေယာအသုံးပြုခွင့်ကို အဆုံးအဖြတ်ဖြစ်စေပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသော တောင်သူများအား မြေယာအသုံးပြုခွင့်ကိုပေးသွင်းသည်။ ၎င်းအရ လယ်ယာမြေ အသုံးပြုခွင့်အပြည့်အဝ(သို့) တစ်စိတ်တစ်ဒေသကိုရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ လက်ဆောင်အဖြစ်ပေးအပ်ခွင့်များရှိသည်။ ဤဥပဒေအရ အမျိုးမျိုးသော အဆင့်များအတွက် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည်။ လယ်ယာမြေဥပဒေအရ လယ်ယာမြေမှတ်ပုံတင်ခြင်းအတွက် လျှောက်ထားခြင်း၊ မြေယာအသုံးပြုခွင့်လက်မှတ်များ ရယူခြင်း၊ အခြားအကြောင်းကိစ္စရပ်အလို့ငှာ လယ်ယာမြေ လွှဲပြောင်းရန်လျှောက်ထားခြင်း၊ လျှော်ကြေးနှင့် နစ်နာကြေးများစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည်။

**မြေလွတ်မြေရိုင်းနှင့် ပလပ်မြေစီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)**

ဤဥပဒေသည် မြေလွတ်မြေရိုင်း၊ ပလပ်မြေများ အသုံးပြုခြင်းအတွက် သက်မှတ်ချက်များ၊ အခြေခံမူဘောင် များနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ဖြစ်စေသည်။ ဤဥပဒေအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်း၊ သတ္တု တူးဖော်ခြင်းနှင့် အစိုးရမှခွင့်ပြုသည့် အခြားလုပ်ငန်းများအစရှိသော ကုန်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် နိုင်ငံခြားသားများအပါဝင်ဆန္ဒရှိသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအနေဖြင့် မြေလွတ်မြေရိုင်း ပလပ်မြေများနှင့် ပတ်သက်သည့် အရေးဆိုခွင့်နှင့် အသုံးပြုခွင့်ရှိသည်။ ဤဥပဒေအရ မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေများ စီမံခန့်ခွဲရေးအတွက် ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်ဝတ္တရား၊ အခန်းကဏ္ဍများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**၆။ ကမ္ဘာ့ဘဏ်၏ ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာမူဝါဒ (OP 4.12)**

ဤမူဝါဒသည် အောက်ပါဦးတည်ချက်များ ဖြည့်ဆည်းအောင်မြင်စေရန် ရည်ရွယ်ပါသည်။

(ဃ) အခြားနည်းလမ်းဖြင့်ဆောင်ရွက်နိုင်သော ကောင်းမွန်သည့် စီမံကန်းဒီဇိုင်းပုံစံများ လေ့လာရှာဖွေနိုင်သည့် အခြေအနေများတွင် ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းကို ဖြစ်နိုင်ပါက ရှောင်လွှဲသင့်(သို့) အနည်းဆုံးအဆင့်သို့လျှော့ချသင့်ပါသည်။

(င) အကယ်၍ ရွှေ့ပြောင်းနေရာချထားခြင်းကို ရှောင်လွှဲရန် မဖြစ်နိုင်ပါက အဆိုပါ လုပ်ဆောင်မှုများကို ရေရှည်တည်တံ့ကောင်းမွန်သော ဖွံ့ဖြိုးရေး အစီအစဉ်များအဖြစ် ရှုမြင်သတ်မှတ်လုပ်ဆောင်ရန်နှင့် စီမံကိန်းကြောင့် ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များအနေဖြင့် စီမံကိန်းအကျိုးကျေးဇူးများ မျှဝေခံစားနိုင်စေရေး သေချာစေရန် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များ ဖြည့်ဆည်းသင့်ပါသည်။ ရွှေ့ပြောင်းခံရသည့် ပုဂ္ဂိုလ်များအား အဓိပ္ပါယ်ပြည့်ဝစွာ အကြံပြုဆွေးနွေးသင့်ပြီး ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းနေရာချထားခြင်း အစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိသင့်ပါသည်။

(စ) ရွှေ့ပြောင်းခံရသည် ပုဂ္ဂိုလ်များ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် လူနေမှု အဆင့်အတန်းများ တိုးတက်ကောင်းမွန်စေရန် (သို့) အနည်းဆုံးအနေဖြင့် မူလအခြေအနေ အတိုင်းပြန်လည် ထိန်းသိမ်းထားနိုင်ရန် လက်တွေ့အားဖြင့် မရွှေ့ပြောင်းမီ အဆင့်/ပမာဏ(သို့) စီမံကိန်းအကောင်အထည်ဖော်ခြင်း မစတင်မီ ရှိနေခဲ့သည့် အဆင့်/ပမာဏ(၎င်းတို့အနက် ပိုမိုမြင့်မားသည့်အခြေအနေ) ကြိုးပမ်းအားထုတ်ရာတွင် အဆိုပါ ရွှေ့ပြောင်းခံရ သည့် ပုဂ္ဂိုလ်များအား ကူညီပံ့ပိုးသင့်ပါသည်။

ဤမူဝါဒတွင် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့်နှင့် (က) ဆန္ဒအလျောက်မဟုတ်သော မြေယာသိမ်းဆည်းခြင်းများကြောင့် အောက်ပါရလဒ်များကို ဖြစ်စေသော စီးပွားရေးနှင့် လူမှုရေးရာ တိုက်ရိုက်သက်ရောက်မှုများ အကြုံးဝင်ပါသည်။

(၁) နေရာရွှေ့ပြောင်းခြင်း(သို့) နားခိုရာ ဆုံးရှုံးခြင်း။

(၂) ပိုင်ဆိုင်မှု(သို့) ၄င်းပိုင်ဆိုင်မှုအား ရယူ/အသုံးပြုနိုင်မှု ဆုံးရှုံးခြင်း။

(၃) ဝင်ငွေအရင်းအမြစ်များ(သို့) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဆုံးရှုံးခြင်း (သက်ရောက်မှု ခံရသည့် ပုဂ္ဂိုလ်အနေဖြင့် အခြားတနေရာသို့ ရွှေ့ပြောင်းရသည်ဖြစ်စေ၊ မရွှေ့ပြောင်းရသည် ဖြစ်စေ(သို့မဟုတ်) (ခ)တရားဝင် သတ်မှတ်ထားသည့် ပန်းခြံများနှင့် အကာအကွယ် ပေးထားသည့်ဧရိယာများသို့သွားလာ အသုံးပြုနိုင်မှုများကို ဆန္ဒအလျှောက် မဟုတ်သော ကန့်သတ်မှုများကြောင့် ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အပေါ် ဆိုးရွားသည့် သက်ရောက်မှု ရလဒ်များဖြစ်စေခြင်း။ စသည်တို့ဖြစ်ပါသည်။

ဤမူဝါဒသည် ဘဏ္ဍာရေးရာ အရင်းအမြစ်အား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆန္ဒအလျှောက် မဟုတ်သည့် ရွှေ့ပြောင်းနေရာချထားခြင်းကို ဖြစ်စေသော စီမံကိန်းအပိုင်းများအားလုံးနှင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏ ဆုံးဖြတ်ချက်အရ အခြေအနေများရှိ ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်းကို ဖြစ်စေသော အခြားလုပ်ဆောင်မှုများနှင့်လည်းကောင်း သက်ဆိုင်အကြုံးဝင်ပါသည်။

(က) ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီသည့်စီမံကိန်းနှင့် တိုက်ရိုက်၊ သိသာစွာ ဆက်နွယ်ပတ်သက်ခြင်း။

(ခ) စီမံကိန်းစာရွက်စာတမ်းများတွင် သတ်မှတ်ထားသည့် ဦးတည်ချက်များ ပြည့်မြောက် အောင်မြင်ရန် လိုအပ်ခြင်း။

(ဂ) စီမံကိန်းနှင့် တပြိုင်နက်တည်း ဆောင်ရွက်ခြင်း (သို့) ဆောင်ရွက်ရန် စီစဉ်ရေးဆွဲထားခြင်း စသည်တို့ ဖြစ်ပါသည်။

အကယ်၍ ဤမူဝါဒနှင့် သက်ဆိုင်အကြုံးဝင်ပါက ချေးငွေရယူသူသည် အောက်ပါတို့ပါဝင်သော ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ် (သို့) ရွှေ့ပြောင်းနေရာချထားရေး မူဝါဒအခြေခံဘောင် တစ်ရပ်အား စီစဉ်ဆောင်ရွက် ပါမည် -

(က) အောက်ပါအချက်များသေချာစေရန် အစီအစဉ်များပါဝင်သော ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ် (သို့) ရွှေ့ပြောင်းနေရာချထားရေး မူဝါဒအခြေခံမူဘောင်- ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များအား (၁) ရွှေ့ပြောင်းနေရာချထားမှုနှင့် ပတ်သက်၍ ၄င်းတို့အနေဖြင့် ရွေးချယ်ရန် နည်းလမ်းများနှင့် အခွင့်အရေးများရှိကြောင်း အသိပေးခြင်း၊ (၂) ကမးလှမ်းသည့်ရွေးချယ်ရန် နည်းလမ်းများ၊ နည်းပညာရေး နှင့် စီးပွားရေးအရ ဆောင်ရွက်နိုင်သော ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ အခြားနည်းလမ်းများ စသည်တို့နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတိုင်ပင်ခြင်း (၃) စီမံကိန်းနှင့်တိုက်ရိုက် သက်ဆိုင်သော ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းများအတွက် အစားထိုးစရိတ်နှင့် ညီမျှသည့် နစ်နာကြေးများထိရောက် မြန်ဆန်စွာ ဖြည့်ဆည်းပေးခြင်း စသည်တို့ဖြစ်ပါသည်။

## ၇။ အဖွဲ့အစည်းဆိုင်ရာအစီအစဉ်

ဤ RPF အကောင်အထည်ဖော်ခြင်းအတွက်လည်းကောင်း၊ စီမံကိန်းခွဲများနှင့် သက်ဆိုင်ရာ အသေးစိတ်လုပ်ငန်းများအတွက် ရာနှုန်းပြည့် RAP/အကျဉ်းချုပ် RAP များ စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ

အတွက်လည်းကောင်း( ဆက်စပကုန်ကျစရိတ်များအားလုံးဖြည့်ဆည်းရန် တာဝန် ဝတ္တရားများအပါအဝင်) MOC နှင့် MLFRD (DRD) တို့မှ တာဝန်ယူရပါမည်။ MOC နှင့် MLFRD (DRD) တို့မှ တာဝန်ယူရပါမည်။ MOC နှင့် MLFRD တို့သည် အကောင်အထည်ဖော်ရေးလုပ်ငန်းများ အချိန်နှင့်တပြေးညီ ထိရောက်မှုရှိစေရန် ဆက်နွယ် ပါဝင်သည့် အခြားအေးဂျင်စီများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို အသုံးပြုနိုင်သည်။

ဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို စီမံကိန်း အပိုင်း (၁)အတွက် MOC ရှိ C/U တစ်ခုချင်းအလိုက်နှင့် စီမံကိန်း အပိုင်း(၂)အတွက် DRD မှ C/U တခုချင်း အလိုက် ဆောင်ရွက်ရပါမည်။ C/U တင်းတွင်လုံလောက်သော ဝန်ထမ်းအရေအတွက်နှင့် ဤ ESMF တွင် ဖော်ပြထားသည့် တာဝန်များ ဆောင်ရွက်ရန် လုပ်ငန်းစွမ်းရည်များရှိသည့် သတ်မှတ်တာဝန်ပေးထားသော ဘေးကင်းလုံခြုံရေးအဖွဲ့ တစ်ခုစီရှိရပါမည်။ မျှော်မှန်းတွက်ဆထားသည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများ လေ့လာ အကဲဖြတ်ရာတွင် အသေးစိတ်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်ခြင်းကြောင့် အဆိုပါ အကောင်အထည်ဖော် ရေးအေဂျင်စီများသည် ၎င်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန် အရည်အသွေးပြည့်ဝသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ပညာရှင်/အကြံပေးပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးရပါမည်။ ထို့ပြင် နှစ်ဝက်လျှင် တစ်ကြိမ်ခန့် နိုင်ငံတကာ ဘေးကင်းလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တစ်ဦးမှ ဒေသခံ အစိုးရဝန်ထမ်းများအား ပံ့ပိုးပေးနိုင်ရန် မျှော်မှန်းထားပြီး ၎င်းမှ စစ်ဆေးစီစစ်ခြင်း၊ အတိုင်းအတာ သတ်မှတ်ခြင်း၊ ကန်ထရိုက်၊ ကြီးကြပ် စစ်ဆေးခြင်းနှင့် ဘေးကင်းလုံခြုံရေး အကောင်အထည်ဖော်မှု လေ့လာစစ်ဆေးခြင်း စသည့်လုပ်ငန်းများအတွက် စီမံကိန်းအပိုင်း ဘေးကင်းလုံခြုံရေး အဖွဲ့များအား လိုအပ်သလို လမ်းညွှန်ပံ့ပိုးမည်ဖြစ်သည်။

အကောင်အထည်ဖော်ရေး အစီအစဉ်အသေးစိတ်အချက်အလက်များကို ESMF အခန်း (၁၄) တွင် ဖော်ပြထားပါသည်။

**၈။ ဆန္ဒအလျှောက်မဟုတသော ရွှေ့ပြောင်းနေရာချထားခြင်း အတွက် စီမံကိန်းအခြေခံစည်းမျဉ်းများ**

(က) မြေယာနှင့် အခြားပုဂ္ဂလိက ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းကို ရှောင်လွှဲနိုင်ရန် အစွမ်းကုန် ကြိုးစားအားထုတ်ရမည် ဖြစ်ပြီး အကယ်၍ မရှောင်လွှဲနိုင်ပါက အနည်းဆုံးအဆင့်သို့ လျှော့ချရန် ဆောင်ရွက်ရမည်။ အဆိုပါ သက်ရောက်မှုများ ရှောင်လွှဲနိုင်ရန် အသေးစိတ်ဒီဇိုင်းပုံစံများကို အတတ်နိုင်ဆုံး အဆင့်အထိ ချိန်ညှိရပါမည်။ အကယ်၍ မြေယာသိမ်းဆည်းခြင်းကို မရှောင်လွှဲနိုင်ပါကဤ RPF တွင် ဖော်ပြထားသည့် အစီအစဉ်များနှင့် အညီ ရွှေ့ပြောင်းနေရာချထားခြင်းလုပ်ငန်းအစီအစဉ် (RAP) ကို စီစဉ်ဆောင်ရွက်ရပါမည်။ (အကယ်၍ စီမံကိန်းလုပ်ငန်း (သို့) စီမံကိန်းဆွဲ သက်ရောက်မှုခံရသည့် ပြည်သူများမှ ၂၀၀ ဦးထက်လျော့နည်းပါက၊ အကျဉ်းချုပ် RAP ကို စီစဉ် ပြင်ဆင်ရပါမည်။)

(ခ) ဤစီမံကိန်းမှပံ့ပိုးသည် စီမံကိန်းခွဲများတွင် နည်းပါးသည့် ခြေရာလက်ရာသာ ရှိပြီး အများအားဖြင့် အခြား နည်းလမ်းဆောင်ရွက်နိုင်သည့်နေရာများ (သို့) ဒီဇိုင်းများ ရှာဖွေနိုင်ခြင်းကြောင့် မိသားစုများ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရ ရွှေ့ပြောင်းရမှုများကို ခွင့်မပြုပါ။

(ဂ) စီးပွားရေး နှင့်/သို့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာအရ ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များအားလုံးသည် မြေယာနှင့် ပစ္စည်း ဆုံးရှုံးမှုများအတွက် အစားထိုးတန်ဘိုးနှင့် ညီမျှသည့် နစ်နာကြေး(သို့) နစ်နာကြေးအစားညီမျှသည့် အခြားနည်းလမ်း ပုံစံအကူအညီများကို ရရှိခံစားခွင့်ရှိပါသည်။ တန်ဘိုးသတ်မှတ်ခြင်းနှင့်ပတ်သက်၍လည်း နိုင်ငံတကာတန်ဘိုး သတ်မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက် များနှင်အညီ ဆောင်ရွက်ရပါမည်။

(ဃ) စီမံကိန်းမှ သိမ်းဆည်းရယူသည့် တရားဝင် လုပ်/ရပိုင်ခွင့်မရှိသော ဓလေ့ထုံးတမ်းအရ မြေယာအသုံးပြုသူများအား အဆိုပါ နစ်နာကြေး(သို့) ပြန်လည်အခြေချရန်နှင့် ဝင်ငွေများ မူလအတိုင်းရေရှည်ပြန်လည်ထိမ်းသိမ်းနိုင်ရန် လိုအပ်သော အခြားနည်းလမ်းပုံစံအကူအညီများ ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များအဖြစ် ရရှိခံစားပိုင်ခွင့်မှ ပိတ်ပင် တားဆီးမည်မဟုတ်ပါ။

(င) RAP စစ်တမ်းကောက်ယူသည့် အချိန်တွင်မြေယာနှင့် ပတ်သက်၍ တရားဝင်ရ/လုပ်ပိုင်ခွင့် (သို့) အသိ အမှတ်ပြုထားသော ဓလေ့ထုံးတမ်းအစီအစဉ်များ မရှိဘဲ နေထိုင်/အသုံးပြုနေသူများ ( သိ ) ကျူးကျော်နေထိုင်သူများသည် ၎င်းမြေပေါ်ရှိ တည်ဆောက်ထားရှိမှု တစ်စုံတစ်ရာ (သို့) မူလ အခြေအနေထက် ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများအတွက် နစ်နာကြေးနှင့် အခြားနေရာ တစ်ခုခုသို့ ရွှေ့ပြောင်းရန် အကူအညီများကို ခံစားရရှိ ပိုင်ခွင့်ရှိပါသည်။

(စ) သက်ဆိုင်ရာ RAP တွင် ဖော်ပြပါရှိသည့် နစ်နာကြေး နှုန်းထားများသည် မည်သည့်အကြောင်းနှင့်မျှ တန်ဘိုး လျှော့ခြင်း (သို့) ခုနှိမ်ခြင်း မပြုဘဲ သတ်မှတ်ချက်ဘောင်ဝင်သော ပိုင်ရှင်(သို့) ပိုင်ဆိုင်မှု ဆုံးရှုံးရသည့် အသုံးပြုသူများကို အပြည့်အဝပေးအပ်ရန် ပမာဏများကို ရည်ညွှန်းပါသည်။

(ဆ) အကယ်၍ စိုက်ပျိုးမြေကို သိမ်းဆည်းပါက ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်အနေဖြင့် "မြေအတွက် မြေ" အစားထိုး စီစဉ်ပေးမှုကို ပိုမိုလိုလားပါက ချေးငွေရယူသူသည် ၎င်းကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) မြေယာ၊ သီးနှံပင်များနှင့် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းများအတွက် နစ်နာကြေးပေးအပ်ခြင်းကို သက်ရောက်မှု ကာလ မတိုင်ခင် ဆောင်ရွက်ရမည်။

(ဈ) ယာယီအသုံးပြုမည့် မြေယာကို မြေပိုင်ရှင်များ (သို့) မြေယာအသုံးပြုသူများဖြင့် အကြံပြု ဆွေးနွေးခြင်းဖြင့်သာ သိမ်းဆည်းရမည်။ သီးနှံပင်များအတွက် နစ်နာကြေးကို ဈေးကွက်ပေါက်ဈေး အပြည့်အဝဖြင့် ပေးအပ်ရမည်။ သစ်ပင်သီးနှံများ (သို့) နှစ်ရှည်ခံပင် စိုက်ခင်းများကို တတ်နိုင်သလောက် ရှောင်ရှားရမည်။ မြေယာအသုံးပြုသူများအား ပေါ်ပေါက်သောအဆင်မပြေမှုများအတွက် ထောက်ပံ့ကြေး စရိတ်ပေးအပ်သင့်ပြီး တရားဝင်မြေပိုင်ရှင်များကိုလည်း ညှိနှိုင်းသဘောတူထားသည့် ငှားရမ်းခ အခကြေးငွေပေးအပ်သင့်သည်။ မြေပိုင်ရှင်များထံမှ မြေငှားရမ်းခြင်း (သို့) အသုံးမပြု

လစ်လပ်နေသော အစိုးရမြေများကို အသုံးပြုခြင်း စသည်တို့သည် ပိုမိုသင့်တော်သည့်နည်းလမ်းများ ဖြစ်သည်။ ယာယီအသုံးပြုသည့် မြေယာများ အားလုံးကို ၎င်းတို့၏မူလ အခြေအနေအတိုင်း ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ရမည်။

(ည) RAP စီစဉ်ပြင်ဆင်ရေးလုပ်ငန်းစဉ် ကာလအတွင်း ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များနှင့် အကြံပြုဆွေးနွေး သင့်သည်။ သို့မှသာ မြေယာသိမ်းဆည်းခြင်းနှင့် နစ်နာကြေးအစီအစဉ်များနှင့် ပတ်သက်၍ ၎င်းတို့၏ လိုလားချက်များ လက်ခံရယူစဉ်းစားနိုင်ပါသည်။

(ဋ) မူကြမ်းနှင့် အချောသတ် RAP များကို ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များ နားလည်သိရှိနိုင်မည့် နည်းလမ်းများ ဖြင့် အများပြည်သူ အလို့ငှာ အသိပေးဖော်ပြရမည်။

(ဌ) မြေယာသိမ်းဆည်းမှု နောက်ပိုင်းရပ်ရွာဝန်ဆောင်မှုများနှင့် အရင်းအမြစ် အသုံးပြုနိုင်မှုများကို ယခင် ပမာဏအတိုင်း ထိန်းသိမ်းခြင်း (သို့) ပိုမိုကောင်းမွန်စေခြင်းတို့ ဆောင်ရွက်ရမည်။

(ဍ) ချေးငွေရယူသူသည် မြေယာသိမ်းဆည်းခြင်းနှင့် ဆက်နွယ်သည့် အစည်းအဝေးကုန်ကျစရိတ်များနှင့် နစ်နာကြေးငွေများအတွက် တာဝန်ယူရမည်။ RAP တွင် အရေးပေါ် အခြေအနေ အစီအစဉ်များ အပါအဝင် မြေယာသိမ်းဆည်းခြင်းနှင့် ဆက်နွယ်သည့် ကုန်ကျစရိတ်များအားလုံးအတကဲ ဘတ်ဂျတ် ပါဝင်သည်။

(ပ) ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များအနေဖြင့် နစ်နာမှုဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် နည်းလမ်းများ စီစဉ်ဆောင်ရွက်၍ အဆိုပါနစ်နာမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်သည် အချက်အလက်များကို ရွှေ့ပြောင်း ရသည့်ပုဂ္ဂိုလ်များအား ဖြည့်ဆည်းပေးရမည်။ နစ်နာမှုလုပ်ငန်းစဉ်များသည် စီမံကိန်းသက်ရောက်မှုခံရ သည့် ပြည်သူများအတွက် ကုန်ကျစရိတ်မရှိဘဲ အလွယ်တကူ အသုံးပြုနိုင်ရမည်။

## ၉။ ဆန္ဒအလျှောက် လှူဒါန်းခြင်းဆိုင်ရာ သဘောတူညီချက်စည်းမျဉ်းများ

ဆန္ဒအလျောက် မြေလှူဒါန်းခြင်းကိုခွင့်ပြုပါမည်။ စီမံကိန်းခွဲမှ အကျိုးဖြစ်ထွန်းမည့် ရပ်ရွာပြည်သူများ အနေဖြင့် စီမံကိန်းခွဲသို့ နစ်နာကြေးမယူပဲ ဆန္ဒအလျောက် မြေယာ (သို့) အခြားပိုင်ဆိုင်မှုများကို လှူဒါန်းနိုင် သည်။ ဆန္ဒအလျောက် လှူဒါန်းခြင်းသည် ကောင်းစွာ သိရှိနားလည်၍ ဆောင်ရွက်သည့်သဘောတူညီချက်အနေ ဖြင့် ရှိရမည်ဖြစ်ပြီး သက်ရောက်မှုခံရသည့် ပြည်သူများအနေဖြင့် ဖိအားပေးခံရခြင်း (သို့) အတင်းအကျပ်ပြုခြင်း (သို့) ယင်းသို့ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု မှားယွင်းယုံကြည်စေခြင်း စသည့် အချက်များကြောင့် မြေယာလှူ ဒါန်းခြင်းမျိုး မဖြစ်စေရပါ။ ခရိုင် PMO များသည် ဆန္ဒအလျောက်မြေယာလှူဒါန်းခြင်း (VLD) လုပ်ငန်းစဉ်အနေ ဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်းနှင့် မှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း သေချာ စေရန် ကြီးကြပ်ရမည်။ ခရိုင် PMO များမှ အသုံးပြုသည့် လုပ်ငန်းစဉ်များအား လေ့လာစစ်ဆေးရန် ပြည်ထောင် စု အဆင့် PMO များမှ တာဝန်ယူရမည်။

VLD လုပ်ငန်းစဉ်တွင် အောက်ပါသတ်မှတ်ချက်များ ပါဝင်ပါသည်။ အဆင့် (၁) စီမံကိန်းခွဲ အတွက် VLD ဆီလျော်သင့်တော်မှုနှင့် ပတ်သက်၍ ဆုံးဖြတ် ၊ မှတ်တမ်းတင်ခြင်း

သက်ဆိုင်ရာ စီမံကိန်းခွဲအတွက် VLD နှင့် ဆက်နွယ်၍ စဉ်းစားရာတွင် ခရိုင PMO သည် အောက်ပါ တို့ကို မှတ်တမ်းတင်ရမည်။

- မြေယာအား မည်သည့်အတွက် အသုံးပြုမည်နည်း။
- အမြဲတမ်းနှင့် ယာယီအခြေခံ (၂) မျိုးလုံး အတွက် စီမံကိန်းအနေဖြင့် မြေယာမည်မျှ လိုအပ်မည်နည်း။
- မြေယာပမာဏ မည်မျှအား လှူဒါန်းမည်နည်း။
- လှူဒါန်းခြင်းအပြင် မည်သည့် အခြားဆောင်ရက်နိုင်သည့် နည်းလမ်းများ တည်ရှိသနည်း။ (ဥပမာ - အသုံးပြုခွင့်ဖြတ်သန်းသွားလာအသုံးပြုခွင့်)
- လှူဒါန်းမှုဆိုင်ရာ သတ်မှတ်ချက်များ
- လှူဒါန်းလိုသည့် ပုဂ္ဂိုလ်/အစုအဖွဲ့များမှာ မည်သူ/မည်ဝါဖြစ်သည်
- လှူဒါန်းမှု၏ အကျိုးခံစားခွင့်ရှိသူ
- အဘယ့်ကြောင့် မြေယာလှူဒါန်းခြင်းမှာ ဆီလျော်သည့် နည်းလမ်းဖြစ်နိုင်ကြောင်း နှင့် ပတ်သက်သော အခြားအသေးစိတ်အချက်များ

**အဆင့် (၂) VLD ဆောင်ရွက်မှုနှင့် ပတ်သက်၍ မြေပိုင်ရှင်များအတွက် တရားဝင်ကြေငြာစာ**

အကယ်၍ စီမံကိန်းခွဲအတွက် VLD မှာ သက်ဆိုင်မှုရှိသည်ဟု ဆုံးဖြတ်ပါက ခရိုင် PM သည် အောက်ပါ တို့ကို ဖြည့်ဆည်းရမည်။

- မြို့ပြင်ဧရိယာများ ။ ။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြေယာပိုင်ရှင်များအား ၎င်းတို့ဧရိယာအတွင်းရှိ အဆိုပြုလျှပ်စစ်ဓါတ် အား အခြေခံအဆောက်အအုံဆောက်လုပ်ခြင်းနှင့် VLD အတွက် ဆက်စပ်အခွင့်အလမ်းများနှင့် ပတ်သက်၍ တရားဝင်ကြေငြာချက်ဖြည့်ဆည်းပေးခြင်း။
- ကျေးလက်ဧရိယာများ ။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ကျေးရွာစုအုပ်ချုပ်ရေးမှူး၊ ကျေးရွာအကြီးအကဲနှင့် မြေယာပိုင်ရှင်များအား ၎င်းတို့ဧရိယာ အတွင်းရှိ အဆိုပြုလျှပ်စစ်ဓါတ်အားအခြေခံအဆောက်အအုံဆောက်လုပ်ခြင်းနှင့် VLD အတွက် ဆကစပ်အခွင့်အလမ်းများနှင့်ပတ်သက်၍ တရားဝင်ကြေညာချက်ဖြည့်ဆည်းပေးခြင်း။

**အဆင့် (၃) VLD လုပ်ငန်းစဉ်နှင့်ပတ်သက်၍ စိတ်ပါဝင်စားသည့် မြေပိုင်ရှင်များအား အနှစ်ချုပ်ရှင်းလင်းခြင်း**

- မြို့ပြဧရိယာများ ။ ။ အကယ်၍ မြေယာပိုင်ရှင်တစ်ဦးဦးမှ VLD လုပ်ငန်းစဉ်အတွက် ဆန္ဒရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ဖော်ပြပါက ခရိုင် PMO သည် ကျေးရွာအုပ်ချုပ်ရေးမှူး ရှေ့မှောက်တွင် VLD လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြေယာပိုင်ရှင်/ကျေးရွာပြည်သူများအား အနှစ် ချုပ် ရှင်းလင်းတင်ပြ၍ VLD ပုံစံအား မြေယာပိုင်ရှင်/ကျေးရွာပြည်သူနှင့် ၎င်းတို့၏ သက်ဆိုင်ရာ ဇနီး/ခင်ပွန်းတို့မှ ဖြည့်စွက်၍ သဘောတူလက်မှတ် ရေးထိုးရန် လိုအပ်ကြောင်းစသည့်ဖြင့် ရှင်းပြရ မည်။
- ကျေးလက်ဧရိယာ ။ ။ အလားတူပင် အကယ်၍ မြေယာပိုင်ရှင်တစ်ဦးဦးမှ VLD လုပ်ငန်းစဉ်အတွက် ဆန္ဒရှိကြောင်း ကျေးရွာစုအုပ်ချုပ်ရေးမှူး (သို့) ကျေးရွာအကြီးအကဲထံ ဖော်ပြပါက ခရိုင် PMO သည် ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် VLD လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြေယာပိုင်ရှင် / ကျေးရွာပြည်သူများအားအနှစ်ချုပ်ရှင်းလင်းတင်ပြ၍ VLD ပုံစံအား မြေယာပိုင်ရှင်/ကျေးရွာပြည် သူ နှင့် ၎င်းတို့၏ သက်ဆိုင်ရာ ဇနီး/ခင်ပွန်းတို့မှ ဖြည့်စွက်၍ သဘောတူလက်မှတ်ရေးထုးရန် လိုအပ်ကြောင်း စသည်ဖြင့် ရှင်းပြရမည်။ အနှစ်ချုပ်ရှင်းလင်းတင်ပြခြင်း မပြုမီ ဆန္ဒရှိသော မြေပိုင်ရှင်/ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့်/သို့ ကျေးရွာအကြီးအကဲ (သို့) ကျေးရွာစုအုပ်ချုပ်ရေးမှူးတို့သည် ခရိုင် PMO ထံအောက်ပါတို့နှင့် ပတ်သက်၍ အတည်ပြုရမည်။
- ဆန္ဒရှိသော မြေယာပိုင်ရှင်/ကျေးရွာပြည်သူအနေဖြင့် ၎င်းတို့၏ အကျိုးပြုပိုင်ဆိုင်မှု စုစုပေါင်း၏ ၅% ထက်ကျော်လွန်၍ ဆုံးရှုံးမည်မဟုတ်ကြောင်း။
- သက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်၏စုစုပေါင်း မြေယာပိုင်ဆိုင်/လုပ်ပိုင်ခွင့်မှာ ၂၀၀ စတုရန်းမီတာ (သို့) ယင်းထက်ပိုခြင်း။
- ဆန္ဒရှိသည့် မြေပိုင်ရင်/ကျေးရွာပြည်သူနှင့် /သို့ ၎င်းမိသားစုအနေဖြင့် မည်သည့်ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ရွှေ့ပြောင်းရမှု တစ်စုံတစ်ရာ မလိုအပ်ခြင်း

**အဆင့် (၄) မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှုများ အတည်ပြုရန် ကြိုတင်လေ့လာစုံစမ်းအတည်ပြုခြင်းလုပ်ငန်းစဉ်**

အကယ်၍ ဆန္ဒရှိသည့် မြေယာပိုင်ရှင်နှင့် ၎င်း၏ဇနီး/ခင်ပွန်းတို့မှ VLD လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်လိုကြောင်း အတည်ပြုပါက နောက်တဆင့်အနေဖြင့် လျှဒါန်းရန် အဆိုပြုသည့် မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှုတို့အား စစ်ဆေးအတည်ပြုရန် ဖြစ်သည့် ။ အဆိုပါ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်တွင် ဒေသ ကြေးတိုင်နှင် မြေစာရင်းဦးစီးဌာန (SLRD) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) တို့နှင့် အကြံပြုဆွေးနွေး ခြင်း ပါဝင်ပါသည်။ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်အနေဖြင့် အောက်ပါတို့နှင့် ပတ်သက်၍ ရရှိလာသည့် စာရွက်စာတမ်းအချက်အလက်များကို လေ့လာသုံးသပ်သင့်သည်။

- မြေယာ၏ပိုင်ရှင် (သို့) ပင်ရှင်များ

- မြေယာအသုံးပြုသူများ (သို့) ၎င်းမြေပေါ်တွင်နေရာယူထားသည့်အစုအဖွဲ့များ (ရပ်ဝန်းပိုင်းဆိုင်ရာအရ ဖြစ်စေ (သို့) ၎င်းမြေပေါ်ရှိ ပိုင်ဆိုင်မှုပစ္စည်းများ (သို့) ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း (သို့) စီးပွားရေးလုပ်ငန်းများအရဖြစ်စေ)
- ပိုင်ဆိုင်မှု (သို့) အသုံးပြုမှု နှင့်ပတ်သက်၍ ယှဉ်ပြိုင်အရေးဆိုခြင်းများ
- ၎င်းမြေပေါ်ရှိ ပိုင်ဆိုင်မှုပစ္စည်းများနှင့်တည်ဆောက်ထားရှိမှုများ
- ၎င်းမြေပေါ်ရှိ သစ်ပင် (သို့) သီးနှံပင်များ
- ၎င်းမြေပေါ်ရှိ ဝန်ထုပ်ဝန်ပိုး/အခြားအရေးဆိုခွင့်များ

အရေးကြီးသည့် အချက်များမှာ (၁) လွှဲပြောင်းမည့်ရပိုင်ခွင့်အား သတ်မှတ်ရန် (ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ သွားလာ/နေရာယူခွင့်)။

(၂) လွှဲပြောင်းရယူသူအနေဖြင့် ၎င်းရရှိရန် အရေးဆို ပိုင်ခွင့်အမှန်တကယ်ရှိ/မရှိ စစ်ဆေးရန်တို့ ဖြစ်ပါသည်။ ကြိုတင်စုံစမ်းမှုမဆောင်ရွက်သည့် ကိစ္စအများစုသည် နောက်ထပ်အစုအဖွဲ့/ပုဂ္ဂိုလ်တစ်ဦးဦးမှ ၎င်းတို့တွင် တူညီ (သို့) ယှဉ်ပြိုင်ရပိုင်ခွင့်ရှိကြောင်း အရေးဆိုလာသည့်အချိန်များတွင် နောက်ပိုင်းအဆင့်များ၌ ကြီးမားသည့် ပဋိပက္ခများ ပေါ်ပေါက်လာတတ်ပါသည်။ အချို့သော အခြေအနေများတွင် (အားလုံးမဟုတ်သော်လည်း) လက်ခံ ရယူသူထံတွင် အဆိုပါရပိုင်ခွင့်၏ မတ်တမ်းမှတ်ရာ အထောက်အထားရှိပါမည်။ ယင်းအထောက်အထားများ မရှိ သည့်အခြေအနေများတွင် ကျေးရွာအမှုထမ်းများ၊ အိမ်နီးချင်းများနှင့် ဆွေးနွေးပြောဆိုခြင်းအားဖြင့် ကြိုတင်လေ့ လာစုံစမ်းမှုအရ ရပိုင်ခွင့်များ သက်သေထူနိုင်သည်။

## အဆင့် (၅) အများပြည်သူအကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

ဆန္ဒအလျောက် မြေယာလျှော့ဒါန်းရန် ဆုံးဖြတ်ချက်အား သက်ဆိုင်ရာ စီမံကိန်းခွဲနှင့်ပတ်သက်၍ အပြည့် အဝ နားလည်ခြင်း၊မြေယာလျှော့ဒါန်းရန် သဘောတူညီခြင်း၏ အကျိုးဆက်များအား အပြည့်အဝနားလည်ခြင်း စသည့်အချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ရမည်။ ထို့နောက် လျှော့ဒါန်းမှုကြောင့် သက်ရောက်မှုခံရသည့် အစုအဖွဲ့များ (မြေယာပိုင်ရှင်နှင့် အသုံးပြုသူများ၊ ၎င်းမြေယာနှင့် ၎င်းမြေယာ၏ အိမ်နီးချင်းများ (သင့်တော်သလို) အား မည်သည့်ကိစ္စရပ်အတွက် မြေယာအား အသုံးပြုမည်။ မည်မျှကြာမည်။ လျှော့ဒါန်းမှုကြောင့် ၎င်းတို့နှင့် ၎င်းတို့မိသားစုအပေါ် သက်ရောက်မည့် သက်ရောက်မှုများ စသည်တို့နှင့်ပတ်သက်၍ သတင်းအချက် အလက်များကို တိကျစွာဖြည့်ဆည်းပေးရမည်။ ကြိုတင်အသိပေးကြေငြာချက်တွင် ရယူသည့် မြေနေရာနှင့် ပမာဏများကို ဖော်ပြရမည်ဖြစ်ပြီး ၎င်းမြေယာအား အသုံးပြုမည့်ရည်ရွယ်ချက်ကိုလည်း အသိပေးဖော်ပြရမည်။ အကယ်၍ ၎င်းရည်ရွယ်ချက်အရ မြေယာလျှော့ဒါန်းခြင်းကြောင့် သက်ရောက်မှုခံရသည့် အစုအဖွဲ့များအနေဖြင့် ၎င်းမြေယာအား ရာသက်ပန်အသုံးပြုခွင့် ဆုံးရှုံးခြင်း (သို့) သိသာသော အချိန်ကာလတစ်ခုအတွက် အသုံးပြု နိုင်မှု ဆုံးရှုံးစေသည့် အခြေအနေမျိုးဖြစ်ပါက ၊၎င်းကို သေချာစွာ ရှင်းလင်းအသိပေးရမည်။ ရပ်ရွာအများစုတွင် မြေယာအား

ဖယ်ကျန်ခြင်း/ကင်းကွာစေခြင်း အယူအဆမှာ ဖြစ်လေ့ဖြစ်ထ မရှိဘဲ နားလည်ရန် ခက်ခဲသော ကြောင့် အကျိုးဆက်များနှင့် ပတ်သက်၍ သေချာစွာ နားလည်သဘောပေါက်စေရန် အထူးအလေးထားဆောင် ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် မည်သည့်အခြားပုဂ္ဂိုလ် (မိသားစုဝင်အရင်းအခြာ (သို့) ဆွေမျိုး မိသားစုများ အတွင်းမှ ) တစ်ဦးဦးဖြင့် အဆိုပြုမြေယာလျှော့ဒါန်းခြင်းနှင့်ပတ်သက်၍ ယင်းသို့ မဆောင်ရွက်မီ ဆွေးနွေးတိုင်ပင် ရန် လိုအပ်မည်ကိုလည်း ဆုံးဖြတ်ရန် အရေးကြီးပါသည်။ (ဥပမာ - အသက်ကြီးသည့် သား/သမီးများ)

ထို့ပြင် မြေယာလျှော့ဒါန်းခြင်းနှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များအတွက် ၊ မည်သည့်အစုအဖွဲ့/ ပုဂ္ဂိုလ်မှ ကျခံမည်ဆိုသည့် အချက်နှင့်ပတ်သက်၍ ရှင်းလင်းသည့် သဘောတူညီချက်ရှိထားသင့်ပါသည်။ ၎င်းတွင် မြေတိုင်းတာမှုစရိတ်များ၊ စာရွက်စာတမ်းနှင့် နိုတြီပြန်ဆိုခြင်း စရိတ်များ၊ လွှဲပြောင်းအခွန်အခများ၊ မှတ်ပုံတင် ကြေးများစသည်တို့ ပါဝင်နိုင်ပါသည်။ ထို့ပြင် ပြန်လည်လွှဲပြောင်း အခွန်အခများ၊ မှတ်ပုံတင်ကြေးများ စသည်တို့ ပါဝင်နိုင်ပါသည်။ ထို့ပြင် ပြန်လည်တိုင်းတာခြင်း/လွှဲပြောင်းသူ၏ ကျန်ရှိသည့်မြေယာ ပြန်လည်ရပိုင်ခွင့် သတ်မှတ်ခြင်း နှင့် စာရွက်စာတမ်းအသစ်များ ဆောင်ရွက်ခြင်း စသည်တို့နှင့် ဆက်နွယ်သည့် စရိတ်စကများ လည်း ပါဝင်ပါသည်။

**အဆင့်(၆) ကြိုတင်သိရှိနားလည်ပြီး လက်ခံသည့်သဘောတူညီချက် ဆောင်ရွက်ခြင်း**

ခရိုက် PMO များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ မြေယာလျှော့ဒါန်းရန် ရွေးချယ်သည့် မြေယာ ပိုင်ဆိုင်/လုပ်ပိုင်ခွင့်ရှိသူများ၏ ကြိုတင်သိရှိနားလည်ပြီး လက်ခံသည့် သဘောတူညီချက် (သို့) ရွေးချယ်ခွင့်များနှင့် ပတ်သက်၍ စစ်ဆေးအတည်ပြုရပါမည်။ အထူးသဖြင့် အောက်ပါအချက်များကို စစ်ဆေး အတည်ပြု၍ ဆန္ဒအလျောက် မြေယာလျှော့ဒါန်းမှုပုံစံတွင် ရေးသားမှတ်တမ်းတင်ရပါမည်။

- မည်သူမှ မည်သည့်အချိန်ကာလအထိ မည်သည့်ကိစ္စရပ်အတွက် မြေယာကို အသုံးပြုမည်
- မြေယာပိုင်ရှင်အနေဖြင့် လျှော့ဒါန်းမည့်မြေယာနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု (သို့) အသုံးပြုခွင့်များ ဆုံးရှုံးမည့် ဆိုသည့် အချက်နှင့် ၎င်းအချက်၏ ဆိုလိုရင်းအဓိပ္ပါယ်
- မြေယာပိုင်ရှင်အနေဖြင့် မြေယာလျှော့ဒါန်းရန် ငြင်းဆိုပိုင်ခွင့်ရှိကြောင်း
- မြေယာအသုံးပြုခြင်းအပြင် အခြားဆောင်ရွက်နိုင်သည့် နည်းလည်းများ ရှိ/မရှိ
- မြေယာလျှော့ဒါန်းရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (ဥပမာ-စာရွက်စာတမ်းများဆောင်ရွက် ခြင်း၊ ဇနီး/ခင်ပွန်း၏ သဘောတူညီချက်၊ အခွန်အခပေးဆောင်ခြင်းစသည့်)
- မြေယာလျှော့ဒါန်းသူ၏ မိသားစုအပေါ် လျှော့ဒါန်းခြင်း၏ သက်ရောက်မှုနှင့် အကယ်၍ ၎င်းတို့အနေဖြင့် မြေယာအား ပြန်လည်ရယူလိုပါက မည်သို့ ဆောင်ရွက်နိုင်သည် (၎င်းတို့၏ မိသားစု (သို့) အမွေဆက်ခံ သူများ) စသည်တို့ ဖြစ်ပါသည်။

လျှော့ဒါန်းရန် ငြင်းဆိုခွင့်သည် တရားဝင်ခြွင်းချက်မရှိ ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ဖြစ်ပြီး အလားအလာ ရှိသော လွှဲပြောင်းသူအနေဖြင့် ဒေသခံရပ်ရွာနှင့် နိုင်ငံရေး နောက်ခံ အခြေ အနေများအရ ၎င်းလုပ်ပိုင်ခွင့် အား ကောင်းစွာ

ကျင့်သုံးနိုင်ခွင့် ရှိရမည်။ ထို့ကြောင့် မြေယာလျှာဒါန်းရန် ဆုံးဖြတ်ချက်သည် အများပြည်သူ နှင့် အစဉ်အလာအာဏာပိုင်အဖွဲ့အစည်းများအပေါ် အတင်းအကျပ်ခိုင်းစေခြင်း၊ဖိအားပေးခြင်း ၊ လှည့်ဖျား ခြင်းစသည် အချက်များကြောင့် မဟုတ်ကြောင်း သေချာစေရန် ဆောင်ရွက်ရပါမည်။ စုပေါင်း (သို့) ရပ်ရွာပိုင် မြေယာများအတွက် လျှာဒါန်းမှုများ သည် ၎င်းမြေယာအား အသုံးပြုနေသော (သို့) နေရာယူ ထားသော ပြည်သူတစ်ဦးချင်းစီထံမှ ကြိုတင်သိရှိနားလည်ပြီးလက်ခံသည့် သဘောတူညီချက်အပေါ် အခြေခံရမည်။

**အဆင့် (၇) ရှင်းလင်းလွယ်ကူ၍ ဆီလျော်သော စာရွက်စာတမ်းများ စီစဉ်ပြင်ဆင်ခြင်း**

မြေယာလျှာဒါန်းခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်နှင့် သဘောတူညီချက် သက်သေအထောက်အထား များ ရရှိရန် လွန်စွာအရေးကြီးပါသည်။ ထို့ပြင် လိုအပ်ပါက မြေယာအား တရားဝင်လွှဲပြောင်းခြင်းဖြစ်ကြောင်း သေချာစေရန်မှာလည်း အရေးကြီးပါသည်။ မြေယာတရားဝင်လွှဲပြောင်းခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ မှာ အများအားဖြင့် ရှုပ်ထွေးမှုရှိပြီး အချိန်ကြန့်ကြာမှုများ ရှိသော်လည်း၊ ၎င်းကို ဖြေရှင်းဆောင်ရွက်ရန် လိုပါသည်။ (အချို့သော အခြေအနေများတွင် ဥပမာ - မြေယာအား ရပ်ရွာသို့ လွှဲပြောင်းသည့် အခြေအနေ တွင် ၎င်းအား တရားဝင်လွှဲပြောင်းရန် မလိုအပ်နိုင်ပါ။ သို့သော် အတွေ့အကြုံများအရ၊ တရားဝင်လွှဲပြောင်းမှု မရှိခြင်းသည် အနာဂတ်တွင် နေရာယူမှုများကို ဖြစ်ပေါ်စေနိုင်ပြီး အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ၏ ရေရှည်တည်တံ့မှုများအပေါ် သက်ရောက်မှု ရှိနိုင်သလို ရပ်ရွာပြည်သူများနှင့် ဆက်ဆံရေးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။)

ခရိုင် PMO သည် -

(က) လိုအပ်နိုင်သည့် တရားဝင်စာရွက်စာတမ်းများနှင့် မြေယာလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်များ အပါအဝင် ဆီလျော်သော စာရွက်စာတမ်းကိစ္စရပ်များကို ခွဲခြားသတ်မှတ်ခြင်း

(ခ) သဘောတူညီချက်နှင့် ပတ်သက်၍ အောက်ပါတို့ သေချာစေရန် -

- ဆောင်ရွက်ပြီးစီးသည့် အကြံပြုဆွေးနွေးပွဲအား ရည်ညွှန်းခြင်း
- လွှဲပြောင်းမှုဆိုင်ရာ သဘောတူသတ်မှတ်ချက်များ ရေးဆွဲခြင်း
- လွှဲပြောင်းရန်ဆုံးဖြတ်ချက်အား လွတ်လပ်စွာဆောင်ရက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖိအားပေးခြင်း၊ လှည့်ဖျား ခြင်း၊ အကြပ်ကိုင်ခြင်းများ မရှိကြောင်း အတည်ပြုခြင်း
- လွှဲပြောင်းသည့် မြေယာနှင့်ပတ်သက်သည့် တိကျသော မြေပုံညွှန်းပူးတွဲခြင်း (နယ်နမိတ်များ၊ ကိုဩဒိနိတ် များ)
- လွှဲပြောင်းမှုကုန်ကျစရိတ်များအား မည်သူမှုကျခံမည်ကိုသတ်မှတ်ခြင်း (ဥပမာ - နိုတြီပြန်ဆိုခများ၊ အခွန် အခများ၊ မြေယာပိုင်/လုပ်ခွင့်ကိစ္စရပ်များ)နှင့်ကြွင်းကျန်မြေယာပိုင်/လုပ်ခွင့်စာရွက်စာတမ်းများ အပါအဝင်

(ဂ) သက်ဆိုင်သည့် ဇနီး/ခင်ပွန်း၊ တရားဝင်အသက်ပြည့်ပြီး သား/သမီးများ၏သဘောတူညီချက်အပါအဝင် စာရွက်စာတမ်းများတွင် လိုအပ်/သက်ဆိုင်သည့် အစုအဖွဲ့/ပုဂ္ဂိုလ်များအားလုံးမှ သဘောတူလက်မှတ် ရေးထိုးခြင်းကို ကြပ်မတ်ဆောင်ရွက်ရန်။

(ဃ) လွှဲပြောင်းမှုနှင့် ပိုင်/လုပ်ခွင့်များကို မှတ်ပုံတင်ခြင်း (သို့) မှတ်တမ်းတင်ခြင်းများ ကြပ်မတ်ဆောင်ရွက်ရန်။

(င) မြေယာလျှော်ဒါန်းမှုပြီးနောက် ကျန်ရှိသည့်မြေယာနှင့်ပတ်သက်၍ စနစ်တကျ ပိုင်/လုပ်ခွင့်များသတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်း (သို့) မှတ်တမ်းတင်ခြင်းများနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ရန်။

စသည်တို့ကို တာဝန်ယူဆောင်ရွက်သင့်ပါသည်။

ထို့ပြင် ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏မှတ်တမ်းကို ထိန်းသိမ်းထားရှိရန်လည်း အလွန်အရေးကြီးပါသည်။ ၎င်းစာရွက်စာတမ်းများတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- ရယူခဲ့သည့်မြေယာပမာဏနှင့် တည်နေရာ၊ စီမံကိန်းအတွက် ရည်ရွယ်အသုံးပြုမည့် အကြောင်းအရာ၊ ၎င်းကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် အများပြည်သူသိရှိစေရန် အသိပေးဖော်ပြခဲ့ကြောင်း မှတ်တမ်းစသည်တို့ကို ဖော်ပြသည့် အမိန့်ကြေငြာစာ။
- ဆောင်ရွက်ခဲ့သည့် အကြိုပြုဆွေးနွေးပွဲနှင့် ဆွေးနွေးခဲ့ကြသည့်အကြောင်းအရာမှတ်တမ်းများ
- ဆောင်ရွက်ခဲ့သည့် ကြိုတင်လေ့လာစုံစမ်းမှုဆိုင်ရာ စာရွက်စာတမ်းမိတ္တူ
- လျှော်ဒါန်းမှုတခုချင်းစီအတွက် အကြောင်းအရာတရားဝင်ဖော်ပြချက်များ၊ အထက်ဖော်ပြပါအချက်များအတိုင်း ဆောင်ရွက်ခဲ့သည့် ကြိုတင်သိရှိနားလည်ပြီး လက်ခံသည့်သဘောတူညီချက်ရယူခြင်းနှင့် ပိုင်ရှင် (သို့) အသုံး ပြုသူ တဦးချင်းစီ၏ သဘောတူလက်မှတ် စာရွက်စာတမ်းမိတ္တူများ
- မြေယာတရားဝင်လွှဲပြောင်းခြင်းဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ၊ မှတ်တမ်းတင်ခြင်း (သို့) မှတ်တမ်းစာရွက်စာတမ်းများအားလုံး၏ မိတ္တူများ
- မြေယာအကွက်အလိုက်ဖော်ပြသည့် မြေပုံ

စသည်တို့ဖြစ်ပါသည်။

ခရိုင်နှင့် ပြည်ထောင်စုအဆင့် PMO များသည် လျှော်ဒါန်းသည့်မြေယာအလွတ်တခုချင်းစီအတွက် စာရွက်စာတမ်းမှတ်တမ်းများကို ထိန်းသိမ်းထားသင့်ပါသည်။ အဆိုပါ စာရွက်စာတမ်းများအား ကမ္ဘာ့ဘဏ်၏ လေ့လာသုံးသပ်ချက် နှင့် ပေါ်ပေါက်လာနိုင်သည့် နစ်နာမှုဆိုင်ရာကိစ္စရပ်များနှင့်ဆက်စပ်၍ လေ့လာသုံးသပ်ရန်အတွက်လည်းကောင်း၊ ရယူလေ့လာနိုင်ရန် ဆောင်ရွက်ထားရှိရမည်။

**အဆင့် (၈) နစ်နာမှုများဖြေရှင်းဆောင်ရွက်ရေးအစီအမံများ**

စီမံကိန်းအနေဖြင့် လျှော်ဒါန်းသူများ (နှင့် မြေယာလွှဲပြောင်းမှုတွင် အသိအမှတ်ပြုမှုမခံရသည့် အခြားအလားအလာရှိသည့် မြေယာအသုံးပြု (သို့) နေရာယူထားသူများ)မှ နစ်နာမှုများနှင့်ပတ်သကအရေးဆိုး တင်ပြရန်နှင့် တင်ပြလာသည့် နစ်နာမှုများအား အချိန်မှီလက်ခံစဉ်းစားဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို သတ်မှတ်ရပါမည်။ နစ်နာမှု များဆိုင်ရာ လုပ်ငန်းစဉ်များတွင် ခရိုင်

PMO အဖွဲ့နှင့် တိုက်ရိုက်နှီးနွှယ်ပါဝင်မှုမရှိသည့် လေ့လာသုံးသပ်သူပုဂ္ဂိုလ်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလည်း ပါဝင်ပါမည်။ နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နစ်နာမှုများ တင်ပြလာသူများအနေဖြင့် ကုန်ကျစရိတ်ကျခံရန် မလိုအပ်သလို နိုင်ငံ၏ဥပဒေများအရ ဥပဒေကြောင်းဖြင့် ဖြေရှင်း နိုင်ရေး ကြိုးပမ်းမှုများကို တားဆီးခြင်း/ဟန့်တားခြင်းမျိုး မရှိစေရန် နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ်တွင် စီစဉ်ပြဋ္ဌာန်း ထားပါသည်။

## ၁၀။ အကောင်အထည်ဖော်ရေး အစီအစဉ်၊ ကိုက်ညီမှု စံသတ်မှတ်ချက်များနှင့် ရွှေ့ပြောင်းနေရာ ချထားရေး အစီအစဉ် သတ်မှတ်ချက်များဆောင်ရွက်ခြင်း

သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းလုပ်ငန်းအပိုင်းတွင် လူမှုရေးရာ သက်ရောက်မှုများ စစ်ဆေးစီစစ်ခြင်း ဆောင်ရွက်ပြီး အဆိုပါ လုပ်ငန်း အကောင်အထည်ဖော်ခြင်း ရလဒ်များကြောင့် စီးပွားရေးနှင့် လူမှုရေးရာ တိုက်ရိုက်သက်ရောက်မှုများဖြစ်ပေါ်ခြင်း ရှိ/မရှိ ခွဲခြား သတ်မှတ်ရပါမည်။ ၎င်းစစ်ဆေးစီစစ်ခြင်းကို စီမံကိန်းလုပ်ငန်းများအားလုံးအတွက် ဆောင်ရွက်ရမည်ဖြစ် ပြီး (မည်သည့်ဘဏ္ဍာရေးရာ အရင်းအမြစ်များဖြစ်စေ) နည်းပညာ ပံ့ပိုးရေး လုပ်ဆောင်မှုများလည်း အပါအဝင်ဖြစ်သည်။ ထို့ပြင် ၎င်းစစ်ဆေးစီစစ်ခြင်းတွင် ဆန္ဒအလျှောက်မဟုတ်သော ရွှေ့ပြောင်းနေရာ ချထားခြင်း ရလဒ်ဖြစ်စေနိုင်သည့် အခြားလုပ်ဆောင်မှုများနှင့် ကမ္ဘာ့ဘဏ်မှ အောက်ပါအခြေအနေ များဖြစ် ဆုံးဖြတ်သည့် လုပ်ဆောင်မှုများလည်း အပါအဝင်ဖြစ်သည်။

(က) ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် စီမံကိန်းနှင့် သိသာစွာ တိုက်ရိုက်ဆက်နွှယ်မှုရှိခြင်း၊

(ခ) စီမံကိန်း စာရွက်စာတမ်းများတွင် သတ်မှတ်ထားသည့် ဦးတည်ချက်များ ပြည့်မှီပြီးမြောက်ရန် လိုအပ်ခြင်း၊

(ဂ)စီမံကိန်းနှင့် တချိန်တည်း ဆောင်ရွက် (သို့) ဆောင်ရွက်ရန် စီစဉ်ထားခြင်း -

စသည်တို့ ဖြစ်ပါသည်။

အကယ်၍ စစ်ဆေးစီစစ်ချက်အရ ဖော်ပြပါ သက်ရောက်မှုများ ဖြစ်နိုင်ကြောင်း တွေ့ရှိရပါက၊ သက်ဆိုင်ရာ အကောင်အထည်ဖော်ရေး အေဂျင်စီသည် သက်ရောက်မှုခံရသည့် ပြည်သူများ စာရင်း အသေးစိတ်သိရှိနိုင်ရန် စစ်တမ်းကောက်ယူခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုပုံစံဖြင့် မိသားစု တစ်ခုချင်း အလိုက် ဖြစ်ပေါ်နိုင်သော သက်ရောက်မှု၏ အတင်းအတာ ပမာဏ အကဲဖြတ်ခြင်းများ ဆောင်ရွက်ရပါ မည်။ သက်ရောက်မှု အကဲဖြတ်ချက် ရလဒ်များကို အခြေခံ၍ ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းနှင့် အနာဂတ်ဝင်ငွေ စီးဆင်းမှုဆုံးရှုံးခြင်းများကို အနည်းဆုံး အဆင့်သို့ လျှော့ချနိုင်မည့် ရင်းနှီးမြှုပ်နှံမှု ဒီဇိုင်းပုံစံ ချိန်ညှိခြင်းများ ဆောင်ရွက်ရမည်။

စစ်တမ်းကောက်ယူမှုနှင့် လူမှုရေးရာ သက်ရောက်မှု အကဲဖြတ်ချက် ရလဒ်များအပေါ် အခြေခံ၍ အကောင်အထည်ဖော်ရေး အေဂျင်စီသည် ရွှေ့ပြောင်းနေရာ ချထားခြင်းလုပ်ငန်း အစီအစဉ် RAP ကို ဆောင်ရွက်၍ သက်ရောက်မှုခံရသည့် ပြည်သူများမှ ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား အနည်းဆုံးအနေဖြင့် စီမံကိန်းမတိုင်မီကာလရှိ အဆင့်ပမာဏ အတိုင်း ပြန်လည်ထိန်းသိမ်းထားနိုင်ရေး ပံ့ပိုးကူညီနိုင်မည့် အစီအစဉ်များ ပါဝင်ရပါမည်။

အကယ်၍ သက်ရောက်မှုခံရသည့် ပြည်သူအရေအတွက်မှာ ၂၀၀ ဦးထက် နည်းပါက အကျဉ်းချုပ် RAP ကို ဆောင်ရွက်ရမည်။ အောက်ပါပြည်သူအစအဖွဲ့များမှာ RAP (သို့) အကျဉ်းချုပ် RAP တွင် အကြုံးဝင်ရ ပါမည်။

(က) တရားဝင် မြေယာ ပိုင်ဆိုင်/လုပ်ကိုင်ခွင့် ရရှိထားသူများ (နိုင်ငံဥပဒေများအရ အသိအမှတ်ပြုသည့် ဓလေ့ထုံးတမ်း အစဉ်အလာ ပိုင်ဆိုင်/လုပ်ကိုင်ခွင့်များ အပါအဝင်)

(ခ) စစ်တမ်းကောက်ယူသည့် အချိန်တွင် မြေယာနှင့်ပတ်သက်၍ တရားဝင် လုပ်/ပိုင်ခွင့် ရရှိမထားသော်လည်း မြေယာ (သို့) ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အရေးဆိုခွင့်ရှိပြီး၊ ၎င်းကိုလည်း နိုင်ငံဥပဒေများအရ အသိအမှတ်ပြုခံရသည့် (သို့) ရွှေ့ပြောင်းနေရာချထားခြင်း အစီအစဉ်တွင် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်အရ အသိအမှတ်ပြုမှုခံရသည့်ပုဂ္ဂိုလ်များ

(ဂ) ၎င်းတို့ နေထိုင်/နေရာယူထားသည့် မြေယာနှင့်ပတ်သက်၍ တရားဝင် အသိအမှတ်ပြုနိုင်သော ဥပဒေရေးရာ လုပ်/ပိုင်ခွင့် (သို့) အရေးဆိုခွင့် မရှိသည့်ပုဂ္ဂိုလ်များ

ရာနှုန်းပြည့် RAP (သို့) အကျဉ်းချုပ် RAPလုပ်ငန်းစဉ်များ စီစဉ်ပြင်ဆင်ရေးအတွက် အသေးစိတ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်း (အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက် များနှင့် မာတိကာဇယား အပါအဝင်) သည် စီမံကိန်းလုပ်ငန်း လမ်းညွှန်တွင် ပါဝင်မည်ဖြစ်သော်လည်း အနည်းဆုံးအနေဖြင့် RAP တွင် အောက်ပါတို့ ပါဝင်ရပါမည်။

(က) စီမံကိန်း ဦးတည်ချက်နှင့် လုပ်ဆောင်မှုများ ဖော်ပြချက်

(ခ) သက်ရောက်မှု အလားအလာနှင့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချရေး လုပ်ငန်းစဉ်များ

(ဂ) သက်ရောက်မှုခံရသည့်ပုဂ္ဂိုလ်များ (၎င်းတို့အနက် ချို့တဲ့နွမ်းပါးသူများအပါအဝင်)၏ ဝိသေသလက္ခဏာရပ်များနှင့် မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ

(ဃ) ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေခံမူဘောင်

(င) သတ်မှတ်ချက်နှင့် ကိုက်ညီမှုဆိုင်ရာ စံသတ်မှတ်ချက်များ

(စ) ဆုံးရှုံးမှုများအတွက် တန်ဘိုးသတ်မှတ်ခြင်းနှင့် အစားထိုးစရိတ်နှင့်ညီမျှသည့် နစ်နာကြေးပေးခြင်း

(ဆ) အသက်မွေးဝမ်းကြောင်းနှင့် လူနေမှု အဆင့်အတန်းများ ပိုမိုကောင်းမွန်ရေး (သို့) မူလအတိုင်း ပြန်လည်ထိန်းသိမ်းထားနိုင်ရေး အစီအစဉ်များ

(ဇ) အဖွဲ့အစည်းဆိုင်ရာ အစီအမံများ

(ဈ) အကြံပြုဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအမံများ

(ည) အကောင်အထည်ဖော်ရေး အချိန်ဇယား

(ဋ) နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လေ့လာစစ်ဆေးအကဲဖြတ်ခြင်းများ

(ဌ) ကုန်ကျစရိတ်နှင့် ဘတ်ဂျတ် -စသည်တို့ဖြစ်ပါသည်။

အကျဉ်းချုပ် RAP တွင် အနည်းဆုံးအနေဖြင့် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

(က) ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များ စစ်တမ်းကောက်ယူခြင်းနှင့် ပိုင်ဆိုင်မှုများ တန်ဘိုးသတ်မှတ်ခြင်း

(ခ) ဖြည့်ဆည်းပေးရမည့် နစ်နာကြေးနှင့် အခြားရွှေ့ပြောင်းနေရာချထားရေး အကူအညီများ ဖော်ပြချက်

(ဂ) လက်သင့်ခံနိုင်သော အခြားနည်းလမ်းများနှင့်ပတ်သက်၍ ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များဖြင့် အကြံပြုဆွေးနွေးခြင်း

(ဃ) နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်ခြင်းများအတွက် အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ

(င) လေ့လာစစ်ဆေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းများအတွက် အစီအမံများ

(စ) အချိန်ဇယားနှင့် ဘတ်ဂျက် -စသည်တို့ဖြစ်ပါသည်။

## ၁၁။ ရရှိခံစားပိုင်ခွင့် မက်ထရစ်ဇယား

အောက်ပါယေဘူယျ ရရှိခံစားပိုင်ခွင့် မက်ထရစ်ဇယားတွင် အကောင်အထည်ဖော်စဉ်ကာလအတွင်း အသုံးပြုမည့် အခြေခံစည်းမျဉ်း နိယာမများ ပါဝင်ပါသည်။ အဆိုပါ ဇယားကို ကမ္ဘာ့ဘဏ်နှင့် GOM အကြား သဘောတူညီချက်အရ စီမံကိန်းအကောင်အထည်ဖော်ကာလတွင် ပိုမိုအသေးစိတ် ဆောင်ရွက်မည် ဖြစ်သည်။

**ဇယား (၁) -ရရှိခံစားပိုင်ခွင့် မက်ထရစ်ဇယား**

| **ဆုံးရှုံးမှု အမျိုးအစား** | **ရရခံစားပိုင်ခွင့် ရှိသည့်ပုဂ္ဂိုလ်** | **ရရှိခံစားပိုင်ခွင့်များ** | **အကောင်အထည်ဖော်ရေး ကိစ္စရပ်များ** |
|---|---|---|---|
| မြေယာဆုံးရှုံးမှု | စစ်တမ်းကောက်ယူစဉ် ကာအတွင်း တရားဝင် ပိုင်ရှင်(သို့) နေထိုင်သူ အဖြစ် သတ်မှတ်ထား သည့်ပုဂ္ဂိုလ် | အလွှဲအပြောင်း စရိတ်များ (အခွန်၊ စီမံအခကြေးငွေများ)မှ ကင်းလွတ်၍ ကျေးရွာ အတွင်း ရှိ တူညီသော အမျိုးအစား၊ အကျိုးဖြစ်ထွန်းနိုင်မှုအရည်အသွေး အရ လက်ရှိဈေးကွက်ပေါက်ဈေး မြေယာတန်ဘိုးနှင့်အညီ အစားထိုး ကုန်ကျစရိတ်နှင့်ညီမျှသည့် နစ်နာ ကြေးငွေ | |
| | ၎င်းတို့နေထိုင်နေသည့် မြေယာနှင့်ပတ်သက်၍ အသိအမှတ်ပြုနိုင်သော | ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း နှင့် လူမှုရေးအဆင့်အတန်းများ ပိုမိုကောင်းမွန် (သို့) မူလအတိုင်း | |

| | | | |
|---|---|---|---|
| | ဥပဒေရေးရာ အခွင့်အရေး/အရေးဆိုခွင့်မရှိသော သက်ရောက်မှုခံရသည့်ပုဂ္ဂိုလ်များ | ပြန်လည်ထိန်းသိမ်းနိုင်ရေး [လက်တွေ့အားဖြင့် မရွှေ့ပြောင်းမီကာလရှိ အဆင့်ပမာဏ (သို့) စီမံကိန်းအကောင်အထည်ဖော်ခြင်းမတိုင်မီ ယေဘူယျအားဖြင့် ရှိခဲ့သည့် အဆင့်ပမာဏ (၎င်းတို့အနက် ပိုမိုမြင့်မားသည့် အဆင့်ပမာဏ) ]အတွက် မူဝါဒ ဦးတည်းချက်ပြီးမြောက်အောင်မြင်စေရန် ပြန်လည်ထူထောင်ရေး အကူအညီများ၊ အကူအညီများတွင် လျှပ်စစ်ဓါတ်အားရရှိမှု၊ သက်တန်းများ၊ တည်ဆောက်ရေးကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း၊ အသက်မွေးဝမ်းကြောင်း တိုးတက်ကောင်းမွန်စေရေး နည်းပညာဆိုင်ရာ ပံ့ပိုးမှု စသည်တို့ ပါဝင်နိုင်ပါသည်။ | |
| အကျိုးဖြစ်ထွန်းသော အပင်များ၊ တည်ဆောက်ထားသည့် အရာများ အခြား ပုဂ္ဂလိက သစ်ပင်များ ဆုံးရှုံးမှု | သက်ရောက်မှုခံရသည့် တည်ဆောက်ထားသည့် အရာများ၏ ပိုင်ရှင်များ (လုပ်ကိုင်ခွင့် အခြေအနေ ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ) | အစားထိုး စရိတ်နှင့် ညီမျှသည့် နစ်နာကြေးငွေ။<br>သက်ရောက်မှု ခံရသည့်ပုဂ္ဂိုလ်များအား ကယ်ဆယ်/ကူညီရေး ပစ္စည်းများ ပေးအပ်ခြင်း | အကယ်၍ ၎င်း တည်ဆောက်ထားသည့် အရာများ၏ ကျန်သည့် အစိတ်အပိုင်းများမှာ အသုံးပြုရန် ပြည့်စုံလုံလောက်ခြင်း မရှိပါက သက်ရောက်မှုခံရသည့် အဆောက်အအုံတစ်ခုလုံးအတွက် နစ်နာကြေး ပေးရပါမည်။ |

| | | | |
|---|---|---|---|
| | | | ကူညီ/ကယ်ဆယ်ရေး ပစ္စည်းများ သယ်ယူပို့ ဆောင်သည့် စရိတ်များကို စီမံကိန်းမှ ပံ့ပိုးကူညီရပါမည်။ |
| ယာယီမြေယာနေရာ ယူ အသုံးပြုခြင်း | တရားဝင်ပိုင်ရှင်များ (သို့) စစ်တမ်း ကောက်ယူစဉ် ရွေးချယ်သတ်မှတ် ထားသည့် နေထိုင်သူများ | အသားတင်ပမာဏ အခြေခံဖြင့် ဝင်ငွေ (သို့) ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းအတွက် နစ်နာကြေးငွေ။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးနောက် မြေယာ ကို မူလအခြေအနေအတိုင်း ရှိစေ ရန် ပြန်လည်ဆောင်ရွက်ပေးခြင်း။ | တာဝန်ခံ CIU များမှ အကောင်အထည်ဖော်ရေး လုပ်ငန်းများကို လေ့လာ စစ်ဆေးရပါမည်။ |

## ၁၂။ တန်ဘိုးသတ်မှတ်ခြင်းဆိုင်ရာ နည်းစနစ်များ

ဤ RPF အရ မြေယာနှင့် ပိုင်ဆိုင်မှုများ တန်ဘိုးသတ်မှတ်ခြင်းကို စီမံကိန်းနှင့် RAPစီစဉ်ပြင်ဆင်ခြင်း လုပ်ငန်းများ မစတင်မီ ဆောင်ရွက်ရပါမည်။ တန်ဘိုးသတ်မှတ်ခြင်းဆိုင်ရာ နည်းစနစ်များသည် ဒေသ အခြေအနေ၊ စီမံကိန်းနှင့် အတိုင်းအတာ၊ သက်ရောက်မှုများအပေါ် မူတည်၍ အမျိုးမျိုးကွဲပြားနိုင် သော်လည်း ယေဘူယျအားဖြင့် သက်ရောက်မှုခံရသော မိသားစုများမှ အရည်အသွေးနှင့် ပမာဏအားဖြင် ညီမျှသော အစားထိုးမြေယာရရှိရေး ကူညီပံ့ပိုးရန် လက်ရှိမြေယာအသုံးပြုမှုနှင့် မြေယာစျေးကွက်တန်ဘိုးများအပေါ် အခြေခံ၍ စီမံကိန်းကို ဧရိယာအတွင်း လွတ်လပ်မှုရှိသော မြေယာစျေးနှုန်း ဆန်းစစ်လေ့လာမှု ပါဝင်ပါမည်။ ပိုင်ဆိုင်မှုပစ္စည်း၏ စျေးကွက်တန်ဘိုးသည် လွတ်လပ်မှုရှိသော ဆောင်ရွက်မှုနှင့် ပုံမှန် လဲလှယ်ဆောင်ရွက်မှု အခြေအနေများအရ စျေးကွက်တွင် လိုလားသော ဝယ်ယူသူတစ်ဦးနှင့် လိုလားသော ရောင်းချသူတစ်ဦးအကြား ၎င်းပိုင်ဆိုင်မှုပစ္စည်း ဝယ်ယူ/ရောင်းချည့် ခန့်မှန်းစရိတ်ကို ရည်ညွှန်းပါသည်။ ဆန်းစစ်လေ့လာမှုအနေဖြင့် နှိုင်းယှဉ်ခြင်းနှင့် တည်ဆောက်ရေးစရိတ် နည်းစနစ်များကို အသုံးပြုပါသည်။

(၁) နှိုင်းယှဉ်ခြင်းနည်းစနစ် - မြေယာစျေးနှုန်းသည် သက်ရောက်မှုခံရသည့် မြေယာနှင့် ဆင်တူသော မြေနေရာအား လက်တလော လက်လွှဲပြောင်းမှု စျေးကွက်အတွင်း ဆောင်ရွက်ခဲ့သည့် ရောင်း/ဝယ်မှု မြေစျေးနှုန်းများအပေါ် အခြေခံပါသည်။ ဤနည်းစနစ်သည် စီမံကိန်းနှင့် သိမ်းဆည်းမည့် မြေယာ၏ အမှန်တကယ်ဧရိယာကို ခန့်မှန်း ဆောင်ရွက်ပါမည်။

(၂) တည်ဆောက်ရေးစရိတ်နည်းစနစ် - ဤနည်းစနစ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အကြံပြုဆွေးနွေးချက်အရ မကြာသေးမီ လများအတွင်း အမျိုးမျိုးသော အိမ်အမျိုးအစားများ တည်ဆောက်ရန် ပျမ်းမျှ (၁)စတုရန်းမီတာကုန်ကျ စရိတ် ခန့်မှန်းတွက်ချက်မှုအပေါ် အခြေခံပါမည်။

(၃) အစားထိုးကုန်ကျစရိတ် ဆန်းစစ်လေ့လာမှုဆောင်ရွက်မည့် ပညာရှင်များသည် အောက်ပါလုပ်ငန်းများကို အသုံးပြုနိုင်ပါသည်။

(က) အစားထိုးစရိတ် ဆန်းစစ်လေ့လာမှုအတွက် နည်းစနစ်ပိုင်း တင်ပြခြင်း

(ခ) လက်ရှိဆောက်လုပ်ရေး ပစ္စည်းများနှင့် အလုပ်သမားစရိတ်များကို သိရှိဆုံးဖြတ်နိုင်ရန် သက်ရောက်မှုခံရသည့် ခရိုင်နှင့်ရပ်ရွာများရှိ ကန်ထရိုက်တာများ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံ မေးမြန်းခြင်းနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ လေ့လာမှုဆောင်ရွက်ခြင်း။

(ဂ) လတ်တလော လက်လွှဲပြောင်းရောင်းချမှု စာရွက်စာတမ်းများအပေါ် အခြေခံ၍ စီမံကိန်းဧရိယာရှိ လက်ရှိ မြေယာဈေးကွက်ပေါက်ဈေးများကို သိရှိရန် ဒေသခံ ဝန်ထမ်းများနေထိုင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း (သို့) အကယ်၍ ဈေးကွက်မရှိပါက အကျိုးဖြစ်ထွန်းမှုနှင့် တည်နေရာအချက်အလက်များ အစားထိုး မြေယာရရှိနိုင်မှု စသည်တို့အပေါ် အမှန်တကယ် လေ့လာမများ။

(ဃ) ထုတ်ပြန်မည့် ယူနစ်ဈေးနှုန်းများ သိရှိဆုံးဖြတ်နိုင်ရေးအတွက် အသုံးပြုမည့်နည်းစန် များအား ကောင်းစွာနားလည်နိုင်ရန် သက်ရောက်မှုခံရသည့် မြေ၊ အိမ်များ၊ အခြားအဆောက်အအုံများ၊ သီးနှံအမျိုးစား အမျိုးမျိုးနှင့် ရာသီများအတွက် နစ်နာကြေးနှင့် ပတ်သက်၍ ဥပဒေအရ သတ်မှတ်သည့် ယူနစ် ဈေးနှုန်းများ သတ်မှတ်ရာတွင် ပါဝင်သည့် အစုအဖွဲ့များဖြင့် အသေးစိတ်တွေ့ဆုံ မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း။

## ၁၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

"ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များ" ဆိုသည်မှာ စီမံကိန်းလုပ်ဆောင်မှုများကြောင့် ၎င်းတို့၏ (က) လူနေမှု အဆင့်တန်း ဆိုးကျိုးသက်ရောက်ခံရခြင်း (သို့) (ခ) အိမ်၊ မြေ (အဆောက်အဦး၊ စိုက်ပျိုးရေးနှင့် စားကျက်မြေအပါအဝင်) များနှင့်ပတ်သက်သည့် လုပ်/ပိုင် ခွင့်နှင့် အကျိုးစီးပွားများ (သို့) အခြား ပုံသေ/ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ယာယီ (သို့) အမြဲတမ်းအနေဖြင့် သိမ်းဆည်းခံရခြင်း ၊(ဂ) အကျိုးဖြစ်ထွန်း သော ပိုင်ဆိုင်မှုများ အသုံးပြုနိုင်မှု၊ ယာယီ/အမြဲတမ်း ဆိုးကျိုးသက်ရောက်ခံရခြင်း (သို့ ) (ဃ) စီးပွားရေး၊ အလုပ်အကိုင်၊ လုပ်ငန်း၊ နေထိုင်ရာနေရာ (သို့) အသိုက်အမြုံများ ဆိုးကျိုးသက်ရောက်ခံရခြင်း စသည့် သက်ရောက်မှုများ ခံစားရသည့် ပုဂ္ဂိုလ်များအားလုံးကို ရည်ညွှန်းသည်။ ဤဝေါဟာရတွင် မြေယာ သိမ်းဆည်းခြင်းနှင့် ဆက်စပ်သက်ရောက်မှုများ ခံစားရမည့် အလားအလာရှိသော ပုဂ္ဂိုလ်အမျိုးအစားများ အားလုံးလည်း ပါဝင်ပြီး နေရာရွှေ့ပြောင်းရမှု

လိုအပ်သည့်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ၊ ဤအခိပ္ပါယ်ဖွင့် ဆိုချက်အရ အဆိုပါ ဆိုးကျိုးသက်ရောက်မှုသက်ရောက်သည့် ပုဂ္ဂိုလ်များအားလုံးကို ရွှေ့ပြောင်းရသူများ အဖြစ် သတ်မှတ်သည်။

"အစားထိုးကုန်ကျစရိတ်" ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသည်။

(က) စိုက်ပျိုးမြေများအတွက် စီမံကိန်းမတိုင်မီ (သို့) ရွှေ့ပြောင်းမှုမတိုင်မီ အခြေအနေများရှိ (ပိုမိုမြင့်မားသည့် အခြေအနေ) သက်ရောက်မှု ခံရသည့် နေရာအနီးပတ်ဝန်းကျင်တွင်ရှိသော တူညီသည့်အကျိုးဖြစ်ထွန်းမှု အလားအလာ (သို့) အသုံးပြုမှုရှိသည့် မြေယာ၏ ဈေးကွက်တန်ဘိုးနှင့်အတူ သက်ရောက်မှု ခံရသည့် မြေယာ၏ အလားတူ အခြေအနေအတွက် ပြင်ဆင်ရေးကုန်ကျစရိတ်များနှင့် မှတ်ပုံတင်ခြင်း၊ လက်လွှဲပြောင်းမင အခွန်အခကုန်ကျစရိတ်များ၊

(ခ) မြို့ပြဒေရိယာများ၏ မြေယာများအတွက်၊ သက်ရောက်မှုခံရသည့် မြေအနီး ဝန်းကျင်တွင် တည်ရှိသည့် ၎င်းမြေနှင့် အရွယ်အစား အသုံးပြုမှု တူညီပြီး အလားတူ (သို့) ပိုမို ကောင်းမွန်သော အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံအင်္ဂါရပ်များဖြစ်သည့် မြေယာ၏ ရွှေ့ပြောင်းမှုမတိုင်မီ ဈေးကွက်တန်ဘိုးနှင့် မှတ်ပုံတင်ခြင်း ၊ လက်လွှဲပြောင်းမှု အခွန်အခကုန်ကျစရိတ်များ၊

(ဂ) အိမ်နှင့် အခြားအဆောက်အအုံများအတွက် သက်ရောက်မှုခံရသည့် အဆောက်အအုံနှင့် တူညီ/ပိုမို ကောင်းမွန်သော ဧရိယာ၊ အရည်အသွေးများဖြင့် အစားထိုးအဆောက်အအုံတည်ဆောက်ရန် (သို့) တစ်စိတ်တစ်ဒေသ သက်ရောက်မှုခံရသည့် အဆောက်အအုံပြင်ဆင်ရန် ပစ္စည်းများ၏ ဈေးကွက် ပေါက်ဈေး ကုန်ကျစရိတ်နှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဆောက်လုပ်ရေး သုံးပစ္စည်းများ သယ်ယူပို့ဆောင်စရိတ်နှင့် အလုပ်သမားနှင့် ကန်ထရိုက်ခ ကုန်ကျစရိတ်များ မှတ်ပုံတင်ခြင်း၊ လက်လွှဲပြောင်းမှု ကုန်ကျစရိတ်များ။

(ဃ) အစားထိုးကုန်ကျစရိတ် ဆုံးဖြတ်ရာတွင် ပိုင်ဆိုင်မှုပစ္စည်း၏ အချိန်အလိုက်တန်ဘိုး လျော့ကျမှုနှင့် ကူညီ/ကယ်ဆယ်ရေးပစ္စည်းများ၏ တန်ဘိုးကို ထည့်သွင်းစဉ်းစားခြင်း မပြုသလို စီမံကိန်းမှ ဖြစ်ထွန်းလာမည့် အကျိုးကျေးဇူးများ၏ တန်ဘိုးကိုလည်း သက်ရောက်မှုခံရသည့်ပစ္စည်းတန်ဘိုး သတ်မှတ်ခြင်းမှ ခုနှိမ်ခြင်း ပြုမည်မဟုတ်ပါ။ အစားထိုးစရိတ် အပြည့်အဝနှင့် ညီမျှသော နစ်နာကြေးဆိုင်ရာ စံသတ်မှတ်ချက်များအား ပြည်တွင်း ဥပဒေမှ ပြည့်မှီခြင်းမရှိသည့် အခြေအနေမျိုးတွင် အဆိုပါအစားထိုးစရိတ် စံသတ်မှတ်ချက် ပြည့်မှီရန် ပြည်တွင်းဥပဒေအရ နစ်နာကြေးများကို ထပ်ဆောင်းအစီအစဉ်များအဖြစ် ဖြည့်စွက်ရမည်။ အဆိုပါ ထပ်ဆောင်းအကူအညီများသည် OP 4.12 အပိုဒ်(၆)ပါ အခြားဖော်ပြချက်များအရ ဖြည့်ဆည်း သည့် ရွှေ့ပြောင်းနေရာချထားခြင်း အစီအစဉ်များနှင့် ကွဲပြားမှုရှိသည်။

## ၁၄။ လေ့လာစစ်ဆေးခြင်းနှင့် နစ်နာမှုဆိုင်ရာလုပ်ငန်းစဉ်များ

ဤစီမံကိန်းတွင် အောက်ပါတို့ သေချာစွာ ဆောင်ရွက်နိုင်စေရန် ခိုင်မာအားကောင်းသော လေ့လာစစ်ဆေး အကဲဖြတ်ခြင်း (M&E) စနစ် ပါဝင်ပါမည်။

(က) စီစဉ်ရေးဆွဲထားသည့်အတိုင်း အချိန်နှင့်တပြေးညီ ထိရောက်သော အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်း ကာလလယ် ထိန်းကျောင်းတည်မတ်ခြင်းလုပ်ငန်းများ လိုအပ်သလို ဆောင်ရွက်ခြင်း။

(ခ) ၎င်း၏ ဦးတည်ချက်များတွင် မျှော်မှန်းထားသည့် အကျိုးရလဒ်များ ပြီးမြောက်အောင်မြင်မှု တိုင်းတာခြင်း နှင့် အနာဂတ်ဆောင်ရွက်မှုများအတွက် သင်ခန်းစာများရယူခြင်း။

(ဂ) MMPF နှင့်အတူ ESMF အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်၏ ဘေးကင်းလုံခြုံရေးမူဝါဒများ တွင် ပါဝင်သည့် သတ်မှတ်ချက်များ ဖြည့်ဆည်းနိုင်ရေး စသည်တို့ ဖြစ်ပါသည်။

CIU များသည် စီမံကိန်းခွဲများအတွက် EMP အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို လေ့လာ စစ်ဆေးရန် တာဝန်ယူရပါမည်။ အဆိုပါလေ့လာစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ဒေသခံ CIU အဆင့် လုပ်ငန်းစွမ်းရည်မြင့်တင်မှုများအတွက် အားထုတ်ကြိုးပမ်းရမည်။ TA/ အကြံပေးအဖွဲ့များသည် စီမံကိန်းခွဲ လေ့လာစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် CIU များကို ပံ့ပိုးကူညီရမည်ဖြစ်ပြီး ဒေသခံ NGOများနှင့် CSO များကိုလည်း စီမံကိန်းခွဲများ စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လေ့လာစစ်ဆေး ရေး လုပ်ငန်းများ ပံ့ပိုးရေးအတွက် အသုံးပြုပါမည်။ M&E တွင် အရည်အသွေးဆိုင်ရာ လေ့လာစစ်ဆေး ခြင်းနှင့် အကျိုးခံစားခွင့်ရှိမှုများဆိုင်ရာ အကဲဖြတ်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး အဓိက အစုအဖွဲ့ ဆွေးနွေးပွဲများ၊ အရေးပါသည့် အချက်အလက် ပံ့ပိုးနိုင်သူများနှင့် တွေ့ဆုံးမေးမြန်းမှုများ အခြားပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်သော နည်းစနစ်များကို အသုံးပြု၍ လူမှုရေးရာပြောင်းလဲလှုပ်ရှားမှုများ၊ တိုင်းရင်းသား အစုအဖွဲ့များ၊ အမျိုးသမီးများနှင့် ချို့တဲ့နွမ်းပါးမှု အများဆုံးသော အစုအဖွဲ့များ စသည်တို့အပေါ် အဓိက ထား ဆောင်ရွက်ပါမည်။

လေ့လာစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ် အသေးစိတ်ဖော်ပြချက်များကို အခန်း(၁၅)၊ ESMF ၏ ပင်မ စာကိုယ်တွင် ဖော်ပြထားပါသည်။

နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ် (GRM)ကို ပြည့်စုံလုံလောက်သည့် အရင်းအမြစ်များ၊ ရှင်းလင်းသည့် တာဝန်ဝတ္တရား အခန်းကဏ္ဍများ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ အပါအဝင် PMU ၏ လုပ်ငန်း အကျိုးသက်ရောက်မှု မတိုင်မီ ဆောင်ရွက်ရမည်။ GRM ၏ ဦးတည်ချက်မှာ စီမံကိန်းအကောင်အထည် ဖော်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏တောင်းခံသမှုနှင့် (သို့) လက်ခံဖြေရှင်းဆောင်ရွက်ရန်ဖြစ်သည်။ ဖြစ်နိုင်ပါက GRM ကို ကျေးရွာကော်မတီ/မြို့နယ်အဆင့်များရှိ လက်ရှိဒေသအဖွဲ့အစည်းများအပေါ် အခြေခံ၍ ဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံရှိ အမျိုးသားအဆင့် လူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း (NCDD)အရ ဖွဲ့စည်းထားသော လက်ရှိ GRMနှင့် ပတ်သက်၍ အလေးအနက်ထား စဉ်စားရန်ဖြစ်သည်။) GRM ၏ လုပ်ငန်းစဉ်များနှင့် အသုံးပြုနိုင်မှုများအတွက် ပြည်သူများသိရှိနားလည် စေရန် ဆက်သွယ်ရေးအစီအစဉ်ကိုလည်း ဆောင်ရွက်ရမည်။ ပြည်သူ့ရေးရာကြားနာမှုများ (သို့) ICT အသုံးပြုနိုင်ငံသားဝေဖန် အကြံပြု Platform များမှတဆင့် တည်ဆောက်ရေးလုပ်ငန်းများအပေါ် ရပ်ရွာ ပြည်သူများမှ လေ့လာစစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရန် နည်းလမ်းများ ဖန်တီးရမည်။ GRM ၏ ထိရောက်ဖြစ်ထွန်းမှုအား ပုံမှန်လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်ကိုလည်း ဤစီမံကိန်း၏ လေ့လာစစ်ဆေး အကဲဖြတ်နည်းလမ်းများ ထည့်သွင်းရမည်။ ပုံမှန် M&E လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါမေးခွန်းများ ပါဝင်ပါမည်။

(ည) နစ်နာမှုများ ဖြေရှင်းရေးအတွက် စီမံကိန်းတွင် စနစ်ကျရှင်းလင်း၍ ပွင့်လင်းမြင်သာသောအဖွဲ့အစည်း တွင် လိုင်နေးစဉ်နှင့် စည်းမျဉ်းများရှိပါသလား။

(ဋ) စီမံကိန်း၏ နစ်နာမှု ဖြေရှင်းရေးတာဝန်ခံ အရာထမ်းများအနေဖြင့် ဖြေရှင်းရေး ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် (သို့) တောင်းဆိုရန် လုပ်ပိုင်ခွင့်/အခွင့်အာဏာရှိပါသလား။

(ဌ) နစ်နာမှုများဖြေရှင်းရေး တာဝန်ခံအရာထမ်းများသည် နစ်နာမှုကိစ္စရပ်များ အားလုံးအတွက် ဖြေရှင်းရန် တာဝန်ရှိပါသလား။

(ဍ) စီမံကိန်းသက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်များသည် ၎င်းတို့အနေဖြင့် ခြိမ်းခြောက်အနိုင်ကျင့်မှုများကို စိုးရိမ်ပူပန်ရန်မလိုဘဲ နစ်နာမှုများ တိုင်ကြားနိုင်သည်ဟု ထင်မြင်ယူကြပါသလား။

(ဎ) ယေဘုယျအားဖြင့် စီမံကိန်းအကျိုးခံစားခွင့်ရှိသူများသည် နစ်နာမှုများ တင်ပြနိုင်ခွင့်နှင့် နစ်နာမှုဖြေရှင်း ရေး လုပ်ငန်းစဉ်များ စသည်တို့နှင့်ပတ်သက်၍ သိရှိနားလည်ကြပါသလား။

(ဏ) နစ်နာမှုများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်း၊ ခြေရာခံခြင်းနှင့် လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းတွင် လုပ်ငန်းစဉ်များ နေသားတကျရှိပါသလား။

(တ) ဖြေရှင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ တိုင်ကြားသူများထံ GRM မှ အချိန်နှင့်တပြေးညီ အကြံပြု မှတ်ချက်များ (စာဖြင့် (သို့) အခြားနည်းလမ်း) ဖြည့်ဆည်းပေးပါသလား။

(ထ) အကယ်၍ တိုင်ကြားသူများမှ ၎င်းတို့၏နစ်နာမှုများ ဖြေရှင်းသည့်နည်းလမ်းကို ကျေနပ်မှုမရှိပါက GRM အသုံးပြုသူများမှ အသုံးပြုနိုင်မည့် အယူခံလုပ်ငန်းစဉ်များ နေသားတကျရှိပါသလား။

GRM နှင့် လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်များ အသေးစိတ်ဖော်ပြချက်ကို ESMF ပင်မစာကိုယ်၏ အခန်း(၁၅)တွင် တင်ပြထားပါသည်။

## ၁၅။ အရေးပါသည့် Stake holder ၏ လုပ်ငန်းစွမ်းရည်

FLERP ဘေးကင်းလုံခြုံမှု အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း များကို အကောင်အထည်ဖော်ကာလအတွင်း ထပ်မံပုံစံဒီဇိုင်းရေးဆွဲမည်ဖြစ်ပြီး လက်ရှိလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစွမ်းရည်အပေါ် အခြေခံ၍ဆောင်ရွက်ပါမည်။

FLERP သည် MOC အတွက် ပထမဦးဆုံး၊ ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့်စီမံကိန်းဖြစ်သည်။ MOC သည် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသည့်စီမံကိန်းများနှင့် အခြားဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖြစ်သည့် jica, UNDP တို့မှ ပံ့ပိုးသည့် စီမံကိန်းများ အကောင်အထည်ဖော်ရန် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုနှင့် အတွေ့အကြုံများရှိ ပါသည်။ MOC တွင် ADB မှ ပံ့ပိုးစီမံကိန်းအတွက် စီမံကိန်းစီမံခန့်ခွဲရေး ယူနစ်များ ယခင်ဖွဲ့စည်းထား ရှိခဲ့သလို ဘေးကင်းလုံခြုံမှု အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုလည်း ရှိပါသည်။

မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (MLFRD) လက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD)သည် ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်စီမံကိန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံ အများဆုံးရှိသည့် အစိုးရဦးစီးဌာနတစ်ခုဖြစ်သည်။ ထို့ပြင် DRD သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် အကြီးဆုံးစီမံကိန်းဖြစ်သည့် အမျိုးသားအဆင့် လူထုဗဟိုပြု စီမံကိန်း (NCDD) (USD ၄၈၀ သန်း) နှင့် အမျိုးသားလျှပ်စစ်ဓါတ်အားပေးရေး စီမံကိန်းမဟာဓါတ်အားလိုင်း ပြင်ပဓါတ်အား ပေး စီမံကိန်းအပိုင် (USD ၉၀ သန်း) များကို လက်တလော အကောင်အထည်ဖော်လျက်ရှိသည်။ DRD အနေဖြင့် ကျေးလက်ဒေသအခြေခံ အဆောက်အအုံပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည့် ဘေးကင်း လုံခြုံမှုအစီအစဉ် သတ်မှတ်ချက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လေ့လာစစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပါသည်။

အကောင်အထည်ဖော်ကာလအတွင်း အသေးစိတ်လုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်း လိုအပ်ချက်များ၊ အကဲဖြတ်စစ်ဆေးခြင်းနှင့် လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ပါမည်။ လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်း အစီအစဉ်တွင် အသေးစိတ် နည်းပညာဆိုင်ရာ ပံ့ပိုးမှု၊ သင်ကြားသခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် ဆောင်ရွက်ရင်း သင်ယူ လုပ်ငန်းများ ပါဝင်နိုင်ပါသည်။

PISU တိုင်းတွင် ဤ RPF အကောင်အထည်ဖော်ခြင်းကို ခြောက်လတစ်ကြိမ် ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာ ဘေးကင်းလုံခြုံရေးပညာရှင်တစ်ဦးကို ယှဉ်ပြိုင်မှုအခြေခံဖြင့် ရွေးချယ်ခန့်အပ်ပါမည်။ အဆိုပါ နိုင်ငံတကာ ဘေးကင်းလုံခြုံရေးပညာရှင်သည် အမျိုးသားအဆင့် အစိုးရကိုယ်စားပြုပုဂ္ဂိုလ်များ၊ အကြံပေးများနှင့်အတူ ပူးပေါင်း၍ ဤ RPF ပါ လုပ်ငန်းများကို ဆောင်ရွက်ပါမည်။ ထို့အပြင် အဆိုပါ နိုင်ငံတကာ ဘေးကင်းလုံခြုံရေး ပညာရှင်သည် လုပ်ငန်းစွမ်းရည် အကဲဖြတ်စစ်ဆေးမှုကို ဆောင်ရွက်၍ PSIU အတွက် လုပ်ငန်းစွမ်းရည် မြှင့်တင်မှုအစီအစဉ်ကို ရေးဆွဲရပါမည်။ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းစဉ်များ ဤ RPF ပါ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ အသိပညာမျှဝေရန် လုပ်ငန်းစွမ်းရည်မြှင့်တင်မှု အစီအစဉ်တွင် စနစ်ကျသည့် သင်တန်းအစီအစဉ်များ၊ သင်ကြားပြသခြင်း၊ အသေးစိတ်နည်းပညာပံ့ပိုးမ၊ ဆောင်ရွက် ရင်း သင်ယူ သင်တန်းများနှင့် အခြား လုပ်ဆောင်မှုများ ပါဝင်နိုင်ပါသည်။

## ၁၆။ ဘတ်ဂျက်

ဤ RPF အကောင်အထည်ဖော်ခြင်းကို လွှမ်းခြုံ FLERP ဘတ်ဂျက်တွင် ပေါင်းစပ်ထည့်သွင်းပါမည်။ လုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်း နှင့် RAP စီစဉ်ပြင်ဆင်ခြင်း စသည့် RPF အကောင်အထည်ဖော်မှု ပံ့ပိုးရေး ကုန်ကျစရိတ်များသည် ESMF ဘတ်ဂျက်တွင် ပါဝင်ပါသည်။

## ၁၇။ အကြံပြု ဆွေးနွေးခြင်း နှင့် အသိပေးဖော်ပြခြင်း အစီအစဉ်များ

RPF မူကြမ်းကို ဆန်းစစ်သုံးသပ်ခြင်းမတိုင်မီ ကျယ်ပြန့်သော stakeholders များဖြင့် အကြံပြုဆွေးနွေး တိုင်ပင်ပြီး ဤ RPF အပြီးသတ် ဆောင်ရွက်ရန် အကြံပြုချက်များကို လက်ခံရယူပါမည်။

RAP မူကြမ်း/အကျဉ်းချုပ် RAP များတွင် ပါဝသည့် အချက်များနှင့် ပတ်သက်၍ သက်ရောက်မှုခံရသည်။ ပြည်သူများနှင့် အကြံပြုဆွေးနွေးတိုင်ပင်သင့်ပြီး အပြီးသတ် RAP တွင် ၎င်းတို့၏ ဝေဖန်အကြံပြုချက်များကို ထည့်သွင်းပေါင်းစပ်သင့်ပါသည်။ အပြီးသတ် RAP ကို သက်ဆိုင်ရာ ဒေသခံ ဘာသာစကား/များ (အကယ်၍ သက်ရောက်မှု ခံရသည့် ပြည်သူများသည် တိုင်းရင်းသား လူနည်းစုများ ဖြစ်ပါက) ဖြင့် စီစဉ်ပြင်ဆင်သင့်ပါသည်။

RAP တွင် အဆိုပြု မြေယာသိမ်းဆည်းခြင်း၊ အခြား အစီအစဉ်များနှင့်ပတ်သက်၍ ရွှေ့ပြောင်းရသည့် ပုဂ္ဂိုလ်များနှင့် အကြံပြုဆွေးနွေးခြင်းဆောင်ရွက်ရန် အစီအစဉ်များနှင့် အဆိုပါ အကြံပြုဆွေးနွေးခြင်းမှ ရလဒ်များ အနှစ်ချုပ်တို့ကို ဖော်ပြရမည်။ သက်ဆိုင်ရာစီမံကိန်း အပိုင်းများနှင့် စပ်လျဉ်း၍ MOCနှင့် MLFRD (DRD) များသည် မူကြမ်းနှင့် အချောသပ်အဆင့်များရှိ RAP နှင့်ပတသက်၍ စီမံကိန်းဧရိယာရှိ ရွှေ့ပြောင်းရသည့်ပုဂ္ဂိုလ်များနှင့် အများပြည်သူထံ ၎င်းတို့နားလည်သိရှိနိုင်မည့်နေရာ၊ ဘာသာစကားများဖြင့် အများပြည်သူဆိုင်ရာ အသိပေးဖော်ပြခြင်းများကို ကြပ်မတ်ဆောင်ရွက်ရပါမည်။ မူကြမ်း RAP အသိပေးဖော်ပြခြင်းကို ကမ္ဘာ့ဘဏ်၏ သုံးသပ်စစ်ဆေး အတည်ပြုခြင်း မတိုင်မီ အနည်းဆုံး တစ်လ ကြိုတင်၍ ဆောင်ရွက်သင့်ပြီး အပြီးသတ် RAP အသိပေးဖော်ပြခြင်းကို ကမ္ဘာ့ဘဏ် အတည်ပြုပြီး နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။

ဤစီမံကိန်းအရ ဆောင်ရွက်သည့် အကြံပြုဆွေးနွေးခြင်းများအားလုံးကို ဒေသခံဘာသာစကားဖြင့် လုံလောက်သည့် ပြင်ဆင်ချိန် (အနည်းဆုံး (၂)ပတ်ခန့်) ပေးသင့်ပြီး သက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်များအားလုံးနှင့် stakeholder များအနေဖြင့် အကြံပြုဆွေးနွေးခြင်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် နှင့် စီမံကိန်း၊ စီမံကိန်းဘေးကင်းလုံခြုံရေး နည်းလမ်းများနှင့် ပတ်သက်၍ ကောင်းစွာသိရှိနားလည်စေရန် ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

**ယေဘုယျ မြေယာသိမ်းဆည်းခြင်းဆိုင်ရာ စစ်ဆေးစာရင်း**

| စစ်ဆေးစီစစ်ခြင်း | မှန်/မှား | သတ်မှတ်ချက်များ |
|---|---|---|
| စီမံကိန်းမှ ငွေကြေးပံ့ပိုးသည့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း အနေဖြင့် ပုဂ္ဂလိကပုဂ္ဂိုလ်များ ပိုင်ဆိုင် (သို့) အသုံးပြုသည့် မြေယာများ ယာယီ/ အမြဲတမ်း သိမ်းဆည်းခြင်း (သို့) ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံးမှုရလဒ် ဖြစ်စေခြင်း (သစ်ပင်များ၊ ခြံစည်းရိုးများ၊ သီးနှံပင်များ | | အဖြေသည် "မှန်" ဖြစ်ပါက ဤ RPF တွင် ဖော်ပြထားသည့် အတိုင်း OP 4.12 နှင့် သက်ဆိုင်ပါသည်။ သင့်တော်သည့် စီစဉ်ပြင်ဆင်မှုများနှင့် လျော့ပါးသက်သာစေရေး၊ အစီအစဉ်များ သိရှိ ဆုံးဖြတ်နိုင် |

| | | |
|---|---|---|
| စသည်) စသည် အခြေအနေမျိုး ဖြစ်နိုင်ပါသလား။ | | စေရန် သက်ရောက်မှုများ၏ အမျိုးအစား နှင့် အတိုင်းအတာကို အကဲဖြတ်စစ်ဆေးခြင်း။ |
| ဒေသအတွင်း အစိုးရ(သို့)အခြားမှ မြေယာ သိမ်းဆည်းထားသည့် ဖြစ်ရပ်များ ရှိပါသလား။ | | အဖြေသည် "မှန်"ဖြစ်ပါက သက်ရောက်ခံရသည့် ရပ်ရွာ ပြည်သူများ၊ မိသားစုများဖြင့် အကြံပြုဆွေးနွေး၍ ပြီးခဲ့သည့် သက်ရောက်မှုများနှင့် မဖြေရှင်းနိုင်သေးသည့် အရေးဆိုမှုများကို အကဲဖြတ်နိုင်ရန် ကြိုတင် စုံစမ်း လေ့လာမှု ဆောင်ရွက်သင့်သည်။ ၎င်းမှ တစ်ဆင့် အဆိုပါ သက်ရောက်မှုများနှင့် မဖြေရှင်းနိုင်သည့် အရေးဆိုမှုများအား ဖြေရှင်းရန် အစီအစဉ်များကို အကြံပြုသင့်ပြီး သက်ရောက်မှု ခံရသည့်ရပ်ရွာ ပြည်သူများနှင့် မိသားစုများထံမှ အဆိုပြု စီမံကိန်းခွဲ အတွက် ပံ့ပိုးမှုများ ရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်။ ကြိုတင် လေ့လာစုံစမ်းမှု အစီရင်ခံစာကို စီမကိန်းခွဲ အတည်မပြုမီ လေ့လာသုံးသပ်ရန် ကမ္ဘာ့ဘဏ်သို့ တင်ပြရပါမည်။ |
| သက်ရောက်မှုခံရသည့် ပြည်သူများအား ၎င်းတို့ အနေဖြင့် အာထားစရိတ်နှင့် ညီမျှသည့် နစ်နာကြေး ရယူခွင့် ရှိကြောင်း ပြည့်စုံစွာ ရှင်းလင်းအသိပေးခြင်မျိုး ဆောင်ရွက်ပါသလား | | အဖြေသည် "မှား"ဖြစ်ပါက သက်ရောက်မှုခံရသည့် ပြည်သူများအား အသိပေးခြင်း၊ အကြံပြုဆွေးနွေးတိုင်ပင်ခြင်းသေချာစေရန်နှင့်၎က်အား ဒေသခံပြည်သူများ သိရှိနားလည်နိုင်သည့် နည်းလမ်း ၊ ဘာသာ |

| | | |
|---|---|---|
| | | စကား များဖြင့် အသိပေးဖော်ပြရန် ဆောင်ရွက်ရမည်။ |
| သက်ရောက်မှုများကို ရှောင်လွဲ(သို့) အနည်းဆုံး အဆင့်သို့ လျှော့ချနိုင်ရန် အခြားနည်းလမ်းဖြင့် ဆောင်ရွက်နိုင် သော နည်းပညာဖြေရှင်းမှုများ (သို့) ဒီဇိုင်းပုံစံ ချိန်ညှိခြင်းများအတွက် ရှာဖွေလေ့လာ ဆောင်ရွက်ထားပါသလား။ | | အဖြေသည် "မှား"ဖြစ်ပါက သက် ရောက်သူများအား ရှောင်လွဲ(သို့) အနည်းဆုံးအဆင့်သို့ လျှော့ချရန် အခြားနည်းလမ်းများ ရှိ/မရှိ အကဖြတ်စစ်ဆေးရမည်။ |
| ကမ္ဘာ့ဘဏ်လုပ်ငန်းများမတိုင်မှီ မြေယာ သိမ်းဆည်းထားခြင်းမျိုး ဆောင်ရွက်ထား ပါသလား။ | | အကယ်၍ အဖြေသည် "မှန်"ဖြစ်ပါက မြေယာသိမ်း ဆည်းခြင်းသည် အမျိုးသားအဆင့် သတ်မှတ်ချက်များ၊ OP 4-12 ၏ ဦးတည်ချက်များနှင့် လိုက်နာ ကိုက်ညီမှု ရှိ/မရှိ အကဲ ဖြတစစ်ဆေးရန် ကြိုတင်လေ့လာ စုံစမ်းအကဲဖြတ်မှုဆောင်ရွက်၍ အစီရင်ခံတင်ပြရမည်။ ၎င်းကြိုတင် လေ့လာစုံစမ်းမှု လုပ်ငန်းစဉ်အတွင်း တွေ့ရှိရသည့် လစ်ဟာမှုများကို ဖြေရှင်းနိုင်ရန် လုပ်ငန်းအစီအစဉ် ပြင်ဆင်ဆောင်ရွက်ရမည်။ |
| မြေနှင့် (သို့) မြေပိုင်/လုပ်ခွင့်များနှင့် ပတ်သက်၍ ပဋိပက္ခတစ်စုံတစ်ရာ ရှိပါသလား။ | | အဖြေသည် "မှန်"ဖြစ်ပါက ကဏ္ဍ ရေးရာ ပံ့ပိုးမှုများ မစတင်မီနှင့် ကိစ္စရပ်များအား ဖြေရှင်းနိုင်ရန် လုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်ရမည်။ |

| | | |
|---|---|---|
| | | |

ဆန္ဒအလျောက် မြေယာလှူဒါန်းခြင်း ပုံစံ (form)

| | |
|---|---|
| တိုင်း/ပြည်နယ် | |
| တိုင်းဒေသကြီး | |
| မြို့နယ် | |
| ကျေးရွာ လမ်းကြောင်း | |
| ကျေးရွာ | |
| စီမံကိန်းခွဲ ID | |

<table>
<tr><td>မြေပိုင်ရှင်အမည်-</td><td colspan="2">မှတ်ပုံတင်အမှတ်-</td><td colspan="2">စီမံကိန်းခွဲ၏ - မှန်/မှား</td></tr>
<tr><td>ကျား/မ-</td><td colspan="2">အသက်-</td><td colspan="2">အလုပ်အကိုင်-</td></tr>
<tr><td colspan="5">လိပ်စာ-</td></tr>
<tr><td>စီမံကိန်းခွဲမှသိမ်းယူမည့်မြေယာနှင့်ပတ်သတ်သောဖေါ်ပြချက်-</td><td>သိမ်းယူမည့်ဧရိယာ-</td><td>စုစုပေါင်းပိုင်ဆိုင်သည့်မြေဧရိယာ-</td><td>စုစုပေါင်းပိုင်ဆိုင်သည့်မြေနှင့်<br>သိမ်းယူမည့်မြေယာအချိုး-</td><td>မြေပုံကုတ်(ရနိုင်ပါက)</td></tr>
<tr><td colspan="5">လှူဒါန်းမည့်မြေယာပေါ်တွင်လတ်တလောစိုက်ပျိုးထားသောနှစ်အလိုက်သီးနှံများဖေါ်ပြချက်-<br><br>စီမံကိန်းသက်ရောက်မှုကြောင့်လျော်ကြေးပေးရန်လိုအပ်သောအပင်များနှင့်တည်ရှိနေသည့်သီးနှံများကိုနားလည်စေရန်<br>ဤသတင်းအချက်အလက်ကိုလိုအပ်ပါသည်။</td></tr>
<tr><td></td><td colspan="2">အသေးစိတ်အချက်အလက်</td><td colspan="2">အရေအတွက်</td></tr>
<tr><td>-ဖျက်ဆီးခံရမည့်အပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>-သီးပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
</table>

| | | |
|---|---|---|
| -အခြားစီးပွားရေးနှင့်အိမ် ထောင်စု ဆိုင်ရာ ရည်ရွယ် ချက်နှင့် အသုံးပြုသော အပင်များ | | |
| - သက်တမ်းရင့်သစ်တောသစ်ပင်များ | | |
| -အခြား | | |
| စီမံကိန်းအကောင်အထည်ဖေါ် ရန်ရွှေပြောင်းရမည့်(သို့)ဆုံးရှုံးနိုင်မည့် အခြားမရွှေ့ပြောင်းနိုင်သောပစ္စည်းများရှိပါကဖေါ်ပြရန်- | | |
| လျှုဒါန်းထားသော ပစ္စည်းတန်ဖိုး- | | |

ဤပုံစံတွင် လက်မှတ်ထိုးခြင်း(သို့) လက်ဗွေရာနှိပ်ခြင်းဖြင့် မြေယာအသုံးပြုသူ (သို့) ပိုင်ရှင်သည် စီမံကိန်းသို့ ပိုင်ဆိုင်မှုများထည့်ဝင်ရန် သဘောတူပြီးဖြစ်သည်။ အဆိုပါထည့်ဝင်မှုသည် ဆန္ဒအလျောက်ဖြစ်သည်။ အကယ်၍မြေယာအသုံးပြုသူ (သို့) ပိုင်ရှင်သည် ၎င်း၏ ပိုင်ဆိုင်မှုကို စီမံကိန်းသို့မထည့်ဝင်လိုပါက လက်မှတ်ထိုးခြင်း(သို့) လက်ဗွေရာနှိပ်ခြင်းကို ငြင်းဆိုသင့်သည်။ ၎င်းအစား နစ်နာကြေးတောင်းခံသင့်ပါသည်။

နေ့စွဲ ----------------------------

ခရိုင် CIU ကိုယ်စားလှယ်လက်မှတ်

နေ့စွဲ ----------------------------

သက်ရောက်ခံရသည့် ပုဂ္ဂိုလ် လက်မှတ်

(ခင်ပွန်းနှင့် ဇနီး နှစ်ဦးစလုံး)

## ပူးတွဲ ၆။ တိုင်းရင်းသားလူနည်းစု စီမံကိန်းမူဘောင် (EMPF)

**၁။နိဒါန်း**

ဤရွှေ့ပြောင်းနေရာချထားရေး မူဝါဒမူဘောင် (RPF) ကို မြန်မာနိုင်ငံရေးကြီးရေလျှံ/မြေပြိုမှုများ အရေးပေါ်ပြန်လည်ထူထောင်ရေး စီမံကိန်း (FLERP) အတွက် ပြင်ဆင်ထားပါသည်။ စီမံကိန်း ရွေးချယ်သတ်မှတ်ခြင်းကို စီမံကိန်း အကောင်အထည်ဖော်ကာလမှသာလျှင်ဆောင်ရွက်မည်ဖြစ်သောကြောင့်ရာတွင် စီမံကိန်းခွဲများ၏ အသေးစိတ်သက်ရောက်မှုများကို ယင်းကာလမတိုင်မီထိ သတ်မှတ်သွားနိုင်မည် မဟုတ်ပါ။ ဤတိုင်းရင်းသားလူနည်းစုများဆိုင်ရာအစီအစဉ်မူဘောင်(EMPF)ကို အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ကြပ်မပ်ဆောင်ရွကနိုင်ရန် ပြင်ဆင်ထားပါသည်။ (၁) တိုင်းရင်းသားရေးရာ စစ်ဆေးစီစစ်မှုကို ဆောင်ရွက်ရန်၊ (၂) အကယ်၍ စီမံကိန်းဧရိယာများတွင် တိုင်းရင်းသားလူနည်းစုများ တည်ရှိခြင်း နှင့်/သို့ စုစည်း ဆက်နွယ်နေခြင်းမျိုးတွေ့ရှိရပါက လွတ်လပ် ကြိုတင် အသိပေးမှုရှိသော အကြံပြုဆွေးနွေးပွဲများကျင်းပ၍ စီမံကိန်းအပေါ် ပြည်သူများ၏ ကျယ်ပြန့်သောထောက်ခံပံ့ပိုးမှုရရှိစေရန် (၃) လူမှုရေးရာအကဲဖြတ်မှု (SA) ဆောင်ရွက်ရန်နှင့် ဒေသခံတိုင်းရင်းသားအစုအဖွဲ့များအပေါ် ကျရောက်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအား သတ်မှတ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ အနည်းဆုံးသို့လျော့ချခြင်း နှင့် လျော့ပါးသက်သာစေခြင်းများဆောင်ရွက်ရန် တိုင်းရင်းသားလူနည်းစုများဆိုင်ရာအစီအစဉ် (EMP) ကိုလည်း စီစဉ်ပြင်ဆင်ဆောင်ရွက်ရန် - စသည်တို့ဖြစ်သည်။ EMPF တွင် သက်ရောက်မှုအလားအလာများစစ်ဆေးအကဲဖြတ်ရန် အခြေခံစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ နှင့် လအပ်ပါက OP 4.10 နှင့် အညီ EMP စီစဉ်ပြင်ဆင်ရန် စသည်တို့ပါဝင်ပါသည်။

ဤ EMPF အနေဖြင့် အကောင်အထည်ဖော်ရေး အေဂျင်စီများဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန (MoC) ၊မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MLFRD) လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (DRD) အား ဒေသခံ တိုင်းရင်းသားလူနည်းစုများနှင့် အခြားချို့တဲ့သော အစုအဖွဲ့များအတွက် မျှတ၍ယဉ်ကျေးမှု ထုံးတမ်းများအရ သင့်တော်သော စီမံကိန်း ကောင်းကျိုးများ ဖြည့်ဆည်းရန် နှင့် လူမှုရေးရာ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်လွှဲနိုင်ရန် လုပ်ငန်းအစီအစဉ်မူဘောင်ကို ဖြည့်ဆည်း ရည်ရွယ်သည်။ EMPF သည် ဒေသခံတိုင်းရင်းသားပြည်သူများ ((သို့) မြန်မာနိုင်ငံအနေအထားအရ တိုင်းရင်းသားလူနည်းစုများ) နှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းမူဝါဒ၏ လူမှုရေးရာ ဘေးကင်းလုံခြုံရေး ရှုထောင့်များကို ဖြေရှင်းရန် စီစဉ်ထားပါသည်။

## ၂။ စီမံကိန်း ဦးတည်ချက်နှင့် အကြောင်းအရာ/ ဖော်ပြချက်

စီမံကိန်းဖွံ့ဖြိုးရေး ဦးတည်ချက်မှာ သဘာဝဘေး သက်ရောက်မှုခံစားရသည့် ဧရိယာများကို အဓိကဦးစားပေး၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပံ့ပိုးကူညီရန်နှင့် သက်ဆိုင်ရာ အကြပ်အတည်း (သို့) အရေးပေါ် အခြေအနေ နောက်ထပ်ကျရောက်သည့် အခြေအနေမျိုးတွင် အဆိုပါ အကြပ်အတည်း (သို့) အရေးပေါ်အခြေအနေအား လျှင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်တို့ဖြစ်ပါသည်။ ဤစီမံကိန်းတွင် အပိုင်း(၄)ပိုင်း ပါဝင်ပါသည် - (၁) သဘာဝဘေးဒဏ်ခံနိုင်သော အမျိုးသားအဆင့် အခြေခံ အဆောက်အအုံများ ပြန်လည်ထူထောင်ခြင်း (၂) ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပံ့ပိုးပေးခြင်း (၃) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်မှု (၄) စီမံကိန်း စီမံခန့်ခွဲမှုနှင့် အသိပညာနှင့် သင်ယူမှုများ ပံ့ပိုးပေးခြင်း

တို့ ဖြစ်ပါသည်။

**စီမံကိန်း အပိုင်း (၁) ။ ။ ရာသီဥတုဒဏ်ခံနိုင်သော အမျိုးသားအဆင့် အခြေခံအဆောက်အအုံများ ပြန်လည် ထူထောင်ခြင်း [ အမေရိကန်ဒေါ်လာ သန်း (၁၀၅) ]**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ ပျက်ဆီးခဲ့သော အမျိုးသားဆင့်လမ်း အခြေခံအဆောက်အအုံများ သဘာဝဘေးနှင့် ရာသီဥတုဘေးဒဏ် ခံနိုင်သော ပြန်လည်ထူထောင်ရေးနှင့် သက်ရောက်မှု ခံရသည့် ဧရိယာများရှိ ဆက်သွယ်သွားလာနိုင်မှုများ တိုးတက်ကောင်းမွန်ရေး ပံ့ပိုးကူညီရန်ဖြစ်သည်။ ဒေသဈေးများသို့ ပြန်လည်ဆက်သွယ် သွားလာနိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုများတိုးတက်လာပြီး၊ လူမှုရေးရာ ဝန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်လာ ခြင်းဖြင့် သက်ရောက်မခံရသည့် ဧရိယာများအနေဖြင့် အကျိုးခံစားကြရပါမည်။ ပြန်လည်ကောင်းမွန်လာသည့် လမ်း တံတားများကို သဘာဝဘေးကျရောက်သည့် အခြေအနေတွင် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး လမ်းကြောင်းများ အဖြစ်လည်း အသုံးပြုနိုင်ပါမည်။ ဤစီမံကိန်းအပိုင်းအနေဖြင့် (၁) ပျက်ဆီးသွားသည့် အမျိုးသားအဆင့် (လမ်းမကြီးများ/ အဝေးပြေးလမ်းမကြီးများ) လမ်းများ၊ တံတားများ ပြန်လည်တည်ဆောက်ခြင်း (၂) မြေပြိုမှုကာကွယ်ရေးနှင့် ဆင်ခြေလျော တည်ငြိမ်ရေးလုပ်ငန်းများ၊ ၎င်းနှင့် ဆက်နွယ်သည့် ရေဆင်းပြွန်စနစ် များ (၃) လမ်းခင်းခြင်း/ တံတားကြံ့ခိုင်ရေးလုပ်ငန်းများ (လိုအပ်ပါက လမ်းပြန်လည်ချိန်ညှိခြင်း အပါအဝင်) (၄) ယာဉ်ကြောသွားလာမှုဘေးကင်းလုံခြုံရေး အင်္ဂါရပ်များ (ရောင်ပြန်ပြားများ၊ ဘေးလွတ်ရာလမ်းပိုင်းများ၊ လုံခြုံရေး သံတန်းများ၊ retaining walls နှင့် သဘာဝဘေးဒဏ် ခံနိုင်ရည် တိုးတက်ကောင်းမွန်စေရန် အခြားတည်ဆောက်မှု များ စသည့် လုပ်ငန်းများအား ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း (၂)။ ။ ကျေးလက်ဒေသလမ်းများပြန်လည်ထူထောင်ခြင်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း များ ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ သန်း ၇၀)**

ဤစီမံကိန်းအပိုင်းအနေဖြင့် ရေကြီးရေလျှံကာလအတွင်း ပျက်စီးခဲ့သည့် သတ်မှတ်ရွေးချယ်ထားသည့် ကျေးလက်ဒေသလမ်းတံတားများ ပြန်လည်ထူထောင်ရေး/ ပြန်လည်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပံ့ပိုးကူညီပါမည်။ လမ်းများရွေးချယ်သတ်မှတ်ခြင်းနှင့် ဦးစားပေးအစီအစဉ်လုပ်ငန်းစဉ်များအနေဖြင့် သဘာဝဘေးထိခိုက်မှုအများဆုံး ကျရောက်ခဲ့သည့် ရပ်ရွာများကို အဓိကထား ဆောင်ရွက်မည်။ တစ်ချိန်တည်းမှာ ပင် အဆိုပါလုပ်ငန်းများမှ ကျေးလက်အခြေခံအဆောက်အအုံများ ပြင်ဆင်ခြင်း လုပ်ငန်းများတွင် အလုပ်အကိုင် များ ဖန်တီးပေးနိုင်မှာဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ရန် သွယ်ဝိုက်အကျိုးပြုပါသည်။ ကျေးလက်လမ်းကွန်ယက်များ ပြန်လည်ထူထောင်ရာတွင် မူလထက်ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း နည်းလမ်းကို အသုံးပြုမှာဖြစ်၍ ကောင်းမွန်သောအင်ဂျင်နယာ ဒီဇိုင်းပုံစံများကို အသုံးပြုပြီး သဘာဝဘေးဒဏ် ခံနိုင်ရည်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပါမည်။ လမ်းများနှင့် ရေထုတ်ပြွန် တည်ဆောက်မှုများ၏ ဒီဇိုင်းစံသတ်မှတ်ချက်များကို စီစစ်သုံးသပ်မည်ဖြစ်ပြီး အစိုးရဝန်ထမ်းများနှင့် ဒေသခံ ကန်ထရိုက်တာများကိုလည်း လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ပါမည်။ လမ်းများပြန်လည်ထူထောင်ခြင်း နှင့် အတူ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြင့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုများ၏ ရေရှည်တည်တံ့ကောင်းမွန်မှုကို ကြပ်မတ်ဆောင်ရွက်ပါမည်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားသည့် လမ်းများတလျှောက်တွင် နေထိုင်သော ရပ်ရွာပြည်သူများဖြင့် ပြုပြင်ထိန်းသိမ်းရေးအစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလမ်းများ အနီးရှိ ရပ်ရွာများတွင် နေထိုင်သောအမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း အထူးအလေးပေးဆောင်ရွက်မည် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

**စီမံကိန်း အပိုင်း (၃) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန် ဒေါ်လာ ၁၅ သန်း)**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ သက်ဆိုင်ရာအကြပ်အတည်း (သို့) အရေးပေါ်အခြေ အနေနောက်ပိုင်း ကာလ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပံ့ပိုးမှုများ ဖြည့်ဆည်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ(၃. ၁) IDA, IRM အတွက် ပံ့ပိုးခြင်း (အမေရိကန်ဒေါ်လာ ၁၅ သန်း) ၂၀၁၅ ဇူလိုင်-စက်တင်ဘာ ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကို ဖြေရှင်းဆောင်ရွက်ရန် IDA, IRM အသုံးပြုနိုင် ရေး ပံ့ပိုးကူညီမည်ဖြစ်သည်။ ဤအပိုင်းခွဲအနေဖြင့် IDA, IRM အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သည့် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ် (CERTP) အရ ငွေကြေးပံ့ပိုး မည့် အတည်ပြုပစ္စည်းစာရင်းအတွက် ကုန်ကျစရိတ်များနှင့် မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲဆောင်ရွက်ပြီး ကမ္ဘာ့ဘဏ်မှ အတည်ပြုသည့်

လုပ်ငန်း လမ်းညွှန် စသည့်ကိစ္စရပ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ PDNA ရလဒ်များနှင့် အညီ IDA, IRM အနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် အသုံးပြုရန်အတွက် အဓိကပစ္စည်းများဖြစ်သည့် သိုလှောင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ အသေးစားစက်မှု ပစ္စည်းများ၊ မျိုးတူစုများ၊ တိရစ္ဆာန် ဖြန့်ဖြူးရေးနှင့် လောင်စာစီကုန်ပစ္စည်းများစသည်တို့နှင့် ပတ်သက်၍ ငွေကြေး ပံ့ပိုးခြင်းဖြင့် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများ ပြန်လည်ထူထောင်ရေး အဓိကထား ပံ့ပိုးမည် ဖြစ်သည်။ စီမံကိန်းအပိုင်းခွဲ (၃. ၂) အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု (အမေရိကန်ဒေါ်လာ (၀)) အနေဖြင့် သက်ဆိုင်ရာ အနာဂတ် အကြပ်အတည်း (သို့) အရေးပေါ်အခြေအနေ နောက်ပိုင်းကာလ အရေးပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ပံ့ပိုးနိုင်ရန် အခြားစီမံကိန်းအပိုင်းများမှ ရန်ပုံငွေများကို မြန်မြန်ဆန်ဆန် ပြန်လည်ခွဲဝေချထားနိုင်ရန် (သို့) အရေးပေါ်အခြေအနေဖြေရှင်းဆောင်ရွက်ရန် ထပ်ဆောင်းရန်ပုံငွေလမ်းကြောင်း ဖော်ဆောင်အသုံးပြုနိုင်စေရန် ဖြစ်သည်။ ဤစီမံကိန်းအပိုင်းခွဲ (၃. ၂) သည် သက်ဆိုင်ရာ အရေးပေါ်အခြေအနေ ပြန်လည်ထူထောင်ရေးအတွက် အသေးစိတ်လုပ်ငန်းများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အရေးပေါ်လုပ်ငန်းဆောင်ရွက်မှု စရိတ်များနှင့်/သို့ အကျိုးပြုပစ္စည်းများစာရင်းအတွက် အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍကုန်ကျစရိတ်များအတွက် ငွေကြေးပံ့ပိုးမည်ဖြစ်သည်။ ဤအပိုင်းအတွက် အရေးပေါ် အခြေအနေဖြေရှင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး အစီအစဉ်ကို အသုံးပြုမည်ဖြစ်၍ ၎င်းတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ဘေးကင်းလုံခြုံရေးနှင် အခြားလိုအပ်သော အကောင်အထည်ဖော်ရေး အစီအမံများ စသည်ဖြင့် အသေးစိတ် ပါဝင်ပါမည်။ ဤအပိုင်းနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ဘဏ္ဍာရေး ဝန်ကြီးဌာန (MOF) မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်ပါမည်။

**စီမံကိန်းအပိုင်း(၄) စီမံကိန်းစီမံခန့်ခွဲမှု (အမေရိကန်ဒေါ်လာ (၁၀)သန်း)**

ဤစီမံကိန်းအပိုင်း၏ ဦးတည်ချက်မှာ လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ထမ်းစရိတ်များ၊ လုပ်ငန်းဆောင်ရွက်မှု စရိတ်များ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် စာရင်းစစ်စရိတ်များ စသည်တို့ အပါအဝင် စီမံကိန်းနှင့် စီမံကိန်းအပိုင်း များအတွက် ထိရောက်မြန်ဆန်သော စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဆောင်ရွက်ရေးဆိုင်ရာ ပံ့ပိုးမှုများ ဖြည့်ဆည်း ပေးနိုင်ရန်ဖြစ်သည်။ ထို့ပြင် စီမံကိန်းအပိုင်းများအတွက် အစီရင်ခံတင်ပြခြင်းနှင့် ထိရောက်မြန်ဆန်သော ညှိနှိုင်း ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်း ဤစီမံကိန်းအပိုင်းမှ ပံ့ပိုးကူညီပါမည်။ စီမံကိန်းစီမံခန့်ခွဲမှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ နည်းပညာနှင့် ဘေးကင်းလုံခြုံရေး၊ အကောင်အထည်ဖော်ခြင်း(ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်၊ လုပ်ငန်းစဉ်များ အပါအဝင်)၊ လေ့လာစစ်ဆေးအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများအတွက် အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုးမှုနှင့် လုပ်ငန်း စွမ်းရည်မြှင့်တင်မှုများကို ပံ့ပိုးကူညီပါမည်။

## ၃။ ဥပဒေရေးရာအခြေခံမူဘောင်

### မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံ ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေ အခန်း(၁)၊ အပိုဒ် (၂၂)အရ ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား ၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရေးပံ့ပိုးကူညီရန် အလေးဂရုပြုဆောင်ရွက်ရမည်။ အဆိုပါအခြေခံ ဥပဒေတွင်ဖော်ပြပါရှိသည်မှာ ပြည်ထောင်စုသည် အောက်ပါတို့ကို ပံ့ပိုးကူညီရမည်။

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်မှု အပြန်အလှန် ချစ်ကြည် ရင်းနှီးမှုနှင့် လေးစားမှု၊ ရိုင်းပင်းကူညီမှုများအရ မြှင့်တင်ဆောင်ရွက်ရန်။

(ဂ) ဖွံ့ဖြိုးမှုနိမ့်ကျသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်။

မြန်မာနိုင်ငံအခြေခံဥပဒေအရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများတွင်ပါဝင်သည့် အမျိုးမျိုးသော တိုင်းရင်းသားအစုအဖွဲ့များအတွက် တန်းတူအခွင့်အရေးရှိရမည်ဖြစ်ပြီး ၄င်းတို့၏ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာ များကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများလည်းဖော်ပြထားပါသည်။ ၄င်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်တည်ထောင်ခြင်းပါဝင်ပြီး ယင်းကို ၁၉၉၁ခုနှစ် တွင် ပြဋ္ဌာန်း၍ အခြားရည်ရွယ်ချက်များအပြင် ရင်းနှီးဖော်ရွေသောဝန်းကျင်တွင်နေထိုင်၍ တက္ကသိုလ်ပညာရပ်များ ဆည်းပူးနေစဉ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် အစဉ်အလာများကို နားလည်၊ ထိန်းသိမ်းစောင့်ရှောက်ကြစေရန်နှင့် ပြည်ထောင်စု တိုင်ရင်းသားများ အကြား ပြည်ထောင်စ စိတ်ဓာတ်ဖွံ့ဖြိုး ခိုင်မာစေရန် အဓိကရည်ရွယ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာများနှင့် သက်ဆိုင်သည့် အဓိက အခြေခံမှုများတွင် အောက်ပါတို့ပါဝင်ပါသည်။

(က) ပုဒ်မ (၁၅)။ သင့်တင့်သည့် လူဦးရေ ပမာဏ ရှိသည့် ပြည်ထောင်စု တိုင်းရင်းသား လူမျုးများအတွက် ၄င်းတို့ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ ဒေသများရှိ ဥပဒေပြုလွှတ်တော်များတွင်ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မ (၁၇) (ဂ)။ ပုဒ်မ ၁၅ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသများရှိ ဥပဒေပြုရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသော ပြည်ထောင်စု တိုင်းရင်းသားကိုယ်စားလှယ် များသည် အခါကအားဖြင့် ၎င်းတို့သက်ဆိုင်ရာ ပြည်ထောင်စု တိုင်းရင်းသားရေးရာ ကိစ္စ ရပ်များတွင် ပါဝင်ခွင့် ရှိသည်။

(ဂ) ပုဒ်မ (၁၆၇) (က)။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့် အခါ ကော်မတီနှင့်အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မ (၂၆၂) (င)။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများ၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရန် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များ၏ စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတ တင်ပြရမည်။

(င) ပုဒ်မ (၂၆၂) (ဈ)။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွက် ဝန်ကြီးများ သို့မဟုတ် အခြားဝန်ကြီးဌာန ဝန်ကြီးများ နည်းတူ တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များအတွက် ဝန်ကြီးမျာ□ □□□□□ခန့်အပ်တာဝန်ပေးနိုင်သည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူနည်းစုများသို့မဟုတ် ဒေသခံပြည်သူများနှင့် စပ်လျဉ်း၍ ရည်ညွှန်း ပြောဆိုမှု ပြုမထားပါ။ ၎င်းအစား " တိုင်းရင်းသားလူမျိုးများ" ဟူသော ဝေါဟာရကို သုံးစွဲထားပါသည်။ ဤ ဝေါဟာရကို ဖွဲ့စည်းပုံအခြေခံဥပဒေက အဓိပ္ပာယ်ဖွင့်ဆို မပြထားသော်လည်း ၁၉၈၂ခုနှစ် မြန်မာနိုင်ငံ နိုင်ငံသားဥပဒေကို အသုံးပြု၍ ယေဘုယျအားဖြင့် အနက်ပြန်ဆိုထားပါသည်။ ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေအရ ၁၉၈၃ခုနှစ် လုပ်ထုံးလုပ်နည်း ဥပဒေတွင် ၁၃၅မျိုးသာ တိုင်းရင်းသားလူမျိုးများဟု ဖွင့်ဆိုထားပါသည်။

ဤနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံ၏ တိုင်းရင်းသားများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တို့ ပါဝင်ပြီး မြန်မာသက္ကရာဇ် ၁၁၈၅ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ခုနှစ်၏ အရှေ့ပိုင်းကျရောက်သော ကာလမှ စတင်၍ မိမိတို့၏ အမြဲနေထိုင်ရာနေရာအဖြစ် ဖြင့်နိုင်ငံတော်အတွင်းရှိ မည်သည့်ပိုင်နက်နယ်မြေ၌မဆို အခြေချနေထိုင်ခဲ့ ကြသော တိုင်းရင်းသားအုပ်စုများလည်း ပါဝင်ပါသည်။

**သက်ဆိုင်ရာနိုင်ငံတကာ အစအစဉ်/သတ်မှတ်ချက်များ အတည်ပြုပြဋ္ဌာန်းခြင်း**

၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေညာချက်ကို မြန်မာနိုင်ငံက အတည်ပြုထောက်ခံထားပါသည်။ လွတ်လပ်၊ကြိုတင်၊အသိပေးမှု ရှိသော သဘောတူညီချက်(FPIC) နှင့်စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများကို အပိုဒ် ၃၂တွင် ဆွေးနွေးထားပါသည်။ ၎င်း အပိုဒ် ၃၂ တွင်

“ ဒေသခံတိုင်းရင်းသားပြည်သူများ၏ နယ်မြေသို့မဟုတ် ပိုင်နက်နယ်ပယ်များ အပေါ်တွင် စီမံကိန်း၏ အကျိုးသက်ရောက်မှုမှန်သမျှကို အဘောတူအတည်မပြုမီ လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသော သဘောတူညီချက်ကို ရရှိရန်အလို့ငှာ ထိုဒေသခံ တိုင်းရင်းသားပြည်သူများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှ တစ်ဆင့် နိုင်ငံများသည် သက်ဆိုင်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ကောင်းမွန်သော ယုံကြည်ချက်ဖြင့် အကြံပြု ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရမည်။ ” ဟု ဖော်ပြထားပါသည်။ အပိုဒ် ၁၀တွင် ဒေသခံတိုင်းရင်းသားပြည်သူ များကို အတင်းအဓမ္မနေရာပြောင်းရွှေ့ခြင်း နှင့် FPIC လိုအပ်မှုတို့ကို ဆွေးနွေးထားသည်။ မြေယာ အခွင့်အရေးအကြောင်း ဖော်ပြထားသော အပိုဒ် ၂၆ ကလည်း ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပတ်သက်ဆက်နွယ်သက်ဆိုင်ပါသည်။

လွတ်လပ်သော တိုင်းပြည်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမျိုးနွယ်စုများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကြီး (ILO) ၏ သဘောတူညီချက် ၁၆၉ ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးအတည်ပြုခြင်းမရှိသေးပါ။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ကာကွယ်ခေင့်ရှောက်ရေးဥပဒေ - ဖေဖော်ဝါရီ ၂၀၁၅**

တိုင်းရင်းသားရေးရာအတွက် တာဝန်ယူနိုင်သော ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းရန် အဆိုပြုလွှာတစ်ရပ်ကို ယခင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သော်လည်း ပြည်ထောင်စု ဝန်ကြီးဌာနများ များစွာရှိနေခြင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများကလည်း လူနည်းစု အခွင့်အရေးများကို ကာကွယ်ပေးနိုင်ခြင်းဟူသော အခြေခံအကြောင်းပြချက်ဖြင့် ထိုအဆိုပြုလွှာကို ပယ်ချခဲ့ပါသည်။ ယင်းအစား ၂၀၁၃ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စုလွှတ်တော်က တိုင်းရင်းသားရေးရာအတွက် ဥပဒေကြမ်းတစ်ရပ်ကို အဆိုပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ထိုဥပဒေသစ်ကို အတည်ပြုလိုက်ပါသည်။ ထိုဥပဒေ၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

(က) တိုင်းရင်းသားလူနည်းစုများအနေဖြင့် တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ် အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် နှင့် ဖွံ့ဖြိုးတိုးတက်စေရန် (ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး ၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန်။

၎င်းအရ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး နှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံသားများ၏ ကျင့်ဝတ်စည်းကမ်းများ၊အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် -

(က) မိမိတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့် နှင့် သင်ယူခွင့်ရှိသည်။

**ကမ္ဘာ့ဘဏ် ဒေသခံပြည်သူများ (OP 4.10)** ။ ဤမူဝါဒအနေဖြင့် လူနည်းစုတိုင်းရင်းသားများသည် (၁)ဆိုးဝါးထိခိုက်သော အကျိုးဆက်များကို မခံစားရစေရန်၊ (၂)ကမ္ဘာ့ဘဏ်မှ ငွေကြေးပံ့ပိုးသည့် လုပ်ငန်းများမှ ယဉ်ကျေးမှုနှင့် ကိုက်ညီသော သဟဇာတဖြစ်လိုက်ဖက်သော လူမှုရေးနှင့် စီးပွားရေး အကျိုးကျေးဇူးများကို ရရှိစေရန် ရည်ရွယ်ပါသည်။ ကမ္ဘာ့ဘဏ်မှ ဘဏ္ဍာရေးရာပံ့ပိုးမှုအတွက် အဆိုပြုတင်ပြပြီး ဒေသခံတိုင်းရင်း သားပြည်သူများ (သို့ မြန်မာနိုင်ငံ နောက်ခံအခြေအနေများအရ တိုင်းရင်းသားလူနည်းစုများ)အပေါ် သက်ရောက်မှုရှိသည့် စီမံကိန်းများအားလုံးအတွက် ချေးငွေရယူသူသည် လွတ်လပ်၊ ကြိုတင်၊ အသိပေးဆောင်ရွက်သည့် အကြံပြုဆွေးနွေးပွဲများကျင်းပဆောင်ရွက်ရန်လိုအပ်ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် လွတ်လပ်၊ ကြိုတင်၊ အသိပေးဆောင်ရွက်သည့် အကြံပြုဆွေးနွေးပွဲများအရ သက်ရောက်မှုခံ ရသည့်ပြည်သူများ၏ကျယ်ပြန့်သော ထောက်ခံမှုရရှိသည့် စီမံကိန်းများကိုသာငွေကြေးပံ့ပိုးမှုဆောင်ရွက်ပါသည်။ အဆိုပါကမ္ဘာ့ဘဏ်မှငွေကြေးပံ့ပိုးသည့် စီမံကိန်းများတွင် အောက်ပါတို့ဆောင်ရွက်ရန်အစီအစဉ်များပါဝင်ရပါမည်။ (က) တိုင်းရင်းသားလူနည်းစုများ ၏ ရပ်ရွာ/လူအဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှု အလားအလာများ ရှောင်လွှဲရန် (ခ) ယင်းသို့ရှောင်လွှဲရန် မဖြစ်နိုင်ပါက ၎င်းသက်ရောက်မှုများကို အနည်းဆုံးသို့လျှော့ချရန် (သို့)လျှော့ပါးသက်သာစေရန် (သို့) နစ်နာကြေး ပေးအပ်ရန် စသည်တို့ဖြစ်ပါသည်။ ထို့ပြင် တိုင်းရင်းသားလူနည်းစုများအနေဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုထုံးတမ်း များအရ ဆီလျော်၍ ကျား/မနှင့် မျိုးဆက်ဟောင်း/သစ် များ အားလုံးပါဝင်နိုင်သော လူမှုရေးရာနှင့် စီးပွားရေးရာ အကျိုးကျေးဇူးများရရှိကြောင်း သေချာစေရန် ကမ္ဘာ့ဘဏ်မှငွေကြေးပံ့ပိုးသည့်စီမံကိန်းများကို ဒီဇိုင်းပုံစံရေးဆွဲရမည်။

စီမံကိန်းစီစဉ်ပြင်ဆင်ရေးကာလ အစောပိုင်းတွင် စီမံကိန်းဧရိယာအတွင်း၌ဒေသခံတိုင်းရင်းသားများ တည်ရှိနေခြင်း (သို့) စုစည်းဆက်နွယ်နေခြင်း ရှိ/မရှိ ဆုံးဖြတ်နိုင်ရန် ကမ္ဘာ့ဘဏ်မှ စစ်ဆေးစိစစ်ခြင်းတစ်ရပ်ကို ဆောင်ရွက်ရသည်။

အဆိုပါစစ်ဆေးမှုအပေါ် အခြေခံ၍ စီမံကိန်းဧရိယာတွင် တိုင်းရင်းသားလူနည်းစုများတည်ရှိခြင်း (သို့) စုစည်းဆက်နွယ်နေခြင်းမျိုး ရှိသည်ဟု ဆုံးဖြတ်ပါက ချေးငွေရယူသူသည် အဆိုပါဒေသခံ တိုင်းရင်းသားများအပေါ် စီမံကိန်း၏ ကောင်းကျိုး/ဆိုးကျိုးအလားအလာများကို အကဲဖြတ်စစ်ဆေးနိုင်ရန်နှင့် ဆိုးကျိုးသက်ရောက်မှု ကြီးမားနိုင်သည့်နေရာများတွင် အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများရှိ/မရှိ လေ့လာနိုင်စေရန် လူမှုရေးရာ အကဲဖြတ်ခြင်းကိုဆောင်ရွက်ရပါမည်။ လူမှုရေးရာ အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် ချေးငွေရယူသူသည် ကမ္ဘာ့ဘဏ်မှ လက်ခံနိုင်သည့် အရည်အချင်း၊ အတွေ့အကြုံ ရသောပညာရှင်များနှင့် TORဖြင့်ဆောင်ရွက်ရပါမည်။

လူမှုရေးရာအကဲဖြတ်ချက်အပြင် သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများဖြင့် အကြံပြုဆွေးနွေးခြင်းရလဒ်များအပေါ်အခြေခံ၍ ချေးငွေရယူသူသည်တိုင်းရင်းသားလူနည်းစုရေးရာ အစီအစဉ် (EMP) အားစီစဉ်ပြင်ဆင်၍ ၎င်းတွင်အောက်ပါတို့အား ကြပ်မပ်ဆောင်ရွက်ရန် အစီအစဉ်များ ပါဝင်ရပါမည်။ --- (က) စီမံကိန်းသက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစုများအနေဖြင့် ယဉ်ကျေးမှုထုံးတမ်းများနှင့် ဆီလျော်သော လူမှုရေးနှင့် စီးပွါးရေးအကျိုးကျေးဇူးများ ရရှိခံစားရစေရန် (ခ) ၎င်း တိုင်းရင်းသားလူနည်းစုများအပေါ် ဆိုးရွားသည့်သက်ရောက်မှု အလားအလာကျရောက်နိုင်သည့် အခြေအနေမျိုးတွင် အဆိုပါသက်ရောက်မှုများကို ရှောင်လွဲရန် (သို့) အနည်းဆုံးအဆင့်သို့လျှော့ချရန် (သို့) လျော့ပါးသက်သာစေရန် (သို) နစ်နာကြေးပေးအပ်ရန် - စသည်တို့ဖြစ်ပါသည်။

အချို့သောစီမံကိန်းများတွင် နှစ်စဉ်ရင်းနှီးမြုပ်နှံမှု အစီအစဉ်များ (သို့) အမျိုးမျိုးသော စီမံကိန်းခွဲများ စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းများပါဝင်ပါသည်။ ၎င်းအခြေအနေမျိုးတွင် အကယ်၍ ကမ္ဘာ့ဘဏ်အနေဖြင့် ့ စီမံကိန်းဧရိယာတွင် တိုင်းရင်းသားလူနည်းစုများတည်ရှိခြင်း (သို့) စုစည်း ဆက်နွယ်နေခြင်းမျိုး ရှိနိုင်သည်ဟု လေ့လာစစ်ဆေးချက်အရ သိရှိရသော်လည်း ၎င်းတို့တည်ရှိမှု (သို့) စုစည်းဆက်နွယ်နေမှုအား စီမံကိန်း (သို့) စီမံကိန်းခွဲ သတ်မှတ်မှုမတိုင်မှီအထိ တစုံတရာဆုံးဖြတ်နိုင်ခြင်း မပြုနိုင်ပါက ချေးငွေရယူသူသည် တိုင်းရင်းသားလူနည်းစု ရေးရာ အစီအစဉ်မူဘောင် (EMPF) ကို စီစဉ်ပြင်ဆင်ရမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းများ (သို့) စီမံကိန်းခွဲများအား ဤမူဝါဒနှင့် ကိုက်ညီခြင်း ရှိ/မရှိ စစ်ဆေးစီစစ်ခြင်း၊ သုံးသပ်ခြင်းများကို ဆောင်ရွက်ရမည်။

## ၄။ အဖွဲ့အစည်းဆိုင်ရာအစီအစဉ်

ဤ RPF အကောင်အထည်ဖော်ခြင်းအတွက်လည်းကောင်း၊ စီမံကိန်းခွဲများနှင့် သက်ဆိင်ရာ အသေးစိတ်လုပ်ငန်းများအတွက် ရာနှုန်းပြည့် RAP/အကျဉ်းချုပ် RAP များ စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ အတွက်လည်းကောင်း( ဆက်စပကုန်ကျစရိတ်များအားလုံးဖြည့်ဆည်းရန် တာဝန် ဝတ္တရားများအပါအဝင်) MOC နှင့် MLFRD (DRD) တို့မှ တာဝန်ယူရပါမည်။ MOC နှင့် MLFRD (DRD) တို့မှ တာဝန်ယူရပါမည်။ MOC နှင့် MLFRD တို့သည် အကောင်အထည်ဖော်ရေးလုပ်ငန်းများ အချိန်နှင့်တပြေးညီ ထိရောက်မှုရှိစေရန် ဆက်နွယ် ပါဝင်သည့် အခြားအေးဂျင်စီများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို အသုံးပြုနိုင်သည်။

ဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို စီမံကိန်း အပိုင်း (၁)အတွက် MOC ရှိ C/U တစ်ခုချင်းအလိုက်နှင့် စီမံကိန်း အပိုင်း(၂)အတွက် DRD မှ C/U တခုချင်း အလိုက် ဆောင်ရွက်ရပါမည်။ C/U တိုင်းတွင်လုံလောက်သော ဝန်ထမ်းအရေအတွက်နှင့် ဤ ESMF တွင် ဖော်ပြထားသည့် တာဝန်များ ဆောင်ရွက်ရန် လုပ်ငန်းစွမ်းရည်များရှိသည့် သတ်မှတ်တာဝန်ပေးထားသော ဘေးကင်းလုံခြုံရေးအဖွဲ့ တစ်ခုစီရှိရပါမည်။ မျှော်မှန်းတွက်ဆထားသည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ သက်ရောက်မှုများ လေ့လာ အကဲဖြတ်ရာတွင် အသေးစိတ်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်ခြင်းကြောင့် အဆိုပါ အကောင်အထည်ဖော် ရေးအေဂျင်စီများသည် ၎င်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန် အရည်အသွေးပြည့်ဝသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ပညာရှင်/အကြံပေးပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးရပါမည်။ ထို့ပြင် နှစ်ဝက်လျှင် တစ်ကြိမ်ခန့် နိုင်ငံတကာ ဘေးကင်းလုံခြုံရေး အကြံပေးပုဂ္ဂိုလ်တစ်ဦးမှ ဒေသခံ အစိုးရဝန်ထမ်းများအား ပံ့ပိုးပေးနိုင်ရန် မျှော်မှန်းထားပြီး ၎င်းမှ စစ်ဆေးစီစစ်ခြင်း၊ အတိုင်းအတာ သတ်မှတ်ခြင်း၊ ကန်ထရိုက်၊ ကြီးကြပ် စစ်ဆေးခြင်းနှင့် ဘေးကင်းလုံခြုံရေး အကောင်အထည်ဖော်မှု လေ့လာစစ်ဆေးခြင်း စသည့်လုပ်ငန်းများအတွက် စီမံကိန်းအပိုင်း ဘေးကင်းလုံခြုံရေး အဖွဲ့များအား လိုအပ်သလို လမ်းညွှန်ပံ့ပိုးမည်ဖြစ်သည်။

အကောင်အထည်ဖော်ရေး အစီအစဉ်အသေးစိတ်အချက်အလက်များကို ESMF အခန်း (၁၄) တွင် ဖော်ပြထားပါသည်။

## ၅။ အရည်အချင်းပြည့်မီ/ကိုက်ညီမှု စံသတ်မှတ်ချက်များ

ဤ EMPF ဆိုင်ရာ ကိစ္စရပ်များအတွက် ၊တိုင်းရင်းသား လူနည်းစုများဆိုသည်မှာ ချို့တဲ့၍ သိသာထင်ရှားမှုရှိပြီး အောက်ပါ ဝိသေသလက္ခဏာရပ်များ တစုံတရာသော အတိုင်းအတာအားဖြင့် ပိုင်ဆိုင်သည့် လူမှုယဉ်ကျေးမှု အစုအဖွဲ့များကို ဆိုလိုသည်။

(က) သိသာထင်ရှားသည့် ဒေသခံတိုင်းရင်းသား အစုအဖွဲ့ဝင်များအဖြစ် ကိုယ်ပိုင်လက္ခဏာရပ်များရှိပြီး ၊ အခြားသူများမှလည်း ၎င်းကို အသိအမှတ်ပြုခြင်း။

(ခ) စီမံကိန်းဧရိယာရှိ ပထဝီဝင်အရ သိသာကွဲပြားသော အသိုက်အဝန်းများ/ အစဉ်အဆက် ပိုင်နက်နယ်မြေများကိုလည်းကောင်း (သို့) ၎င်းအသိုက်အဝန်းများ/ ပိုင်နက်နယ်မြေများရှိ သဘာဝ အရင်းအမြစ်များကလည်းကောင်း စုစည်းဆက်နွယ်နေမှု ရှိခြင်း

(ဂ) အခြား အင်အားကြီးမား/လွှမ်းမိုးသည့် လူမှု/ယဉ်ကျေးမှုများနှင့် မတူကွဲပြားသည့် ဓလေ့ထုံးတမ်းယဉ်ကျေးမှု၊ စီးပွါးရေး၊ လူမှုရေး (သို့) နိုင်ငံရေးအဖွဲ့အစည်းများရှိခြင်း

(ဃ) နိုင်ငံ၏ ရုံးသုံးဘာသာစကားနှင့် အများအားဖြင့် မတူညီသည ဒေသခံ တိုင်းရင်းသားဘာသာစကားရှိခြင်း၊

## ၆။ တိုင်းရင်းသားလူနည်းစုများနှင့် ခံနိုင်ရည်ရှိမှုအားနည်းပြီး လူဦးရေတစ်ရပ်အောက်ရောက်နေသော အခြားအုပ်စုများ

## ၆. ၁။ တိုင်းရင်းသားလူနည်းစုများ

အစိုးရက သီးခြားတိုင်းရင်းသားလူမျိုးအုပ်စုပေါင်း ၁၃၅ မျိုးကို အသိအမှတ်ပြုထားပါသည်။ ယင်းတိုင်းရင်းသားလူမျိုးအုပ်စုများကို "တိုင်းရင်းသားလူမျိုးများ" ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရည်ညွှန်းဖော်ပြထားပါသည်။အဓိကတိုင်းရင်းသားအုပ်စုထဲတွင် ဗမာ၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း ၊ရခိုင် ၊မွန်နှင့် ကယားတို့ပါဝင်သည်။ အကြီးဆုံးတိုင်းရင်းသားလူမျိုးအုပ်စုမှာ ဗမာလူမျိုးဖြစ်ပြီးလူဦးရေ သုံးပုံနှစ်ပုံခန့်ရှိနေသည်။ ယင်းဗမာလူမျိုးတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော တိုင်းဒေသကြီးများ (၇ခု)တွင် အဓိက နေထိုင်ကြသည်။ အခြားတိုင်းရင်းသား လူနည်းစုများသည် လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိမည်ဟု တွက်ရပြီး (သီးသန့်မဟုတ်သော်လည်း)ပြည်နယ်ခုနစ်ခုတွင် အဓိကအားဖြင့် နေထိုင်ကြသည်။ အဓိကတိုင်းရင်းသားလူနည်းစုအုပ်စုကြီးများ၏ တရားဝင်လူဦးရေတွက်ချက်မှုကို အကြမ်းဖျင်းပြရသော် ရှမ်း(၉ ရာခိုင်နှုန်း)၊ ႕ရင် (၇ရာခိုင်နှုန်း )၊ရခိုင် (၄. ၅ ရာခိုင်နှုန်း)၊ချင်း(၂ရာခိုင်နှုန်း)၊မွန် (၂ရာခိုင်ငှုန်း )၊ ကချင်(၁. ၄ ရာခိုင်နှုန်း )၊ကယား(၁ရာခိုင်နှုန်း)တို ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ တိုင်း့ရင်းသားလူနည်းစုများကို လူဦးရေ၏ ခန့်မှန်းခြေ ၃၀-၄၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်း ထားပြီးတိုင်းရင်းသားပြည်နယ်တို့၏ နေရာယူမှုသည် တိုင်းပြည်၏ နိုင်ငံတကာနယ်ခြားတစ်လျှောက်နီးပါးရှိလျက် စုစုပေါင်းနယ်မြေဧရိယာ၏ ၅၇ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

မြန်မာနိုင်ငရှိ နိုင်ငံရေးရာ နယ်သတ်မျဉ်းများသည် အတိုင်းအတာတစ်ခုအထိ တိုင်းရင်းသားလူမျိုးများ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ ဖွဲ့စည်းထားပါသည်။ ပြည်နယ် (၇) ခုမှာ ကချင်၊ ႕ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ကြီးမားသည့် တိုင်းရင်းသားလူနည်းစု အဖွဲ့များ၏ အမည်နာမကို အခြေခံပါသည်။ ဗမာလူမျိုးများသည် အထူးသဖြင့် တိုင်းဒေကြီး (၇) ခုတွင် အင်အားကြီးမား/လွှမ်းမိုးနေထိုင်သည့် တိုင်းရင်းသားအစုအဖွဲ့ဖြစ်သည်။ (စစ်ကိုင်း၊ မကွေး၊ တနင်္သာရီ၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူး စသည့် တိုင်းဒေသကြီးများ)

ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခုရှိနေပြီး၎င်းတို့မှာ နာဂ(စစ်ကိုင်းတိုင်းဒေသကြီး)၊ ဓနု(ရှမ်းပြည်နယ်)၊ ပအိုဝ်း(ရှမ်းပြည်နယ်)၊ ပလောင်(ရှမ်းပြည်နယ်)နှင့် ကိုးကန့်(ရှမ်းပြည်နယ်)တို့ဖြစ်ပါသည်။ ဝ (ရှမ်းပြည်နယ်)သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုဖြစ်ပါသည်။ ပြည်ထောင်စုအောက် နိမ့်သော ဤကိုယ်ပိုင်အုပ်ချုပ်ခွင့်ယူနစ် ခြောက်ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပုဒ်မ ၅၆)အသိအမှတ်ပြုထားပြီး အစောပိုင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘာဝတူညီချက်ရလဒ်များလည်းရှိနေပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရယူနစ်အသီးသီးတွင် ဦးစီအဖွဲ့များ ရှိနေကြသည်။ ၎င်းဦးစီးအဖွဲ့များတွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦးရှိပြီး ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်က အဆိုပြုသော အခြားအဖွဲ့ဝင်များလည်း ပါဝင်ကြပါသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ ကွဲပြားခြားနားမှုကြောင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စော်ဘွားအုပ်ချုပ်ခံနယ်ပယ်ငယ်များစနစ်မှ ကချင်ပြည်နယ်ရှိ လူမျိုးနွယ်စစနစ်များအထိ ရှိကြ၍ အစဉ်အလာစံနှုန်းအမျုးမျိုးနှင့် အာဏာတည်ဆောက်မှုအမျိုးမျိုး ကွဲပြားသွားကြပါသည်။ မည်သို့ပင်ဆိုစေ ဤအကြောင်းအရာအပြင်

အခြားတိုင်းရင်းသားလူနည်းစုများအပေါ်တွင် ဗမာများ၏အင်အားကြီးလွှမ်းမိုးထားမှုသည် တိုင်းရင်းသားများ တင်းမာမှု များရခြင်း၏ အကြောင်းအရင်းမြစ်ဖြစ်ပြီး ရံဖန်ရံခါဆန့်ကျင်မှုများနှင့် လက်နက်ကိုင် ပဋိပက္ခအပါအဝင်ခွဲထွက်ရေးသူပုန်ထမှုများကို တိုးပွားစေပါသည်။ ယင်းသည် အစဉ်အလာတည်ဆောက်ပုံများ ကိုလည်းသက်ရောက်မှုရှိနေပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများသာ အစိုးစနစ်များကိုလည်း တည်ထောင် ထားကြပါသည်။ ၁၉၆၂ ခုနှစ်ကတည်းက အဓိကတိုင်းရင်းသားလူနည်းစုအုပ်စုနယ်မြေမအကုန်လုံးသည် ပဋိပက္ခ အဆင့် အမျိုးမျိုးဖြင့် တွေ့ကြုံဖူးကြပါသည်။ ခေါင်းဆောင်အဆင့် တွေ့ဆုံဆွေးနွေးမှုများဖြင့် ၂၀၁၃ ခုနှစ် အနှောင်း ပိုင်းမှာ စတင်ခဲ့သော အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြားက ငြိမ်းချမ်းရေး ဆွေးနွေးမှု များသည်လည်းတုံးတက်လျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီ ချက်(NCA)အဖြစ် သဘောမပိုက်နိုင်ကြသေးပါ။မည်သို့ပင်ဆိုစေကာမူ တိုင်းပြည်သည် အလွန်သိမ်မွေ့သော အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ဖြတ်သန်းနေရပါသည်။ ထိုအထဲတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုလည်း ကန့်သတ်မထား မူဘဲ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်ရှိ ဒေသဆိုင်ရာအုပ်ချုပ်မှု တည်ဆောက်ပုံများအတွက်ပါ အရေးပါသော ပတ်သက်ဆက်နွယ်မှုများ ဖြစ်ပေါ်နေပါသည်။

လူဦးရေအများစုကြီးက ဗုဒ္ဓဘာသာကို ကိုးကွယ်ကျင့်သုံးကြသော်လည်း အခြားကိုးကွယ်ရာ ဘာသာများလည်း ထင်ရှားရနေပါသည်။ အဓိကအားဖြင့် ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူတို့ဖြစ်ကြပါသည်။ အချို့သော ခန့်မှန်ခြေ စာရင်းများအရ ဗုဒ္ဓဘာသာဝင်အချိုးအစားမှာ ၉၀ ရာခုန်းနှုန်း ရှိနေပြီး အခြားရင်းမြစ်များအရဆိုပါမူ ခန့်မှန်းခြေ ၈၀ ရာခိုင်နှုန်းတွက်ချက်ကြပါသည်။ ပျူ(Pew)သုတေသနစင်တာ၏ ခန့်မှန်းမှုများအရ အခြား ကိုးကွယ်ရာ ဘာသာကြီးများတွင် ခရစ်ယာန်ဘာသာဝင် ၇. ၈ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်မှုက ၅. ၈ ရာခိုင်နှုန်း နှင့် ဟိန္ဒူဘာသာဝင် ၁. ၈ရာခိုင်နှုန်း ရှိနေပါသည်။

## ၆. ၂။ပြည်တွင်း နေရာဖယ်ရှားခံရသော အုပ်စုများနှင့် ကပ်ဘေးဒုက္ခအလွန်အုပ်စုများ

စစ်ရေးနှင့် လူမှုရေးပဋိပက္ခများကြောင့် နိုင်ငံ၏အချို့သောဧရိယာများတွင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များရှိနေပါသည်။ ဥပမာ အထူးသဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရပါသည်။ယင်းတို့၏ နေရာဖယ်ရှား ခံရမှုများကို ထောက်ဆကြည့်ပါက ဖြစ်နိုင်စရာရှိသည်မှာ ၎င်းအုပ်စုများကို လူဦးရေစာရင်းဇယားတွင် ထည့်သွင်း သတ်မှတ်မထားနိုင်ခြင်း၊ လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်းသော အခွင့်အလမ်းများ မရနိုင်တက်ခြင်းတို့ဖြစ်ပါသည်။၎င်းတို့အများစုမှာ နွမ်းပါးချို့တဲ့၍ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကြောင့် လူမှုဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများခံစားရရှိမှု နည်းပါးကြပါ သည်။ ၎င်းတို့အနေဖြင့် ဒေသလူဦးရေစာရင်းဇယားများတွင် သတ်မှတ်ပါဝင်ခြင်း မခံရနိုင်သလို စီမံကိန်း၏အကျိုး ခံစားမှုအလားအလာများ သတ်မှတ်ရာတွင်လည်း ချန်လှပ်ခံရနိုင်ပါသည်။

UNHCR ၏ ၂၀၁၅ ဇွန်လ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၃၆၈၅၀၀ ဦးခန့်ရှိပြီး နိုင်ငံမဲ့ပြည်သူပေါင်း ၁၀၉၀၀၀၀ ဦးခန့်ရှိသည်။ ၎င်းတို့တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်များရှိ ရွှေ့ပြောင်းဒုက္ခသည်များပါဝင်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်မှာ ၁၄၀,၀၀၀ ဦးရေအထိရောက်ရှိခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် IDP အရေအတွက် ၁သိန်းကျော်အထိရှိခဲ့သည်။

မြန်မာနိုင်ငံ၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ကပ်ဘေးဒုက္ခအလွန် လူမှုအသိုက်အဝန်းများ ပျံ့နှံ့နေကြပါသည်။ ၎င်းလူမှုအသိုက်အဝန်းများသည် သဘာဝကပ်ဘေးဒုက္ခများနှင့် ပတ်သက်၍ အထူးသဖြင့် ခံနိုင်ရည်ရှိမှုအားနည်းကြပါသည်။ ဥပမာအားဖြင့် ၂၀၀၈ခုနှစ် ဆိုင်ကလုန်းနာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၂.၄သန်း ထိခိုက်စေခဲ့ပြီး ၁၃၈၀၀၀ကျော် သေဆုံးခဲ့ပါသည်။

**ဇယား ၁။ မြန်မာနိုင်ငံရှိ ပြည်နယ် / တိုင်းဒေသကြီး အလိုက် ကျား/မ လူဦးရေ**

| State/Region | Total | Male | Female |
|---|---|---|---|
| *Union* | *51,419,420* | *24,821,176* | *26,598,244* |
| Union (enumerated) | 50,213,067 | 24,225,304 | 25,987,763 |
| Union (not enumerated) | 1,206,353 | 595,872 | 610,481 |
| *Kachin* | *1,689,654* | *877,664* | *811,990* |
| Kachin (enumerated) | 1,643,054 | 854,633 | 788,421 |
| Kachin (not enumerated) | 46,600 | 23,031 | 23,569 |
| Kayah | 286,738 | 143,461 | 143,277 |
| *Kayin* | *1,572,657* | *775,375* | *797,282* |
| Kayin (enumerated) | 1,502,904 | 739,234 | 763,670 |
| Kayin (not enumerated) | 69,753 | 36,141 | 33,612 |
| Chin | 478,690 | 230,005 | 248,685 |
| Sagaing | 5,320,299 | 2,518,155 | 2,802,144 |
| Tanintharyi | 1,406,434 | 700,403 | 706,031 |
| Bago | 4,863,455 | 2,324,214 | 2,539,241 |
| Magway | 3,912,711 | 1,814,993 | 2,097,718 |
| Mandalay | 6,145,588 | 2,919,725 | 3,225,863 |
| Mon | 2,050,282 | 986,454 | 1,063,828 |
| *Rakhine* | *3,188,963* | *1,529,606* | *1,659,357* |
| Rakhine (enumerated) | 2,098,963 | 992,906 | 1,106,057 |
| Rakhine (not enumerated) | 1,090,000 | 536,700 | 553,300 |
| Yangon | 7,355,075 | 3,517,486 | 3,837,589 |
| Shan | 5,815,384 | 2,908,259 | 2,907,125 |
| Ayeyawady | 6,175,123 | 3,010,195 | 3,164,928 |
| Nay Pyi Taw | 1,158,367 | 565,181 | 593,186 |

ရင်းမြစ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ။ ၂၀၁၄ခုနှစ်လူဦးရေနှင့် အိမ်ထောင်စုစာရင်းကောက်ယူခြင်း ယာယီရလဒ်အကျဉ်းချုပ် - စာ - ၄။

မှတ်ချက် ။ ။ အပြာရောင်ဖြင့် ပြထားသော အရေအတွက်များသည် သန်ခေါင်းစာရင်းကောက်ယူရာတွင် စာရင်းမတင်နိုင်သော ခန့်မှန်းခြေလူဦးရေ ဖြစ်ပါသည်။ စာလုံးအစောင်ဖြင့် ပြထားသော အရေအတွက်များသည် စာရင်းတင်နိုင်ပြီးခန့်မှန်းတွက်ချက်ထားသော လူဦးရေဖြစ်ပါသည်။

**၆. ၃။ အမျိုးသမီးများ**

ဇယား ၁တွင် ပြထားသော မြန်မာနိုင်ငံရှိ ပြည်နယ် / တိုင်းဒေသကြီးအလိုက် ကျား/မ လူဦးရေတွင် မြန်မာနိုင်ငံ သန်းခေါင်စာရင်း ယာယီ ရလဒ်များလည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံသန်းခေါင်စာရင်း ရလဒ်အပြည့်အစုံကို ၂၀၁၅ခုနှစ် မေလတွင် ရနိုင်မည်ဟု မျှော်လင့်ထားပါသည်။

**၇။ တိုင်းရင်းသားလူနည်းစုများ ၊ အခြားချို့တဲ့သောအစုအဖွဲ့များနှင့် ဆက်နွယ်သည့် ကိစ္စရပ်များနှင့် သက်ရောက်မှု အလားအလာများ**

ယေဘူယျအားဖြင့် FLERP သည် လမ်းပန်းဆက်သွယ်မှုများနှင့် အခြေခံသွားလာဆက်သွယ်နိုင်မှုများ ပြန်လည်တည်ဆောက်ခြင်း၊ အလုပ်အကိုင်အခင့်အလမ်းများဖန်တီးပေးခြင်းဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ချို့တဲ့အားနည်းသည့် ပြည်သူများ အတွက် အကျိုးကျေးဇူးများ ဖြည့်ဆည်းပေးနိုင်ရန်မျှော်မှန်းထားပါသည်။ FLERP နှင့် ဆက်စပ်သည့် တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ဆောင်ချက်များသည် တိုင်းရင်းသားလူနည်းစုများရှိသည့် ဧရိယာများတွင် အန္တရာယ်တစုံတရာ ကျရောက်ခြင်းမျိုး ရှိကောင်းရှိနိုင်ပါသည်။ စီမံကိန်းအပိုင်း(၂) ရှိ ယာယီအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း အကောင်ထည်ဖေါ်ရာတွင် တိုင်းရင်းသား လူနည်းစုများနှင့် ချို့တဲ့အားနည်းသည့် အစုအဖွဲ့များအတွက် ညီမျှသည့်အကျိုးကျေးဇူးများ ဖြည့်ဆည်းပေးခြင်းမပြုနိုင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းမျိုး ရှိကောင်းရှိနိုင်ပါသည်။ ကန်ထရိုက်များတွင် ဒေသခံပြည်သူများနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကောင်းမွန်သည့် လုပ်ထုံးလုပ်နည်း ပုံစံများပါဝင်သင့်ပါသည်။

**၈။ တိုင်းရင်းသားလူနည်းစုစီမံကိန်းမူဘောင် (EMPF) အတွက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စီစဉ်ထားမှုများ**

စီမံကိန်း၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများသည် တိုင်းရင်းသားလူနည်းစုများနှင့်အမျိုး သမီးများ ပါဝင်လျက်ရှိသော ခံနိုင်ရည်ရမှုအားနည်းသည့်အုပ်စုများ ထည့်သွင်းထားခြင်းကို အားမခံပေးထားနိုင်မည့် အောင်မြင်မှုအတိုင်းအတာ ပမာဏအပေါ်တွင် တည်နေပါသည်။ ဤသို့ဖြင့် ပါဝင်ဆောင်ရွက်မှု ချဉ်းကပ်နည်း ဖြစ်စဉ်ကို သတ်မှတ်ရမည်ဖြစ်ပြီး စီးပွားရေးနှင့် ပထဝီစရိုက်လက္ခဏာ၏ အတားအဆီးများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ဖော်ပြပေးရမည့် နည်းလမ်းများကိုလည်း သတ်မှတ်ထားရပါသည်။ တိုင်းရင်းသားလူနည်းစုစီမံကိန်းမူဘောင် (EMPF) ၏ အဓိကအခြေခံမူမှာ ဒေသဆိုင်ရာ စီမံကိန်းဖြစ်စဉ်များ၊ လူမှုအသိုက်အဝန်းနှင့် ကျေးရွာကော်မတီများကို ပါဝင်စေမည့် ဖြစ်စဉ်များကို ထည့်သွင်းထားသည့် ယန္တရားများ အပေါ်တွင် တည်ဆောက်ခြင်း၊ ထိုယန္တရားများကို တိုးတက်စေခြင်းတို့ ဖြစ်သည်။

**တိုင်းရင်းသားရေးရာ စစ်ဆေးစီစစ်ခြင်း**

စီမံကိန်းခွဲ သက်ရောက်မှု ဧရိယာများတွင် တိုင်းရင်းသားလူနည်းစုများ တည်ရှိခြင်းရှိ/မရှိ ဆုံးဖြတ်နိုင်ရန် စစ်ဆေးစီစစ်ခြင်းကို CIU များမှ ဆောင်ရွက်ရမည်ဖြစ်ပြီး ၊ TA/အကြံပေးပညာရှင်အဖွဲ့များမှ လိုအပ်သလို ပံ့ပိုးကူညီရမည်။ (ESMF ၏ ပူးတွဲ ၁ တွင် ဖော်ပြထားသည့် စစ်ဆေးစီစစ်ရေးပုံစံ အပါအဝင် အသေးစိတ်အချက်အလက်များအတွက် ESMF တွင်ကြည့်ပါ။ အကယ်၍ ၎င်းတို့တည်ရှိကြောင်း အတည်ပြုပါက ၎င်းစီမံကိန်းခွဲမှာ OP ၄.၁၀ နှင့်သက်ဆိုင် အကြုံးဝင်ပြီး အောက်ပါလုပ်ငန်းအဆင့်များကို ဆောင်ရွက်ရပါမည်။ ( OP ၄.၁၀ တွင်လည်းကြည့်နိုင်ပါသည်) OP ၄.၁၀၏ ဒေသခံတိုင်းရင်းသားပြည်သူများ/ တိုင်းရင်းသားလူနည်းစုများဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေခံ၍ ဤမူဝါဒသည် တရားဝင် အသိအမှတ်ပြုထားသော တိုင်းရင်းသားလူနည်းစုများ (သို့) တိုင်းရင်းသားလူမျိုးများ (ဇမာမှလွဲ၍) နှင့် သက်ဆိုင်အကြုံးဝင်ပါသည်။ စစ်ဆေးစီစစ်ခြင်းလုပ်ငန်းစဉ်အတွင်း ကမ္ဘာ့ဘဏ်မှ CIU များအတွက် လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ၎င်းအကောင်အထည်ဖော်ရေး ပံ့ပိုးမှုကာလအတွင်း စစ်ဆေးရေးရလဒ်များအပေါ် လေ့လာသုံးသပ်ပါမည်။

အကယ်၍စီမံကိန်းခွဲ သက်ရောက်မှုဧရိယာသည် တိုင်းရင်းသားလူနည်းစုများရှိသည့် ဧရိယာတွင်ဖြစ်ပါက OP ၄.၁၀ နှင့် သက်ဆိုင်အကြုံးဝင်ပြီး ဤ EMPF တွင်ပါဝင်သည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရပါမည်။ ၎င်းတွင်အလားအလာရှိသော လူမှုရေးရာကိစ္စရပ်များ ၊ သက်ရောက်မှုများနှင့် အန္တရာယ်များအတွက် လူမှုရေးရာ အကဲဖြတ်စစ်ဆေးခြင်း ၊ (လွတ်လပ်၊ကြိုတင်၊အသိပေးမှုရှိသော ) အကြံပြုဆွေးနွေးပွဲများ ၊ သက်ရောက်မှု ခံရသည့် တိုင်းရင်းသားလူနည်းစုများနှင့် အကြံပြုဆွေးနွေး၍ EMP စီစဉ်ပြင်ဆင်ခြင်း စသည်တို့ပါဝင်ပါသည်။

**လူမှုရေးရာ အကဲဖြတ်စစ်ဆေးခြင်း (SA)**

လူမှုရေးရာ အကဲဖြတ်စစ်ဆေးခြင်း (SA)သည် လုပ်ငန်းဆောင်ရွက်မှုအရ သက်ဆိုင်ဆက်နွယ်သည့် လူမှုရေးရာ သတင်းအချက်အလက်များကို ဦးစားပေး စီစဉ်သတ်မှတ်ခြင်း၊ စုဆောင်းကောက်ယူခြင်း၊ ဆန်းစစ် လေ့လာခြင်းနှင့် အသုံးပြုခြင်းများအတွက် စုစည်းပေါင်းစပ်ထားသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော အခြေခံ မူဘောင်တစ်ရပ် ဖြည့်ဆည်းပေးသည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။ SA ၏ အတိုင်းအတာနှင့် ပါဝင်သည့် အစိတ် အပိုင်းများသည် စီမံကိန်းခွဲတစ်ခု၏ အမျိုးအစား၊ အကျိုးကျေးဇူး၊ သက်ရောက်မှုများနှင့် အန္တရာယ်များ၏ ပမာဏ အပေါ် မူတည်ပါသည်။

တိုင်းရင်းသားလူနည်းစုများ၏ အရေးကိစ္စများနှင့် လိုလားချက်များမှာ ၎င်းတို့၏ နောက်ခံ အခြေအနေ အလိုက်ဖြစ်သောကြောင့် စံသတ်မှတ်ချက် (သို့) တူညီသော နည်းလမ်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ SA ၏ အစိတ်အပိုင်းများ၊ နည်းစနစ်၊ အနှစ်သာရနှင့် အတိမ်အနက်များသည်လည်း အဆိုပြု စီမံကိန်းခွဲ၏ ဒီဇိုင်းသဘော သဘာဝနှင့် အတိုင်းအတာ၊

တိုင်းရင်းသားလူနည်းစုများ၏ အခြေအနေ၊ နိုင်ငံအခြေအနေနှင့် ဆက်နွယ်သည့် လက်ရှိ အချက်အလက်နှင့် အသိပညာများ၊ ကဏ္ဍအခြေအနေများ စသည်တို့အပေါ် မူတည်၍ တိုက်ရိုက်အချိုးကျ ပါသည်။ SA တွင် အများအားဖြင့် ပါဝင်သည့် အရေးကိစ္စများမှာ -

(က) အကျိုးအမြတ် ရရှိ (သို့) သက်ရောက်မှုခံရသည့် ပြည်သူများ စီမံကိန်းလုပ်ငန်းခွဲနှင့် ဆက်နွယ်သည့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများနှင့် အရေးပါသည့် Stakeholder များ သတ်မှတ်ခြင်း

(ခ) သက်ရောက်မှုခံရသည့် တိုင်းရင်းသားလူနည်းစု ပြည်သူများ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ လူဦးရေနှင့် နိုင်ငံရေးရာ လက္ခဏာရပ်များနှင့် ၎င်းတို့အနေဖြင့် (သက်ဆိုင်သည့် အခြေအနေများတွင်) ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းအရ အသုံးပြု/နေရာယူ (သို့) အစဉ်အဆက် ပိုင်ဆိုင်သည့် မြေယာ/ပိုင်နက် နယ်မြေများ၊ ၎င်းတို့ မှီခိုနေထိုင်သည့် သဘာဝအရင်းအမြစ်များ စသည်တို့နှင့် ပတ်သက်သည့် အခြေခံ သတင်းအချက်အလက်များ

(ဂ) တိုင်းရင်းသားလူနည်းစုများ ရရှိနိုင်သော လူမှုရေးအခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများ၏ ပုံသဏ္ဍာန်များ ။ ထိုကဲ့သို့သော ပုံသဏ္ဍာန်များ၏ အခွင့်အလမ်းကို ထိခိုက်လျက်ရှိသော အဓိကအကြောင်းရင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်း၊ သို့မဟုတ် ထိုကဲ့သို့သော အခွင့်အလမ်း မရှိခြင်းကိုလည်း ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်း။

(ဃ) ထိခိုက်ခံနေရသည့် တိုင်းရင်းသားလူနည်းစုများနှင့်လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှုများအပေါ် အခြေခံ၍ စီမံကိန်းခွဲ၏ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆိုးဝါးထိခိုက်သော အကျိုးသက်ရောက်မှုများနှင့် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း။

(င) ထိခိုက်ခံနေရသည့် တိုင်းရင်းသားလူနည်းစုများနှင့်လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှုများအပေါ် အခြေခံ၍ ဖြစ်နိုင်ဖွယ်ရှိသည့် စီမံကိန်းခွဲ ဒီဇင်းအင်္ဂါရပ်များကို အကဖြတ်ခြင်း။ အကယ်၍ လိုအပ်လာပါက စီမံကိန်းခွဲသည် ယဉ်ကျေးမှုအရ သင့်လျော်သော အကျိုးကျေးဇူးများကို စီစဉ်သတ်မှတ်ပေးထား သည်ဟု သေချာမှုရှိစေရန်အတွက် စီမံကိန်းခွဲ၏ အကျိုးသက်ရောက်မှုများအတွက် သင့်လျော်သော လျှော့ချမှု ဆောင်ရွက်ချက်အတိုင်း အတာများကိုရှောင်ရှားသည် သို့မဟုတ် စီစဉ်ဆောင်ရွက်ပေးသည်ဟု သေချာစေရန် အတွက် လျှော့ချမှုဆောင်ရွက်ချက်အတိုင်းအတာများကို အကဲဖြတ်ခြင်း။

(စ) စီမံကိန်းခွဲက ငွေကြေးထောက်ပံ့ပေးထားသည့် ဆောင်ရွက်ချက်/စီမံကိန်းအခွဲများကို ကြိုတင်ပြင်ဆင်ခြင်း နှင့် အကောင်အထည်ဖော်ခြင်း ကာလများအတွင်းတွင အတိုင်ပင်ခံမှုနှင့် ပါဝင်ဆောင်ရွက်မှုတို့အတွက် ယဉ်ကျေးမှု အရ သင့်လျော်သည့် ဖြစ်စဉ်တစ်ခုကို ဖော်ထုတ်သတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ ထိုအထဲတွင် နည်းနာဗေဒများ၊ နည်းပညာများ၊ အခြေခံမှုများ၊ စွမ်းရည်မြှင့်တင်တည်ဆောက်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာပေးခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ အောင်မြင်မှုရှိသည့် အတိုင်ပင်ခံမှုနှင့် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်စဉ်အတွက် လိုအပ်သော အခြားထောက်ပံ့မှု အခြင်းအရာများတို့လည်း ပါဝင်နေပါသည်။

**လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှုများ**

(OP 4.10)ဟူသည် ကမ္ဘာ့ဘဏ်က ငွေကြေးထောက်ပံ့ထားသည့် စီမံကိန်းခွဲများမှ အကျိုးကျေးဇူးရရှိနေသော သို့မဟုတ် ယင်းစီမံကိန်းများကြောင့် ထိခိုက်မှုရှိနေသော တိုင်းရင်းသားလူနည်းစုများထံမှ လူမှုအသိုက်အဝန်းများ၏ ထောက်ပံ့ကူညီမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေလျက် လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမ ဖြစ်စဉ်တစ်ရပ်အပေါ် တည်မှီနေပါသည်။ ယင်း၏ ရည်မှန်းချက်မှာ ဖွံ့ဖြိုး တိုးတက်မှုကြားဝင်ဆောင်ရွက်ခြင်း ဒီဇိုင်းကို ပံ့ပိုးမှုပေးရန် ဖြစ်ပါသည်။ ထိုဖွံ့ဖြိုးတိုးတက်မှု ကြားဝင်ဆောင်ရွက်ခြင်း များသည် တိုင်းရင်းသားလူနည်းစု လူမှုအသိုက်အဝန်းများ၏ အမြင်သဘောထားနှင့် ယဉ်ကျေးမှုအရ သင့်လျော်မှု ရှိရသည်၊ ပွင့်လင်းမြင်သာရှိမှု နှင့် ပါဝင်ဆောင်ရွက်နိုင်မှု ချဉ်းကပ်နည်းမျိုးဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရှိနေစေရသည်၊ ထိခိုက်ခံရသည့် လူမှုအသိုက်အဝန်းများထံမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ကူညီမှုကို ရရှိနေသည်။

သတ်မှတ်ထားသည့် အတိုင်ပင်ခံမှု၏ နယ်ပယ်အတိုင်းအတာဟူသည် စီမံကိန်းခွဲ၏ အကျိုးသက်ရောက်မှုအဆင့် ပမာဏသက်ရောက်မှုအပေါ် မူတည်ပါသည်။ နည်းနာဗေဒကမူ စီမံကိန်းခွဲကြောင့် ထိခိုက်မှုရှိသော လူမှုအသိုက်အဝန်းများ၏ အမျိုးအစားအပေါ် မူတည်နေပါသည်။ (ဥပမာများမှာ ထိုလူမှုအသိုက်အဝန်းတို့၏ ခံနိုင်ရည်ရှိမှုအားနည်းခြင်း၊ ဘာသာစကား၊ ကြီးစိုးလွှမ်းမိုးမှုရှိသော လူ့အဖွဲ့အစည်း သို့မဟုတ် အိမ်နီးနားချင်း လူမှုအသိုက်အဝန်းများနှင့် ဖြစ်ဆဲ အပြန်အလှန် အကျိုးပြုမှုများ)။

အတိုင်ပင်ခံမှုဖြစ်စဉ်သည် -

(က) အကောင်အထည်ဖော်ပေးနေသည့် အေဂျင်စီ သို့မဟုတ် အခြားပါဝင်ပါတ်သက်နေသူများ၏ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောကခြင်းနှင့် ဖိအားပေးခြင်းတို့မှ လွတ်လပ်မှုရှိနေစေရမည်။

(ခ) လူမှုအသိုက်အဝန်းရှိ ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာနှုန်းစံများကို ပေါင်းစပ်ပေးရမည်။

(ဂ) လူမှုအသိုက်အဝန်းအဖွဲ့ဝင်အားလုံးအား စီမံကိန်းခွဲ၊ ထိုစီမံကိန်းခွဲမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးကျေးဇူး များ၊ ဆိုးဝါးထိခိုက်သည့် အကျိုးသက်ရောက်မှုများ၊ ဖြစ်နိုင်ဖွယ်ရှိသည့် အန္တရာယ်များနှင့် စပ်လျဉ်း၍ ကြောင်းကျိုး သင့်လျော်ပြီး နားလည်နိုင်သော သတင်းအချက်အလက်များကို စီစဉ်ပေးရမည်။

(ဃ) စီမံကိန်းခွဲ၏ အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများ၊ အကျိုးသက်ရောက်မှုများနှင့် ဖြစ်နိုင်ဖွယ်ရှိသည့် အန္တရာယ်များကို အကဲဖြတ်ရာတွင် တိုင်းရင်းသားလူနည်းစုများ၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုးပေးရမည်၊ ပါဝင် ဆောင်ရွက်နိုင်ရမည်။

(င) လူမှုအသိုက်အဝန်းတွင် ခံနိုင်ရည်ရှိမှုအားနည်းသည့် အုပ်စုများကို ပါဝင်စေသော နည်းလမ်းများကို အသုံး ပြုရမည်၊ ယဉ်ကျေးမှုအရ သင့်လျော်သော နည်းလမ်းများကို အသုံးပြုရမည်၊ လူမှုအသိုက်အဝန်းများ၏ ဘာသာ စကား၊ လိုအပ်ချက်များနှင့် အသားကျစေမည့် နည်းလမ်းများကို အသုံးပြုရမည်။

(စ) ထိခိုက်ခံရသည့် လူမှုအသိုက်အဝန်းများအတွင်း အတွင်းကျကျ အဓိပ္ပါယ်ဖော်ရမည့်၊ ဆွေးနွေးကြရမည့် သတင်းအချက်အလက်များအတွက် အချိန်လုံလောက်မှုရှိရန် ခွင့်ပြုရမည်၊ ထိုလူမှုအသိုက်အဝန်းများက ဖော်ထုတ်တင်ပြလာမည့် ထင်မြင်ချက်များနှင့် အကြံပေးထောက်ခံမှုများအတွက် အချိန်လုံလောက်မှုရှိစေရန် ခွင့်ပြုရမည်။

(ဆ) အတိုင်ပင်ခံမှုများအတွက် အချိန်လုံလောက်မှုရှိစေရန် စီစဉ်ပေးရမည်။ ထိုနည်းတူစွာပင် အကောင်အထည်ဖော်ကြသည့် အေဂျင်စီများအား တိုင်းရင်းသားလူနည်းစုလူမှုအသိုက်အဝန်းများ၏ အမြင်များ၊ စိုးရိမ်ပူပန် မှုများ၊ စိတ်ဝင်စားမှုများနှင့် ဦးစားပေးမှုများကိုလည်း နားလည်ခွင့်ပေးရမည်။

(ဇ) မျှတပြီး ပွင့်လင်းမှုရှိသော ဆွေးနွေးမှုများ၊ စိတ်ရင်းစေတနာကောင်းထားသည့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ အပေါ် အခြေခံထားသော ဆောင်ရွက်မှုအတိုင်းအတာများနှင့် စီမံကိန်းခွဲဒီဇိုင်းတို့အပေါ်တွင် ထိုလူမှုအသိုက်အဝန်း များက သက်ရောက်လွှမ်းမိုးမှုရှိလာအောင် ပံ့ပိုးပေးရမည်။

(ဈ) အတိုင်ပင်ခံမှုဖြစ်စဉ်ကို မှတ်တမ်းတင်ရမည်၊ ဖော်ထုတ်ဖွင့်ချရမည်၊ (ဘယ်သူတွေ ပါသည်၊ ဘယ်တုန်းက ဖြစ်သည်၊ ဘယ်နေရာမှာ အတိုင်ပင်ခံကြသည်၊ ဘာကို အတိုင်ပင်ခံသည်။ )။ ထိုအထဲတွင် ဖြစ်စဉ်နှင့် နည်းနာဗေဒ ပါဝင်ရမည်၊ ဆွေးနွေးသည့် အကြောင်းအရာ ပါဝင်ရမည်၊ သူတို့ ဘယ်လို ထုတ်ဖော်ပြောဆိုကြသည်ဆိုတာ ပါဝင် ရမည်၊ သဘောတူညီမှုများကို ဘယ်လို ရရှိသည်ဆိုတာ ပါဝင်ရမည်။ ထိုဖြစ်စဉ်ကို မှတ်တမ်းတင်ထားခြင်းသည် လူမှုအသိုက်အဝန်း၏ ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိထားပါသည်ဆိုတာကို သက်သေအထောက်အထား ပြနိုင်ရန်အတွက် အလွန်အရေးပါသော အကြောင်းရင်းအချက်အလက်တစ်ခု ဖြစ်ပါသည်။

အတိုင်ပင်ခံများအတွက် စီစဉ်ထားမှုများကို ဂရုတစိုက် ထည့်သွင်းစဉ်းစားရမည်၊ ထိုစီစဉ်ထားမှုများကို စီမံကိန်းခွဲ၏ ဆက်စပ်မှုအထိုင်၊ ကြိုတင်မျှော်လင့်ထားပြီးသော အကျိုးသက်ရောက်မှုများ၊ ဒေသဆိုင်ရာ လူမှု အသိုက်အဝန်းတို့၏ ဆက်စပ်မှုအထိုင်တို့နှင့် အင်ဝင်ခွင်ကျ စီမံထားပေးရမည်။ အတိုင်ပင်ခံမှုများတွင် အောက်ပါ တို့ ပါဝင်နိုင်ပါသည်။

(က) လူမှုအသိုက်အဝန်းအကုန်လုံးနှင့်အုပ်စုခွဲများ နှစ်ခုစလုံးပါဝင်သောလူမှုအသိုက်အဝန်း အစည်းအဝေးများ။

(ခ) အဓိကအာရုံစိုက်ထားသောအုပ်စု၏ ဆွေးနွေးမှုများနှင့် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းကို ကျင့်သုံး မှုများ။

(ဂ) စီစဉ်ဖွဲ့စည်းမှုပုံစံ (format) (စီမံကိန်းမှတ်တမ်းများ၊ အကဲဖြတ်မှုအစီရင်ခံစာများ စသည်အပြည့်အစုံဖြင့် စီမံကိန်းအချက်အလက်များကို ဖြန့်ဖြူးခြင်း။ နားလည်ရလွယ်ကူသော ဖောမက်မျိုးဟူသည်မှာ ဥပမာအားဖြင့် ပို့စတာများ၊ လက်ကမ်းစာစောင်များ၊ ဒေသဆိုင်ရာ ဘာသာစကားများကို အသုံးပြုထားသည့် အသံရော ရုပ်ပါ ပါသည့် အရာဝတ္ထုများ စသည်တို့ဖြစ်ကြသည်။

(ဃ) လူမှုအသိုက်အဝန်းများအတွင်းရှိ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များကို ဖော်ထုတ်သတ်မှတ်ထားခြင်း။ (အတိုင်ပင်ခံမှုဖြစ်စဉ်တွင် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပါဝင်နိုင်စေမည့် ၎င်းတို့၏ စွမ်းရည်များကို မြှင့်တင်ပေးရန်အလို့ငှာ အချို့ သောသင်တန်းများသည် သင့်လျော်မှုရှိနိုင်ပါသည်)။

(င) တိုင်းရင်းသားလူနည်းစုများ တည်ရှိနေသည့် အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်း။ ထိုအဖွဲ့အစည်းများ တွင် ဒေသဆိုင်ရာ လူမှုအသိုက်အဝန်းများ၏ ယုံကြည်မှုများ ရှိနေခြင်း။

(စ) ဒေသဆိုင်ရာ အန်ဂျီအိုများ၊ သုတေသနအင်စတီကျူများ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် ပါဝင်ပတ်သက်ခြင်း။ (၎င်းနေရာများကို ဒေသဆိုင်ရာ လူမှုအသိုက်အဝန်းများက လက်ခံထားကြပြီး ထိုနေရာများတွင် ဒေသဆိုင်ရာ လူမှုအသိုက်အဝန်းများ၏ ယုံကြည်မှုလည်း ရှိနေပါသည်)။

အတိုင်ပင်ခံမှုကို ဆက်စပ်သက်ဆိုင်သည့် တိုင်းရင်းသားဘာသာစကား(များ)နှင့် စီမံဆောင်ရွက်ရပါမည်။ ထိုသို့ အတိုင်ပင်ခံကြသည့် အချိန်၌ ထိခိုက်ခံရသည့် တိုင်းရင်းသားလူနည်းစုလူမှုအသိုက်အဝန်းအကုန်လုံးက စီမံကိန်းခွဲနှင့် တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)ကြိုတင်ပြင်ဆင်ထားမှုတို့ကို အပြည့်အဝ အသိပေးထားသော အတိုင်ပင်ခံမှုတွင် ပါဝင်ဆောင်ရွက်နိုင်ကြသည်ကို သေချာစေရန်အတွက် လိုအပ်သော၊ လုံလောက်သော အချိန် (အနည်းဆုံး ရက်သတ္တပတ်နှစ်ပတ်)ကို ပေးရပါမည်။

**တိုင်းရင်းသားလူနည်းစု စီမံကိန်းတစ်ရပ်ကို ကြိုတင်ပြင်ဆင်ခြင်း**

လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှုများနှင့် လူမှုရေးအကဲဖြတ်မှု (SA)များ ၏ တွေ့ရှိချက်များကို အခြေခံ၍ တာဝန်ယူမှုရှိသည့် စီအိုင်ယူ (CIU)က သို့မဟုတ် ရွေးချယ်သတ်မှတ်ထားသော အကောင်အထည်ဖော်မည့် လုပ်ဖော်ကိုင်ဖက်က တိုင်းရင်းသားလူနည်းစုများကို ထိခိုက်လျက်ရှိသော သတ်သတ် မှတ်မှတ်ဖြစ်သည့် စီမံကိန်းခွဲအတွက် တိုင်းရင်းသားလူနည်းစုစီမံကိန်း(EMP)တစ်ရပ်ကို ကြိုတင်ပြင်ရပါလိမ့်မည်။ တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)ကို ပြောင်းလွယ်ပြင်လွယ်ဖြစ်သော၊ လက်တွေ့ကျသော ပုံစံမျိုးဖြင့် ကြိုတင် ပြင်ဆင်ထားရမည်။ ထိုစီမံကိန်း၏ အသေးစိတ်ဖြစ်သော အဆင့်များက သတ်သတ်မှတ်မှတ်ဖြစ်သည့် စီမံကိန်းခွဲနှင့် ဖော်ပြပြောဆိုရမည့် အကျိုးသက်ရောက်မှုသဘာဝတို့အပေါ် တွင် မူတည်လျက် ကွဲပြားခြားနားပါလိမ့်မည်။

သတ်မှတ်ထားသောနေရာများ၌ လိုအပ်ပါက တိုင်းရင်းသားလူနည်းစုစီမံကိန်း(EMP)တစ်ရပ်တွင် အောက် ဖော်ပြပါ အခြေခံသဘောတရားများ ပါဝင်ရပါမည်။ (စီမံကိန်းခွဲ၏ နယ်ပယ်အတိုင်းအတာ၊ အကျိုးကျေးဇူးများ၊ အကျိုးသက်ရောက်မှုများ၊ ဖြစ်ဖွယ်ရှိသည် အန္တရာယ်များနှင့် အချိုးကျဖြစ်ရမည်)။

(က) စီမံကိန်းအကြောင်း ဖော်ပြချက်နှင့် တိုင်းရင်းသားလူနည်းစုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများ အကြောင်း ဖော်ပြချက်အကျဉ်း။

(ခ) တိုင်းရင်းသားလူနည်းစုများနှင့် သက်ဆိုင်သည့်ဥပဒေကြောင်းဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် အကျဉ်းတစ်ခု။

(ဂ) ထိခိုက်မှုရှိနေသော တိုင်းရင်းသားလူနည်းစုလူမှုအသိုက်အဝန်းများ၏ သီးခြားတည်ရှိနေသည့် လူဦးရေ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးစရိုက်လက္ခဏာတို့နှင့် သက်ဆိုင်သည့်အခြေခံမျဉ်းပေါ်ရှိ သတင်းအချက်အလက် များ၊ အစဉ်အလာအားဖြင့် ထိုတိုင်းရင်းသားလူနည်းစုအသိုက်အဝန်းများ ပိုင်ဆိုင်သော သို့မဟုတ် ဓလေ့ထုံးတမ်း စဉ်လာအားဖြင့် အသုံးပြုနေသော သို့မဟုတ် နေထိုင်ကြသော နယ်မြေများနှင့် ပိုက်နက်နယ်ပယ်များဆိုင်ရာ အခြေခံမျဉ်းပေါ်ရှိ သတင်းအချက်အလက်များ၊ ထိုတိုင်းရင်းသားလူနည်းစုအသိုက်အဝန်းများ မှီခိုနေသော သဘာဝ အရင်းအမြစ်များဆိုင်ရာ အခြေခံမျဉ်းများပေါ်ရှိ သတင်းအချက်အလက်များ၊ ထိုတိုင်းရင်းသားလူနည်းစုအသိုက် အဝန်းများ မှီခိုနေရသာ သဘာဝအရင်းအမြစ်များဆိုင်းရာ အခြေခံမျဉ်းပေါ်ရှိ သတင်းအချက်အလက်များကို ပါဝင် ထည့်သွင်းထားသည့် လူမှုရေးအကဲဖြတ်မှု (SA)အကျဉ်း။

(ဃ) စီမံကိန်းခွဲကို လူမှုအသိုက်အဝန်းက ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ကူညီမှုကို ဖြစ်စေမည့် ထိခိုက်ခံနေ ရသည့် တိုင်းရင်းသားလူနည်းစုများနှင့် လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှု ရလဒ်များ ကို အကျဉ်းချုပ်ထားခြင်း။

(င) စီမံကိန်းခွဲ၏ ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်နေစဉ်ကာလအတွင်းတွင် ထိခိုက်ခံနေရသည့် တိုင်းရင်းသားလူနည်းစုများနှင့် လွတ်လပ်၍ ဦးစားပေးမှုရှိပြီး အသိပေးခြင်းရှိသည့် အတိုင်ပင်ခံမှု သေချာအောင် ပြုလုပ်ထားသည့် မူဘောင်တစ်ခု။

(စ) ယဉ်ကျေးမှုအရ သင့်လျော်သည့် လူမှုရေး၊ စီးပွားရေး အကျိုးကျေးဇူးများကို ထိခိုက်ခံနေရသည့် တိုင်းရင်းသားလူနည်းစုများက ရရှိကြပါသည်ဟု သေချာအောင် ပြုလုပ်ထားသည့် ဆောင်ရွက်မှုအတိုင်းအတာများ။

(ဆ) ဆိုးဝါးထိခိုက်သည့် အကျိုးသက်ရောက်မှုများအတွက် လျော်ကြေးပေးရမည့်၊ ထိုအကျိုးသက်ရောက်မှု များကို လျှော့ချပေးမည့်၊ အနည်းဆုံးဖြစ်အောင် ပြုလုပ်ပေးမည့်၊ ရှောင်ရှားမည့် စီမံဆောင်ရွက်မှုအတိုင်းအတာများ။

(ဇ) တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)အတွက် ကုန်ကျစရိတ် ခန့်မှန်းခြေများနှင့် ငွေကြေးထောက်ပံ့မှု ပေးမည့် စီမံကိန်း။

(ဈ) ထိခိုက်ခံရသည့် တိုင်းရင်းသားလူနည်းစုများ လက်လှမ်းမီနိုင်သော၊ နားလည်လွယ်သော နစ်နာမှုကို လျော်ကြေးပေးသည့် ယန္တရားများ။

(ည) တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)ကို အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ အစီရင်ခံခြင်းများ

ထိခိုက်ခံရသည့် တိုင်းရင်းသားလူနည်းစုများ နှင့် အတိုင်ပင်ခံမှုပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ထားသည့် တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)မူကြမ်းကို လူမှုအသိုက်အဝန်းအဖွဲ့ဝင် အကုန်လုံးအတွက် သင့်လျော်သော၊ နားလည်လွယ်သော ဘာသာစကားပုံစံမျိုးဖြင့် လူသိရှင်ကြား ထုတ်ဖော်ချပြရမည်၊ ဒေသဆိုင်ရာ လူမှုအသိုက် အဝန်းများအား ဝေပေးရမည်။ တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)ကို အင်္ဂလိပ်ဘာသာစကား သို့မဟုတ် မြန်မာဘာသာစကားဖြင့် ကြိုတင်ပြင်ဆင်ထားရမည်။ တိုင်းရင်းသားလူနည်းစုများအား ပရောဂျက်ခွဲနှင့် တိုင်းရင်း သားလူနည်းစုစီမံကိန်း (EMP) သတင်းအချက်အလက်များကို စီစဉ်ပေးခြင်းသည် လိုအပ်သည်၊ အပြုသဘော ဆောင်သည်ဟု အကယ်၍ ယူဆပါက ထိုတိုင်းရင်းသားလူနည်းစုစီမံကိန်းကို သက်ဆိုင်ရာ တိုင်းရင်းသားလူနည်းစု ဘာသာစကားများသို့လည်း ပြန်ဆိုပေးရပါမည်။[1] အကယ်၍ တိုင်းရင်သားလူနည်းစုစီမံကိန်း (EMP)ကို မြန်မာ ဘာသာစကားဖြင့် ကြိုတင်ပြင်ဆင်ထားခဲ့လျှင် တစ်နည်းတစ်ဖုံအားဖြင့် ကမ္ဘာ့ဘဏ်နှင့် သဘောတူညီမှု မရသေး သည့်တိုင် ကမ္ဘာ့ဘဏ်က ပြန်လည်ဆန်းစစ်သုံးသပ်မှုများကို ပြုလုပ်နိုင်ရန်အလို့ငှာ ယင်းစီမံကိန်းကို အင်္ဂလိပ် ဘာသာစကားသို့ ပြန်ဆိုပေးထားသင့်ပါသည်။

## ၉။ အဖွဲ့အစည်းဆိုင်ရာအစီအစဉ်

သက်ဆိုင်ရာ CIUs များဖြင့် ဆောင်ရွက်လျက် အကောင်အထည်ဖော်နေသည့် အေဂျင်စီနှစ်ခု က ရေကြီးရေလျှံမှုဖြစ်ခြင်းနှင့် မြေပြိုမှုဖြစ်ခြင်းများတွင် အရေးပေါ်ကယ်ဆယ်ရေး စီမံကိန်း(FLERP)နှင့် စီမံကိန်း ခွဲများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆောင်ရွက်မှုများအတွက် တာဝန်ယူရပါလိမ့်မည်။ ဤရည်ရွယ်ချက်ကို ပြည့်မီရန်အတွက် ထိုCIUs များတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဘေးအန္တရာယ်ကာကွယ်မှု အရာရှိများနှင့်အတူ ဝန်ထမ်းများကို လုံလောက်လောက် ခန့်ထားရပါလိမ့်မည်။ စီမံကိန်းခွဲအသီးသီးကို သတ်မှတ် ပြီးသည်နှင့်တစ်ပြိုင်နက် သတ်သတ်မှတ်မှတ်ရှိနေသည့် စီမံကိန်းခွဲကို အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်တာဝန်များနှင့် တာဝန်ယူမှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်နေအောင် တာဝန်ယူထားသော CIUက ပြုပ်လုပ်ရပါလိမ့်မည်။ ESMP သို့မဟုတ် ESIAအတွက် စစ်ဆေးမှုအစီအရင်ခံစာနှင့် မူကြမ်း TORကို ဖန်တီးရန်အတွက် ထို CIUsများက တာဝန်ယူရမည်ဖြစ်ပြီး လိုအပ်ပါက တိုင်းရင်းသားလူနည်းစုစီမံကိန်း (EMP)တစ်ခုကိုလည်း ကြိုတင်ပြင်ဆင်ထားရန် အလို့ငှာ တာဝန်ယူရ ပါလိမ့်မည်။ စီမံကိန်းခွဲသး ဘေးအန္တရာယ်ကာကွယ်ရေး ကိရိယာတန်ဆာပလာများကို ထုတ်ဖော်ဖွင့်ပြပေးရန် အတွက် CIUsများက တာဝန်ယူရမည်ဖြစ်ပြီး ဒေသဆိုင်ရာ လူမှုအသိုက်အဝန်းများ၊ အခြားသော သက်ဆိုင်ရာ ပါဝင်ပတ်သက်နေသူများနှင့် အတိုင်ပင်ခံမှုပြုရန်အတွက်လည်း တာဝန်ယူရပါလိမ့်မည်။ ESMF ကို အကောင်အထည်ဖော်ကြမည့် စီအိုင်ယူ(CIUs)နှစ်ခုကို အကူအညီပေးရန်အတွက် လိုအပ်

ပါက ဘေးအန္တရာယ်ကာကွယ်ရေး အတိုင်ပင်ခံပညာရှင်များကို ငှားရမ်းရပါလိမ့်မည်။ (အသေးစိတ်များကို ထပ်သိ လိုပါက ESMFကို ညွှန်းပါသည်)။

## ၁၀။ အရေးပါသည့် Stake holder ၏ လုပ်ငန်းစွမ်းရည်

FLERP ဘေးကင်းလုံခြုံမှု အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း များကို အကောင်အထည်ဖော်ကာလအတွင်း ထပ်မံပုံစံဒီဇိုင်းရေးဆွဲမည်ဖြစ်ပြီး လက်ရှိလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစွမ်းရည်အပေါ် အခြေခံ၍ဆောင်ရွက်ပါမည်။

FLERP သည် MOC အတွက် ပထမဦးဆုံး၊ ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့်စီမံကိန်းဖြစ်သည်။ MOC သည် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသည့်စီမံကိန်းများနှင့် အခြားဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖြစ်သည့် jica, UNDP တို့မှ ပံ့ပိုးသည့် စီမံကိန်းများ အကောင်အထည်ဖော်ရန် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုနှင့် အတွေ့အကြုံများရှိ ပါသည်။ MOC တွင် ADB မှ ပံ့ပိုးစီမံကိန်းအတွက် စီမံကိန်းစီမံခန့်ခွဲရေး ယူနစ်များ ယခင်ဖွဲ့စည်းထား ရှိခဲ့သလို ဘေးကင်းလုံခြုံမှု အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုလည်း ရှိပါသည်။

မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (MLFRD) လက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD)သည် ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်စီမံကိန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံ အများဆုံးရှိသည့် အစိုးရဦးစီးဌာနတစ်ခုဖြစ်သည်။ ထို့ပြင် DRD သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် အကြီးဆုံးစီမံကိန်းဖြစ်သည့် အမျိုးသားအဆင့် လူထုဗဟိုပြု စီမံကိန်း (NCDD) (USD ၄၈၀ သန်း) နှင့် အမျိုးသားလျှပ်စစ်ဓါတ်အားပေးရေး စီမံကိန်းမဟာဓါတ်အားလိုင်း ပြင်ပဓါတ်အား ပေး စီမံကိန်းအပိုင် (USD ၉၀ သန်း) များကို လက်တလော အကောင်အထည်ဖော်လျက်ရှိသည်။ DRD အနေဖြင့် ကျေးလက်ဒေသအခြေခံ အဆောက်အအုံပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည့် ဘေးကင်း လုံခြုံမှုအစီအစဉ် သတ်မှတ်ချက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လေ့လာစစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိပါသည်။

အကောင်အထည်ဖော်ကာလအတွင်း အသေးစိတ်လုပ်ငန်းစွမ်းရည် မြှင့်တင်ခြင်း လိုအပ်ချက်များ၊ အကဲဖြတ်စစ်ဆေးခြင်းနှင့် လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ပါမည်။ လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်း အစီအစဉ်တွင် အသေးစိတ် နည်းပညာဆိုင်ရာ ပံ့ပိုးမှု၊ သင်ကြားသခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် ဆောင်ရွက်ရင်း သင်ယူ လုပ်ငန်းများ ပါဝင်နိုင်ပါသည်။

PISU တိုင်းတွင် ဤ RPF အကောင်အထည်ဖော်ခြင်းကို ခြောက်လတစ်ကြိမ် ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာ ဘေးကင်းလုံခြုံရေးပညာရှင်တစ်ဦးကို ယှဉ်ပြိုင်မှုအခြေခံဖြင့် ရွေးချယ်ခန့်အပ်ပါမည်။ အဆိုပါ နိုင်ငံတကာ ဘေးကင်းလုံခြုံရေးပညာရှင်သည် အမျိုးသားအဆင့် အစိုးရကိုယ်စားပြုပုဂ္ဂိုလ်များ၊ အကြံပေးများနှင့်အတူ ပူးပေါင်း၍ ဤ RPF ပါ လုပ်ငန်းများကို ဆောင်ရွက်ပါမည်။ ထို့အပြင် အဆိုပါ နိုင်ငံတကာ ဘေးကင်းလုံခြုံရေး ပညာရှင်သည် လုပ်ငန်းစွမ်းရည်

အကဲဖြတ်စစ်ဆေးမှုကို ဆောင်ရွက်၍ PSIU အတွက် လုပ်ငန်းစွမ်းရည် မြှင့်တင်မှုအစီအစဉ်ကို ရေးဆွဲရပါမည်။ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းစဉ်များ ၎င်း RPF ပါ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ အသိပညာမျှဝေရန် လုပ်ငန်းစွမ်းရည်မြှင့်တင်မှု အစီအစဉ်တွင် စနစ်ကျသည့် သင်တန်းအစီအစဉ်များ၊ သင်ကြားပြသခြင်း၊ အသေးစိတ်နည်းပညာပံ့ပိုးမှု၊ ဆောင်ရွက် ရင်း သင်ယူ သင်တန်းများနှင့် အခြား လုပ်ဆောင်မှုများ ပါဝင်နိုင်ပါသည်။

## ၁၁။ လေ့လာစစ်ဆေးခြင်းနှင့် နစ်နာမှုဆိုင်ရာလုပ်ငန်းစဉ်များ

၎င်းစီမံကိန်းတွင် အောက်ပါတို့ သေချာစွာ ဆောင်ရွက်နိုင်စေရန် ခိုင်မာအားကောင်းသော လေ့လာစစ်ဆေး အကဲဖြတ်ခြင်း (M&E) စနစ် ပါဝင်ပါမည်။

(ဃ) စီစဉ်ရေးဆွဲထားသည့်အတိုင်း အချိန်နှင့်တပြေးညီ ထိရောက်သော အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းကာလလယ် ထိန်းကျောင်းတည်မတ်ခြင်းလုပ်ငန်းများ လိုအပ်သလို ဆောင်ရွက်ခြင်း။

(င) ၎င်း၏ ဦးတည်ချက်များတွင် မျှော်မှန်းထားသည့် အကျိုးရလဒ်များ ပြီးမြောက်အောင်မြင်မှု တိုင်းတာခြင်း နှင့် အနာဂတ်ဆောင်ရွက်မှုများအတွက် သင်ခန်းစာများရယူခြင်း။

(စ) MMPF နှင့်အတူ ESMF အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်၏ ဘေးကင်းလုံခြုံရေးမူဝါဒများ တွင် ပါဝင်သည့် သတ်မှတ်ချက်များ ဖြည့်ဆည်းနိုင်ရေး စသည်တို့ ဖြစ်ပါသည်။

CIU များသည် စီမံကိန်းခွဲများအတွက် EMP အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို လေ့လာ စစ်ဆေးရန် တာဝန်ယူရပါမည်။ အဆိုပါလေ့လာစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ဒေသခံ CIU အဆင့် လုပ်ငန်းစွမ်းရည်မြှင့်တင်မှုများအတွက် အားထုတ်ကြိုးပမ်းရမည်။ TA/ အကြံပေးအဖွဲ့များသည် စီမံကိန်းခွဲ လေ့လာစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် CIU များကို ပံ့ပိုးကူညီရမည်ဖြစ်ပြီး ဒေသခံ NGOများနှင့် CSO များကိုလည်း စီမံကိန်းခွဲများ စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လေ့လာစစ်ဆေး ရေး လုပ်ငန်းများ ပံ့ပိုးရေးအတွက် အသုံးပြုပါမည်။ M&E တွင် အရည်အသွေးဆိုင်ရာ လေ့လာစစ်ဆေး ခြင်းနှင့် အကျိုးခံစားခွင့်ရှိမှုများဆိုင်ရာ အကဲဖြတ်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး အဓိက အစုအဖွဲ့ ဆွေးနွေးပွဲများ၊ အရေးပါသည့် အချက်အလက် ပံ့ပိုးနိုင်သူများနှင့် တွေ့ဆုံးမေးမြန်းမှုများ အခြားပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်သော နည်းစနစ်များကို အသုံးပြု၍ လူမှုရေးရာပြောင်းလဲလှုပ်ရှားမှုများ၊ တိုင်းရင်းသား အစုအဖွဲ့များ၊ အမျိုးသမီးများနှင့် ချို့တဲ့နွမ်းပါးမှု အများဆုံးသော အစုအဖွဲ့များ စသည်တို့အပေါ် အဓိက ထား ဆောင်ရွက်ပါမည်။

လေ့လာစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ် အသေးစိတ်ဖော်ပြချက်များကို အခန်း(၁၅)၊ ESMF ၏ ပင်မ စာကိုယ်တွင် ဖော်ပြထားပါသည်။

နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ် (GRM)ကို ပြည့်စုံလုံလောက်သည့် အရင်းအမြစ်များ၊ ရှင်းလင်းသည့် တာဝန်ဝတ္တရားအခန်းကဏ္ဍများ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ အပါအဝင် PMU ၏ လုပ်ငန်း အကျိုးသက်ရောက်မှု မတိုင်မီ ဆောင်ရွက်ရမည်။ GRM ၏ ဦးတည်ချက်မှာ စီမံကိန်းအကောင်အထည် ဖော်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏တောင်းခံသမှုနှင့် (သို့) လက်ခံဖြေရှင်းဆောင်ရွက်ရန်ဖြစ်သည်။ ဖြစ်နိုင်ပါက GRM ကို ကျေးရွာကော်မတီ/မြို့နယ်အဆင့်များရှိ

လက်ရှိဒေသအဖွဲ့အစည်းများအပေါ် အခြေခံ၍ ဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံရှိ အမျိုးသားအဆင့် လူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း (NCDD)အရ ဖွဲ့စည်းထားသော လက်ရှိ GRMနှင့် ပတ်သက်၍ အလေးအနက်ထား စဉ်စားရန်ဖြစ်သည်။) GRM ၏ လုပ်ငန်းစဉ်များနှင့် အသုံးပြုနိုင်မှုများအတွက် ပြည်သူများသိရှိနားလည် စေရန် ဆက်သွယ်ရေးအစီအစဉ်ကိုလည်း ဆောင်ရွက်ရမည်။ ပြည်သူ့ရေးရာကြားနာမှုများ (သို့) ICT အသုံးပြုနိုင်ငံသားဝေဖန် အကြံပြု Platform များမှတဆင့် တည်ဆောက်ရေးလုပ်ငန်းများအပေါ် ရပ်ရွာ ပြည်သူများမှ လေ့လာစစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရန် နည်းလမ်းများ ဖန်တီးရမည်။ GRM ၏ ထိရောက်ဖြစ်ထွန်းမှုအား ပုံမှန်လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်ကိုလည်း ဤစီမံကိန်း၏ လေ့လာစစ်ဆေး အကဲဖြတ်နည်းလမ်းများ ထည့်သွင်းရမည်။ ပုံမှန် M&E လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါမေးခွန်းများ ပါဝင်ပါမည်။

(ည) နစ်နာမှုများ ဖြေရှင်းရေးအတွက် စီမံကိန်းတွင် စနစ်ကျရှင်းလင်း၍ ပွင့်လင်းမြင်သာသောအဖွဲ့အစည်း တွင် လုပ်ငန်းစဉ်နှင့် စည်းမျဉ်းများရှိပါသလား။

(ဋ) စီမံကိန်း၏ နစ်နာမှု ဖြေရှင်းရေးတာဝန်ခံ အရာထမ်းများအနေဖြင့် ဖြေရှင်းရေး ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် (သို့) တောင်းဆိုရန် လုပ်ပိုင်ခွင့်/အခွင့်အာဏာရှိပါသလား။

(ဌ) နစ်နာမှုများဖြေရှင်းရေး တာဝန်ခံအရာထမ်းများသည် နစ်နာမှုကိစ္စရပ်များ အားလုံးအတွက် ဖြေရှင်းရန် တာဝန်ရှိပါသလား။

(ဍ) စီမံကိန်းသက်ရောက်မှုခံရသည့် ပုဂ္ဂိုလ်များသည် ၎င်းတို့အနေဖြင့် ခြိမ်းခြောက်အနိုင်ကျင့်မှုများကို စိုးရိမ်ပူပန်ရန်မလိုဘဲ နစ်နာမှုများ တိုင်ကြားနိုင်သည်ဟု ထင်မြင်ယူကြပါသလား။

(ပ) ယေဘူယျအားဖြင့် စီမံကိန်းအကျိုးခံစားခွင့်ရှိသူများသည် နစ်နာမှုများ တင်ပြနိုင်ခွင့်နှင့် နစ်နာမှုဖြေရှင်း ရေး လုပ်ငန်းစဉ်များ စသည်တို့နှင့်ပတ်သက်၍ သိရှိနားလည်ကြပါသလား။

(ဏ) နစ်နာမှုများနှင့် ဖြေရှင်းဆောင်ရက်မှုများကို မှတ်တမ်းတင်ခြင်း၊ ခြေရာခံခြင်းနှင့် လေ့လာစစ်ဆေးခြင်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းတွင် လုပ်ငန်းစဉ်များ နေသားတကျရှိပါသလား။

(တ) ဖြေရှင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ တိုင်ကြားသူများထံ GRM မှ အချိန်နှင့်တပြေးညီ အကြံပြု မှတ်ချက်များ (စာဖြင့် (သို့) အခြားနည်းလမ်း) ဖြည့်ဆည်းပေးပါသလား။

(ထ) အကယ်၍ တိုင်ကြားသူများမှ ၎င်းတို့၏နစ်နာမှုများ ဖြေရှင်းသည့်နည်းလမ်းကို ကျေနပ်မှုမရှိပါက GRM အသုံးပြုသူများမှ အသုံးပြုနိုင်မည့် အယူခံလုပ်ငန်းစဉ်များ နေသားတကျရှိပါသလား။

GRM နှင့် လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်များ အသေးစိတ်ဖော်ပြချက်ကို ESMF ပင်ပစာကိုယ်၏ အခန်း(၁၅)တွင် တင်ပြထားပါသည်။

## ၁၂။ ဘတ်ဂျက်

ဤ EMPF အကောင်အထည်ဖော်ခြင်းကို လွှမ်းခြုံ FLERP ဘတ်ဂျက်တွင် ပေါင်းစပ်ထည့်သွင်းပါမည်။ လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်း နှင့် EMPF စီစဉ်ပြင်ဆင်ခြင်း စသည့် EMPF အကောင်အထည်ဖော်မှု ပံ့ပိုးရေး ကုန်ကျစရိတ်များသည် ESMF ဘတ်ဂျက်တွင် ပါဝင်ပါသည်။

## ၁၃။ အကြံပြုဆွေးနွေးခြင်းနှင့် အသိပေးဖော်ပြခြင်း

ဤစီမံကိန်းအနေဖြင့် ဤ ESMF တွင်ဖော်ပြထားသည့်အတိုင်း စီမံကိန်း၏ဘေးကင်းလုံခြုံရေးဆိုင်ရာ ရှုထောင့်များနှင့်စပ်လျဉ်း၍ ပူးပေါင်းပါဝင်ဆောင်ရက်ခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ အသိပေးဖော်ပြခြင်း စသည့် လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်အဖွဲ့၏ ဘေးကင်းလုံခြုံရေး မူဝါဒများကို လိုက်နာရပါမည်။ ဤ စီမံကိန်းသည် အဓိပ္ပါယ်ပြည့်ဝသော အကြံပြုဆွေးနွေးပွဲများဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၎င်းမှာ စီမံကိန်းအကျိုးခံစားခွင့်ရှိသူများ အနေဖြင့် ဒီဇိုင်းပုံစံ (သို့) ၎င်းတို့၏နေထိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်သည့် အဆိုပြုစီမံကိန်းခွဲနှင့် ပတ်သက်၍ အကြံဉာဏ်နှင့် ဖြည့်စွက်ချက်များဖြည့်ဆည်းပေးနိုင်သည့် (two-way) လုပ်ငန်းစဉ်တရပ်ဖြစ်ပါသည်။ အဓိပ္ပါယ်ပြည့်ဝသောအကြံပြုဆွေးနွေးခြင်းများသည် စီမံကိန်းနှင့် စီမံကိန်းခွဲများ၏ သက်ဆိုင်ရာကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန် အစိုးရ၊ ပြည်သူ၊ NGOs များနှင့် အကောင်အထည်ဖော်ရေးအေဂျင်စီများအကြား တိုင်ပင်ဆွေးနွေးမှုများ တိုးတက်လာစေပါသည်။ အကြံပြုဆွေးနွေးခြင်းသည် ပုံမှန်ဆောင်ရွက်နေမည့်လုပ်ငန်းစဉ် ဖြစ်ပြီး စီမံကိန်းခွဲပြင်ဆင်ဆောင်ရွက်ခြင်းကာလတွင်သာမက အကောင်အထည်ဖော်ကာလများတွင်ပါ ဆောင်ရွက် သွားပါမည်။ စီမံကိန်း၏ သက်ရောက်မှုခံရသည့် ပြည်သူများနှင့် အကြံပြုဆွေးနွေးခြင်းများကို ဤစီမံကိန်းပြင်ဆင်ရေး လုပ်ငန်းအစိတ်အပိုင်းတခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအကောငအထည်ဖော်ကာလတလျှောက်လုံးတွင် လည်း ဆက်လက်ဆောင်ရွက်သွားပါမည်။

နောက်ဆုံးမှတ်တမ်းတင်ထားမှုများသည် အများပြည်သူအတိုင်ပင်ခံမှုများကို ပြုလုပ်စဉ်ကာလများအတွင်း က ပေးအပ်လိုက်သော ထင်မြင်ချက်မှန်သမျှနှင့်/သို့မဟုတ် အကြံပြုချက်မှန်သမျှကို ထင်ဟပ်နေရပါလိမ့်မည်။ ထိုအတိုင်ပင်ခံမှုများ၏ အကျိုးရလဒ်ကို ထင်ဟပ်မှုရှိနေရန်အတွက်တိုင်းရင်းသားလူနည်းစုစီမံကိန်းမူဘောင် (EMPF)ကို စိစစ်ပြင်ဆင်ရပါသည်။ ဥပမာအားဖြင့် ယင်းအတိုင်ပင်ခံမှုများ၏ အကျိုးရလဒ်ထဲတွင် အန်ဂျီအိုများ၊ အရပ်သားလူ့အဖွဲ့အစည်းအသင်းအဖွဲ့ (CSOs)များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ပို၍ အာရုံစိုက်ခြင်းနှင့် စီမံကိန်း၏ ပါဝင်ဆောင်ရွက်နိုင်သော စီမံကိန်းနည်းလမ်းများအပေါ် ပို၍ အာရုံစိုက်ခြင်းများကို အကြံပြုထားခြင်း မျိုးဖြစ်သည်။ နောက်ဆုံးတိုင်းရင်းသားလူနည်းစုစီမံကိန်းမူဘောင်(EMPF)ကို မြန်မာဘာသာစကားမှုနှင့် အင်္ဂလိပ် ဘာသာစကားမှုများဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MLFRD)နှင့် ဆောက် လုပ်ရေးဝန်ကြီးဌာန(MoC)တို့၏ ဝက်ဘ်ဆိုက်များတွင် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုထားရပါလိမ့်မည်။

ကမ္ဘာ့ ဘဏ်၏ အများပြည်သူ အတိုင်ပင်ခံခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်း မူဝါဒကို လေးစားလိုက်နာ၍ ကမ္ဘာ့ဘဏ်၏ သတင်းအချက်အလက်ဆိုင် (InfoShop)တွင် ၎င်းစီမံကိန်းမူဘောင်ကို အင်္ဂလိပ်ဘာသာစကားမှုဖြင့် ထုတ်ဖော်ပြောဆိုထားပါလိမ့်မည်။ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဒေသဆိုင်ရာ လူမှုအသိုက်အဝန်းများ နားလည်နိုင်သော ပုံစံမျိုးဖြင့် အီးအက်စ်အမ်အက်ဖ်(ESMF)နှင့် တိုင်းရင်းသားလူနည်းစုစီမံကိန်းမူဘောင်(EMPF) များ၏ ရည်မှန်းချက်များ၊ သတ်မှတ်ချက်များကို ရှင်းပြထားသည့် အချက်အလက်အကျဉ်းချုပ်ပြုလုပ်ထားသော အရာများနှင့် ကြိုတင်ပြင်ဆင်ထားရပါလိမ့်မည်။ အဓိက တိုင်းရင်းသားလူနည်းစုဘာသာစကားများဖြင့် ဖတ်ရှုနိုင် သော လူဦးရေအချိုးကျအုပစုရှိနေသည့် ထိုအဓိက တိုင်းရင်းသားလူနည်းစုဘာသာစကားများသို့လည်း ၎င်းကြိုတင် ပြင်ဆင်ထားမှုများကို ပြန်ဆိုထားရပါလိမ့်မည်။

## ပူးတွဲ(၇) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များ (ကျေးလက်လမ်းများ)

ကျေးရွာများအချင်းချင်း (သို့) ကျေးရွာများနှင့် မြို့များအား ဆက်သွယ်ထားသော လမ်းများ

ယေဘုယျသတ်မှတ်ချက်များ

(က) ဆောက်လုပ်ရေးလုပ်ငန်း စွန့်ပစ်ပစ္စည်းများအားလုံး (မြေအခဲများအပါအဝင်) အား အတည်ပြုထားသည့် စွန့်ပစ်နေရာများတွင် စွန့်ပစ်ထားရှိမှုများ ကြီးကြပ်ခြင်း (မြစ်များ၊ ချောင်းများ၊ ရေကန်များနှင့် စိမ့်မြေအရပ်များမှ မီတာ ၃၀၀ အထက်အကွာအဝေးရှိ) ဆောက်လုပ်ရေးလုပ်ငန်း ကာလအတွင်း ထွက်ရှိလာသည့် အမှိုက်သရိုက်များ၊ သတ္တုများ၊ ပိုလျှံပစ္စည်းများ (လောင်စာဆီ၊ ဆီနှင့်အမဲဆီ) များအားလုံးကို သတ်မှတ်ဧရိယာများတွင် စွန့်ပစ်ရမည်။ အသုံးပြုပြီး စက်ဆီ၊ ချောဆီများသည် ရေနှင့် မြေဆီလွှာကို ညစ်ညမ်းစေနိုင်သောကြောင့် မြေပြင်ပေါ်နှင့် ရေထု အတွင်းသို့ စွန့်ပစ်ခြင်းမပြုရပါ။ စီမံကိန်းခွဲအမျိုးအစား၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကာကွယ်တားဆီးရေး/ လျော့ပါးသက်သာရေး အစီအစဉ်များ

(ခ) မြေတိုက်စားမှု ထိန်းချုပ်ရေးအစီအစဉ်များကို မိုးရာသီမစတင်မီ (ဆောက်လုပ်ရေးလုပ်ငန်း ပြီးစီးပြီးနောက် မကြာမီဖြစ်လျှင် ပိုမိုကောင်းမွန်) ဆောင်ရွက်သင့်သည်။ အစီအစဉ်များကို ပေါက်ပင်၊ ပျိုးပင်များ အောင်မြင်စွာ ထူထောင်ပြီးစီးသည့် အချိန်အထိ ထိန်းသိမ်းရန်နှင့် ပြန်လည်အသုံးပြုရန်

(ဂ) နုန်းတင်မှု ထိန်းချုပ်ရေး တည်ဆောက်ထားရှိမှုများကို မိုးရေစီးဆင်းမှုအရှန်လျော့ချ (သို့) လမ်းကြောင်း ပြောင်းလဲရန်နှင့် ပေါက်ပင်၊ ပျိုးပင်များ ထူထောင်ပြီးစီးသည့် အချိန်အထိ နုန်းတင်မှု ထိန်းသိမ်းရန် လိုအပ်သည့် နေရာများတွင် အသုံးပြုသင့်သည်။

(ဃ) လေကြောင်း မြေတိုက်စားမှုဖြစ်ပေါ်ခြင်းကို လျော့ချရန် ဖုံထူသည့်လမ်းများ၊ လမ်းပိုင်းများ၊ ဖြည့်/ဖို့ ပစ္စည်းများ၊ မြေစာပုံများ/သဲပုံများကို လိုအပ်သလို ရေဖြန်းခြင်း ဆောင်ရွက်ရန်

(င) ပင်မသစ်တောများကို ဖြတ်၍ လမ်းတည်ဆောက်မှုများသည် တရားမဝင် သစ်ခုတ်ခြင်းများအတွက် လမ်းဆက်သွယ်မှုဖြစ်စေနိုင်သောကြောင့် ရှောင်ရှားရန်

(စ) တည်ငြိမ်မှုမရှိသည့် မြေများ၊ မတ်စောက်သော လျှောစောင်းများနှင့် မြစ်ကမ်းပါး အနီးအနားတွင် လမ်း တည်ဆောက်မှုများ ရှောင်ရှားရန် လမ်းချိန်ညှိခြင်းအတွက် အခြားနည်းလမ်း ဆောင်ရွက်ရန် မရှိသည့် အချိန်မျိုးတွင် ထပ်ဆောင် အစီအစဉ်များ အသုံးပြုရန် လိုအပ်သည်။ (အောက်တွင် ဖော်ပြထားသော အပိုင်းကို ကြည့်ပါ။)

အောက်ပါအစီအစဉ်များ အသုံးပြု၍ ဆင်ခြေလျှောများကို မြေပြို/မြေတိုက်စားခြင်းမှကာကွယ်ခြင်း

(က) မြေတိုက်စားနိုင်ခြေရှိသည့် ဆင်ခြေလျှောများတွင် ကြီးထွားမြန်သော ဒေသတွင်းမြက်ပင်များ စိုက်ပျိုးခြင်း၊ အဆိုပါမြက်ပင်များသည် ဆင်ခြေလျှောတည်ငြိမ်မှုကို အထောက်အကူဖြစ်စေပြီး မးနှင့် မိုးရေစီးဆင်းမှု ကြောင့် ဖြစ်သော

မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ပေးသည်။ တည်ငြိမ်မှုရှိစေရေးအတွက် ဒေသတွင်း ရရှိနိုင်ပြီး၊ ကြီးထွားမှုကောင်းမွန်၍ သိပ်သည်းစွာပေါက်ရောက်မှုရှိပြီး၊ နက်ရှိုင်းသည့် အမြစ်များရှိသော မျိုးစေ့စိတ်များကို အသုံးပြုရသည်။

(ခ) အထူးသဖြင့် မိုးရေချိန်သိပ်သည်းများပြားပြီး ဆင်ခြေလျှောထိ တွေ့မှုရှိသည့် နေရာများတွင် ကြားဖြတ် မြောင်းများ ဖြည့်ဆည်းခြင်း၊ အဆိုပါမြောင်း အမျိုးအစားများသည် မြေပြင် မိုးရေစီးဆင်းမှုများကို နက်ရှိုင်း သည့် ဆင်ခြေလျှောများသို့ မရောက်မီ မြေတိုက်စားနိုင်သော ဧရိယာများနှင့် လျှောစောင်းများ ဝေးရာသို့ ကြားဖြတ်သယ်ဆောင်နိုင်ခြင်းကြောင့် မြေပြင်မြေတိုက်စားမှု အလားအလာကို လျှော့ချပေးနိုင်သည်။

(ဂ) မတ်ဆောက်သည့် ဆင်ခြေလျှောများအတွက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်မှုရှိစေရန် လှေကားထစ်တမံများလိုအပ်သည်။

(ဃ) မတည်ငြိမ်သည့် လျှောစောင်းများ၏ အောက်ဖက်ပိုင်းတွင် ထိန်းသိမ်းနံရံများထားရှိရမည်။ ၎င်းနံရံများတွင် လမ်း sub-base များ၏ ရေစီးဆင်းမှုအတွက် နံရံအပေါ်ဖိအားသက်ရောက်မှုများ လျှော့ချရန် ရေထုတ်ပေါက်များပါရှိရန် လိုအပ်သည်။

(င) ဆင်ခြေလျှောများကာကွယ်ရေးအတွက် အောက်ခြေ (riprap) ကျောက်တုံးများကိုလည်း ထပ်ဆောင်းအသုံးပြုနိုင်သည်။

(စ) လမ်းမျက်နှာပြင်မှအရှိန်ဖြင့် စီးကျလာမည့်ရေများကို ကြီးမားလုံလောက်သော ရေနုတ်မြောင်းများဖြင့် တားဆီးရန်နှင့် အဆင်းဆင်ခြေလျှောများမှဝေးရာသို့ ရေစီးဆင်းစေရန်

**မြေအောက်မြောင်း/ပိုက်လိုင်းများ**

(က) မြေအောက်/ပိုက်လိုင်းများအတွင်းမှ ပုံစံချပစ္စည်းများအားလုံးကို ဖယ်ရှားရန် (ကွန်ကရစ်အနေဖြင့် အပြည့်အဝ ခိုင်မာမှုအခြေအနေရောက်ရှိပြီးနောက်) မဖယ်ရှားသည့် ပုံစံချပစ္စည်းများသည် တဖြည်းဖြည်းချင်းဆွေးမြေ့ပြိုပျက်ပြီး ရေစီးဆင်းမှုကို အတားအဆီးဖြစ်စေသည်။

(ခ) ရေတိုက်စားခြင်းကို ကာကွယ်ရန် မြေအောက်ပိုက်လိုင်းများ၏ အထွက်တွင် ကြီးမားသည့် ကျောက်တုံးများထားရှိရန်

(ဂ) ရေအောက်ပိုက်လိုင်း၏ အဝင်ဖက်တွင် မြေနှင့်ကျောက်စရစ်ခဲများ မရှိစေရန် ထိန်းသိမ်း၍ ၎င်းပိုက်လိုင်းသို့ ရေဖြတ်သန်းစီးဆင်းစေရန်ဆောင်ရွက်ရမည်။

(ဃ) မြေအောက်ပိုက်လိုင်းအဝင်ဝတွင် မြေသဲများစုပုံခြင်းမဖြစ်စေရန် ပိုက်လိုင်းအထက်ဖက်တွင် သဲကာများတည်ဆောက်ရမည်။ (သဲကာများကို ပုံမှန်ကာလအပိုင်းအခြားဖြင့် သန့်ရှင်းရေး ဆောင်ရွက်ရမည်။)

(င) နီးစပ်ရာလမ်းအပိုင်းများမှ ရေများ၊ လမ်းဘေးရှိရေနုတ်မြောင်းအတွင်းသို့ ကောင်းစွာစီးဆင်းနိုင်စေရေး ကြပ်မပ်ဆောင်ရွက်ရမည်။

## ပူးတွဲ (၈)

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်များ (ကျောက်ကျင်းများ တူးဖော်ဆောင်ရွက်ခြင်း)

### ဦးတည်ချက်

ဤသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်၏ ဦးတည်ချက်မှာ ကျောက်ကျင်းများတူးဖော်ဆောင်ရွက် ခြင်းအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များပြဋ္ဌာန်းရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ လျော့ပါးသက်သာစေရေးအသုံးပြုရမည့်လုပ်ငန်းနှင့် လုပ်ငန်းစဉ်များသတ်မှတ်ရန်တို့ဖြစ်သည်။

### အစီအစဉ်ရေးဆွဲခြင်းနှင့် ဒီဇိုင်းပုံစံ

### ကျောက်ကျင်းလုပ်ငန်းခွင်များ

ဖွံ့ဖြိုးရေးစီမံကိန်းစီစဉ်ရေးဆွဲစဉ်ကာလအတွင်း မြေတူးဖော်မှုလုပ်ငန်းများပါဝင်မည်ဖြစ်ပြီး အလားအလာ ရှိသော ကျောက်ကျင်းလုပ်ငန်းတည်နေရာများကိုလည်း ရွေးချယ်သတ်မှတ်ပါမည်။ အလားအလာရှိသော လုပ်ငန်း နေရာများနှင့်ပတ်သက်၍ စီမံကိန်းဆိုင်ရာ အများပြည်သူအကြံပြုဆွေးနွေးပွဲများအတောအတွင်း ဆွေးနွေးဆောင်ရွက် ပါမည်။

### မြေယာရယူခြင်း

ကျောက်ကျင်းများတူးဖော်ခြင်းအတွက် မြေယာဝယ်ယူခြင်း (သို့) ငှားရမ်းခြင်းများကို စီမံကိန်း ESMF တွင် သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်ရမည်။ စီမံကိန်းဆောက်လုပ်ရေးလုပ်ငန်းများတွက် အသုံးပြု နိုင်မည့် အလားအလာရှိသော ကျောက်ကျင်းနေရာများကို အကြံပေး/ပညာရှင်မှသတ်မှတ်ပါမည်။ အဆိုပါ အလားအလာရှိသောလုပ်ငန်းနေရာသတ်မှတ်ရာတွင် သင့်တော်သောပမာဏအရရေးဆွဲထားသည့် အစီအစဉ်များ အပေါ် အခြေခံရမည်ဖြစ်ပြီး ၎င်းအစီအစဉ်များကို အများပြည်သူအကြံပြုဆွေးနွေးပွဲများအတွင်း ဖော်ပြဆွေးနွေးရ မည်။

### လုပ်ငန်းနေရာ အစီအစဉ်များ (Site plan)

ကျောက်ကျင်းတူးဖော်ခြင်းအတွက် လုပ်ငန်းနေရာအစီအစဉ်များသည် တင်ဒါလုပ်ငန်းအတွက်ထုတ်ပြန်သည့် ပုံကြမ်းများတွင် ပါဝင်ရမည်ဖြစ်ပြီး အသေးစိတ်သတ်မှတ်ချက်များအနေဖြင့် ကျောက်ကျင်းတူးဖော်ဆောင်ရွက်ခြင်းနှင့် ဆက်နွယ်သည့် ကန့်ထရိုက်သတ်မှတ်ချက်များကို ပြဋ္ဌာန်းရပါမည်။ အောက်ပါဒီဇိုင်းပုံစံညွှန်ကြားချက်များ အကျိုး သက်ရောက်စေပါမည်။

ကျောက်ကျင်းနယ်သတ်မှတ်မျဉ်းများသည် အများပြည်သူဧရိယာ (သို့) မြို့ (သို့) ကျေးရွာများ၏ မီတာ ၅၀၀ အတွင်း မတည်ရှိသင့်သလို သီးခြားနေထိုင်ရာနေရာတစ်ခုခု၏ မီတာ ၃၀၀ အတွင်း မရှိသင့်ပါ။ ဒီဇိုင်းရေးဆွဲသူသည် တင်ဒါစာရွက်စာတမ်းများတွင် အလားအလာရှိသော ကျောက်ကျင်းလုပ်ငန်းနေရာများအတွက် လုပ်ငန်းနေရာ အစီအစဉ်များကို ဖြည့်ဆည်းရမည်။ အဆိုပါအစီအစဉ်များတွင် လက်ရှိမြေပြင်ညီကောက်ကြောင်းများ၊ အသုံးပြုလမ်း များ၊ သဘာဝရေလမ်းကြောင်းများနှင့် အခြားဆက်နွယ်သောမြေပြင်အနေအထားအစိတ်အပိုင်းများကို ဖော်ပြရမည်။

ကျောက်ကျင်းဆောင်ရွက်မှုအတွက် သတ်မှတ်ဧရိယာသည် တူးဖော်မည့်ရောစာ/ကျောက်ထုထည်ပမာဏ နှင့် ကျောက်ကျင်းဆောင်ရွက်မှုအတိုင်းအတာများအပေါ် အခြေခံရပါမည်။ ထို့ပြင် ၎င်းအနေဖြင့် အပေါ်ယံမြေသား တူးဖော်ဖယ်ရှားစုပုံခြင်း၊ ကြိတ်ခွဲ/ဇကာစက်ကိရိယာ၊ ကြိတ်ခွဲပြီးရောစာသိုလှောင်ခြင်း၊ မိုးရေကာနှင့်သတ်ရေပြွန်များ တပ်ဆင်ခြင်း၊ နုန်းထိန်းရေကန်များနှင့် ဝန်ထမ်းပံ့ပိုးရေးအင်္ဂါရပ်များစသည်တို့အတွက် လိုအပ်မည့်နေရာများကိုလည်း ဖြည့်ဆည်းရမည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာအသေးစိတ်သတ်မှတ်ချက်များတွင် ဒီဇိုင်းပုံစံရေးဆွဲသူသည် ကျောက်ကျင်း စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရာတွင် မျက်မြင်သဘာဝပတ်ဝန်းကျင်သတ်မှတ်ချက်များအတွက် လိုအပ်ချက်နှင့် ကျောက် ကျင်းတူးဖော်မှုဆောင်ရွက်စဉ်တွင် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်ရန်စသည့်လုပ်ငန်းများ အပေါ် ကန်ထရိုက်တာ၏အလေးထားမှုရရှိစေရေး ဆောင်ရွက်ရေးဆွဲရမည်။

**ဆောက်လုပ်ရေး**

**ကျောက်ကျင်းစီမံသုံးစွဲမှုအစီအစဉ်**

လုပ်ငန်းနေရာတွင် ရုပ်ပိုင်းဆိုင်ရာဆောင်ရွက်မှု တစုံတရာမစတင်မီ ကျောက်ကျင်းစီမံခန့်ခွဲမှုအစီအစဉ်ကို စီစဉ် ပြင်ဆင်၍ အတည်ပြုချက်ရယူရမည်။ အဆိုပါ ကျောက်ကျင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် အောက်ပါတို့နှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများ ပါဝင်ရမည်။

- လုပ်ငန်းဆောင်ရွက်မှုများအားလုံးသည် မြန်မာနိုင်ငံဥပဒေများနှင့် ကိုက်ညီရမည်။
- နောက်ပိုင်းကာလ လုပ်ငန်းနေရာပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းအတွက် အပေါ်ယံမြေလွှာတူးဖော်ဖယ်ရှား ခြင်းနှင့် စုပုံခြင်းလုပ်ငန်းများ၏ အတိုင်းအတာဖော်ပြခြင်း
- ကျောက်ကျင်းလုပ်ငန်းနေရာမှ မြေပြင်ရေနုပ်မြောင်းစနစ်နှင့် သဘာဝရေလမ်းကြောင်းသို့ မစွန့်ထုတ်မီ နုန်း နှင့် မြေဆီလွှာပါဝင်ညစ်ညမ်းနေသည့် ရေအနည်ကျစေရန် တည်ဆောက်ရမည့်နုန်းထိန်းရေကန်စသည်တို့ ၏ တည်နေရာနှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်း
- မြေပြင်ရေစီးဆင်းမှုများ၊ ကျောက်ကျင်းဧရိယာသို့ ဝင်ရောက်ခြင်းကို ကြားဖြတ်တားဆီးရန် ရေပြွန်များ တပ်ဆင်ခြင်း အသေးစိတ်အချက်အလက်များဖော်ပြခြင်း

- အကောင်အထည်ဖော်မည့် လုံခြုံရေးအဆောက်အဦး၊ ပွဲပိုးမှုအင်္ဂါရပ်များနှင့် အခြားဝန်ဆောင်မှုများ စသည်တို့ကိုဖော်ပြခြင်း
- ရောစာစုပုံ/သိုလှောင်မည့် တည်နေရာဖော်ပြခြင်း
- ကျောက်ကျင်းတူးဖော်ဆောင်ရွက်ရာတွင် အသုံးပြုမည့်စက်ကိရိယာများစာရင်း

အောက်ပါအသေးစိတ်အချက်အလက်များကို အဆိုပြုသည်။

*သဘောတူအတည်ပြုထားသည့်ကျောက်ကျင်းစီမံခန့်ခွဲမှုအစီအစဉ်ကို သက်ဆိုင်ရာအင်ဂျင်နီယာနှင့် စီမံကိန်း အပိုင်း စီမံခန့်ခွဲရေးယူနစ်များသို့ တင်ပြပြီးစီးခြင်းမတိုင်မှီ ကျောက်ကျင်းတူးဖော်ဆောင်ရွက်ခြင်းအတွက် မည်သည့် ရုပ်ပိုင်းဆိုင်ရာတစုံတရာမှစတင်ခြင်းမပြုရပါ။ ထို့နောက် ကျောက်ကျင်းတူးဖော်ဆောင်ရွက်မှုအတွက် ကန်ထရိုက်တာ မှ အလုံးစုံတာဝန်ခံရမည်ဖြစ်ပြီး သဘောတူထားသည့် စီမံခန့်ခွဲမှုအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်။*

**မျက်မြင်သက်ရောက်မှုများ**

ကျောက်ကျင်းစီမံခန့်ခွဲမှုအစီအစဉ်ပြင်ဆင်ရာတွင် ကျောက်ကျင်းတူးဖော်ဆောင်ရွက်မှု၏ သဘာဝ ပတ်ဝန်းကျင်အပေါ် မျက်မြင်သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်။ လက်ရှိမြေပြင်အနေထားနှင့် သစ်ပင် များကို အသုံးပြု၍ ကျောက်ကျင်းများကို တတ်နိုင်သမျှ ကြည့်ရှုစစ်ဆေးရမည်။

အောက်ပါအသေးစိတ်သတ်မှတ်ချက်များကို အဆိုပြုသည်။

*ကျောက်ကျင်းစီမံခန့်ခွဲမှု အစီအစဉ် စီစဉ်ပြင်ဆင်ရာတွင် ကန်ထရိုက်တာသည် ကျောက်ကျင်းလုပ်ငန်း ဆောင်ရွက်မှု၏မျက်မြင်သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် တတ်နိုင်သမျှဆောင်ရွက်ရမည်။ ပုံကြမ်းတွင် ဖော်ပြထားသည့် ယေဘူယျအသေးစိတ်အချက်အလက်များအတိုင်း လက်ရှိမြေပြင်အနေအထားနှင့် အပင်များကို အသုံးပြု၍ ကျောက်ကျင်းလုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးရမည်။*

*ကျောက်ကျင်းတူးဖော်ဆောင်ရွက်မှုအတောအတွင်း ကန်ထရိုက်တာသည် တွက်ချက်ထားသည့် ကျောက်ကျင်းဧရိယာမှ တူးဖော်ခြင်းနှင့် အပေါ်ယံမြေလွှာဖယ်ရှားခြင်းများဆောင်ရွက်သကဲ့သို့ ကျောက်ကျင်းဧရိယာ ပြန်လည်ထိန်းသိမ်းခြင်းနှင့် သင့်တော်သည့်အပင်များပြန်လည်စိုက်ပျိုးခြင်းမျိုး ဆောင်ရွက်ရမည်။*

**ဘေးကင်းလုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များ**

လုပ်ငန်းခွင်အတွင်း အလုပ်သမားများ (သို့) လူပုဂ္ဂိုလ်များ၏ဘေးကင်းလုံခြုံရေးအတွက် မည်သည့်ကျောက်ကျင်းလုပ်ငန်းဆောင်ရွက်မှုတွင်မဆို အောက်ပါသတ်မှတ်ချက်များကိုဆောင်ရွက်ရမည်။

- ကျောက်ကျင်းနှင့်ပတ်သက်၍ (သို့) ပါဝင်ဆောင်ရွက်သည့်ဝန်ထမ်းများအားလုံးကိုသတ်မှတ်ဖော်ပြသည့် ထိန်းသိမ်းထားရမည့် နေ့စဉ်စာရင်း
- ကျောက်ကျင်းလုပ်ငန်းတွင်ပါဝင်သည့် ပုဂ္ဂိုလ်များအားလုံးအား လိုအပ်သည့် သင်တန်းပို့ချရမည်ဖြစ်ပြီး ၎င်းတို့ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းအမျိုးအစားနှင့်ပတ်သက်၍ လုံလောက်သောအသိပညာနှင့် အတွေ့အကြုံများရှိရမည်။
- ကျောက်ကျင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များအားလုံးအား လုံလောက်စွာကြီးကြပ်ကွပ်ကဲရ မည်။
- ဘေးအန္တရာယ်ကင်းရှင်းသောလုပ်ငန်းခွင်အခြေအနေများဖြည့်ဆည်းပေးရန် သဘာဝအလင်းရောင်နည်းပါး သော အတွင်းဘက်လုပ်ငန်းခွင်နေရာများတွင် အတည်ပြုထားသည့် မီးအလင်းရောင်များ ဖြည့်ဆည်းပေးရ မည်။
- ကျောက်ကျင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များအားလုံးသည် လုပ်ငန်းခွင်နေရာတွင်ရှိနေသည့် အချိန်တိုင်းတွင် အတည်ပြုထားသည့် အမျိုးအစား၊ အကာအကွယ်ဦးထုပ်များ ဝတ်ဆင်ရမည်။
- ကျောက်ကျင်းလုပ်ငန်းတွင် ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံးသည် လုပ်ငန်းဆောင်ရွက်စဉ်တွင် အကာအကွယ်ဖိနပ်များ ဝတ်ဆင်ရမည်။
- လုပ်ငန်းဆောင်ရွက်နေသည့်ဝန်ထမ်းများအားလုံးသည် ကျောက်ကျင်းကြမ်းပြင် (သို့) bench floor မှ ၁.၅မီတာအထက် အမြင့်တွင်လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တိုင်းဘေးအန္တရာယ်ကင်းရှင်းရေး ခါးပတ် ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ချိတ်တွဲတပ်ဆင်ရမည်။
- ကျောက်ကျင်းအတွင်း (သို့) တဝိုက်ရှိ ရွေ့လျားနေသောစက်ပစ္စည်းနှ်ငှ် တာဝန်ထမ်းဆောင်ရသည့် ပုဂ္ဂိုလ်များ အားလုံးသည် ခန္ဓာကိုယ်နှင့် အံကိုက်ဖြစ်စေမည့်အဝတ်အစားများဝတ်ဆင်ရမည်။ ၎င်းတို့သည် ဆံပင်အတို ဖြင့်သော်လည်းကောင်း (သို့) ဦးခေါင်းနှင့်ကပ်လျက်တွင် လုံခြုံစွာစီးနှောင်ထားခြင်းမျိုးရှိရမည်။
- ဘွိုင်လာများ၊ ကွန်ပရက်စာများ၊ အင်ဂျင်များ၊ ဂီယာများ၊ ကြိတ်ခွဲစသောကိရိယာနှင့် ရွေ့လျားနေသည့်စက် ပစ္စည်းအစိတ်အပိုင်းများအားလုံးသည် ဘေးအန္တရာယ်ကင်းသည့်အခြေအနေရှိရမည်။ ဖလိုင်းဝှီးများနှင့် ရွေ့လျားနေသည့် စက်ပစ္စည်းထိတွေ့အစိတ်အပိုင်းများကို လုံခြုံရေးဇကာ (သို့) စည်းရိုးများသင့်တော်သလို တပ်ဆင်ရမည်။
- အတင်အချ/အမြင့်တွင်ဆောင်ရွက်သည့် စင်နေရာများ၊ လျှောက်လမ်းများနှင့် လှေကားများအားလုံးသည် လုံလောက်သောလမ်းရမ်း (သို့) သံတန်း (သို့) လုံခြုံသည့် ဘောင်ဇကာများတပ်ဆင်ပါရှိရမည်။
- စက်ပစ္စည်းများကို ရွေ့လျားနေစဉ် စက်ဆီ၊ ချောဆီဖြည့်ဆည်းခြင်းများကို လူ/လက်အားဖြင့် ဆောင်ရွက် ခြင်းမပြုရ။

အထက်ဖော်ပြပါဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များကို လစ်လျူရှုခြင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဆိုပါဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များဖြည့်ဆည်းဆောင်ရွက်ခြင်းမပြုမီအထိ သက်ဆိုင်ရာ အင်ဂျင်နီယာမှ ကျောက်ကျင်းလုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းထားရန် ညွှန်ကြားနိုင်သည်။

**ရှေးဦးသူနာပြုသတ်မှတ်ချက်များ**

ကျောက်ကျင်းတိုင်းတွင် အောက်ပါရှေးဦးသူနာပြုပစ္စည်းကိရိယာများ ဖြည့်ဆည်းထားရှိရမည်။

- ကောင်းမွန်စွာတပ်ဆင်ပြုလုပ်ထားသည့် နွေးထွေးခြောက်သွေ့သောစောင်ပါသည့်ထမ်းစင်
- ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်အတန်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့်ပစ္စည်းပြည့်စုံပါရှိသော ရှေးဦးသူနာပြုသေတ္တာ

ကျောက်ကျင်းမန်နေဂျာသည် လုပ်ငန်းရက်သတ္တပတ်လျှင် အနည်းဆုံးတကြိမ် ရှေးဦးသူနာပြုပစ္စည်းများကို ကိုယ်တိုင်စစ်ဆေးရမည်ဖြစ်ပြီး ဤသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်းသေချာစေရန် ဆောင်ရွက်ရမည်။ ရှေးဦးသူနာပြုသေတ္တာမှ ဖြည့်ဆည်းထားသည့် ပစ္စည်းတစုံတရာအသုံးပြုပြီးပါက ၎င်းကိုချက်ချင်းပြန်လည်ဖြည့်ဆည်း ပေးရမည်။

လုပ်ငန်းဆောင်ရွက်မှုကာလ မည်သည့်အခြေအနေတွင်မဆို ကျောက်ကျင်းတွင် ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစုရန် လေ့ကျင့်ထားသည့်ပုဂ္ဂိုလ်တစ်ဦးထားရှိရမည်။

**ကျန်းမာရေးသတ်မှတ်ချက်များ**

ကျောက်ကျင်းတိုင်းတွင် အလုပ်သမားများအသုံးပြုရန် အိမ်သာများအလုံအလောက်ရှိရမည်ဖြစ်ပြီး ၎င်းတို့ အား သန့်ရှင်းသည့်အခြေအနေတွင် ရှိနေစေရန် ကောင်းမွန်စွာထိန်းသိမ်းရမည်။

ကျောက်ကျင်းတိုင်းတွင် လုပ်ငန်းဆောင်ရွက်သည့်ပုဂ္ဂိုလ်များအတွက် လုံလောက်သော သောက်ရေသုံးရေ ဖြည့်ဆည်းပေးရမည်။ ဖြည့်ဆည်းသည့်ရေအရင်းအမြစ်နှင့် ဝေးရာနေရာတွင် အလုပ်လုပ်နေသောပုဂ္ဂိုလ်ရှိပါက ၎င်းတို့အတွက် သင့်တော်သန့်ရှင်းသည့် သောက်ရေအိုး/ဗူးဖြင့်သောက်သုံးရေဖြည့်ဆည်းပေးရမည်။ ဆေးကြော သန့်စင်ရေးအတွက် သင့်တော်သည့် ပုံ့ပိုးအင်္ဂါရပ်များဖြည့်ဆည်းရမည်ဖြစ်ပြီး အလုပ်ရှင်၏ကျေနပ်မှုအတိုင်းအတာ အထိ ၎င်းတို့အား သန့်ရှင်းသပ်ရပ်နေစေရန် ထိန်းသိမ်းရမည်။ အဆိုပါပံ့ပိုးအင်္ဂါရပ်များသည် ကျောက်ကျင်းတွင် လုပ်ငန်းဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များ အဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်ရမည်။

**ကျောက်ကျင်းမန်နေဂျာ**

ကျောက်ကျင်းလုပ်ငန်းနှင့်ပတ်သက်၍ ကဏ္ဍာအရပ်ရပ်တွင် အတွေ့အကြုံရှိပြီး အထူးသဖြင့်ဘေးကင်းလုံခြုံ ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့်မန်နေဂျာတစ်ဦးမှ ကျောက်ကျင်းတခုချင်းစီကို ကြီးကြပ် ကွပ်ကဲရမည်။ မန်နေဂျာသည် ဘေးကင်းလုံခြုံရေးအင်္ဂါရပ်များထားရှိမှုနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်း ဆောင်ရွက်မှု များ လိုက်နာမှုရှိရေးသေချာစေရန် တာဝန်ယူရမည်။ အဆိုပြုသည့် အသေးစိတ်အချက်အလက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

- ကန်ထရိုက်တာသည် လုပ်ငန်းများအတွက် တင်ဒါတင်သွင်းရာတွင် အတွေ့အကြုံရှိသည့် ကျောက်ကျင်း မန်နေဂျာတစ်ဦးကို လျာထားအဆိုပြုရမည်။ ကျောက်ကျင်းမန်နေဂျာတွင် လက်ရှိ ဗ ဂရိတ် ကျောက်ကျင်း မန်နေဂျာ မြေပြင်အသိအမှတ်ပြုလက်မှတ်ရှိရမည်ဖြစ်ပြီး သတ္တုတွင်းတူးဖော်ရေး (shotfirer) အသိအမှတ်ပြု လက်မှတ်ရှိရမည်။
- ကျောက်ကျင်းမန်နေဂျာ၏အရည်အသွေးများကို တင်ဒါစာရွက်စာတမ်းဖြင့်တင်သွင်းရာတွင် ကန်ထရိုက်တာ အနေဖြင့် အောက်ပါစာရွက်စာတမ်းများတွင် အဆိုပါအရည်အသွေးများ၏ အသိအမှတ်ပြုမိတ္တူမှန်များ ပါဝင်ကြောင်း သေချာစေရန် ဆောင်ရွက်ရမည်။
- ကျောက်ကျင်းမန်နေဂျာ၏ မြေပြင်အသိအမှတ်ပြုဂရိတ်
- ကျောက်ကျင်းသတ္တုတွင်းတူးဖော်ရေး အသိအမှတ်ပြုလက်မှတ်
- အောက်ပါအတွေ့အကြုံများနှင့်ပတ်သက်၍ ယခင်အလုပ်ရှင်/စီးပွားဖက်ပုဂ္ဂိုလ်များထံမှ ထောက်ခံချက်
- ဆင်ခြေလျှောဂုံးအထစ်များ (benches)၊ မျက်နှာပြင်များ၊ အသုံးပြုလမ်းများ၊ ရေနုတ်မြောင်းစနစ်နှင့် ကြိတ်ခွဲစက်များ၏ အခင်းအကျင်းအပါအဝင် ကျောက်ကျင်းများ၏ ဒီဇိုင်းပုံစံနှင့် အခင်းအကျင်း
- မျက်နှာပြင်တည်ငြိမ်မှုနှင့် ကျောက်ကျင်းတွင်လုပ်ကိုင်နေသည့်ပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက် ၍ ထောက်ခံချက်များနှင့်အတူ ကျောက်ကျင်းမျက်နှာပြင်လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်များ
- အများပြည်သူ ဘေးကင်းလုံခြုံရေး
- ရှေးဦးသူနာပြုပစ္စည်း/ဝန်ဆောင်မှုဖြည့်ဆည်းခြင်းနှင့် အသုံးပြုခြင်း

ကျောက်ကျင်းမန်နေဂျာ၏ တာဝန်များတွင် အောက်ပါတို့ပါဝင်ရမည် -

(က) မန်နေဂျာ (သို့) မန်နေဂျာမှ စာဖြင့်အတည်ပြုခန့်အပ်ထားသည့်ပုဂ္ဂိုလ်သည် ကျောက်ကျင်း၏ မည်သည့်အစိတ်အပိုင်းတွင်မဆို နေ့တနေ့၏ ပထမဆုံးအလုပ်ဆိုင်းမစတင်မီ ၂နာရီအတွင်းလုပ်ငန်းခွင်နေရာနှင့် သွားလာသည့် လမ်းများ၊ အန္တရာယ်ရှိနိုင်သည့်နီးစပ်ရာနေရာများကို နေ့စဉ်စစ်ဆေး၍ ကျောက်ကျင်းလုပ်ငန်းကိစ္စအလို့ငှာ မှတ်တမ်း စာအုပ်ဖြင့် အဆိုပါစစ်ဆေးရေးအစီရင်ခံစာအမှန်ကို ထိန်းသိမ်းထားရှိရမည်။ ၎င်းမှတ်တမ်းစာအုပ်ကို အင်ဂျင်နီယာ နှင့် ကျောက်ကျင်းတွင် အလုပ်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များမှ ရယူလေ့လာနိုင်ရမည်။

(ခ)　မန်နေဂျာ (သို့) မန်နေဂျာမှစာဖြင့် အတည်ပြုခန့်အပ်ထားသည့် ပုဂ္ဂိုလ်သည် အနည်းဆုံး ၂၄နာရီလျှင် တစ်ကြိမ် ကျောက်ကျင်းရှိ တူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးပစ္စည်းများ၏ အခြေအနေကို ပုံမှန်စစ်ဆေး၍ အဆိုပါစစ်ဆေးမှုကို မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ရမည်။

(ဂ)　မန်နေဂျာသည်တစ်ပတ်လျှင်တစ်ကြိမ် အဆောက်အဦးများ၊ စက်ပစ္စည်းများ၊ မျက်နှာပြင်များ၊ ဆင်ခြေလျှော ဂုံးအထစ်များနှင့် ကျောက်တူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုသည့်လုပ်ငန်းခွင်နေရာများအားလုံးကို ဂရုတစိုက် စစ်ဆေးရမည်ဖြစ်ပြီး အဆိုပါစစ်ဆေးမှုမှတ်တမ်းများနှင့် ၄င်းတို့၏အခြေအနေ အန္တရာယ်ကင်းရှင်းမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ကျောက်ကျင်းတွင် လုပ်ငန်းဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍လည်းကောင်း ၄င်း၏ထင်မြင်ယူဆချက် များကို မှတ်တမ်းစာအုပ်တွင် စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်။ ထို့နောက် အဆိုပါပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြောင်း သေချာစေရန် မန်နေဂျာမှ ကြပ်မတ်ရမည်။

**အပင်များ**

အဆိုပြုကျောက်ကျင်းတူးဖော်ရေးဧရိယာရှိအပင်များကို ဖယ်ရှားရမည်။ ယင်းသို့ဖယ်ရှားခြင်းမပြုမီ ရှားပါး အပင်မျိုးစိတ်များ ရှိ/မရှိဆုံးဖြတ်နိုင်ရန် ဆန်းစစ်လေ့လာမှုတစ်ရပ်ကို ဆောင်ရွက်ရမည်။ အရေးကြီးသည်ဟုသတ် မှတ်ထားသည့်အပင်များကို ဆယ်ယူထိန်းသိမ်းနိုင်ရန် လိုအပ်သည့်အဆင့်များအားလုံးကို လိုက်နာဆောင်ရွက်ရမည်။ သတ်မှတ်ကျောက်ကျင်းဧရိယာပြင်ပရှိ မည်သည့်အပင်ကိုမျှ ထိခိုက်ပျက်စီးမှုမရှိစေရန် ဂရုစိုက်ရမည်။ မည်သည့် အကြောင်းနှင့်မျှ အပင်များအား မီးရှို့ခြင်းကို ခွင့်မပြုပါ။

အဆိုပြုအသေးစိတ်သတ်မှတ်ချက်များမှာ -

အပင်များဖယ်ရှားခြင်းမပြုမီ ရှားပါးအပင်မျိုးစိတ်များရှိ/မရှိသိရှိနိုင်ရန်စမ်းစစ်လေ့လာမှုတစ်ရပ်ဆောင်ရွက် ရမည်။ အရေးကြီးသည်ဟု သတ်မှတ်ထားသည့်အပင်များကို ဆယ်ယူထိန်းသိမ်းနိုင်ရန် လိုအပ်သည့်အဆင့်များ အားလုံးကို လိုက်နာဆောင်ရွက်ရမည်။

ကျောက်ကျင်းလုပ်ငန်းနေရာရှိ အပင်များရှင်းလင်းခြင်းမစတင်မီ ကန်ထရိုက်တာသည် သဘောတူထားသည့် ကျောက်ကျင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့်အတိုင်း အဆိုပြုလုပ်ငန်း၏ ပတ်လည်အနားသတ်မျဉ်းကို သတ်မှတ်ရမည်။

ထို့နောက် အဆိုပြုကျောက်ကျင်းတူးဖော်ရေးဧရိယာမှ အပင်များကို ဖယ်ရှားရမည်။ သတ်မှတ်ကျောက်ကျင်း ဧရိယာပြင်ပရှိ မည်သည့်အပင်ကိုမျှ ထိခိုက်ပျက်စီးမှုမရှိစေရန် ဂရုစိုက်ရမည်။ ဖယ်ရှားသည့်အပင်များကို နောက်ပိုင်း ကာလလုပ်ငန်း နေရာပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုရန်အဖြစ် ကာကွယ်ထိန်းသိမ်းသိုလှောင်ခြင်းများ ဆောင်ရွက်ရမည်။

သစ်လုံးများနှင့် သစ်ကိုင်းကြီးများကို ကျောက်ကျင်းအပေါ်ယံမြေသားတူးဖော်ရာတွင် နောက်ခံဆင်ခြေလျှော နံရံအတွက် မြေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများတည်ဆောက်ရာတွင် အသုံးပြုနိုင်ခြင်းကြောင့် သိမ်းဆည်းထားရှိ ရမည်။

အဆိုပြုကျောက်ကျင်းဧရိယာမှ တူးဖော်ထားသည့်အပေါ်ယံမြေသားများကို ကျောက်ကျင်းလုပ်ငန်းနှင့် လွတ်ရာနေရာတွင် သိုလှောင်၍လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီးနောက် လုပ်ငန်းနေရာပြန်လည်ထိန်းသိမ်းရေး အတွက် အသုံးပြုရမည်။ စုပုံသိုလှောင်ရာတွင် မိုးရေဝင်ရောက်မှုအနည်းဆုံးဖြစ်စေရန် မျက်နှာပြင်ချောမွတ်ပုံဖော် ထားရှိရမည်။ သိုလှောင်အစုအပုံများမှ မျက်နှာပြင်ရေစီးဆင်းမှုကို ကြားဖြတ်တားဆီးရန် ပတ်လည်ရေမြောင်းများအသုံး ပြု၍ ၎င်းတို့မှတဆင့် နုန်းထိန်းရေကန်များသို့ စွန့်ထုတ်ရမည်။

အပေါ်ယံမြေသားတူးဖော်ခြင်းအထိန်းနံရံများ ဘေးကင်းတည်ငြိမ်စေရန် ဆင်ခြေလျှောဆောင်ရွက်ရမည်။

အဆိုပါအပေါ်ယံမြေသားတူးဖော်မှုအထိန်းနံရံများ၏ အမြင့်မှာ ၃မီတာထက်မကျော်လွန်ရပါ။ ယင်းမြေသား တူးဖော်ရာရှိ မြင့်မားသည့် အထိန်းနံရံများတွင် အနည်းဆုံး ၃. ၅မီတာအကျယ်ရှိ ကြားဖြတ်ဆင်ခြေလျှောဂုံးအထစ် ပါဝင်ရမည်။

ကျောက်ကျင်း၏မျက်နှာပြင်ဘေးနံရံများ ထိပ်ဖျား (သို့) မြေသားတူးဖော်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ တွင် မြေပြိုမှုအန္တရာယ်တားဆီးကာကွယ်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

ကျောက်ကျင်း၏မြေသားတူးဖော်မှု (သို့) ထိပ်ဖျားများနှင့် တူးဖော်ထားသည့် မြေ (သို့) ပစ္စည်းများအားလုံး ကို အလုပ်လုပ်ကိုင်နေသည့်ပုဂ္ဂိုလ်များ အန္တရာယ်မရှိစေရေးအတွက် ကျောက်ကျင်း၏အနားစွန်းနောက်ဖက်ဝေးရာ တွင် ရှင်းလင်းထားရှိရမည်။

အထိန်းနံရံများ၏အောက်မြေနှင့် ကြားဖြတ်ဆင်ခြေလျှောဂုံးထစ်များတွင် ရေထုတ်မြောင်းများရှိရမည်ဖြစ်ပြီး အဆိုပါ ရေထုတ်မြောင်းများမှ နုန်းထိန်းရေကန် သို့ စွန့်ထုတ်ရမည်။

မြေသားတူးဖော်ခြင်းများပြီးဆုံးပြီးနောက် လက်တွေ့ထိတွေ့မှုရှိသည့် နောက်ဖက်ဆင်ခြေလျှောအထိန်းနံရံ များကို မျက်နှာပြင်ရေတိုက်စား သက်ရောက်မှုမရှိစေရန် ကာကွယ်ရမည်။

**ဖုန်မှုန့်များထိန်းချုပ်ခြင်း**

ကျောက်ကျင်းလုပ်ငန်းဆောင်ရွက်သူများတွင ဖုန်မှုန့်ထိန်းချုပ်ရေး အစီအစဉ်များပေါင်းစပ်ပါဝင်ပါရမည်။ ကျောက်မိုင်းများ ဖောက်ခွဲတူးဖော်ကာလအတွင်း ဖုန်မှုန့်ထွက်ရှိမှုများကို အနည်းဆုံးသို့လျှော့ချရမည်။ ယာဉ်ကြော သွားလာမှုများကြောင့် ဖုန်မှုန့်ထွက်ရှိမှုများကို အနည်းဆုံးသို့ လျှော့ချနိုင်ရန် ပစ္စည်းသယ်သူသည် လမ်းများအား ပုံမှန် စိုစွတ်မှုရှိနေစေရန် ရေဖြန်းကားများကို ရေတိုင်ကီများ (သို့) အခြားအလားတူစနစ်များတပ်ဆင်အသုံးပြု၍ ဆောင်ရွက်ရမည်။ ထို့ပြင် ကြိတ်ခွဲစက်များ၊ ဇကားများနှင့် သိုလှောင်စုပုံနေရာများမှ ဖုန်မှုန့်ထွက်ရှိမှု နည်းပါးစေရန် သင့်တော်သည့် ရေဖြန်းစနစ်များအသုံးပြု၍ စိုစွတ်မှုရှိနေစေရန်လည်း ဆောင်ရွက်ရမည်။

ဖုန်မှုန့်ထိန်းချုပ်ရေးအတွက် အဆိုပြုအသေးစိတ်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ *ကန်ထရိုက်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာမြေမျက်နှာပြင်များ စိုစွတ်မှုရှိနေစေရန် ဆောင်ရွက်မည့်စက်ကိရိယာများ ကို*

*ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး ဖုန်မှုန့်ထွက်ရှိမှုကို အနည်းဆုံးသို့ လျှော့ချရပါမည်။ ပစ္စည်းများသယ်ယူသွားလာသည့် လမ်းများအားလုံးအမြဲစိုစွတ်မှုရှိနေစေရန် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ကြိတ်ခွဲခြင်း၊ ဇကာချခြင်း (screening) နှင့် ပစ္စည်းများ သိုလှောင်စုပုံခြင်းလုပ်ငန်းများအတွက် သင့်တော်သည့် ရေဖြန်းစနစ်များအသုံးပြု၍ စိုစွတ်မှုရှိနေစေရန် ဆောင်ရွက်ရမည်။*

**ရှေးဟောင်းသုတေသနနေရာများနှင့် ရုပ်ကြွင်းများ**

ကျောက်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်မှု၏ မည်သည့်အဆင့်ကာလတွင်မဆို လုပ်ငန်းဆက်စပ်နေရာများတွင် ရှေးဟောင်းသုတေသနဆိုင်ရာနေရာများတွေ့ရှိရပါက လုပ်ငန်းဆောင်ရက်မှုများကို ချက်ချင်းရပ်ဆိုင်း၍ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရမည်။

အောက်ပါအသေးစိတ်သတ်မှတ်ချက်များကို အကြံပြုပါသည်။

*အကယ်၍ ကန်ထရိုက်တာသည် ရှေးဟောင်းသုတေသနဆိုင်ရာ နေရာတခုခု (သို့) ယင်းသို့ယူဆနိုင်သည့်နေရာတခုခုအား တွေ့ရှိရပါက လုပ်ငန်းဆောင်ရွက်သူများကို ချက်ချင်းရပ်ဆိုင်း၍ သက်ဆိုင်ရာအင်ဂျင်နီယာထံ အဆောတလျင် အကြောင်းကြားရမည်။ MOECAF ၏ ခွင့်ပြုမိန့်မရခင်စပ်ကြား မည်သည့်တူးဖော်ရေးလုပ်ငန်းကိုမျှ ဆက်လက် ဆောင်ရွက်ခြင်းမပြုရပါ။*

**လိုင်စင်လုပ်ငန်းများ**

စီမံကိန်းနှင့်ဆက်စပ်သည့် ကျောက်ကျင်းတူးဖော်သည့်လုပ်ငန်းများ အားလုံးသည် မြန်မာနိုင်ငံ ဥပဒေများနှင့်အညီ ဖြစ်ရမည်ဖြစ်ပြီး လက်ရှိ (သို့) ကျောက်ကျင်းနေရာအသစ်များအပါအဝင် လိုအပ်သောလိုင်စင်နှင့် ခွင့်ပြုမိန့်များရယူရမည်။ အကယ်၍ စီမံကိန်းမှလက်ရကျောက်ကျင်းများကို အသုံးပြုရန်ရှိပါက ကျောက်ကျင်း တူးဖော်ရေးလုပ်ငန်း၊ ကမ္ဘာ့ဘဏ်ဘေးကင်းလုံခြုံရေး မူဝါဒများနှင့် မြန်မာနိုင်ငံစည်းမျဉ်းဥပဒေများအကြား ကွာဟချက်များရှိ/မရှိ သိရှိနိုင်စေရန် စစ်ဆေးမှုတရပ်ကို ဆောင်ရွက်ရပါမည်။ ကျောက်ကျင်းတူးဖော်ရေးစီမံခန့်ခွဲမှုတွင် ECoP တွင်အဆိုပြုပါဝင်သည့် အချက်အလက်များနှင့် အလားသဏ္ဍာန်တူသည့် ဖြေရှင်းဆောင်ရွက်ရေးလုပ်ငန်းများကို ထည့်သွင်း၍ စည်းမျဉ်း သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန် အဆိုပြုပါသည်။ မြန်မာနိုင်ငံ၏ဥပဒေများအရနှင့် ဥပဒေ အကျိုးသက်ရောက်သည့် နေ့စွဲအရ အကြုံးဝင်စေဝန် လိုင်စင်လုပ်ငန်းများလျှောက်ထားခြင်းအတွက် ESMP (သို့) IEE ကို စီစဉ်ပြင်ဆင်၍ MOECAF သို့ တင်ပြရပါမည်။

**ပူးတွဲ (၉) သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်များ။ ။ စီမံကိန်းအပိုင်း (၃) (IDA) အဆောတလျင် ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (IRM) အရ ဝယ်ယူသည့် ကုန်ပစ္စည်းများ နှင့်ပတ်သက်၍ အလားအလာရှိသော စွန့်ပစ်မှုများ စီမံခန့်ခွဲရေးအတွက်။**

ဤ ECoP အခြေခံဆောင်ရွက်မှုအနေဖြင့် သဘောသဘာဝ၊ ဖွဲ့စည်းပါဝင်မှု၊ အလားအလာရှိသော E & S ဆိုးကျိုးသက်ရောက်မှုများနှင့် ဆက်နွယ်မှု၊ စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ပစ်ရသည့်နေရာများအပေါ် အခြေခံ၍ သတမှတ်ကုန်ပစ္စည်းများစာရင်းကို အမျိုးအစား (၃)မျိုးခွဲခြားထားပါသည်။

(၁) ဓာတ်မပြုသော ဓာတုဂုဏ်သတ္တိများနှင့် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်မရှိသည့်ပစ္စည်းများပါဝင်သော တခါသုံး/အသုံးပြုကုန်ပစ္စည်းများ (ဥပမာ- သဘက်များ၊ အလူမီနီယမ် ဟင်းချက်အိုး/ခွက်များ၊ ဆပ်ပြာ၊ စောင်နှင့်တီရှပ်အကျီများစသည်)

(၂) ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာနှင့် ဇီဝဆိုင်ရာအန္တရာယ်ပစ္စည်းများပါဝင်သည့် တခါသုံး/အသုံးပြုနိုင် သောကုန်ပစ္စည်းများ (ဥပမာ - ဖန်ပုလင်းများ၊ ဆေးဝါးပစ္စည်းများနှင့် ပတ်တီးဟောင်းများ၊ ဆေးပုလင်းခွံ များနှင့် အသုံးပြုပြီးဆေးထိုးပြွန်များစသည့် အထွေထွေ ကျန်းမာရေးသုံးစွန့်ပစ်ပစ္စည်းများ စသည်)

(၃) နှစ်ကာလများစွာ (သို့) ဆယ်စုနှစ်များစွာအသုံးပြုနိုင်သော ကြာရှည်ခံကုန်ပစ္စည်းများ (ဥပမာ-ထွန်စက်/နောက်တွဲပါကုန်တင်ယာဉ်များ၊ ဗမာ်တော်ဆိုင်ကယ်များ၊ ထရပ်ကားများ၊ လူနာတင်ယာဉ်များ၊ လှေများ၊ ဆန်းစစ်ရေးကိရိယာများနှင့် ကွန်ပျူတာများစသည်)

အဆိုပါအမျိုးအစား/အုပ်စုများတွင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆက်နွယ်မှုများရှိပြီး - အမျိုးအစား (၁)အနေဖြင့် လက်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်အတွင်း ထည့်သွင်းဆောင်ရက်နိုင်ချေရှိပြီး အပြစ်အနာအဆာ/ချို့ယွင်းချက်များရှိခဲ့လျှင်လည်း EHS အတွက် သိသာကြီးမားသည့် အန္တရာယ်မရှိပါ။ အမျိုးအစား (၃)သည် စီမံကိန်းသက်တမ်းကာလနှင့် အကျိုးသက်ရောက်/အသုံးပြုမှု အလွန်ကာလအထိ တည်ရှိနေမည့် ကိစ္စရပ်ဖြစ်ပြီး အဆိုပါ အမျိုးအစားကုန်ပစ္စည်းများအနေဖြင့ နှစ်/ဆယ်ခုနှစ်နှင့် ချီ၍ စီမံကိန်းကာလနောက်ပိုင်း ဆက်လက်ရှိနေမည်ဟု မျှော်မှန်းထားပါသည်။ ထို့ပြင် ၎င်းပစ္စည်းများ၊ အစိတ်အပိုင်းများ၊ ဆက်စပ်အစိတ်အပိုင်းများနှင့် ပစ္စည်းများ၏ ပင်ကိုယ်တန်ဘိုးများအနေဖြင့် ကျယ်ပြန့်သော ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်သုံးစွဲခြင်းများအတွက် စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုအဖြစ် ဖန်တီးနိုင်ဖွယ်ရှိမည်ဟု ယူဆနိုင်ပါသည်။

အဓိကပူပန်စရာအဖြစ် ညွှန်ကြားဆောင်ရွက်ရန်လိုအပ်ပုံရသည့် ကိစ္စရပ်မှာ အမျိုးအစား(၂)ဖြစ်ပြီး ၎င်းတွင် အန္တရာယ်အလားအလာရှိသော သက်တမ်းတိုပစ္စည်းများပါဝင်သည်။ (ပူးတွဲ ၁.၃ တွင် အဆိုပါပစ္စည်းစာရင်းကိုကြည့် ပါ။)

ဤအမျိုးအစားခေါင်းစဉ်အောက်ရှိ ပစ္စည်းအများစုမှာ ကျန်းမာရေးဆိုင်ရာစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ် (MWMP)အရ အကောင်းဆုံးစီမံခန့်ခွဲနိုင်မည့်ပုံစံရှိပြီး အခြားပစ္စည်းများ - စက်ဆီ၊ ချောဆီ၊ သုတ်ဆေးများနှင့် ဖျက်ဆေးစသည့်ပစ္စည်းများအတွက် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများပါဝင်သည့် အထွေထွေစွန့်ပစ်ပစ္စည်းစီမံ ခန့်ခွဲမှုအစီအစဉ်ဖြင့် သင့်တော်နိုင်ပါသည်။

ယေဘူယျအန္တရာယ်ရှိသော/အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ - စက်ဆီ၊ ချောဆီ၊ သုတ်ဆေး၊ ဖျက်ဆေး - များအား သင့်တော်သည့်ပုံး/သေတ္တာဖြင့် လုံခြုံစွာသိမ်းဆည်းရမည်ဖြစ်ပြီး အန္တရာယ်ရှိသော စွန့်ပစ် ပစ္စည်းများ ဘေးကင်းလုံခြုံစွာ သိမ်းဆည်းရမည်ဖြစ်ပြီး အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများဘေးကင်းလုံခြုံစွာစွန့်ပစ် ရေးအတွက် တည်ဆောက်/သတ်မှတ်ထားသည့်နေရာတွင်သာ စွန့်ပစ်ရမည်။ ၎င်းတို့အား စီမံရန်အထူးပံ့ပိုးအင်္ဂါရပ် များ သတ်မှတ်ရမည်။ ဥပမာ - အသုံးပြုပြီး အင်ဂျင်ဝိုင်များ (သို့) ဖျက်ဆေး၊ သုတ်ဆေးများ မီးရှို့ဖျက်ဆီးခြင်း စသည်။ အဆိုပါပံ့ပိုးအင်္ဂါရပ်များတွင် ပုံမှန်အားဖြင့် ကွန်ကရစ်မီးဖိုများပါဝင်ပြီး အော်ဂဲနစ်ဖျက်ဆေးများ စက်ဆီ၊ ချောဆီ၊ ကတ္တရာစသည်များကို ဘေးကင်းစွာမီးရှို့ဖျက်ဆီးနိုင်သည်။

ကြာရှည်ခံပစ္စည်းများ - ယာဉ်များ၊ ရေယာဉ်များ၊ မီးစက်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ကျန်းမာရေးပစ္စည်း ကိရိယာများအတွက် ကောင်းမွန်သောပြုပြင်ထိန်းသိမ်းရေးအစီအစဉ်ဇယားလိုအပ်မှာဖြစ်ပြီး ၎င်းပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များရေးဆွဲဆောင်ရွက်ရန် လက်ခံရယူသူများကို ဆောင်ရွက်စေရပါမည်။ ၎င်းတို့အတွက် ပြန်လည်အသုံးပြု ခြင်းနှင့် ပြန်လည်ပြုပြင်အသုံးပြုခြင်းနည်းလမ်းများအတွက် အစီအစဉ်ရေးဆွဲ (ဥပမာ-သတ္တုအပိုင်းအစများနှင့် လျှပ်စစ်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများပြန်လည်ဆယ်ယူခြင်း/အသုံးပြုခြင်း)၏ ရွေးချယ်သတ်မှတ်ခြင်း၊ ကောင်းမွန်စေခြင်း ဖြင့် စီးပွားရေးဆိုင်ရာဆွဲဆောင်မှုများ ဆောင်ရွက်နိုင်ပါသည်။ ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှ မီးရှို့ဖျက်ဆီးရမည်ဖြစ်ပြီး ကျွင်းကျန်သည့်အရာများကို တည်ဆောက်/သတ်မှတ်ထားသည့်နေရာတွင် ဘေးကင်းလုံခြုံ စွာ စွန့်ပစ်ရပါမည်။ အကယ်၍ ယင်းပံ့ပိုးအင်္ဂါရပ်များမရှိပါက သယ်ယူရွှေ့ပြောင်းနိုင်သော မီးရှို့ဖျက်ဆီးနိုင်သည့် မီးဖိုများဖြည့်ဆည်းရန် အကြံပြုလာပြီး (၎င်းအနေဖြင့် ဝယ်ယူဖြည့်ဆည်းမည့်သတ်မှတ်ကုန်ပစ္စည်းများစာရင်းတွင် ပါဝင်သင့်ပြီး) နိုင်ငံအနေဖြင့် ယင်းပံ့ပိုးအင်္ဂါရပ်များ အမြဲတမ်းအနေဖြင့် ထူထောင်ဆောင်ရွက်သည့်အချိန်မတိုင်မှီ အထိ ယင်းသို့ဘေးအန္တရာယ်ကင်းရှင်းသည့် ပံ့ပိုးအင်္ဂါရပ်အဖြစ် ယာယီသိုလှောင်ရာနေရာအတွက် အသုံးပြုနိုင်ပါ သည်။ အသေးစိတ်ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အား အောက်တွင်ဖော်ပြထားပါသည်။

**ဆေးဖက်ဆိုင်ရာစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်**

လက်ခံရယူသူမှ အောက်ပါသတ်မှတ်ချက်များကို သတ်မှတ်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ၎င်းတွင် အရေးပေါ် ပြန်လည်ထူထောင်ရေးစီမံကိန်းအရ ဖြည့်ဆည်းသည့်ကုန်ပစ္စည်းများနှင့် ၎င်းပစ္စည်းများစွန့်ပစ်ခြင်းအနေဖြင့် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ (သို့) ၎င်းအုပ်စု၏ ဇီဝအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ/ကူးစက်ပိုးမွှားများ ကူးစက်နိုင်သည့် ချွန်ထက်စူးရှပစ္စည်းများစသည့် အုပ်စုခွဲအမျိုးအစားအဖြစ်လည်းကောင်း ဖွဲ့စည်းပါဝင်ပါသည်။

၁။ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်များ

**ဇီဝအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ** ဆိုသည်မှာ ပြန်လည်မျိုးပွားနိုင်သည့် ရောဂါဖြစ်စေသော ပိုးမွှားများနှင့် လူ၊ တိရစ္ဆာန်နှင့် အပင်များအား ရောဂါဖြစ်စေနိုင်သော ပိုးမွှားများပါဝင်သည့် ပစ္စည်းများကို ဆိုလိုသည်။

**ဆေးဖက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများ**ဆိုသည်မှာ လူသို့ကူးစက်စေနိုင်သည့် ကူးစက်ပိုးမွှားများပါဝင်နိုင်သော ဇီဝ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း (သို့)/နှင့် ချွန်ထက်စူးရှသည့် စွန့်ပစ်ပစ္စည်းများကို ဆိုလိုသည်။ ဆေးဖက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများတွင် လူတမျိုးတည်းတွင်သာ ရောဂါဖြစ်စေနိုင်သော ဇီဝအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများပါဝင်ပါသည်။

ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများတွင် အောက်ပါတို့ မပါဝင်ပါ။

(က) လူသို့ကူးစကစေနိုင်သည့် ပိုးမွှားများပါဝင်ခြင်း မရှိသည့် အစားအသောက် စီမံထုတ်လုပ်ခြင်း (သို့) ဇီဝနည်းပညာ စသည့် ဖြစ်စဉ်များမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ

(ခ) ဆေးဘက်ဆိုင်ရာအညစ်အကြေးများဖြင့် ညစ်ညမ်းနေခြင်းမရှိသော ချွန်ထက်စူးရှ စွန့်ပစ်ပစ္စည်းများ။ သို့သော် ၎င်း ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းမဟုတ်သည့် ချွန်ထက်စူးရှ စွန့်ပစ်ပစ္စည်းများကို ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းမဟုတ်သည့် ချွန်ထက်စူးရှ စွန့်ပစ်ပစ္စည်းများ ထည့်သည့် ပုံး/သေတ္တာများတွင် စွန့်ပစ်ရမည်။

(ဂ) လူသို့ကူးစက်စေနိုင်သည့်ရောဂါပိုးမွှားများ ပါဝင်ညစ်ညမ်းနေနိုင်သည်ဟု သသယရှိသည့်သွေးနှင့် ဆိုင်သော ပစ္စည်းများ (သို့) လူ (သို့) တိရစ္ဆာန်သွေးများမပါဝင်သည့် ဇီဝနည်းပညာဆိုင်ရာ စွန့်ပစ်ပစ္စည်းများ

(ဃ) လူသို့ကူးစက်နိုင်သော ရောဂါပိုးမွှားများပါဝင်သည်ဟု သိရှိသော (သို့) ယူဆရသော (ပိုးမွှားအေးဂျင့်များစီမံ၍ လက္ခဏာရပ်များ ပြသခြင်းဖြင့် ) လ (သို့) တိရစ္ဆာန်များမှ သွေးအရည်များပါဝင်ခြင်းမရှိသည့် ဆီး၊ မစင်၊ တံတွေး၊ချွဲသလိပ်၊ နှပ်အရည်၊ ချွေး၊မျက်ရည်နှင့် အော့အန်ပစ္စည်းများ

(င) အရည်မဟုတ်သော သွေးပါဝင်သည့် တစ်ရှူးစက္ကူလိပ်များ၊ ခွဲခန်းသုံးဝတ်ရုံများ (သို့) ပတ်တီးများစသည့် ဇီဝအန္တရာယ်မရှိသော စွန့်ပစ်ပစည်းများ

(စ) အန္တရာယ်ရှိသော ဓါတုစွန့်ပစ်ပစ္စည်းများ၊ ရေဒီယို သတ္တိကြွနှင့် အိမ်သုံးစွန့်ပစ်ပစ္စည်းများ

(ဆ) ပုံမှန်နှင့် တရားဝင် တိရစ္ဆာန်ဆေးကု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် မွေးမြူရေး/စိုက်ပျိုးရေး ခြံစီမံခန့်ခွဲမှု လုပ်ငန်းများမှ ထွက်ရှိသည့် အညစ်ကြေးများ

**ဆေးဘက်ဆိုင်ရာ ချွန်ထက်စူးရှသည့် စွန့်ပစ်ပစ္စည်းများ**ဆိုသည်မှာ အသွားထက်၊စူးရှ ကြွပ်ဆက် သောထောင့်များ၊ အစွန်းများ (သို့) မျက်နှာပြင်မှ ထိုးထွက်နေပြီး အောက်ပါဖော်ပြချက်များအတိုင်း ရှနိုင်/စူးနိုင်သော စွန့်ပစ်ပစ္စည်းများကိုဆိုလိုသည်။

(က) ဆေးထိုးပြွန်များနှင့် တွဲလျက် ပါဝင်သည့် ဆေးထိုးအပ်များနှင့် ဘလိပ်ဓါးများ၊ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ပါဝင်ညစ်ညမ်းနေသည့် ဆေးထိုးပြွန်များ စသည့် စွန့်ပစ်ပစ္စည်းများ

(ခ) ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများဖြင့် ညစ်ညမ်းနေသည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းများ၊ ချွန်မြသည့် ကိရိယာများ၊ ဖန်ကစများ (သို့) ပလတ်စတစ်ဓါတ်ခွဲခန်းသုံး ကိရိယာများ၊ ဖေါဆက်ဖန်ပြွန်ရှည်များ၊ လေလုံဖန်ပြွန်များ စသည့် စွန့်ပစ် ပစ္စည်းများ

**လူသို့ကူးစက်နိုင်သော ပိုးမွှားများ**တွင် အခြားအရာများအပြင် လူတွင်ရောဂါဖြစ်စေနိုင်သည်ဟု သိရှိထားသည့် ဗိုင်းရပ်စ် ပိုးမွှားများ၊ဘက်တီးရီးယားများ၊ Chlamydia, rickettsia, protozoa နှင့် မှို (fungi) များ စသည်တို့ ပါဝင်ပါသည်။

**ဇီဝအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းအိတ်များ** ဆိုသည်မှာ ပစ္စည်းများနှင့် ပြည့်နေစဉ် ပုံမှန်ကိုင်တွယ်/အသုံးပြုရာတွင် ပေါက်ပြဲ/ စုတ်ပြဲခြင်းမရှိပဲ လုံလောက်သော စွမ်းရည်ရ (ပုံမှန်အားဖြင့်) အနီရောင်စွန့်ပစ် ပစ္စည်းအိတ်များကိုဆိုလိုပါသည်။ ၎င်းအိတ်များသည် ခိုင်မာသည့် စံသတ်မှတ်ချက်များနှင့် ပြည့်မှီရပါမည်။ (ဥပမာ- စမ်းသပ်မှုနှင့် ပစ္စည်းများအတွက် အမေရိကန် လူမှုအဖွဲ့အစည်း (ASTM) မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် standard D 1709-85 နှင့် အိတ်ထုတ်လုပ်ရေးလုပ်ငန်းမှ အသိအမှတ်ပြုထားသည့် အိတ်များ) ၎င်းအိတ်များတွင် “BIOHAZARDOUS WASTE” ဟူ၍ပေါ်လွင်ထင်ရှားစွာ တံဆိပ်ကပ်ထားခြင်း (သို့) နိုင်ငံတကာသုံး ဇီဝအန္တရာယ် အမှတ်အသားနှင့် စာသား “ ဇီဝအန္တရာယ်” အဖြစ် တံဆိပ်ကပ်ထားခြင်းရှိရမည်။

**ချွန်ထက်၊ စူးရှ စွန့်ပစ် ပစ္စည်းများ ထည့်သည့် ပုံး/သေတ္တာများ**မှာ ကြွပ်ဆပ်၍ပေါက်ပြဲမှုဒဏ် ခံနိုင်သော သေတ္တာ/ပုံးများ ဖြစ်ပြီး အလုံပိတ်ထားပါက ယိုစိမ့်မှုမရှိပဲ အလွယ်တကူပွင့်နိုင်သည့် အမျိုးအစားမျိုးမဟုတ်ပါ။ ဆေးဘက်ဆိုင်ရာ ချွန်ထက်၊စူးရှ စွန့်ပစ် ပစ္စည်းပုံးသေတ္တာများကို နိုင်ငံတကာ ဇီဝအမှတ်အသားနှင့် စကားလုံး “BIOHAZARD” တံဆိပ်ကပ်ရမည်။

**အဆိပ်အတောက်ဖြစ်စေသော (သို့) ရေဒီယို သတ္တိကြွ ရောစပ်နေသော စွန့်ပစ် ပစ္စည်း** တွင် နှစ်မျိုး (သို့) ၎င်းထက်ပိုသော အောက်ပါတို့ ရောစပ်ပါဝင်သည်။--- ဆေးဘက်ဆိုင်ရာ စွန့်ပစ် ပစ္စည်း၊ ရေဒီယို သတ္တိကြွ စွန့်ပစ် ပစ္စည်းနှင့် အဆိပ်အတောက်ဖြစ်စေသော ဓါတု စွန့်ပစ် ပစ္စည်းများ

**၂။ ဆေးဘက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများ သီးသန့်ခွဲခြားခြင်း၊ တားဆီးထိန်းချုပ်ခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် စုစည်းကောက်ယူခြင်း**

**ဆေးဘက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများ သီးသန့်ခွဲခြားခြင်းနှင့် တားဆီးထိန်းချုပ်ခြင်း။**

ဆေးဘက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများကို စတင်ထွက်ရှိသည့်နေရာတွင်ပင် သီးသန့်ခွဲခြားရပါမည်။ ၄င်း စွန့်ပစ် ပစ္စည်းများကို "BIOHAZARDOUS WASTE" ဆိုသည့်စကားလုံးဖြင့် (သို့) နိုင်ငံတကာ ဇီဝအန္တရာယ်အမှတ အသားနှင့်စကားလုံး၏ ' BIOHAZARD' ဖြင့်တံဆိပ်တပ်ထားသော အနီရောင် ဇီဝအန္တရယ်အိပ်များဖြင့် ထည့်သွင်းထားရှိရပါမည်။ ၄င်းဇီဝအန္တရယ်အိပ်များကို မူလနေရာတွင် ပင်လေလုံပိတ်၍ သယ်ယူပို့ဆောင်ခြင်း၊ စီမံခြင်းနှင့် စွန့်ပယ်ခြင်းများ အတွက် အဆင်သင့်ဖြစ် နေစဉ် ယိုစိမ့်ခြင်းမရှိရေး ဆောင်ရွက်ရမည်။

ဇီဝအန္တရာယ်အိပ်များကို တည်နေရာအမှတ်အသား(သ)ကြိုတင်ပုံနှိပ်ထားသည့် စတစ်ကာများဖြင့် တံဆိပ်ကပ်၍ မည်သည့်နေရာမှ ထွက်ရှိသည့် စွန့်ပယ်ပစ္စည်းဖြစ်ကြောင်းဖော်ပြရ မည်။ အိပ်များကို တံဆိပ်ကပ်၍ ယိုစိမ့်မှုကင်းသော တင်းကျပ်သည့် အံကျအဖုံးအကာပါသော ဆင့်ပွားပုံးသေတ္တာများအတွင်းသို့ သွင်းထားရှိရမည်။ ဆေးဘက်ဆိုင်ရာစွန့်ပစ်ပစ္စည်းအိပ်များကို အခြားဆင့်ပွားပုံးသေတ္တာတွင်းသို့ ဆင့်ပွားပြောင်းရွှေ့ခြင်း (သို့) သိုလှောင်နေရာရှိ ဆင့်ပွားသို လှောင်ပုံးသေတ္တာအတွင်းသို့ ပြောင်းရွှေ့ခြင်းများမှလွဲ၍ ဆင့်ပွားပုံးသေတ္တာအတွင်းမှ ထုတ်ယူ ဖယ်ရှားခြင်း မပြုရပါ။ အဆိုပါအိပ်များသည် အလေးချိန် ၄၀ ပေါက်ထက်မပိုသင့်ပါ။

ဆင့်ပွားပုံးသေတ္တာများကို 'BIOHAZARD WASTE' ဆိုသည့် စကားလုံးဖြင့်(သို့) နိုင် ငံတကာ ဇီဝအန္တရာယ် အမှတ်အသားနှင့် 'BIOHAZARD' စကားလုံးဖြင့် အဖုံးနှင့် ဘေးနံရံ ပေါ်တွင် မည်သည်□ရှုထောင့်မှမဆို မြင်နိုင်စေရန် တံဆိပ်တပ်ရမည်။

အိတ်ဖြင့်ထည့်ထားသည့် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို ဆင့်ပွားပုံးသေတ္တာဖြင့် ထည့်၍ သတ်မှတ်သိုလှောင်/စုဆောင်းနေရာသို့ သယ်ယူပို့ဆောင်ရမည်ဖြစ်ပြီး အခြားဆင့်ပွားပုံး သေတ္တာများသို့ ရွှေ့ပြောင်းမှသာလျှင် ၄င်းအိတ်များကို ဖယ်ရှားရမည်။

**<u>ချွန်ထက်စူးရှပစ္စည်းများစွန့်ပစ်ခြင်း</u>**

ဆေးဘက်ဆိုင်ရာ ချွန်ထက်စူးရှပစ္စည်းများကို စွန့်ပစ်ခြင်းမပြုမီ အတည်ပြုထားသော ဆေး ဘက်ဆိုင်ရာ ချွန်ထက်စူးရှ စွန့်ပစ်ပစ္စည်းပုံး/သေတ္တာအတွင်းသို့ ထည့်သွင်းရပါမည်။ အဆိုပါ ပုံးသေတ္တာများတွင် စွန့်ပစ်သူ၏ အဆောက်အဦးနှင့် အခန်းနံပါတ်များဖြင့် တံဆိပ်တပ်ရပါမည်။ အတည်ပြုထားသည့် ဆေးဘက်ဆိုင်ရာ ချွန်ထက်စူးရှ စွန့်ပစ်ပစ္စည်း ပုံး/သေတ္တာများအား 'BIOHAZARD WASTE' ဆိုသည့်စကားလုံး (သို့) နိုင်ငံတကာ ဇီဝအန္တရယ်အမှတ်အသား နှင့်

‘BIOHAZARD’ ဆိုသည့် စကားလုံးများဖြင့် တံဆိပ်တပ်ရပါမည်။ စွန့်ပစ်ပစ္စည်း ပမာဏ ပြည့်ပါက (ပါဝင်သည့် စွန့်ပစ်ပစ္စည်းများ သတ်မှက်မျဉ်းအထိရောက်ရှိပါက) အဆိုပါ ချွန်ထက်စူး ရှစွန့်ပစ်ပစ္စည်း ပုံး/သေတ္တာအား သတ်မှက်စုဆောင်း နေရာသို့ ပို့ဆောင်၍ တံဆိပ်ကပ်ထားသည့် ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း ပုံး/ သေတ္တာများတွင် တည့်သွင်းထားရှိရပါမည်။

မှတ်ချက်။ ။ ဆေးဘက်ဆိုင်ရာ မဟုတ်သော ချွန်ထက်စူးရှစွန့်ပစ်ပစ္စည်းများကို ချွန် ထက်စူးရှစွန့်ပစ်ပစ္စည်းထည့် ပုံး/သေတ္တာများ (သို့) တောင့်တင်း၍ ပေါက်ပြဲ၊ ယိုစိမ့်မှုမရှိသည့် ပုံး/သေတ္တာများအတွင်း ထည့်သွင်း၍ အံကျတင်းကြပ်၍ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းအဖြစ် တံဆိပ်ကပ်မထားသော အဖုံးဖြင့် ဖုံးအုပ်ထားရှိရပါမည်။ ၎င်းပုံး/သေတ္တာများတွင် ဇီဝအန္တရာယ် အမှတ်အသား (သို့) ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း၊ ဇီဝအန္တရာယ်စွန့်ပစ်ပစ္စည်း၊ ဇီဝအန္တရာယ် ပစ္စည်းများ အဖြစ်ဖော်ပြသော စကားလုံးများဖြင့် တံဆိပ်ကပ်ထားခြင်း မရှိရပါ။

**<u>အရည်ပစ္စည်းများစွန့်ပစ်ခြင်း</u>**

လူသို့ကူးစက်နိုင်သည့် ကူးစက်ပိုးမွှားများရှိသည်ဟု သိထားသော (သို့) ယူဆရသော လူ(သို့) လူမဟုတ်သော ပရိုင်းမိတ်များ၏ သွေးနှင့်ကိုယ်တွင်းအရည်များ၊ တရိစ္ဆာန်များ၏ သွေးနှင့် ကိုယ်တွင်းရည်များကို အပြီးသတ် ပြင်းအားအနည်းဆုံး ၁၀% ခန့်အထိရှိသော ကလိုရင်းချွတ် ဆေးများထည့်၍ အနည်းဆုံးမိနစ်(၃၀)ခန့် ါတ်ပြုစေရန် ထားရှိပြီး စီမံရမည်။ အဆိုပါစီမံထား သည့်ပစ္စည်းများကို မိလ္လာရေမြောင်းများ အတွင်းသို့ စွန့်ပစ်နိုင်သည်။ အကယ်၍ ဆေးဘက်ဆိုင် ရာစွန့်ပစ်ပစ္စည်း အရည်များကို ကောင်းစွာလည်ပတ်မှုရှိသော စွန့်ပစ်ရေစီမံရေးစနစ် (WWTP) နှင့် ချိတ်ဆက်ထားသည့် လက်ရှရေနုပ်မြောင်းစနစ်သို့ စွန့်ပယ်ခြင်း မပြုနိုင်ပါက အခြားစွန့်ပစ် နည်းစနစ်များကို ရွေးချယ်သတ်မှတ်သင့်ပြီး ၎င်းတွင်ကြွင်းကျန် အရည်များကို စီမံရန် (WWTP) စနစ်သို့ ဘေးအန္တရာယ်ကင်းရှင်းသည့် အလုံပိတ်ယိုစိမ့်မှုကင်းသော ပုံးသေတ္တာများဖြင့် သယ်ယူပို့ ဆောင်ခြင်းပါဝင်နိုင်သည်။

**အဆိပ်အတောက်ဖြစ်စေသော (သို့) ရေ ယိုသတ္တိကြွရောစပ်စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ခြင်း**

အဆိပ်အတောက်ဖြစ်စေသော ဒြပ်ပစ္စည်းများ ပါဝင်သည့် ဆေးဘက်ဆိုင်ရာ စွန့်ပစ် ပစ္စည်းများအနေဖြင့် ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စီမံခြင်း (သို့) စွန့်ပစ်ခြင်းများနှင့် ပတ် သတ်၍ အထူးဆောင်ရွက်ရမည့် နည်းစနစ်များ လိုအပ်ပါသည်။ အဆိုပါ စွန့်ပစ်ပစ္စည်းများကို ဖြစ်ရပ်တစ်ခုချင်းစီအလိုက် အခြေခံဖြင့် ကိုင်တွယ်ဖြေရှင်းရပါမည်။

ရေဒီယိုသတ္တိကြွ ပစ္စည်းများပါဝင်သည့် ဆေးဖက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများအနေဖြင့် ကိုင် တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းများအတွက် အထူးဆောင်ရွက်ရမည့် နည်းစနစ် များလိုအပ်ပြီး ရေ ယိုသတ္တိကြွ ပစ္စည်းများအသုံးပြုခြင်းအတွက် မိမိတို့ compus-broad scope license အရ လိုအပ်သော အခါ ကိုင်တွယ်ဖြေရှင်းရပါမည်။

## ၃။ ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို သိုလှောင်/စုစည်းရာနေရာ တားဆီးထိန်းချုပ်ခြင်း

ဆေးဖက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ပစ္စည်း ထွက်ရှိသည့် နေရာတွင် အတည်ပြု ထားသောဆင့်ပွား ပုံး/သေတ္တာအတွင်းရှိ အနီရောင် ဇီဝအန္တရာယ် စွန့်ပစ်အိတ်များ (သို့) ချွန် ထက်စူးရှစွန့်ပစ်ပစ္စည်းပုံး/သေတ္တာများ အတွင်းသို့ ၎င်းထည့်သွင်းထားရှိရပါမည်။ ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ပြီးနောက် စီမံခြင်းမဆောင်ရွက်မှီ ပုံမှန်အခန်းအပူချိန်ဖြင့် (၇)ရက်အ ထိသိုလှောင်နိုင်ပါသည်။

### သိုလှောင်နေရာများ၏ လုံခြုံရေး

လုံခြုံသော EH&S- အတည်ပြု သိုလှောင်ဝင်းနှင့် စုစည်း ဧရိယာများအား တံခါးများ သော့ခတ်သိမ်းဆည်းခြင်း (သို့) အဖုံးများဖုံးအုပ်ထားသို၍ အပြင်လူများဝင်ရောက်ခြင်းမပြုစေဘဲ သိုလှောင်ထိန်းသိမ်းရမည်။

ဆင့်ပွား ပုံး/သေတ္တာများ အတွင်းရှိ ဆေးဖက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများအား မြင့်မားသည့် အပူချိန်၊ ဖိအားရှိသည့် (autoclaue room) အခန်းများ အပါအဝင် လုံခြုံမှုရှိသော အများသုံး အခန်းများတွင် သိုလှောင်သိမ်းဆည်းခြင်း မပြုရပါ။ အဝင်တံခါးများ၏ အပြင်ဘက်နံရံတွင် (သို့) အဝင်တံခါးများ၏ ဘေးတွင် အမှတ်အသား တပ်ဆင်/ကပ်ထားရပါမည်။ ၎င်းအမှတ်အသားတွင် သတိပေးချက် "သတိ - ဇီဝအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းသိုလှောင်ရာ ဧရိယာ တာဝန်ရှိသာမှအပ မဝင်ရ" ဆိုသည့် အမှတ်အသားအား ၆ သသုံးဘာသာစကားဖြင့် ပါဝင်ရမည်ဖြစ်ပြီး နိုင်ငံတကာ သုံး ဇီဝအန္တရာယ် အမှတ်အသား (ပုံ(၁)တွင် ကြည့်ပါ) လည်းပါဝင်ရပါမည်။

ပုံ (၁)နိုင်ငံတကာသုံး ဇီဝအန္တရာယ်အမှတ်အသား




## ၄။ ကုသ/စီမံခြင်း နှင့် မှတ်တမ်းများ

ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သူသည် ဤအခန်းပါဖော်ပြချက်များအရ စာ ရင်းသွင်း မှတ်ပုံတင်ရန်လိုအပ်ပြီး ကုသ/စီမံမှုတခုချင်းစီနှင့် မှတ်တမ်းများကို ဖြစ်နိုင်ပါက (၃)နှစ် (သို့) စည်းမျဉ်းဥပဒေ များတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွက် ထိန်းသိမ်းထားရှိရပါမည်။ ထို့ပြင် တောင်းခံလာပါက အောက်ပါ(၂)မျိုးလုံးကို ဥပဒေ ထိန်းသိမ်းရေးအဖွဲ့သို့ အစီရင်ခံ(သို့) တင် ပြရပါမည်။

(က) ကုသ/စီမံဆောင်ရွက်မှု မှတ်တမ်းများ

(ခ) ကယ်လီဖိုးနီးယားပြည်နယ် ကျမ်းမာရေးဌာနမှ ကျင့်သုံးသည့် စည်းမျဉ်းများနှင့် ကိုက်ညီသော အရေးပေါ် ဆောင်ရွက်မှု အစီအစဉ်

**၅။ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း ဖိတ်စင်မှုအား ပိုးသတ်ခြင်းနှင့် ပုံး/သေတ္တာများရှိ ညစ်ညမ်း/ ပိုးမွှား ပစ္စည်းများပိုးသတ်ခြင်း**

ဇီဝအန္တရာယ်ရှိအိတ်များအတွက် ဆင့်ပွား ပုံး/သေတ္တာများကို ရက်ပေါင်း(၃၀)လျှင် တစ်ကြိမ် (သို့)၎င်းအိတ်များမှ ယိုစိမ့်မှု ဖြစ်ပွားသည့် အခါတိုင်းတွင် ပိုးသတ်ခြင်း ဆောင်ရွက်ရ မည်။ အောက်ဖော်ပြပါ ၁တုသန့်စင်ပစ္စည်း တစ်မျိုးမျိုးကို အသုံးပြုရပါမည်။

(က) Hypochlorite solution (500 ppm ပါဝင်ကလိုရင်း)

(ခ) Iodophore solution (500 ppm ပါဝင်အိုင်အို င်း)

(ဂ) Quaternary ammonium solution (400 ppm active agent )

ပုံး/သေတ္တာများကို ၁တုသန့်စင်ပစ္စည်းဖြင့် ဆေးကြောခြင်း၊ ဖြန်းခြင်း (သို့) စိမ့်ခြင်းများ ဆောင်ရွက်ရပါမည်။ ပိုးသတ်/သန့်စင်ပစ္စည်းများဖြင့် ပုံး/သေတ္တာမျက်နှာပြင်များ ထိတွေ့မှုကို ပြန်လည်ဆေးကြောခြင်း မပြုမီ အနည်းဆုံး (၃) မိနစ်ခန့် ထားရှိရမည်။

**ဖိတ်စင်မှုများအတွက် ပိုးသတ်ဆေးအသုံးပြုလုပ်ငန်းစဉ်များ**

သင့်တော်သော ထုတ်လုပ်ရောင်းချသည့် ပိုးသတ်ဆေးကို အညွှန်တွင်ပါဝင်သည့် အတိုင်း လိုက်နာအသုံးပြုရပါမည်။ ပိုးမွှားသန့်စင်ဖယ်ရှားခြင်းအတွက် လိုအပ်သော အနည်းဆုံးထိတွေ့ချိန် ကာလမှာ သန့်စင်ဖယ်ရှားမည့် ပစ္စည်း၏ အန္တရာယ်ရှိမှု အတိုင်းအတာအကဲဖြတ် စစ်ဆေးချက်နှင့် ပးသတ်ဆေးဂုဏ်သတ္တိများအပေါ် အခြေခံ၍ ဆောင်ရွက်ရမည်။ အန္တရာယ်ရှိမှု အတိုင်းအတာ အကဲဖြတ်စစ်ဆေးခြင်းကို လုပ်ငန်တည်နေရာ ဘေးကင်းလုံခြုံရေး လုပ်ငန်းလမ်းညွှန်းတွင် မှတ်သားဖော်ပြရမည်။ ဖိတ်စင်မှု သန့်စင်ပစ္စည်းများကိုလည်း ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ အတိုင်းစွန့်ပစ်ရမည်။

## ၆။ စွန့်ပစ်ခြင်း

ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ အပြီးသတ်စွန့်ပစ်ခြင်းအတွက် နည်းလမ်း(၂)မျိုးရှိပါ သည်။ အကယ်၍ လိုင်စင်ရှိသော ယင်းလုပ်ငန်းအထူးပြု ကန်ထရိုက်တာများ ရှိပါက ။ ။ ၎င်းတို့အား ရွေးချယ်သတ်မှတ်၍ ၎င်းတို့၏ အရည်အသွေးများကို မှတ်တမ်းရေးမှတ်ရမည်။ (ရုံးချုပ်တည်ရှိရာ လိပ်စာများ၊ စွန့်ပစ်ပံ့ပိုးမှု အင်္ဂါရပ်များ၊ ဝန်ဆောင်မှု/စွန့်ပစ်ပစ္စည်း အမျိုးမျိုးအတွက် သင့်တော်သော အသိအမှတ်ပြုလိုင်စင်များ အပါအဝင်) စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သူများ မှ စွန့်ပစ်လုပ်ငန်းများဆီသို့ ရွှေ့ပြောင်းသယ်ယူသည့် အချိန်တိုင်းတွင် အမျိုးအစား၊ ပမာဏ (အလေးချိန်နှင့် ထုထည်)၊ ထည့်သွင်းသယ်ယူသည့် ပစ္စည်းများနှင့် အခြေအနေများအားလုံးကို လွှဲပြောင်းရာတွင် အရည် (သို့) ပစ္စည်းများ ဖိတ်စင်/ယိုစိမ့်မှု မရှိရေးအတွက် တင်းကျပ်စွာအလုံပိတ်ထားပြီး ယိုစိမ့်/ပေါက်ပြဲမှု ဏ်ခံနိုင်သော စနစ်တကျ တံဆိပ်တပ်ထားသည့် ပံ/သေတ္တာများ ဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။ ပြီးနောက်၎င်း စွန့်ပစ်ပစ္စည်းများကို လိုင်စင်တရရှိ၍ သတ်မှတ် ထားသော မိလ္လာစွန့်ပစ်ပစ္စည်းများ မြေပို့ စွန့်ပစ်ရာနေရာတွင် (သို့) ယင်းသို့မြေဖို့ စွန့်ပစ်ရာနေရာ များမရှိပါက အန္တရာယ်ကင်းစွာ သိုလှောင်ထားသည့် အခြားယာယီနေရာများသို့ စွန့်ပစ်ခြင်းမပြုမှီ မီးရှို့ဖျက်ဆီးရပါမည်။ အဆိုပါ ယာယီသိုလှောင်အင်္ဂါရပ်များကို ဖြစ်ရပ်တစ်ခုချင်းစီအလိုက် စစ် ဆေး၊ အတည်ပြုသင့်ပါသည်။

အကယ်၍ လိုင်စင်ရှိသော ယင်းလုပ်ငန်း အထူးပြုကန်ထရိုက်တာများ မရရှိနိုင်ပါက။ ။ စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် ပံ့ပိုးမှု အင်္ဂါရပ်များတွင် ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ဘေး အန္တရာယ်ကင်းရှင်းစွာ ပိုးသတ်ခြင်းနှင့်/သို့ ဖျက်ဆီးခြင်းများအတွက် သင့်တော်သော ပံ့ပိုးအင်္ဂါ ရပ်များရှိရပါမည်။ အဆိုပါ ပံ့ပိုးအင်္ဂါရပ်များရှိ ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းထွက်ရှိမှု တစိတ်တဒေ သ အထူးသဖြင့် ချွန်ထက်စူးရှပစ္စည်းများ၊ သွေး၊ကိုယ်တွင်းရည်နှင့် ပိုးမွေးမြူခြင်းနှင့် သိုလှောင်ပစ္စည်းများသာ ကိုမိလ္လာမြေဖို့ စွန့်ပစ်ရာနေရာသို့ မစွန့်ပစ်မီ လုပ်ငန်းနေရာတွင်ပင် မြင့်မားသည့် အပူ/ဖိအား စနစ်(autockviry)(သို့) သတ်မှတ်အတည်ပြုထားသည့် အခြားနည်းစ နစ် ဖြင့်ပိုးမွှားဖယ်ရှားသန့်စင်ခြင်းကို ဆောင်ရွက်ရမည်။ အကယ်၍ လိုင်စင်ရ အတည်ပြုသတ် မှတ်ထားသော မြေဖို့စွန့်ပစ်ရာနေရာ (landfill) များ မရှိပါက ကြွင်းကျန်ပစ္စည်းများကို လုပ်ငန်း နေရာတွင်ပင် တာဝန်ရှိသူမှအပ မဝင်ရောက်မကိုင်တွယ်နိုင်သည့် ဘေးကင်းလုံခြုံသော ပုံး/သေ တ္တာများဖြင့် ယာယီသိုလှောင်ထားရှိနိုင်သည်။ ဥပမာအားဖြင့် လုံခြုံသော ကုန်လှောင်ရုံ (သို့) မျဉ်း တပြေးညီဖြစ်သော ကျင်းအတွင်း ယိုစိမ့်၊ ပေါက်ပြဲ ဏ်ခံနိုင်သော ပုံး/သေတ္တာများ အတွင်း သို လှောင်ထားရှိခြင်း။

ရောဂါဗေ နှင့် ဆက်နွယ်သဓေ နှင့်/သို့ ညစ်ညမ်းနေသော စွန့်ပစ်ပစ္စည်းများ (လူအသားစ တစ်ရှုးများအသုံးပြုပြီး ပက်တီးများ)ကို မိလ္လာမြေဖို့ စွန့်ပစ်နေရာများသို့ မစွန့်ပစ်မှီ လုပ်ငန်းနေရာ ရှိ မီးရှို့ဖျက်ဆီးသည့် ဖိုအတွင်း မီးရှို့ဖျက်ဆီးရပါမည်။ အကယ်၍ ယင်းသို့မြေဖို့စွန့်ပစ်ရာ နေရာ များမရှိပါက လုပ်ငန်းနေရာတွင် သင့်တော်သည့် ယာယီပံ့ပိုးမှုအင်္ဂါရပ် ရှိရပါမည်။ (အထက်ပါ အပိုက်တွင်ကြည့်ပါ) လုပ်ငန်းနေရာရှိ မီးရှို့ဖျက်ဆီးသည့် ဖိုအားလိုအပ်သော ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၏ ပမာဏအရ အဆင်ပြေဆောင်ရွက်နိုင်ရန် Design ပုံဆွဲသင့်ပြီး အနည်း ဆုံး ၁၀၀၀ံစင်တီဂရိတ် အပူချိန်ချိန်ဖြင့် ဆောင်ရွက်သင့်ပါသည်။ အဆိုပါ မီးရှို့ဖျက်ဆီးသည့်ဖို အား မြန်မာနိုင်ငံရှိ စည်းမျဉ်းသက်မှတ်ချက်များအရ လိုင်စင်ဖြင့် ဆောင်ရွက်သင့်ပြီး၊ ပြုပြင်ထိန်းသိမ်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအတွက် ပုံမှန်စစ်ဆေးရေးဆောင်ရွက်ရမည်။

ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများအား ကိုင်တွယ်ခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်းများ တလျှောက်တွင် ရောဂါကူးစက်နိုင်သော ပိုးမွှားများနှင့် ပံ့ပိုးမှု အင်္ဂါရပ်ရှိ ဝန်ထမ်းများ၏ ထိတွေ့မှုကို အနည်းဆုံးသို့လျှော့ချနိုင်ရန် အစီအစဉ်များ ထားရှိဆောင်ရွက်မည်။ ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် သင်တန်းများကိုလည်း ဝန်ထမ်းများမှ အဆိုပါဆေးဖက်ဆိုင်ရားစွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ရမည့် ဝန်ထမ်းများ မစတင်မီ ဆောင်ရွက်ပေးသင့်ပါသည်။ ဝန်ထမ်းများ၏ တာဝန်များအပေါ် တိုက်ရိုက်သက်ရောက် မှုရှိသည့် ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု တစ်စုံတစ်ရာ ပြောင်းလဲခြင်းရှိပါကလည်း ဝနထမ်း များ အားလုံးအတွက် မွမ်းမံသင်တန်းများ ဖြည့်ဆည်းပေးသင့်ပါသည်။ ပံ့ပိုးမှု အင်္ဂါရပ်တွင် မှတ်တမ်းများ ထိန်း သိမ်းထားရှိသင့်ပြီး ၎င်းတွင် ဝန်ထမ်းအမည် ၊ အလုပ်အမျိုးအစား၊ လိုအပ်သည့် သင်တန်းတက်ရောက်သည့် နေ့စွဲ စသည်တို့ ပါဝင်ရပါမည်။ သင်တန်းမှတ်တမ်းမှတ်ရာများကို အနည်းဆုံး (၃) နှစ်အထိ ထိန်းသိမ်းထားရှိ ရပါမည်။ ဝန်ထမ်းများ ဘေးရန်ကာ ပစ္စည်း (PPE) များ ရရှိအသုံးပြုနိုင်ရန်ကိုလည်း ပံ့ပိုးမှုအင်္ဂါရပ် စီမံခန့်ခွဲရေး အဖွဲ့မှ ကြပ်မက်ဆောက်ရွက်ရမည်။

## ၇။ အရေးပေါ်အခြေအနေ စီမံကိန်းရေးဆွဲခြင်း

ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုလုပ်ငန်စဉ်အား ထိခိုက်နိုင်သော သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်မည့် အခြေနေမျိုးတွင် အရေးမကြီးသည့် ဆေးဖက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းထွက်ရှိသော လုပ်ဆောင်မှုများကို ချက်ချင်းရပ်ဆိုင်းထားရမည်။ ဖိတ်စင်မှုများနှင့် ဇီဝအန္တရာယ် ပစ္စည်းများ ယိုစိမ့်ထွက်ရှိမှု များကို လပ်ငန်းစဉ်၏ သင့်တော်သော အရေးအပေါ်အခြေအနေ ဖြေရှင်းဆောင်ရွက်ရေး ယူနစ်မှ ကိုင်တွယ် ဖြေရှင်းရပါမည်။ (ဥပမာ - မီးသတ်ဌာန၊ အရေးပေါ်အခြေအနေ ဖြေရှင်းဆောင်ရွက်ရေး အဖွဲ့(သို့) အခြားအ လားတူအဖွဲ့အစည်း) ယင်းသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းခွင် EH&S ဌာနနှင့် ဒေသခံ ရဲတပ်ဖွဲ့ စသည်တို့ ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အထွေထွေစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်

### ၁။ စွန့်ပစ်ပစ္စည်းအရင်းအမြစ်များနှင့် စီးဆင်းမှု

သတ်မှတ်စွန့်ပစ်ပစ္စည်းများ အနေဖြင့် အမျိုးအစားအပေါ်အခြေခံ၍ အဓိကအုပ်စု (၂) စုခွဲခြားနိုင် သည်။

- အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ
- အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများ

စွန့်ပစ်ပစ္စည်း ဆိုင်ရာစစ်တမ်းလွှာတစ်ခုကို ပြုစုသင့်ပြီး ၎င်းတွင်ဆောက်လုပ်ရေး ကာလအတွင်း ထွက် ရှိမည့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲရန် အသုံးပြုမည့် စွန့်ပယ်ရေး စီမံရေး နည်းလမ်းများပါဝင်ရမည်။

၂။ အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ

စီမံကိန်း၏ ကုန်ပစ္စည်းများဝယ်ယူခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများမှ အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း အမြောက်မြားထွက်ရှိနိုင်သည်။ အနှစ်ချုပ်အနေဖြင့် အန္တရာယ်မရှိသော အဓိက ဆောက်လုပ်ရေး စွန့်ပစ်ပစ္စည်း များတွင် အောက်ပါတို့ အဓိကပါဝင်သည်။

- သတ္တုများ (သတ္တုအပိုင်းအစများ)
- ချည်မျှင်နှင့် အထည်များ (အဝတ်အစား၊ သပတ်၊ ရွက်ဖျင်တဲ စသည်။)
- သစ် (ထုပ်ပိုးပစ္စည်းများ)
- ပုံး၊ သေတ္တာများ (စတီးများနှင့် ပလတ်စတစ်များ)
- စွန့်ပစ်စက္ကူ ကတ်ထူနှင့် ကတ်များ၊ (ထုပ်ပိုးပစ္စည်းများ)
- ပလက်စတစ် (ထုပ်ပိုးပစ္စည်းများ၊ တာပေါ်လင်နှင့် ဗူး/ပုလင်းများ)
- ဖန်ပုလင်းများ

အကယ်၍ လိုအပ်ပါက သင့်တော်သောမြေဖို့စွန့်ပစ်နေရာများ (သို့) ပြန်လည်ပြုပြင်အသုံးပြုရန် သင့် တော်သည့် ပုံ့ပိုး အင်္ဂါရပ်များ မရှိခင်အခြေနေထိ သတ္တုများကို ပြည်လည်အသုံးပြုခြင်း (သို့) သိမ်းဆည်းခြင်း ဆောင်ရွက်ရန် ဒေသရပ်ရွာသို့ ဖြည့်ဆည်းပေးရမည်။ အဆိုပါသတ္တုအပိုင်းအစများ၏ စီးပွားဖြစ်တန်ဖိုးအနေ ဖြင့် ပြန်လည်ပြုပြင်အသုံးပြုမှုဆိုင်ရာ နည်းလမ်းများဖြင့် အထောက်အကူဖြစ်စေရန် မျှော်မှန်ထားသည်။

သစ်သား (ဥပမာ-ပိုလျှံသောစီမံထားခြင်းမရှိသည့် သစ်သား၊ ထုပ်ပိုးပစ္စည်းများကို ထင်းနှင့် အခြားပြန် အသုံးပြုနိုင်ရန် ရပ်ရွာများသို့ ဖြည်ဆည်းပေးရမည်။

ဦးစွာအနေဖြင့် ပလက်စတစ်ပစ္စည်းများ (ဥပမာ-ဗူး၊ ပုလင်းများကို ပြန်လည်ပြုပြင်အသုံးပြုရမည် (Recycle) အကယ်၍ ယင်းသို့ပြန်လည် ပြုပြင်သုံးစွဲရန် မဖြစ်နိုင်သည့် ပလက်စတစ်ပစ္စည်းများကို သင့် တော်သော မြေဖို့ စွန့်ပစ်နေရာသို့ ပို့ဆောင်ခြေး (သို့) ယင်းနေရာများမရှိခင် ကာလအတွင်း သိမ်းဆည်းထား ခြင်းတို့ဆောင်ရွက်ရမည်။

ဖန်ပုလင်းများကိုသီးသန့်ခွဲခြား၍ပစ္စည်းဖြည့်ဆည်းသူထံသို့တတ်နိုင်သမျှပြန်လည်အသုံးပြုရန်ပြန်လည်ပေး ပို့ရမည်။ အဓိကပြန်လည်ပြုပြင်သုံးစွဲနိုင်သည့်ပစ္စည်းများ (ဥပမာ - စက္ကူကတ်နှင့်ပလပ်စတစ်များ) ကိုတတ်နိုင်သလောက်ပြန်လည်ပြုပြင်အသုံးပြုနိုင်ရန်သီးခြားခွဲထုတ်ရမည်။ ၎င်းပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း (သို့) ပြန်လည်ပြုပြင်အသုံးပြုခြင်းများ ဆောင်ရွက်ရန်ဒေသခံရပ်ရွာများသို့လည်းကောင်း (သို့) အတည်ပြုတတိယအဖွဲ့အစည်း ပံ့ပိုးအင်္ဂါရပ်များသို့လည်းကောင်း ဖြညဆည်းပေးရမည်။

စွန့်ပစ်ပစ္စည်းထည့်သည့်ပုံး၊ သေတ္တာများ ကိုင်တွယ်ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းများကို အသုံးပြုရမည်။ အန္တရာယ်မရှိသောပစ္စည်းထည့်သည့်အရာများ)

- သိုလှောင်ရန်ပြန်လည်အသုံးပြုခြင်း (အကယ်၍စွန့်ပစ်ပစ္စည်း သိုလှောင်မှုအပါအဝင်)

- ပစ္စည်းဖြည့်ဆည်းသူထံသို့ပြန်လည်ပေးပို့ခြင်း (အကယ်၍ဖြစ်နိုင်ပါက)
- ဒေသရပ်ရွာပြည်သူများသို့ပြန်လည်အသုံးပြုနိုင်ရန်ဖြည့်ဆည်းခြင်း ။
- နောက်ဆုံးနည်းလမ်းအနေဖြင့်မြေဖို့စွန့်ပစ်ရာနေရာသို့စွန့်ပစ်ခြင်း။

၃။ **အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများ** (ဆေးဘက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများမပါ)

အဆိုပါစွန့်ပစ်ပစ္စည်းများသည်အဓိကအားဖြင့် ရေယာဉ်များ၊ ယာဉ်များ၊ မီးစက်များ၊ ပစ္စည်းကိရိယာနှင့်ပံ့ပိုးမှုအင်္ဂါရပ်များ၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှထွက်ရှိပါသည်။ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းအမြောက်အမြားပါဝင်နိုင်သည်။ ၎င်းတတွင်-

- လောင်စာရည်များ
- စက်ဆီ၊ ဟိုက်ဒရောလစ်ဆီများ
- အေးခဲခြင်း၊ သံချေးတက်ခြင်း မရှိစေရန်ဆောင်ရွက်ထားသည့်ပစ္စည်းများ၊ ဓါတုပစ္စည်းစသည့်
- သုတ်ဆေးနှင့်ကြာရှည်ခံပစ္စည်းများ
- အထက်ဖော်ပြပါပစ္စည်းများထည့်သည့်မူရင်းပုံး ၊ သေတ္တာများ
- ဆီနှင့် ဓါတုပစ္စည်းဖိတ်ဝင်မှုများကို အသုံးပြုသည့်ဖိတ်စင်မှုထိန်းချုပ်ရေးပစ္စည်းများ
- စက်/အင်ဂျင်ဇကာထောက်များ
- မီးချောင်း/မီးသီးများ
- ယာဉ်ဘက်ထရီအိုးများ

အထက်ဖော်ပြပါအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းအများစုအား သင့်တော်သည့်ပံ့ပိုးမှုအင်္ဂါရပ်နေရာတွင် မီးရှို့ဖျက်ဆီးရမည်။ ဥပမာ - စွန့်ပစ်ပစ္စည်း မီးရှို့ဖျက်ဆီးသညဖို (INCINERATOR) ခြင်းချက်မှာအောက်ပါတို့ဖြစ်သည်။

➢ ပစ္စည်းဖြည့်ဆည်းသူထံပြန်လည်ပေးပို့သည့်အသုံးပြုပြီး စက်ဆီ/ချောဆီများ

➢ အန္တရာယ်ရှိသောပစ္စည်းများထည့်သည့်ပုံး/သေတ္တာများကိုသင့်တော်သောအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း သိုလှောင်ရန်ပြန်လည်အသုံးပြုခြင်း (သို့) ပစ္စည်းဖြည့်ဆည်းသူထံပြန်လည်ပေးပို့ခြင်း (ဖြစ်နိုင်ပါက)

➢ လျှပ်စစ်မီးသီး /မီးချောင်းများကိုကြိတ်ခွဲ၍မြေဖို့စွန့်ပစ်ရာနေရာသို့စွန့်ပစ်ခြင်း

၄။ **သိုလှောင်ခြင်း နှင့်ကိုင်တွယ်ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ**

ဤအခန်းအနေဖြင့်အစီအစဉ်နှင့်လုပ်ငန်းစဉ်များ (စီမံခြင်းနှင့်သိုလှောင်/စွန့်ပစ်ခြင်းမဆောင်ရွက်မှီ) ကိုဆွေးနွေးမည်ဖြစ်ပြီး ၎င်းတို့အား လုပ်ငန်းခွင်အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး နှင့်လက်ခံရယူသူများမှ ထိန်းသိမ်းသူအဖြစ်မှတ်ယူရမည့်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ပစ္စည်းလက်ခံရယူသူများမှ ဂရုတစိုက်ထိန်း သိမ်းမှုတာဝန်

ကောင်းစွာဆောင်ရွက်ကြောင်း သေချာစေရန်အသုံးပြုပါမည်။ အောက်ပါဦးစားပေး အစီအစဉ်များအရစီမံခန့်ခွဲရေးအစီအစဉ်များကိုဆွေးနွေးပါမည်။

- အမျိုးအစားခွဲခြားခြင်း
- စစ်တမ်းပြုစုခြင်း
- ကိုင်တွယ်ဆောင်ရွက်ခြင်း
- တံဆိပ်တပ်ခြင်း
- သိုလှောင်ခြင်းနှင့် သီးသန့်ခွဲခြားခြင်း
- စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်/ရွှေ့ပြောင်းခြင်း

## ၅။ စွန့်ပစ်ပစ္စည်းများ စီမံခြင်းနှင့် စွန့်ပစ်ခြင်း

### ၅.၁ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်း

စွန့်ပစ်ပစ္စည်းများ ထွက်ရှိလာပါက ပထမအဆင့်အနေဖြင့် ၎င်းစီမံ(သို့)စွန့်ပစ်ရန် လိုအပ် သည်များကို ထုထည်ပမာဏ လျော့နည်းသွားစေရန် တတ်နိုင်သမျှပြန်လည်း အသုံးပြုခြင်း (သို့) ပြန်လည်ပြုပြင်အသုံးပြုခြင်းများ ဆောင်ရွက်ရပါမည်။ အဆိုပါပစ္စည်းများကို ၎င်းစွန့်ပစ်ပစ္စည်း များထွက်ရှိရာလုပ်ငန်းခွင် နေရာမှဖြစ်စေ(သို့) ဗဟိုစွန့်ပစ်ပစ္စည်းထားသို ဧရိယာဖြစ်စေ၊ ပြန်လည် အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်း ဆောင်ရွက်ရန်နေရာများ သို့တိုက်ရိုက်ပေးပို့ရမည်။

| စွန့်ပစ်ပစ္စည်းများ | ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်း နည်းစနစ်များ |
|---|---|
| စွန့်ပစ်ဟင်းသီးဟင်းရွက် ပစ္စည်းများ | စွန့်ပစ်ဟင်းသီးဟင်းရွက်ပစ္စည်းများကိုသာလျှင် ဒေသခံရပ်ရွာပြည်သူများထံသို့ ဝက်စာအဖြစ်အသုံးပြုရန် ဖြည့်ဆည်းပေးနိုင်သည် |
| စွန့်ပစ်စက္ကူကတ်နှင့် ကတ်ထူပစ္စည်းများ | ပြန်လည်အသုံးပြုရန် ဒေသခံရပ်ရွာများသို့ဖြည့်ဆည်းပေးခြင်း (သို့) အတည်ပြုပြန်လည်ပြုပြင်အသုံးပြုနေရာများသို့ ပေးပို့ခြင်း |

| | |
|---|---|
| ပလပ်စတစ်ပစ္စည်းများ | ပြန်လည်ပြုပြင်အသုံးပြုနေရာများသို့ ပေးပို့ခြင်း (သို့) နှင့် ပြန်လည်အသုံးပြုရန် ဒေသခံရပ်ရွာပြည်သူများထံသို့ ဖြည့်ဆည်းပေးခြင်း |
| ဖန်ပုလင်းများ | ပစ္စည်းဖြည့်ဆည်းသူထံသို့ပြန်လည်အသုံးပြုရန် ပေးပို့ခြင်း |
| သစ်/သစ်သားပစ္စည်းများ | ထုတ်ပိုးရာတွင် အသုံးပြုသည့် သစ်သားပစ္စည်းများ (ပြန်လည်အသုံးမပြုနိုင်သည့်) ကို ထင်းအဖြစ် အသုံးပြုရန် ဒေသခံရပ်ရွာပြည်သူများထံ ပေးအပ်နိုင်သည်။ |
| သတ္တုပစ္စည်း | ဖြစ်နိုင်ပါက ဒေသခံရပ်ရွာပြည်သူများထံသို့ ပြန်လည်အသုံးပြုရန်အတွက် လည်းကောင်း ။(သို့) ပြည်ပတင်ပို့ ၊ ပြန်လည်ပြုပြင်အသုံးပြုရန် တတိယအစုအဖွဲ့ကုမ္ပဏီထံသို့ လည်းကောင်း ဖြည့်ဆည်းပေးပါရန် ဖြစ်သည်။ |
| စွည်းထည့်ရန် ပုံး/သေတ္တာများ (သတ္တု/ပလပ်စတစ်) | ပြန်လည်အသုံးပြုရေး သိုလှောင်သိမ်းဆည်းရန် ပြန်လည်အသုံးပြုရေး ပစ္စည်း ဖြည့်ဆည်းသူထံသို့(သို့) ရပ်ရွာပြည်သူများထံ ဖြည့်ဆည်းပေးပို့ရန် (အန္တရာယ်မရှိသည့် ပစ္စည်းများသာ)။ |

၅.၂ စီမံခြင်းနှင့် စွန့်ပစ်ခြင်း

ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုရန် (သို့)ပြန်လည်ပြုပြင် အသုံး ပြုရန်(reuse / recycle) မဖြစ်နိုင်သည့် အခြေအနေများတွင် အောက်စွန့်ပစ်ပစ္စည်းစီမံ / စွန့်ပစ် ခြင်း နည်းလမ်းများကို အသုံးပြုရပါမည်။

- မီးရှို့ဖျက်ဆီးခြင်း (Incineration)
- မြေဖို့စွနပစ်နေရာများ (land fill)

စွန့်ပစ်ပစ္စည်း အမျိုးအစားအလိုက် စီမံခန့်ခွဲရန် အသုံးပြုမည့် စီမံ / စွန့်ပစ် နည်းလမ်းများကို မ ပစ္စည်းများဝယ်ယူ ဖြည့်ဆည်းအပြီး ဆောင်ရွက်သည့် ဖြည့်ဆည်းပစ္စည်းများ စာရင်း/ စစ်တမ်း တွင်ခွဲခြားသတ်မှတ်သင့်ပါသည်။

**၃.၃ အတည်ပြု ပံ့ပိုးမှုအဂ်ါရပ်များ အသုံးပြုခြင်း**

မြန်မာနိုင်ငံ၏ ဥပဒေ ပြဋ္ဌာန်းချက်များအရ အတည်ပြုခွင့်ပြု/ လိုင်စင်ရှိထားပြီး စွန့်ပစ် ပစ္စည်းများကိုင်တွယ် ဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း၊ `ပန်လည်ဆယ်ယူခြင်း၊ ပြန်လည်ပြုပြင်အသုံး ပြုခြင်း၊ စီမံခြင်းနှင့်သို့စွန့်ပစ်ခြင်း စသည်လုပ်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် သဘာဝပတ်ဝန်ကျင်အရ ကောင်းမွန်သင့်တော်စွာ ဆောင်ရွက်နိုင်သည့်

တတိယ အစုအဖွဲ့ကုမ္ပဏီ များထံသို့သာ စွန့်ပစ်ပစ္စည်းများကို လွှဲပြောင်းပေးပို့ရပါမည်။ အဆိုပါ တတိယ အစုအဖွဲ့ကုမ္ပဏီများအနေဖြင့် သင့်တော်သောပံ့ပိုးမှုအင်္ဂါရပ်များ ရှိ/မရှိနှင့်လွှဲပြောင်း ပေးပို့သည့်စွန့်ပစ်ပစ္စည်းများအား သင့်တော်ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ခြင်း ရှိ/မရှိသိရှိဆုံးဖြတ်နိုင်ရန် ၎င်းတို့အား အချိန်ကာလအပိုင်းအခြားအလိုက်စစ်ဆေးရပါမည်။ ၎င်းတတိယအစုအဖွဲ့များသို့ စွန့်ပစ်ပစ္စည်းများ လွှဲပြောင်းပေးပို့မှုများကို "စွန့်ပစ်ပစ္စည်း လွှဲပြောင်းပုံစံများ"များ ပြည့်စုံစွာဖြည့်စွက်မှတ်သားထားရှိရမည်။

### ၃.၇.၁/ အန္တရာယ်ရှိနှင့်အန္တရာယ်မရှိသည့်စွန့်ပစ်ပစ္စည်း မြေဖို့စွန့်ပစ်နေရာများ

စွန့်ပစ်ပစ္စည်းများအား မီးရှို့ပျက်စီးခြင်း လုပ်ဆောင်သော်လည်း စွန့်ပစ်ပစ္စည်း အစိုင်အခဲအမျိုးအစားများအားလုံးအား မီးရှို့ဖျက်ဆီးနိုင်ခြင်း မရှိသောကြောင့် အချို့သောကြွင်းကျန် စွန့်ပစ်ပစ္စည်းများအတွက်စနစ်တကျစွန့်ပစ်နိုင်ရန်မြေဖို့စွန့်ပစ်နေရာအတိုင်းအတာတစ်ခုလိုအပ်ပါမည်။ အန္တရာယ် မရှိသောစွန့်ပစ်ပစ္စည်းများအား လမ်းညွှန်သတ်မှတ်ချက်များအညီသတ်မှတ်၊ စီမံ၊ လိုင်စင်ခွင့်ပြုချက်ရရှိထားသည့် အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းမြေဖို့စွန့်ပစ်နေရာများတွင်စွန့်ပစ်နိုင်ပါသည်။ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကိုမူ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းမြေဖို့စွန့်ပစ်နေရာများတွင်စွန့်ပစ်ရပါမည်။

### ၃.၈ စွန့်ပစ်ပစ္စည်းများ ယာယီသိုလှောင်ခြင်း

အကယအတည်ပြုထားသောသင့်တော်သည့်ပံ့ပိုးမှု အင်္ဂါရပ်များ၊ အထူးသဖြင့် မီးရှို့ဖျက်ဆီး သည့်ကွန်ကရစ်ဖိုများနှင့်မြေဖို့စွန့်ပစ်နေရာများ) အား စီမံကိန်းအရဆောင်ရွက်သည့် အရေးပေါ် အခြေအနေ ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းများ အစပိုင်းတွင် အချိန်မှီအသုံးမပြုနိုင်သည့် အခြေအနေများတွင် ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများအားကနဦး သိုလှောင်သိမ်းဆည်းခြင်းကိုသင့်တော်သည့်စီမံ/စွန့်ပစ်အင်္ဂါရပ်များ မရရှိခင်အချိန်အထိ ဖြစ်ရပ်အလိုက်အခြေခံဖြင့်ဆောင်ရွက်ရန်ခွင့်ပြုရပါမည်။

## ၄။ သင်တန်းများ

ဝန်ထမ်းများအားလုံးအနေဖြင့် WMP နှင့်ပတ်သက်၍ သက်ဆိုင်ရာ အခန်းကဏ္ဍများကို ကောင်းစွာသိရှိနားလည်စေရန်နှင့် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအခန်းကဏ္ဍ / တာဝန်များအား တိကျစွာ ထမ်းဆောင်နိုင်စေရန်လက်ခံရယူသူမှလုံလောက်သောသင်တန်းများ ဖြည့်ဆည်းပေးရပါမည်။ စွန့်ပစ်ပစ္စည်းများ

စီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့် အသေးစိတ်တာဝန်/ဝတ္တရားများရှိသည့် ဝန်ထမ်းများအတွက် သက်ဆိုင်ရာ အသေးစိတ်သင်တန်းများကိုဖြည့်ဆည်းပေးရပါမည်။

## ပူးတွဲ (၁၀) တိုက်ဆိုင်တွေ့ရှိသည့်ပစ္စည်းများ ဆိုင်ရာလုပ်ငန်းစဉ်များ

### တိုက်ဆိုင်တွေ့ရှိသည့်ပစ္စည်းများဆိုင်ရာလုပ်ငန်းစဉ်များ

လမ်းများ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းနှင့် မြေတူးဖော်ခြင်းပါဝင်သည့် အခြားလုပ်ငန်းများ (ကျောက်ကျင်းတူးဖော်မှုအဟောင်း/အသစ်များအပါအဝင်) သည့်လုပ်ငန်းများ အတွက် ကန်ထရိုက်တာစာချုပ်များတွင် မြေအောက်၌ဖုံးကွယ်/တည်ရှိနေသည့်ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ (PCR)အား အမှတ်မထင်တွေ့ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ထည့်သွင်း ပါဝင်စေသင့်ပါသည်။ ၎င်းလုပ်ငန်းစဉ်များ၏ အပြီးသတ်ပုံစံများမှာဒေသဆိုင်ရာစည်းမဉ်းဥပဒေများ (ရှေးဟောင်းပစ္စည်း (သို့) ရှေးဟောင်း သုတေသနပစ္စည်းများ ဆောင်ရွက်ရန်သတ်မှတ်ဥပဒေပြဋ္ဌာန်းချက်များတွင် ၎င်းတိုက်ဆိုင်တွေ့ရှိသည့် ပစ္စည်းများ ဆိုင်ရာလုပ်ငန်းစဉ်တစ်စုံတစ်ရာ ပါဝင်မှု အပါအဝင်) အပေါ် မူတည်ပါသည်။

### ၁။ PCR အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်

ဒေသဆိုင်ရာ ယဉ်ကျေးမှုအာဏာပိုင်အဖွဲ့အစည်းတွင် ၎င်းနှင့်ပတ်သက်၍ အခြားအဓိပ္ပါယ်ဖွင့်ဆိုမှု တစ်စုံတစ်ရာမရှိသည့်အခြေအနေတွင်အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်အား အသုံး ပြုနိုင်ပါသည်။

"ရွှေ့ပြောင်းနိုင်သော /မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ နေရာများ၊ ရှေးဟောင်းသုတေသန ဆိုင်ရာ/ရုပ်ကြွင်းဗေဒဆိုင်ရာ/ သမိုင်းဆိုင်ရာ/ ဗိသုကာဆိုင်ရာ/ ဘာသာရေးဆိုင်ရာ/ အနုပညာနှင့်အခြားသိသာထင်ရှားသည့် ယဉ်ကျေးမှုအမှတ်အသား/ အထိန်းအမှတ်ဆိုင်ရာ လက္ခဏာရပ်များ ရှိသည့်တည်ဆောက်ထားရှိမှု (သို့) ယင်းတည်ဆောက်ထားရှိမှု အစုအဝေး"

### ၂။ ပိုင်ဆိုင်မှု

၎င်းတွေ့ရှိရသည့် ပစ္စည်းများ (ရှေးဟောင်းပစ္စည်းများ) ၏ ပိုင်ရှင်အား ခွဲခြားသတ်မှတ်ရာတွင် သေချာမှုရှိစေရန်ဖြစ်နိုင်ချေအချက်အလက်များကိုချိန်ဆစဉ်းစားသင့်ပါသည်။ အခြေအနေများ အပေါ်မူတည်၍ ယေဘူယျအားဖြင့်ပိုင်ရှင်မှာဥပမာ - နိုင်ငံတော်၊ အစိုးရ၊ ဘာသာရေးအဖွဲ့အစည်း ၊ မြေပိုင်ရှင်စသည်ဖြင့်ရှိနိုင်ပြီး (သို့) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့်နောက်ပိုင်းတွင်စဉ်းစားချင့်ချိန်ဆုံးဖြတ်ရန်လက်တလောရွှေဆိုင်းထား မည့်ကိစ္စရပ်အဖြစ် ဆုံးဖြတ်နိုင်ပါသည်။

### ၃။ အသိအမှတ်ပြုခြင်း

အထက်ပါဖော်ပြချက်များအရPCRများ ရှိနိုင်သည့် ဧရိယာများတွင်အသေးစိတ်PCR များ အသိအမှတ်ပြုခြင်းနှင့်အတည်ပြုခြင်းများအတွက် ကန်ထရိုက်တာအနေဖြင့် ပညာရှင်တစ်ဦး လိုအပ်နိုင်ပါသည်။ "တိုက်ဆိုင်တွေ့ရှိသည့်ပစ္စည်းများ" နှင့်ဆိုင်သည့်စကားရပ်အား ကန်ထရိုက်တာ နှင့်ပတ်သက်သည့် အသေးစိတ်သတ်မှတ်ချက်များတွင် ထည့်သွင်းပါဝင်စေရပါမည်။

## ၄။ တွေ့ရှိမှုဖြစ်စဉ်အရဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

### လုပ်ငန်းရပ်ဆိုင်းခြင်း

လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း PCR တစ်စုံတစ်ရာတွေ့ရှိရပါက ကန်ထရိုက်တာသည်လုပ်ငန်းများဆောင်ရွက်နေခြင်းကိုရပ်ဆိုင်းရမည်။ PCR ၏ ပမာဏ/အတိုင်းအတာအပေါ် မူတည်၍ ကန်ထရိုက်တာသည် ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့်ဆက်သွယ်၍ လုပ်ငန်းများ အားလုံးအား ရပ်ဆိုင်းသင့်ခြင်း ရှိ/မရှိ (သို့) တွေ့ရှိမှုရှိသည့်နေရာ/လုပ်ငန်းနှင့်တိုက်ရိုက်ပတ်သက်သည့်လုပ်ငန်းများသာရပ်ဆိုင်းသင့်ခြင်း ရှိ/မရှိ (သို့) မြေပြင်အောက်ရှိပစ္စည်း/ ဆောက်လုပ်ထားသည့်အရာများ အနေဖြင့်ကြီးမားသည်ဟု ယူဆပါက ရှာဖွေတွေ့ရှိသည့်နေရာမှ သတ်မှတ်အကွာအဝေး (ဥပမာ - မီတာ (၅၀) အတွင်းရှိလုပ်ငန်းများ ရပ်ဆိုင်းရနိုင်ခြင်း စသည့်ဖြင့်ဆက်လက်ဆောင်ရွက်ရန်အကြံဉာဏ်ရယူဆွေးနွေးရမည်။ အရည်အချင်းပြည့်မှီသည့်ပညာရှင်မှတဆင့် ယဉ်ကျေးမှု ဝန်ကြီး ဌာနဆုံးဖြတ်ချက်အား အကြောင်းကြားရမည်။ လုပ်ငန်းများ ရပ်ဆိုင်းပြီးနောက် ကန်ထရိုက်တာသည် ၎င်းရှာဖွေတွေ့ရှိမှုကိုဌာနအင်ဂျင်နီယာနှင့်သက်ဆိုင်ရာFLERC လုပ်ငန်းပိုင်းအကောင်အထည်ဖော်ရေး ယူနစ်များသို့ အစီရင်ခံတင်ပြရမည်။ ကန်ထရိုက်တာသည် ၎င်းကာလအတွင်း လုပ်ငန်းရပ်ဆိုင်းထားရှိမှုအတွက်နစ်နာကြေးတောင်းခံခွင့်မရှိနိုင်ပါ။ ဌာနအင်ဂျင်နီယာအနေဖြင့်ရှာဖွေတွေ့ရှိမှုတစ်စုံတစ်ရာရှိပြီး ၎င်းကို အစီရင်ခံခြင်း မရဟု ယူဆပါကလုပ်ငန်းဆိုင်းငံ့ခြင်းနှင့်ကန်ထရိုက်တာ၏ ကုန်ကျမှုဖြင့်အချို့သောတူးဖော်မှုများ ဆိုင်းငံ့ရန်တောင်းဆိုခြင်းများ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

### တူးဖော်တွေ့ရှိသည့်နေရာနယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း

ဌာနအင်ဂျင်နီယာ၏အတည်ပြုချက်ဖြင့်ကန်ထရိုက်တာသည် ၎င်းတူးဖော်တွေ့ရှိသည့်နေရာကို နယ်နမိတ်ပိုင်းခြားသတ်မှတ်၍ သွားလာဆောင်ရွက်မှုယာယီကန့်သတ်ရပါမည်။

**လုပ်ငန်းဆိုင်းငံ့မှုမရှိခြင်း**

လုပ်ငန်းစဉ်သတ်မှတ်ချက်များအရဌာနအင်ဂျင်နီယာသည် PCR အား သယ်ယူဖယ်ရှားရန် လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိအား ဆုံးဖြတ်နိုင်သည်။ (ဥပမာ- သေးငယ်သည့်ပစ္စည်း တစ်ခုခု(အကြွေစေ့) တွေ့ရှိသည့်အခြေအနေမျိုးဖြစ်ခြင်း)

**တိုက်ဆိုင်တူးဖော်တွေ့ရှိမှုအစီရင်ခံစာ**

ကန်ထရိုက်တာသည်ဌာနအင်ဂျင်နီယာ၏တောင်းခံမှုဖြင့်သတ်မှတ်အချိန်ကာလအတွင်း တိုက်ဆိုင် တူးဖော် တွေ့ရှိမှုအစီရင်ခံတစောင်ရေးသား၍အောက်ပါတို့အား မှတ်တမ်းတင‌ရမည်။

- တူးဖော်တွေ့ရှိသည့်နေ့ရက်နှင့်အချိန်
- တူးဖော်တွေ့ရှိသည့်တည်နေရာ
- PCR အကြောင်းအရာ/ဖော်ပြချက်
- PCR ၏ ခန့်မှန်းအလေးချိန်နှင့်အရွယ်အစားအတိုင်းအတာများ
- ဆောင်ရွက်ထားသည့်ယာယီအကာအကွယ်စီစဉ်ထားရှိမှုများ

တိုက်ဆိုင်တူးဖော်ထားရှိမှုအစီရင်ခံစာကိုဌာနအင်ဂျင်နီယာနှင့်အခြားသက်ဆိုင်ရာအစုအဖွဲ့များ (ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်သဘောတူထားသည့်အတိုင်းနှင့်နိုင်ငံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ) ထံသို့ တင်ပြရပါမည်။ ထို့နောက် ဌာနေ အင်ဂျင်နီယာ (သို့) သဘောတူညီထားသည့်အစုအဖွဲ့သည် ယဉ်ကျေးမှုဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံသို့ဆက်လက်အကြောင်းကြားရမည်။

**ယဉ်ကျေးမှုဆိုင်ရာအာဏာပိုင်အဖွဲ့များ ရောက်ရှိခြင်း နှင့် ၎င်းတို့၏ဆောင်ရွက်ချက်များ**

ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အနေဖြင့် တူးဖော်တွေ့ရှိသည့်နေရာသို့သတ်မှတ်အချိန်ကာလအတွင်း (ဥပမာ- ၂၄နာရီ) ကိုယ်စားလှယ်တစ်ဦး ရောက်ရှိစေရန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ သတ်မှတ်ရန်လုပ်ဆောင်ရမည်။ အဆိုပါလုပ်ဆောင်ချက်များတွင် အခြားအရာများနှင့်အတူအောက်ပါတို့ ပါဝင်နိုင်သည်။

- သိသာကြီးမားသည်ဟုယူဆရသောPCR ဖယ်ရှားခြင်း
- တူးဖော်တွေ့ရှိသည့်နေရာမှ သတ်မှတ်အကွာအဝေးအတွင်း ထပ်မံတူးဖော်မှုများ ဆောင်ရွက်ခြင်း
- ကန်ထရိုက်တာမှပိုင်းခြားသတ်မှတ်ထားသည့် ဧရိယာအတိုးအလျော့ဆောင်ရွက်ခြင်း

အဆိုပါဆောင်ရွက်ချက်များကို သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်သင့်သည်။ ကန်ထရိုက်တာအနေဖြင့်အဆိုပါကာလအတွင်း လုပ်ငန်းဆိုင်းငံ့ခြင်းအတက် နစ်နာကြေး တောင်းဆိုပိုင်ခွင့် ရှိကောင်းရှိနိုင်ပါသည်။ အကယ်၍ ယဉ်ကျေးမှုဆိုင်ရာအာဏာပိုင်အနေဖြင့်သတ်မှတ်အချိန်ကာလ (ဥပမာ - ၂၄ နာရီ) အတွင်း ရောက်ရှိရန်ပျက်ကွက်ခဲ့ပါက ဌာနအင်ဂျင်နီယာသည် ထပ်မံ၍သတ်မှတ်အချိန် ကာလတိုးချဲ့ခြင်းကိုဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့တိုးချဲ့သတ်မှတ်သည့်အချိန်ကာလအတွင်းတွင်လည်း ယဉ်ကျေးမှု ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း ရောက်ရှိရန်ပျက်ကွက်ပါက ဌာနေအင်ဂျင်နီယာသည်PCR အား ရွှေ့ပြောင်းဖယ်ရှားရန် (သို့) အခြားလျော့ပါး သက်သာရေးအစီအစဉ်များ စီစဉ်၍လုပ်ငန်းပြန်စရန် ကန်ထရိုက်တာအား ညွှန်ကြားပိုင်ခွင့်ရှိသည်။ အဆိုပါထပ်ဆောင်းလုပ်ငန်းများအတွက်ကန်ထရိုက်တာအား တာဝန်ယူစေနိုင်သည်။ သို့သော်ကန်ထရိုက်တာအနေဖြင့် ၄င်းကာလအတွင်း လုပ်ငန်းဆိုင်းငံ့ခြင်းအတွက်နစ်နာကြေး အရေးဆိုပိုင်ခွင့်မရှိခြင်းမျိုးဖြစ်နိုင်သည်။

**လုပ်ငန်းထပ်မံဆိုင်းငံ့ခြင်း**

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဆိုင်ရာအာဏာပိုင်အဖွဲ့သည်ထပ်ဆောင်း အချိန်ကာလ အတွက်တူးဖော်တွေ့ရှိသည့်နေရာ (သို့) အနီးတဝိုက်တွင် ယာယီလုပ်ငန်းဆိုင်းငံ့ရန်တောင်းခံခြင်းရှိနိုင်သည်။ ကန်ထရိုက်တာအနေဖြင့် ၄င်းကာလအတွင်း လုပ်ငန်းဆိုင်းငံ့ခြင်း အတွက်နစ်နာကြေးအရေးဆိုပိုင်ခွင့်ရှိကောင်း ရှိနိုင်မည်။ သို့သောအဆိုပါထပ်ဆောင်းအချိန်ကာလအတောအတွင်း ထပ်ဆောင်းဝန်ဆောင်မှုများ (သို့) အရင်းအမြစ်များအတွက် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ဖြင့် သီးခြားကန်ထရိုက် သဘောတူညီချက် အရသဘောတူဆောင်ရွက်ပိုင်ခွင့်ရှိသည်။